
www.burmeseclassic.com

# ရင်ငွေ့နဲ့သွန်း
# တဲ့
# သီချင်း



## လွင်မြင်းဒို

အချစ် တာသ
လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC .com
www.burmeseclassic.com
11/9/2006 12:30:3

www.burmeseclassic.com

# ရင်ငွေ့နဲ့သွန်း
# တဲ့
# သီချင်း

လွင်ယင်းအုံ



အချစ် ဟာသ
လုံးချင်းဝတ္ထုသစ်

ဖြန့်ချိရေး
မျက်ပွင့်စာပေ
(၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
(ဗိုလ်ဆွန်ပက်လမ်းထိပ်)၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရင်ငွေ့နဲ့သွန်းတဲ့သီချင်း

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၁၂၇၄၀၆၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၁၄၃၀၀၆၁၁ |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ်၊ အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်ကာလ | – | ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | – | ဦးဇော်မင်းအေး (၀၇၁၂၅) 'ဇော်' ပုံနှိပ်တိုက် အမှတ်(၁၈၆)၊ အင်းကြင်းမြိုင်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – | ဦးမျိုးမင်းသန့် (၀၄၁၇၃) 'မျက်ပွင့်' စာပေ ၁၆၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | – | ခိုင်လင်း (Openeyes) |
| တန်ဖိုး | – | ၁၀၀၀ ကျပ် |

## ဖြန့်ချိရေး
## မျက်ပွင့်စာပေ

အမှတ် (၁၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (ဗိုလ်ဆွန်ပက်လမ်းထိပ်)၊ ရန်ကုန်မြို့။
အမှတ် (၆၁၀)၊ အိ (၁)၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၇၀၀၅၇၇၉

openeyes@mail4u.com.mm

www.burmeseclassic.com

www.burmeseclassic.com



နေရာက ကုမ္ပဏီတစ်ခုရဲ့ ရုံးခန်းအတွင်းမှာပါ။ ကောင်မလေးတွေက စုရုံးစုရုံးနဲ့။ ဒီနေ့ ကုမ္ပဏီမှာ အင်တာဗျူး လုပ်စရာရှိပါတယ်။ ဒါကြောင့် အလုပ်လာလျှောက်တဲ့ ကောင်မလေးတွေ ရုံးစုရုံးစု ဖြစ်နေတာပါ။ ခဏကြာတော့ ဒီကုမ္ပဏီမှာ အရေးပါတဲ့လူလား၊ အရေးမပါတဲ့လူလား မသိရတဲ့လူတစ်ယောက်က အတွင်းခန်းက ထွက်လာပြီး နာမည်ခေါ်လိုက်ပါတယ်။

"မပင်လုံးမွှေး"

ရုံးစုရုံးစုဖြစ်နေတဲ့ ကောင်မလေးတွေ ရှူစိရှူစိဖြစ်သွားတယ်။ နာမည်အခေါ်ခံရတဲ့ ကောင်မလေးက သူ့ကိုယ်သူ ဟိုသဂ်ဒီသပ်နဲ့ ဖြင်ဆင်ပြီး စလင်းဘက်လေးဆွဲပြီး အခန်းထဲဝင်ဖို့ ပြင်လိုက်ပါတယ်။ အခန်းထဲမှာတော့ ယောကျ်ားလေးသုံးယောက် တန်းစီထိုင်နေပါတယ်။ အသက်ကတော့ သိပ်မကြီးသေးပါဘူး။ ဒါ အင်တာဗျူးမယ့် ပုဂ္ဂိုလ်တွေပေါ့။ အလယ်မှာထိုင်နေတဲ့လူကတော့ ဒီကုမ္ပဏီရဲ့ M.D ဦးကျော်စိုးဝင်းပါ။ ဘေးတစ်ဖက်တစ်ချက်မှာတော့ လွင်ကိုလတ်နဲ့ သူရသိန်း။ သူတို့နှစ်ယောက်ကတော့ ဒီကုမ္ပဏီနဲ့ လားလားမှမဆိုင်ပါဘူး။ ကြံဖန်ပြီး ဆိုင်အောင်ပြောရရင်တော့ ဒီကုမ္ပဏီရဲ့ M.D ကျော်စိုးဝင်းရဲ့ သူငယ်ချင်းတွေပါ။ ဒီကုမ္ပဏီမှာ မိန်းကလေးတွေကို အင်တာဗျူးမယ်လို့ သတင်းရရှိတဲ့အတွက် သူတို့ကိုယ်သူတို့ လူကြီးခန့်ပြီး ခပ်တည်တည်နဲ့ Interviewer လာလုပ်ကြတာပါ။ အင်းပြောမရဆိုမရနဲ့ ကျော်စိုးဝင်းလည်း မတတ်သာတဲ့အဆုံး ခေါ်ထားလိုက်ရတာပါ။

ကျော်စိုးဝင်းက C.V တစ်စောင်ကို ကောက်ကိုင်လိုက်ပါတယ်။ ဟိုနှစ်ယောက်ကပါ ခေါင်းချင်းဆိုင်ပြီး C.V ကို ဝိုင်းကြည့်ကြပါတယ်၊ ဘင်း အိမ်ခြေကိုမရဘူး။ C.V ထဲက ဓာတ်ပုံမှာတော့ ကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com

ချစ်စရာလေးပါ။ အခန်းဝက ခြေသံကြားတော့မှ သုံးယောက် သား အိန္ဒြေဆည်ပြီး ဝင်လာတဲ့ ကောင်မလေးကို လှမ်းရှု့လိုက်ပါတယ်။

"ဟင်"

အာမေဋိတ်သံက မတိုးမကျယ် ထွက်လာပါတယ်။ C.V ကို သုံးယောက်သား ပြိုင်တူကြည့်လိုက်တယ်။ ပြီးတော့ ဝင်လာတဲ့ ကောင်မလေးကို ကြည့်ပြန်တယ်။

"ထိုင်မယ်နော်"

ကောင်မလေးဆီက အသံထွက်လာပါတယ်။

"ထိုင်ပါ၊ ထိုင်ပါ"

ကျော်စိုးဝင်းက ပြန်ပြောတာပါ။ ပြီးတော့ C.V ကို ထပ်ကြည့်ပြန်တယ်။ C.V ထဲက ကောင်မလေးက ချစ်စရာလေးပါ။ အပြင်က ကောင်မလေးက အသားက ပုန်းရည်ကြီးရောင်၊ မျက်လုံးကပြူးပြူး၊ မျက်နှာကဝိုင်းဝိုင်း၊ အရပ်ကပုပု၊ ခန္ဓာကိုယ်က လုံးတုံးလုံးတုံးနဲ့၊ ရေညှိတက်နေတဲ့ လိပ်ကလေး ခေါင်းလိုက်ထောင်ထားသလိုမျိုး၊ ဓာတ်ပုံနဲ့ အပြင်နဲ့တော့ ဒီလောက်ထိ မကွာလောက်ဘူး ထင်ရဲ့။

"မပင်လုံးမွှေး၊ ဟုတ်ပါတယ်နော်"

သူရသိန်းက မသက်သာသံကြီးနဲ့ မေးလိုက်တာပါ။

"ဟုတ်ကဲ့၊ သမီးက ပင်လုံးမွှေးပါ"

"ဓာတ်ပုံနဲ့ မတူပါလား"

ကျော်စိုးဝင်းက ထပ်မေးပြန်ပါတယ်။ သူ့ရှေ့တည့်တည့်က ငတိမလေးက ဆံဒင်းငါးပြုံးပြုံးလိုက်ပြီး-

"အော် ဒါလား၊ အလုပ်ခေါ်တဲ့ အရည်အချင်းထဲမှာ ကွန်ပျူတာ ကျွမ်းကျင်ရမယ်ဆိုလို့ သမီးရဲ့အရည်အချင်းကို တစ်ခါတည်း သိရအောင်လို့ ဓာတ်ပုံကို ကွန်ပျူတာနဲ့ ကိုယ်တိုင်ပြုပြင်ပြီး ထည့်ပေးလိုက်တာလေ"

အဲ ကောင်းရော။ ကြော်ငြာထဲ ကွန်ပျူတာကျွမ်းကျင်ရမယ်သာ ပါပြီး၊ ဘာကျွမ်းကျင်ရမယ်လို့ ထည့်မရေးတဲ့ အကျိုးကျေးဇူးတွေ။





ဖြစ်သင့်တာက ကောင်မလေးက ဓာတ်ပုံကို ကွန်ပျူတာနဲ့မပြင်ဘဲ၊ သူ့ရဲ့ပင်ကိုယ်မျက်နှာကြီးကို ပလတ်စတစ်ဆာဂျရီ လုပ်သင့်တာပါ။

"C.V ထဲမှာ အရပ်ငါးပေလေးလက်မလို့ ရေးထားတယ်။ ကြည့်ရတာ လေးပေငါးလက်မပဲ ရှိမယ်ထင်တယ်"

ကျော်စိုးဝင်းက ပြောလိုက်တာပါ။ ကောင်မလေးက

"ဟင် အဲဒီလို ရေးထားလို့လား၊ ဆောရီးနော်၊ မှားသွားလို့၊ ပေးပေး အခုပြင်လိုက်မယ်၊ သမီး အမေက အမြဲတမ်းဆုံးမနေတာ မှားရင် ချက်ချင်းပြင်ရမယ်တဲ့"

ပြောပြောဆိုဆို ကျော်စိုးဝင်းကိုင်ထားတဲ့ C.V Form ကို ဆတ်ခနဲ ဆွဲယူလိုက်ပါတယ်။ ပြီးတော့ သူရသိန်းဖက်လှည့်ပြီး

"ဘောလ်ပင် ခဏလောက်"

"ဟင်၊ အဲ၊ ဘောလ်ပင်လည်း သူများဆီက ငှားသုံးရမယ်လို့ မင်းအမေက ဆုံးမထားသေးလား"

ကောင်မလေးက ဘောလ်ပင်ကို လှမ်းယူလိုက်ပြီး

"အဟီး၊ မဟုတ်ပါဘူး၊ ဘောလ်ပင်က မေ့ခဲ့လို့ပါ"

ငတိမလေးက ပြောရင်းဆိုရင်း ငါးပေလေးလက်မ ဆိုတာကြီးကို အားရပါးရ ကြက်ခြေခတ်ထည့်လိုက်ပြီး၊ သူ့ပင်ကိုယ်အရပ်ကို ရေးထည့်လိုက်ပါတယ်။ ပြီးတော့ သူရသိန်းဆီ ဘောလ်ပင်ကို ပစ်ပေးလိုက်ပါတယ်။ သူရသိန်းခမျာ ဘောလ်ပင်ကိုမိအောင် အသည်းအသန် ဖမ်းလိုက်ရပါတယ်။ ဒီဘောလ်ပင် တစ်ခုခု ဖြစ်သွားလို့ မဖြစ်ဘူး။ ဒီဘောလ်ပင်က သူ့မိန်းမနဲ့သူ ရည်းစားဘဝတုံးက ပထမဦးဆုံး ရထားတဲ့လက်ဆောင်၊ ပျောက်သွားရင် မိုးမီးလောင် သွားနိုင်တယ်။

"ကဲ ရပြီ၊ သိချင်တဲ့ အချက်လေးတွေ မေးလို့ရပြီ ဟင်းဟင်း"

ငတိမလေးရဲ့လေသံက သူကပဲ အင်တာဗျူးမေးရမယ့် လေသံမျိုးနဲ့၊ ကျော်စိုးဝင်းတို့ သုံးယောက်စလုံး နားရင်းတစ်ယောက်တစ်ချက် စီလောက် အုပ်ပစ်ချင်တဲ့ စိတ်ပေါက်သွားပါတယ်။ မကောင်းတတ်



www.burmeseclassic.com

www.burmeseclassic.com


လို့ ဟင်း. . .။ အင်တာဗျူးမှာ ထရိုက်မိတယ်ဆိုတော့ လူကြားလို့မကောင်းဘူးလေ။ လွင်ကိုလတ်က ပြီးပြီးရော မေးခွန်းတစ်ခုမေးလိုက်ပါတယ်။

"စက္ကရေတီ တစ်ယောက်ရဲ့ တာဝန်တွေ ပြောစမ်းပါ"

ကောင်မလေးက အခုမှ သူ့ခွင်ထဲရောက်ပြီဆိုပြီး အားရပါးရကြီး ဖြေပါတယ်။

"အော် ဒါလား၊ နံပါတ်တစ်က ကော်ဖီဖျော်တတ်ရမယ်။ တကယ်လို့ ကော်ဖီကုန်နေရင် အဆင်ပြေအောင် ကော်ဖီ သကြားလုံး အသင့်ဆောင်ထားရမယ်။ နံပါတ်နှစ်က. . ."

"အဲ နေပါဦး၊ အဲဒီလိုလုပ်တတ်ရမယ်လို့ ဘယ်သူက သင်ပေးလိုက်တာလဲ"

ကျော်စိုးဝင်းက ကမန်းကတန်းမေးလိုက်ပါတယ်။ ကောင်မလေးက

"အော်၊ ဘော့စ်က တီဗီသိပ်မကြည့်ဘူးထင်တယ်။ ကြော်ငြာထဲမှာပါတယ်လေ။ ကုမ္ပဏီဒါရိုက်တာကြီးက ကော်ဖီ မသောက်ရလို့ ဒေါသထွက်နေတော့ သူ့အတွင်းရေးမှူးမလေးက သကြားလုံး ကျွေးလိုက်တာ သူတို့နှစ်ယောက်ကြည့်သွားရော ဆရာရဲ့။ ဟင်း ဟင်း ဘော့စ်ရော ကော်ဖီမကြိုက်ဘူးလားဟင်"

"ဟင့် အင်း၊ ကော်ဖီလည်းမကြိုက်ဘူး၊ လက်ဖက်ရည်လည်း မကြိုက်ဘူး၊ အိုဗာတင်းရော၊ မိုင်လိုရော၊ အချိုရည်ရော၊ အချဉ်ရည်ရော၊ ငံပြာရည်ရော ဘာဆိုဘာမှ မကြိုက်ဘူး။ ရပြီ၊ ဆက်မမေးတော့ဘူး။ ပြန်လို့ရပြီ။ အိမ်ကိုအကြောင်းကြားစာပို့လိုက်မယ်။ သွားလို့ရပြီ"

"ဟင်၊ သူများက ဖြေရတာ အားတောင် အားမရသေးဘူး"

"အားမရရင်လည်း ကိုယ့်အိမ်ရောက်မှ မှန်ကြည့်ပြီး အားရအောင်ဖြေတော့နော်၊ နောက်လူတွေ ဆက်မေးရဦးမယ်၊ ကျေးဇူးပဲနော်၊ နောက်တစ်ယောက် ဟေ့"

မပြန်ချင့်ပြန်ချင်ဖြစ်နေတဲ့ ကောင်မလေးကို အတင်းမောင်းထုတ်





လိုက်ရပါတယ်။ အခန်းဝက နာမည်ခေါ်သံကြားရပြန်ပါတယ်။

"မသီတာမောင်"

ကျော်စိုးဝင်းတို့ သုံးယောက်သား C.V နောက်တစ်စောင်ကို ဝိုင်းကြည့်လိုက်ကြပါတယ်။ အင်း ဒီတစ်ယောက်တော့ ဓာတ်ပုံကို ကွန်ပျူတာနဲ့ မပြင်ထားလောက်ဘူးထင်ပါရဲ့။ ဝင်လာတဲ့ ကောင်မလေးကို လှမ်းကြည့်လိုက်ပါတယ်။ တော်ပါသေးရဲ့။ အပြင်နဲ့ ဓာတ်ပုံနဲ့ တစ်ထေရာတည်းပါပဲ။ သူတို့ သုံးယောက်ရှေ့ရောက်လာတဲ့ ကောင်မလေးကို ကြည့်ပြီး ကျော်စိုးဝင်းခမျာ တွန့်ကနဲ ဖြစ်သွားပါတယ်။ ကောင်မလေးက ဘီးဆံပတ်ထုံးကြီးနဲ့။ ဒါက ပြဿနာမဟုတ်သေးပါဘူး။ ပြဿနာက မျက်နှာပြင်တစ်ခုလုံး ဝက်ခြံထူလဗျစ်နဲ့။ လောလောလတ်လတ် ညှစ်ထားပုံရတဲ့ ဝက်ခြံတစ်လုံးက သွေးစို့လို့။ အင်မတန် အသန့်ကြိုက်ပြီး ဇီဇာကြောင်တဲ့ ကျော်စိုးဝင်းက သက်ပြင်းချလိုက်ပါတယ်။

"ထိုင်ပါ"

လွင်ကိုလတ်က ကောင်မလေးကို ထိုင်ခိုင်းပြီး တစ်ဆက်တည်း သူ့ရှေ့မှာရှိတဲ့ တစ်ရှူးဗူးကို ထိုးပေးလိုက်ပါတယ်။

"မျက်နှာမှာ သွေးစို့နေတယ်၊ သုတ်လိုက်ပါဦး"

ကောင်မလေးက ရှက်ကိုရှက်ကန်းနဲ့ တစ်ရှူးတစ်ရွက် ဆွဲယူလိုက်ပြီး သွေးစို့နေတဲ့ နေရာကို တို့ကာ တို့ကာ သုတ်နေပါတယ်။ လွင်ကိုလတ်က ဆက်ပြီးပြောပါတယ်။

"ဝက်ခြံတွေ အများကြီးပဲနော်၊ စိတ်မညှစ်ဘူးလားဟင်"

ကောင်မလေးက ညောင်နာနာ အသံနဲ့ ပြန်ဖြေရှာတယ်။

"စိတ်ညစ်တာပေါ့၊ ဘယ်လိုလုပ်လုပ် မပျောက်ဘူး ဖြစ်နေတယ်"

"ဟုတ်လား၊ ဝက်ခြံဆိုတာမျိုးက တော်ရုံတန်ရုံ သန့်ရှင်းရုံနဲ့လည်း မရဘူး။ စနစ်တကျကို ဂရုတစိုက်လုပ်ပေးမှရတာ။ ပြီးတော့ တစ်ယောက်တည်းသန့်ရှင်းလို့လည်းမရဘူး။ ဘေးပတ်ဝန်းကျင်ပါသန့်ရှင်းမှ ဖြစ်မှာ၊ ပြီးတော့ ဟော်မုန်းအပြောင်းအလဲနဲ့လည်း ဆိုင်သေးတယ်"


www.burmeseclassic.com

www.burmeseclassic.com

အင်တာဗျူးကနေ ဝက်ခြံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအဖြစ် ပြောင်းသွားပါတယ်။ ကျော်စိုးဝင်းက လွင်ကိုလတ်ကို ခြေထောက်နဲ့ မသိမသာ လှမ်းကန်ပါတယ်။ ဒါပေမယ့် လွင်ကိုလတ်က အရှိန်မသေ တော့ပါဘူး။ သူက စာရေးဆရာပါ။ ကလောင်မျိုးစုံ သုံးပြီး လုံးချင်း တွေရော မဂ္ဂဇင်းမျိုးစုံမှာ အကြောင်းအရာမျိုးစုံ ရေးနေတာပါ။ ကျန်းမာရေး မဂ္ဂဇင်းတစ်ခုမှာလည်း သူက ပင်တိုင်ရေးသေးတယ် လေ။ မီးမီးလေးတို့ ပေါင်ခြံဖွတ်တက်ရင် ဘာလုပ်ရမယ်တို့။ နို့ပွေး အမြစ်ပြတ်အောင် လုပ်နည်းတို့။ အိမ်သာတက်ပြီး မဖြစ်မနေ လုပ်ဆောင်ရမယ့် အချက်ကြီး(၁၂)ချက်တို့ဆိုတာ လွင်ကိုလတ်ရေး တာပေါ့။ အခုလည်း သူ့ခွင်ထဲ ရောက်လာပြီဆိုတော့ အင်တာဗျူး လာဖြေတဲ့ ကောင်မလေးနဲ့ စကားလက်ဆုံကျသွားပါတယ်။

“ဝက်ခြံသတ်နည်းတွေက တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းဆိုသလိုအများကြီးပဲ။ ကိုယ်နဲ့သင့်တော်တာတစ်ခုကို စွဲစွဲ မြဲမြဲလုပ်ပေါ့။ ပြီးတော့ ခေတ်ပေါ်လိမ်းဆေးတွေလည်း အများကြီး။ စားဆေးတွေရော၊ ထိုးဆေးတွေပါ ရှိတာ။ အဓိက မျက်နှာနဲ့လက်ကို အမြဲတမ်းသန့်ရှင်းအောင်လုပ်ဖို့ပဲ။ လူအတော်များများ သတိမထားမိ တာက မျက်နှာသုတ်ပုဝါနဲ့ ခေါင်းအုံးစွပ်၊ ပြီးတော့ လက်ကိုင်ပုဝါ သုံးတတ်ရင် လက်ကိုင်ပုဝါ၊ အဲဒါတွေက ကိုယ့်မျက်နှာနဲ့ အမြဲတမ်း ထိတွေ့နေရတာလေ။ ဟုတ်တယ်မလား။”

“ဟုတ်တာပေါ့”

“အဲဒီတော့ ဝက်ခြံတိုက်ဖျက်ရေးကာလ တစ်ခုသတ်မှတ်လိုက်၊ တစ်လ ဒါမှမဟုတ် သုံးလပေါ့။ လူမြင်သာတဲ့ နေရာမှာ စာလုံး ကြီးကြီးနဲ့ ရေးထား။ ‘ငါ သုံးလအတွင်း ဝက်ခြံပျောက်ရမယ်လို့’ ။ ဒါကိုယ့်ကိုယ် ကိုယ် အားပေးတာ။ Auto suggestion နည်းပေါ့။ အဲဒီကာလမှာ မျက်နှာသုတ်၊ ခေါင်းအုံးစွပ်၊ လက်ကိုင်ပုဝါတွေကို နေ့တိုင်း လျှော်ဖွပ် ပြီး အသစ်လဲပေးရမယ်။ ပြီးတော့ ညီမရဲ့ ဆံပင်တွေက အရှည်ကြီး ဆိုတော့ လျှော်ရဖြူးရခက်မယ်။ အတိုညှပ်





ခံလိုက်၊ သေချာပါတယ်၊ လုံးဝအိုကေသွားလိမ့်မယ်”

ကောင်မလေးက ဝမ်းသာအားရဖြစ်သွားပါတယ်။ ကျွဲတူးရေပါ ဆိုသလို အင်တာဗျူးလာဖြေရင်း ဝက်ခြံပျောက်နည်းရသွားတာကိုး။

“ဒါနဲ့ သုံးလအတွင်း မပျောက်ရင်ကော”

“စောစောက လူမြင်အောင် ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ်ကလေး ကို မသိမသာ ပြန်ဖြုတ်ထားလိုက်ပေါ့၊ ဟင်းဟင်း”

မှတ်သားလောက်ပါတယ်၊ ကောင်မလေးက မတ်တပ်ရပ်လိုက် ပြီး. . .

“ကျေးဇူးပါပဲ ဆရာရယ်။ အခုပြန်ရောက်ရောက်ခြင်းပဲ၊ ခေါင်း အုံးစွပ်နဲ့ မျက်နှာသုတ်ပုဝါကို ပြုတ်လျှော်လိုက်တော့မယ်။ ပြီးရင် ဆံပင် သွားညှပ်လိုက်မယ်။ ခွင့်ပြုပါဦး၊ ကျေးဇူးပဲနော်”

ကောင်မလေးက ပြောပြောဆိုဆို အရိုအသေပေးပြီး ထွက်သွား ပါတယ်။ သူရသိန်းက-

“ဟေ့ နေဦးလေ၊ အလုပ်နဲ့ ပတ်သက်တာ မမေးရသေးဘူးလေ”

ကောင်မလေးက ကြားတော့ဟန် မတူပါဘူး။ မြောက်ကြွ မြောက်ကြွနဲ့ ကိုယ်နဲ့မတော်တဲ့ လေဒီရှူးခြောက်လက်မ အမြင့် လောက်စီးထားသလို ခြေလှမ်းမျိုးနဲ့ ထွက်သွားလေရဲ့။ အင်တာဗျူး ဖြေဖို့ အပြင်မှာ စောင့်နေတဲ့ လူတွေက အချင်းချင်းလက်တို့လိုက်ကြ ပါတယ်။

“ဟဲ့၊ မြောက်ကြွ မြောက်ကြွနဲ့၊ တစ်ခါတည်းများ အလုပ်ခန့် လိုက်သလား မသိဘူး”

“အင်း နော်”

အတွင်းခန်းမှာတော့ သူရသိန်းနဲ့ ကျော်စိုးဝင်းက လွင်ကိုလတ်ကို အပြင်ကောနေပါတယ်။

“ဟေ့ကောင်၊ မင်းက ငါ့ကုမ္ပဏီအတွက် အင်တာဗျူး ပေးမှာလား ကျန်းမာရေးဆွေးနွေးပွဲလုပ်မှာလား”

“အဟဲ၊ လမ်းကြုံလို့ပါကွာ၊ စေတနာတွေပါ”



www.burmeseclassic.com

www.burmeseclassic.com

"ဒီလောက် စေတနာကောင်းနေရင်လဲ အဲဒီကောင်မလေးအိမ်လိုက်သွားပြီး မျက်နှာသုတ်တွေ၊ ခေါင်းအုံးစွပ်တွေ၊ အိပ်ယာခင်းတွေ သွားလျှော်ပေးလိုက်ပါလား၊ တောက်. . . ဒီတစ်ယောက်ဝင်လာရင် မင်းပါးစပ်ပိတ်နေ ဒါပဲ၊ နောက်တစ်ယောက်လွှတ်လိုက်ဟေ့"

လွင်ကိုလတ်လည်း နှစ်မဲ တစ်မဲနဲ့ ဇက်ကလေးပုပြီး ဝစီပိတ်ကျင့်နေလိုက်ရပါတယ်။

"မခင်လေးငယ်"

အင်း၊ ခင်လေးငယ်ဆိုတော့ ဖင်လေးသွယ်နေမှာပေါ့။ ခေါ်သံအဆုံးမှာ မိန်းကလေးတစ်ယောက် ဝင်လာပါတယ်။ အား ပါး ပါး။ ရှည်လိုက်တဲ့အရပ်။ ငါးပေဆယ်လက်မလောက်တောင်ရှိမလား၊ မပြောတတ်ဘူး။ ဟိုပုတက်တက်သူရသိန်းနဲ့ ကျော်စိုးဝင်းကို ထားဦး။ ငါးပေရှစ်လက်မရှိတဲ့ လွင်ကိုလတ်တောင် မော့ကြည့်ရမယ့် အပေါက်မျိုးပါ။ ပြီးတော့ ကိုယ်လုံးကိုယ်ထည်ကလည်း အရပ်နဲ့လိုက်အောင် တောင့်တောင့်ခိုင်ခိုင်ကြီးပါ။ မျက်နှာကတော့ ကလေးလေး မျက်နှာပေါက်မျိုးနဲ့ ချစ်စရာလေးပါ။ ဒါပေမယ့် ဘယ်ဘက်ပါးပြင်ပေါ်မှာ အမာရွတ် တစ်ခုက ကန့်လန့်ကြီး။

"ထိုင်ပါ"

"ဟုတ်ကဲ့ရှင့်"

အသံလေးက တကယ့်ကို အားမရစရာ တိုးတိုးညှင်းညှင်းလေး။ ဒီလောက်ကိုယ်လုံးကြီးက ထွက်လာတဲ့ အသံက တုန်ကွေးရောဂါသည် နာသံထဲက အသံမျိုးနဲ့။ ကျော်စိုးဝင်းက မသိမသာ ခေါင်းခါပါတယ်။ သူရသိန်းက-

"မခင်လေးငယ် ဟုတ်လား"

"ဟုတ်"

"ဂျူဒိုတို့၊ ကိုက်ကွမ်ဒိုတို့၊ အာကီဒိုတို့ တတ်လားဟင်"

သူရသိန်းရဲ့ မေးခွန်းကြောင့် ကောင်မလေး အဲကောင်မကြီးကြီးလေးက မျက်လုံးပြူးသွားပါတယ်။





"ဟင့်အင်း၊ ဘာဖြစ်လို့လဲဟင်"

အသံက အတော့်ကို အားစိုက် နားထောင်ရပါတယ်။ ကိုယ်တိုင်တောင် သူ့အသံကို ကြားရရဲ့လားမသိဘူး။

"အော်၊ ဒီလိုကိုယ်လုံးကိုယ်ပေါက် အရပ်အမောင်းနဲ့ဆိုရင် စတ္တာထေရီအလုပ်ထက် ဘော်ဒီဂတ်အလုပ်က ပိုပြီးသင့်တော်မယ် ထင်လို့ပါ"

ကောင်မလေးရဲ့ မျက်နှာက ညိုးသွားပါတယ်။ မျက်လွှာအောက်ချပြီး-

"မီးက သိပ်ကြောက်တတ်တာ၊ မိုးကြိုးတွေပစ်ရင်လည်း ကြောက်၊ လျှပ်စစ်မီးပြတ်ရင်လည်း ကြောက်၊ ပိုးဟပ်လည်း ကြောက်တာပဲ၊ ဘေးအိမ်က လင်မယားရန်ဖြစ်ရင် ဒီဘက်ကနေ ဒူးတစ်ဆတ်ဆတ်တုန်နေတာ"

အင်း ဗန္ဓုလရဲ့ မြေး မြစ် တီ တွတ် ကျွတ် ပြွတ် ဆင်ပါရဲ့။ လွင်ကိုလတ်က မနေနိုင်မထိုင်နိုင် တစ်ခွန်းဝင်မေးလိုက်ပါတယ်။

"ဟိုတစ်ခါ လျှောင်လှုပ်တုန်းက ဘယ်လိုနေလဲဟင်"

"အင်း၊ အဲဒီတုန်းက မီးအိပ်ပျော်နေလို့ သိတောင်မသိလိုက်ဘူး"

ကောင်းရော၊ အားလုံးအုတ်အော်သောင်းနင်း ဖြစ်ကြတာကိုမင်းက သိတောင်မသိလိုက်ဘူးဆိုပဲ။ ကျော်စိုးဝင်းက မြန်မြန်ပဲ အင်္ကျီပြတ်သွားအောင် ဝင်ဖြတ်လိုက်ပါတယ်။

"ရပြီနော်၊ ဘော်ဒီဂတ်။ အဲ. . . စတ္တာထေရီခန့်ရင် အိမ်ကို အကြောင်းကြားလိုက်မယ်"

"ဟုတ်"

ကောင်မလေးက ဝေါ်ဇီလာယာဉ်သာ ခြေလှမ်းမျိုးနဲ့ ပြန်ထွက်သွားပါတယ်။

"ဟူး၊ ဝူး၊ အူး"

ဒါ သုံးယောက်သား သက်ပြင်းချလိုက်တဲ့အသံပါ။

"နောက်တစ်ယောက် ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးဝင်းရဲ့ အသံက သိပ်မတက်ကြွတော့ပါဘူး။ လွင်ကိုလတ်တို့လည်း ထိုနည်းလည်းကောင်းပါပဲ။ ဒါပေမယ့် အခန်းပေါက်ဝ နာမည်ခေါ်သံကတော့ တက်တက်ကြွကြွပါပဲ။

"မမြူဝေရှင်း"

လွင်ကိုလတ်က ခေါင်းထောင်သွားပါတယ်။ သူက စာရေးဆရာ ဆိုတော့ နာမည်လှလှလေးတွေ စိတ်ဝင်စားတတ်ပါတယ်။ ကောင်မလေးက အခန်းထဲကို ဝင်လာပါပြီ။ မြန်မာအမျိုးသမီးတွေထဲမှာ မနိမ့်လွန်း မမြင့်လွန်းဆိုရမယ့် အရပ်မျိုးပါ။ ငါးပေသုံးလေးလောက် ရှိမှာပေါ့။ ဖိုင်တစ်ပွေ့တစ်ပိုက်ကြီးကို ပွေ့ထားပြီး ဝင်လာတဲ့ ကောင်မလေးမျက်နှာက ကြည်လင်နေပါတယ်။ မျက်လုံးလေးတွေ လည်း ဝိုင်းစက်ကြည်လင်လို့၊ အသားအရေကလည်း ရေချိုးပြီးခါစ လို ရှင်းသန့်လို့ပါ။ ရုပ်ကအချောစား မဟုတ်ပေမယ့် ကြည့်လို့ ကောင်းတဲ့အထဲတော့ ပါတယ်။ ကျောမရောက် တစ်ရောက် ဆံပင် ကိုလည်း သားရေကွင်းနဲ့ တင်းနေအောင် စုပြီး စည်းထားပါတယ်။

စောစောက စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ ကျော်စိုးဝင်းနဲ့ သူရသိန်းတို့ကလည်း အခုမှ ထူထူထောင်ထောင် ဖြစ်လာပါတယ်။ လာလိုက်ပါတော့လား၊ ဒီလိုပုံစံတွေချည်းပဲ။ ဒါမျိုးသာဖျူးရလို့ကတော့ တစ်လလောက် ဆက်တိုက်ဖျူးချင်ဖျူးရပါစေ။ အညောင်းမိရုံမကလို့ ဒူလာပဲဖြစ်ဖြစ်၊ ကောင်မလေးက ထိုင်ခုံမှာ အသာအယာပဲ ဝင်ထိုင်ပါ တယ်။

"အဟဲ၊ ညီမနာမည်က မြူဝေရှင်းနော်"

လွင်ကိုလတ်က မေးလိုက်တာပါ။ ကျော်စိုးဝင်းက သူ့ထက် ဦးသွားတဲ့ လွင်ကိုလတ်ကို မကျေမနပ်ကြည့်ပါတယ်။ ဒီကောင့်နှယ် ဝင်မပါပါနဲ့ ပြောထားရဲ့သားနဲ့။ ကောင်မလေးက အသာအယာပဲ ခေါင်း ညိတ်ပါတယ်။ ပြီးတော့ သူယူလာတဲ့ ဖိုင်တွေထဲကနေ စာရွက်စာတမ်း တွေထုတ်ပြီး သူတို့ သုံးယောက်ရှေ့ချပြလိုက်ပါတယ်။ အောင်လက် မှတ်တွေက အများကြီးပါ။ ဘွဲ့လက်မှတ်ရော၊





ကွန်ပျူတာသင်တန်း ဆင်းလက်မှတ်တွေ၊ စာရင်းကိုင် ဒီပလိုမာလက်မှတ်တွေ၊ အင်္ဂလိပ် စာသင်တန်းက Certificate တွေ မယ်၊ လျှပ်စစ်သင်တန်းနဲ့ ရှေးဦး သူနာပြုစုခြင်းသင်တန်းက အောင်လက်မှတ်တွေတောင် ပါလိုက် သေး။ ကျော်စိုးဝင်းက ခေါင်းတစ်ညိတ်ညိတ်နဲ့-

"အရင်လုပ်ငန်းအတွေ့အကြုံရှိလား"

ကောင်မလေးက ခေါင်းခါပြပါတယ်။ သူရသိန်းက မေးကို ဆတ်နဲ့ ပွတ်ရင်း-

"ကုမ္ပဏီ အတွင်းရေးမှူးတစ်ယောက်ရဲ့ တာဝန်တွေကို သိသလောက်ပြောပြပါလား"

ကောင်မလေးက ခေါင်းညိတ်ပါတယ်။ ပြီးတော့ ဖိုင်ထဲက စာရွက်တစ်ရွက်နဲ့ ဘောလ်ပင်ကို ထုတ်လိုက်ပြီး စာရေးမယ့်ဟန် ပြင်လိုက်ပါတယ်။

"ရတယ်၊ စာနဲ့ ရေးပြစရာမလိုဘူး၊ ပါးစပ်နဲ့ပဲပြောပါ"

ကျော်စိုးဝင်းက ပြောလိုက်တာပါ။ ကောင်မလေးက လက်ကာ ပြပါတယ်။ သူတို့အားလုံးစိတ်ထဲမှာ တစ်မျိုးဖြစ်သွားပါတယ်။ အင်း တစ်ခုခုတော့ လွဲနေပြီထင်တယ်။ ကောင်မလေးက စာတစ်ကြောင်း ရေးလိုက်ပြီး သူတို့ရှေ့ချပေးလိုက်ပါတယ်။

"ကျွန်မ စကားမပြောတတ်လို့ စာရေးပြီးပြောပါရစေ"

"ဟိုက်"

ဒီနေ့အတွက် စိတ်ဓာတ်အကျဆုံးအချိန် ရောက်သွားပါတယ်။ အင်တာဗျူးပါဆိုမှ စကားမပြောတတ်တဲ့လူက ဝင်ပါရသေးတယ်။ သုံးယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြပါ တယ်။ ပြီးတော့ သူတို့ရှေ့က ကောင်မလေးကိုကြည့်တယ်။ ခဏလောက်ငြိမ်နေကြပြီးမှ-

"စိတ်မကောင်းပါဘူးကွာ၊ ကုမ္ပဏီအလုပ်ဆိုတာ စကားမပြော လို့မှ မရတာ၊ ပြောတာမှ လူပေါင်းစုံနဲ့ အများကြီးကို ပြောရမှာ။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ မင်းရဲ့ အနေအထားနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ။ အခု… လာခဲ့တာ တွေ့ရတာဝမ်းသာတယ်။ ပြန်လို့ရပါပြီ”

ကောင်မလေးရဲ့ မျက်နှာက ညိုးလျော်သွားပါတယ်။ သူ့ရှေ့က… စာရွက်ကိုယူပြီး စာထပ်ရေးပြန်တယ်။

“ခန့်တာမခန့်တာ လူကြီးမင်းတို့ သဘောပါ။ ဒါပေမယ့်… ဖြေရမယ့် လူအတွက်တော့ အခွင့်အရေးအပြည့်ရသင့်ပါတယ်… မေးခွန်းအားလုံးဖြေပြီးမှ ပြန်ပါရစေ။ ‘ဖြစ်နိုင်ရင် ကျွန်မ,မဖြေနိုင်… လောက်မယ့် မေးခွန်းကို မေးပါရှင်’ . . . ရော် ဒုက္ခပါပဲ၊ မခန့်ဘူး… သေချာမှတော့ ဘာကြောင့်များ ဒုက္ခခံချင်နေသေးတာလည်း မိန်း… ကလေးရယ်။ ဇွတ်ပါပဲလား။ လွင်ကိုလတ်က သက်ပြင်းချလိုက်ပြီ… မေးခွန်းတစ်ခု မေးလိုက်ပါတယ်။

“အချစ်ဆိုတာ ဘယ်လို နားလည်သလဲဟင်”

ကောင်မလေးက မျက်လုံးဝိုင်းသွားပြီး လွင်ကိုလတ်ကို အသေ… အချာကြည့်ပါတယ်။ ဘယ့်နှယ် အလုပ်အင်တာဗျူးနဲ့ လားလားမှ… မဆိုင်တဲ့ အချစ်အကြောင်းမေးရတယ်လို့။ ဒီလူကြီးက မဂ္ဂဇင်းတွေ… ဂျာနယ်တွေထဲမှာ မင်းသမီးတွေကို အင်တာဗျူးတာတွေနဲ့… ရောသွားပြီထင်ရဲ့။ ကျော်စိုးဝင်းနဲ့ သူရသိန်းလည်း လွင်ကိုလတ်ကို… အထူးအဆန်းလို ဝိုင်းကြည့်ပါတယ်။ သွားပါပြီ။ ဒီကောင့်ကိုမှ… အင်တာဗျူး မေးခိုင်းမိတယ်။ ကုမ္ပဏီတော့ နာမည်ပျက် တော့မှာပဲ။… ကောင်မလေးက ဘာမှမပြောပဲ သူ့ရဲ့ ဖိုင်တွေကို သိမ်းနေပါတယ်။… ပြီးတော့ မတ်တပ်ရပ်ပြီး သူတို့ သုံးယောက်ကို လက်ညှိုး နဲ့… လက်ခလယ်နှစ်ချောင်းတည်းနဲ့ အလေးပြု သလို လုပ်ပြပြီး… ထွက်ခွာသွားပါတယ်။

ဒီမေးခွန်းကို သူကလေးက မဖြေနိုင်ဘူးပေါ့။ ဒါဆိုရင် ဒီမေးခွန်း… ကိုမေးတဲ့ လွင်ကိုလတ်ကရော။

သူလည်း ဒီမေးခွန်းကို မဖြေနိုင်လောက်ဘူး ထင်ပါရဲ့။

☺ ☺ ☺

မျက်ပွင့်စာမီပေ



ရန်ကုန်မြို့ရဲ့မတ်လအပူချိန်ဟာ ၄၀ ဒီဂရီ ဆဲစီးယပ်လောက်ရှိပါ… တယ်။ ဒီလိုပူပြင်းတဲ့ မတ်လတစ်လမှာ လွင်ကိုလတ်အသည်းကွဲဖူး… တာပေါ့။

“ငါ ဟိုကိုသွားတော့မယ်”

လွင်ကိုလတ်ရဲ့ ကောင်မလေးက ပြောတာပါ။ သူ့ရဲ့ မိသားစုက… နိုင်ငံခြားမှာ။

“နင် ငါနဲ့အတူ မလိုက်နိုင်ဘူး မဟုတ်လား”

ကောင်မလေးက အပိုင်သိထားသလိုပြောပါတယ်။ ဟုတ်တော့… လည်း ဟုတ်ပါတယ်။ လွင်ကိုလတ်ကလည်း နိုင်ငံခြားမသွားချင်ပါ… ဘူး။ တကယ်ဆို လွင်ကိုလတ်ရဲ့အစ်မ မိသားစုကလည်း နိုင်ငံခြားမှာ… နေတာပါပဲ။ မိဘတွေကွယ်လွန်သွားပြီးတဲ့နောက် အရင်းအချာဆိုလို့… မောင်နှမနှစ်ယောက်ပဲ ကျန်ခဲ့တော့တာ။ လွင်ကိုလတ်ကို လိုက်လာ… ဖို့ မကြာခဏလှမ်းခေါ်နေတာပါ။ ပျင်းတယ်ပဲပြောပြော၊ ဖျင်းတယ်… ပဲပြောပြော၊ နိုင်ငံခြားမှာ သွားမနေချင်တာ အမှန်ပါပဲ။

“နင် ဘယ်တော့ ပြန်လာမှာလဲ”

ပြန်မလာတော့ဘူးဆိုတာ သိရက်နဲ့ လွင်ကိုလတ်မေးလိုက်တဲ့… စကားပါ။ ကောင်မလေးက မသိမသာပြုံးပြီး ငြိမ်နေပါတယ်။ လွင်ကိုလတ်က သက်ပြင်းရှိုက်လိုက်ပြီး ထပ်မေးလိုက်ပါတယ်။

“နင် ဘယ်တော့ သွားမှာလဲ”

“သိပ်မကြာခင်ပေါ့ဟာ”

သူတို့နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြပါတယ်။ ဒီလိုနဲ့ပဲ တို့… တွေ ကြာရတော့မှာပေါ့ . . . . ချစ်သူရယ်။

“ငါက နင့်ကို ငါနဲ့အတူတူ လိုက်ခဲ့စေချင်တာ။ တကယ်ဆိုရင်

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

နင်လည်း ဟိုကို လိုက်လာနိုင်စွမ်းရှိတဲ့ လူတစ်ယောက်ပဲလေ။ နင် တစ်သက်လုံး ဒီစာရေးတဲ့အလုပ်ပဲ လုပ်တော့မှာလား"

"ဒါ ငါဝါသနာပါတဲ့အလုပ်ပဲလေဟာ"

သူတို့နှစ်ယောက်ရဲ့ ကြားခံနယ်က ခြားနားသွားပါတယ်။ ခဏ ကြာနှစ်ယောက်သား တိတ်ဆိတ်သွားပါတယ်။

"ငါ သွားတော့မယ်"

ပြန်ပြေရမယ့်စကားသံက ပျောက်ဆုံးနေပါတယ်။ ကောင်မလေး က ထီးလေးဖွင့်ပြီး ပူပြင်းတဲ့ နေရောင်အောက်မှာ လျှောက်သွားပါ တယ်။ လွင်ကိုလတ်ကလည်း ပူပြင်းတဲ့ နေရောင်အောက်မှာပဲ ကောင်မလေးရဲ့ နောက်ကျောကိုကြည့်ပြီး ရပ်ကျန်ခဲ့တယ်။ သေချာ ပါတယ်။ ထွက်သွားတဲ့လူရော၊ ကျန်ခဲ့တဲ့လူရော၊ နှစ်ယောက်စလုံးရဲ့ နှလုံးသားတွေဟာ ဒီမတ်လရဲ့ အပူချိန်နဲ့အတူ အရည်ပျော်သွားကြ ပြီဆိုတာ၊ အဲဒီနေ့က သူတို့နှစ်ယောက် တွေ့ဆုံခြင်းဟာ နောက်ဆုံး ဆိုတာ လွင်ကိုလတ် မသိလိုက်ပါဘူး။ ကောင်မလေးဟာ ဖုန်းလေး တစ်ချက်တောင် ဆက်ဖော်မရဘဲ တိတ်တဆိတ်ရေခြားမြေခြားဆီ ထွက်သွားလေရဲ့။ လွင်ကိုလတ်အတွက် အမှတ်တရအဖြစ် သူငယ်ချင်းတစ်ယောက်ဆီကတဆင့် သိရတဲ့ e-mail လိပ်စာလေး တစ်ခုပဲ ကျန်ခဲ့ပါတယ်။

အချိန်ဆိုတဲ့ သမားတော်ဟာ လူတစ်ယောက်ရဲ့ ခံစားချက်ကို ကုစားနိုင်တယ်ဆိုတာအမှန်ပါပဲ။ ကောင်မလေးနဲ့ ဝေးကွာသွားခဲ့တဲ့ ပထမဦးဆုံး မတ်လမှာ လွင်ကိုလတ်တစ်ယောက် ဝမ်းနည်းကြေကွဲ နေတဲ့ နှလုံးသားနဲ့ နေရောင်ကျဲကျဲအောက် ရန်ကုန်မြို့ရဲ့ ပလက် ဖောင်းတွေပေါ်မှာ ဦးတည်ရာမဲ့ လျှောက်သွားနေခဲ့ပါတယ်။ ချစ်သူ တစ်ယောက်လုပ်နေပြီး အပြီးအပိုင် ထွက်ခွာသွားတဲ့ နေ့ရက်ကလေး တောင် သိခွင့်မရအောင် ညှဲ့ဖျင်းလှတဲ့ သူကိုယ်သူ ဒဏ်ပေးတာတဲ့။ ဆိုင်မဆိုင်တော့ မပြောတတ်ပါဘူး။ ဘာပဲပြောပြော သူက စာရေးဆရာ မဟုတ်လား။ အဲဒီလို အူကြောင်ကြောင်လည်း





လွမ်းတတ်မှာပေါ့။ ပြီးတော့သူဒီလိုလုပ်တဲ့ အကြောင်းကို အရှုတ်မရှိ A4 စာရွက်တစ်ရွက်စာလောက်စီကုံးပြီး သူ့ကောင်မလေးဆီ e-mail ပို့လိုက်ပါသေးတယ်။ ကောင်မလေးဆီကတော့ no reply ပြန်စာမလာ ပါဘူး။

နောက်တစ်နှစ် မတ်လရောက်ပြန်တော့လည်း လွင်ကိုလတ်က နေရောင်ကျဲကျဲအောက် သူ့ကိုယ်သူ ဒဏ်ပေးပြန်တာပါပဲ။ ဒီတစ်ခါတော့ သတိရစိတ်ထက်ဝက်၊ ခံပြင်းစိတ်ထက်ဝက်ပေါ့။ လက်ထဲမှာလည်း ခေါက်ဆားရည်ဗူးကြီးကိုင်ထားပါသေးတယ်။ နေက အရမ်းပူတယ်လေ။ မတော်လို့ ချွေးထွက်လွန်ပြီး shock ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ ကောင်မလေးကလည်း နိုင်ငံခြားကနေ လှမ်းပြီး ထုနိုင်တာမဟုတ်ပါဘူး။ လွမ်းတာတော့ လွမ်းတာပေါ့။ ခံပြင်းတာ လည်း ခံပြင်းတာပါပဲ။ ချွေးကတော့ ထွက်မှာ အသေအချာပါပဲ။ ဒီလောကထဲ ခေါက်ဆားရည်သောက်ပြီး လွမ်းတာ လွင်ကိုလတ် တစ်ယောက်ပဲ ရှိမယ်ထင်တယ်။ ထုံးစံအတိုင်း သူ့ကောင်မလေးဆီ e-mail ပို့လိုက်ပါသေးတယ်။ ဒီတစ်ခါတော့ A4 တစ်ဝက်စာလောက် ပဲ ရှိပါတယ်။ e-mail ထဲတော့ ခေါက်ဆားရည်ဗူးဆောင်ထားတဲ့ အကြောင်းထည့်မရေးလိုက်ပါဘူး။ ကောင်မလေးဆီကတော့ e-mail လည်းမလာ၊ message လည်းမကြားပါပဲ။

ဒီနှစ် မတ်လ ရောက်လာပါပြီ။ လွင်ကိုလတ်က ခေါက်ဆားရည် ထုပ်လည်း ဝယ်ပြီးပါပြီ။ ရေသန့်ဗူးလည်း ဝယ်ထားပြီးပါပြီ။ နေပူထဲ ထွက်ပြီး ဒဏ်ပေးဖို့ပဲ ကျန်ပါတော့တယ်။ လွင်ကိုလတ်က စတိုးဆိုင် ထဲကနေပြီး အပူဒဏ်ကြောင့် အရောင်ထွက်နေတဲ့ ကတ္တရာ လမ်းမကြီးကို ကြည့်ပါတယ်။ ရှုံ့ရှုံ့မဲ့မဲ့ သွားနေတဲ့ လူသတ္တဝါတွေကို ကြည့်ပါတယ်။ ငယ်သံပါအောင် ငြီးနေတဲ့ ရောင်စုံကားတွေကို ကြည့်ပါတယ်။

"ဟာ၊ ဟိုမိန်းမဝဝကြီးက ဒီလောက်ပူရတဲ့အထဲ အနီရဲရဲ ပြောင်ပြောင်ကြီးကို ကျပ်နေအောင် ဝတ်ထားရသေးတယ်။ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခ။ ဟိုရှေ့က ကောင်မလေးလို တီရှပ်ပွပွကြီး ဝတ်ထားတာမဟုတ်ဘူး။ ဟိုကောင်မလေးကလည်း စွပ်ကျယ်လက်ပြတ်နဲ့၊ လက်မောင်းသားတွေ နေလောင်ကုန်တော့မှာပဲ။ ဟိုလူကြီးကလည်း ဒီလောက်ပူရတဲ့အထဲ ကုတ်အင်္ကျီနဲ့ နက်ကတိုင်နဲ့ ဘောင်းဘီရှည်နဲ့၊ တောက် . . . မြင်ရသမျှ အဆင်ကို မပြေဘူး”

ဆိုင်ပေါက်ဝမှာ မတ်တပ်ရပ်ရင်း လွင်ကိုလတ် တွေးမိနေတာတွေပါ။ နေကလည်း တစ်နှစ်ထက်တစ်နှစ် ပိုပူလာတယ် ထင်ရဲ့။ မဟုတ်မှလွဲရော၊ ကမ္ဘာနဲ့ နေနဲ့ ပိုများ နီးလာသလားမသိဘူး။ နေကအကြီးကြီးဆိုတော့ တစ်ပေလောက်နီးလာတယ်ဆိုရင်ပဲ အတော်ကြီးကို သိသာလာမှာ။ နက္ခတ်ဗေဒပညာရှင်တွေကလည်း တစ်ပေလောက်နီးလာတာကို သတိထားမိချင်မှ ထားမိမှာ။ ဒီလို နေရောင်တောက်တောက်ရှားရှားအောက်မှာ မလွမ်းတော့တာပဲ ကောင်းမယ်ထင်တယ်၊ ဒီကောင်မလေးကလည်း ဘာဖြစ်လို့ မတ်လထဲမှာ ပဲဆက်ဖြတ်သွားတာလဲ မသိဘူး။ မသကာ တစ်လလောက် နောက်ဆုတ်ပြီး ဧပြီလထဲမှာ အဆက်ဖြတ်ပါတော့လား။ ဒါဆိုရင် သင်္ကြန်နဲ့ တိုက်ပြီး ကိုယ့်ကိုယ်ကို ဒဏ်ပေးလို့ ရတာပေါ့။ ရေပက်လေးခံလိုက်၊ လွမ်းလိုက် ဘီယာလေး ဂွတ်ပြီး ဒဏ်ပေးလိုက်။ ရေစိုနေတဲ့ ကောင်မလေးတွေကြည့်လိုက်နဲ့ ဘယ်လောက် အဆင်ပြေလဲ။ အခုတော့ နေပူကြောင်ကြားကြီးထဲ။

“ဟင်း တော်ပြီ မလွမ်းတော့ဘူး။ လက်ဖက်ရည်ဆိုင်ပဲ သွားထိုင်တော့မယ်”

လွင်ကိုလတ်က ကိုယ့်ဘာသာကိုယ် အဆိုတင်၊ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ချက်ချပြီး ဝတ်ကျေတမ်းကျေ လွမ်းပြမယ့်အစီအစဉ်ကြီးကို ကန့်ကွက်သူမရှိ ရုပ်သိမ်းလိုက်ပါတယ်။ ဒါကြောင့် ရှေးပညာရှင်တွေက ဆိုခဲ့တာပေါ့။ ‘အရာရာကို အချိန်က ကုစားသွားလိမ့်မယ်’ ဆိုတာလေ။

လွင်ကိုလတ်ရောက်သွားတဲ့ လက်ဖက်ရည်ဆိုင်က လူတွေ





ပြည့်လို့ပါ။ Air-con ဖွင့်ထားတာဆိုတော့ လူတွေက အဆိုက်ပြေလာထိုင်နေကြတယ်ထင်ရဲ့။ လွင်ကိုလတ်လည်း မျက်စိကစားပြီး နေရာလွတ်ရှာလိုက်ပါတယ်။ တစ်ဝိုင်းမှ မလွတ်ပါဘူး။ ဒါနဲ့ပဲ အနားကချာတိတ်နှစ်ယောက်ထဲ ထိုင်နေတဲ့ ဝိုင်းကို မေးလိုက်ပါတယ်။

“ညီလေး၊ ဒီခုံထိုင်လို့ ရမလား”

“ရပါတယ်”

လွင်ကိုလတ်လည်း ရေသန့်ဘူးနဲ့ ဓာတ်ဆားရည်ထုပ်ကို ထိုင်ခုံပေါ်တင်လိုက်ပြီး-

“ခဏလောက် နေရာဦးထားပေးစမ်းပါ။ အစ်ကို လက်ဖက်ရည်သွားမှာလိုက်ချင်လို့”

“အော် ဟုတ်ကဲ့၊ သွားပါ”

ကောင်လေးရဲ့ စကားအဆုံးမှာ လွင်ကိုလတ်လည်း လက်ဖက်ရည်မှာဖို့ လာခဲ့ပါတယ်။ ဒီဆိုင်က ကြိုတင်ငွေရှင်းပြီး ကိုယ်တိုင်ထယူရတဲ့ ဆိုင်ပါ။ လွင်ကိုလတ်လည်း လက်ဖက်ရည်ခွက်လေးကိုင်ပြီး ခုနက ဝိုင်းကို လျှောက်လာခဲ့ပါတယ်။ ကောင်လေးနှစ်ယောက်က တော်ကီကောင်းနေတဲ့ပါ။

“ကျေးဇူးပဲ”

လွင်ကိုလတ်က ကျေးဇူးတင်စကားပြောပြီး ဝင်ထိုင်လိုက်ပါတယ်။ ကောင်လေးတစ်ယောက်က ခေါင်းညိတ်ပြပြီး စကားဆက်ပြောနေပါတယ်။ လွင်ကိုလတ်လည်း သူတို့ပြောတာတွေ အသာနားထောင်နေလိုက်ပါတယ်။ ကောင်လေးတွေ ပြောတာက အစုံပါပဲ၊ ငံခြား DVD အကြောင်းတွေ MP3 အကြောင်းတွေ Internet အကြောင်းတွေ Game အကြောင်းတွေ၊ ပြီးတော့ ကောင်မလေးအကြောင်းတွေရော။ အင်း ကိုယ့်ထက်ငယ်တဲ့ လူတွေ ပြောစကား နားထောင်ရတာ အတော့်ကို ဗဟုသုတရတာပါပဲ။ သူ့ကိုယ်သူ ခေတ်နောက်မကျဘူးလို့ ထင်ထားတဲ့ လွင်ကိုလတ်တောင် သူမသိသေးတာတွေ အများကြီးရှိပါသေးလားဆိုတာ သိလိုက်ပါတယ်။ အောက်ဆို



www.burmeseclassic.com

www.burmeseclassic.com


'ဦးခေါင်းသုံးလုံးရှိတဲ့ လူကို ဆည်းကပ်ပါ' ကနေ 'ချိုလိမ်စုတ်နေတဲ့ ပညာရှိကို ဆည်းကပ်ပါဆိုပြီး' စကားပုံတောင် ပြောင်းရတော့မယ် ထင်တယ်။ ကောင်လေးတစ်ယောက်က သူ့သူငယ်ချင်းကို မေးပါတယ်။

"ဟေ့ကောင်၊ မင်းနဲ့ chatting လုပ်ရင်း အီစီကလီ ဖြစ်နေတဲ့ ကောင်မလေးနဲ့ အပြင်မှာတွေ့ပြီးသွားပြီလား"

"အေးကွ"

"ဘယ်လိုလဲ၊ OK ရဲ့လား"

"အဟဲ၊ ရုပ်ကလေးကတော့ မဆိုးပါဘူးကွာ၊ ဒါပေမယ့် . . ."

"ဘာဖြစ်လို့လဲ"

"စကားမပြောတတ်ဘူးကွ"

"ဘယ်လို"

"ဟုတ်တယ်၊ စကားမပြောတတ်ဘူးကွ၊ ငါလည်း experience အသစ်ဆိုပြီး ခဏတော့ တွဲလိုက်သေးတယ်။ ကြာလာတော့ Feeling မလာတော့ဘူးကွ။ ဒါနဲ့ အားနာတာနဲ့ ဟိုတစ်နေ့က သူ့ဆီကို regreting letter ပို့ခဲ့လိုက်တယ်"

လွင်ကိုလတ် မျက်လုံးထဲ အင်တာဗျူးလာဖြေတဲ့ ကောင်မလေးကို ပြေးမြင်လိုက်ပါတယ်။

"ဒီမှာ ညီလေး"

ဖြတ်ခေါ်လိုက်တဲ့ လွင်ကိုလတ်ရဲ့ အသံကြောင့် ကောင်လေးနှစ်ယောက်က ငဲ့ကြည့်ပါတယ်။

"အဲဒီ ကောင်မလေးရဲ့နာမည်က မြူဝေရှင်းမဟုတ်လား"

ကောင်လေးတစ်ယောက်က မျက်လုံးဝိုင်းသွားပါတယ်။

"ဗျာ၊ အဲ၊ ဟုတ်ကဲ့၊ အစ်ကိုနဲ့ ဘာတော်လို့လဲဟင်"

"အော်၊ ဘာမှမတော်ပါဘူး၊ မေးကြည့်တာ ဟုတ်လားလို့၊ ကဲ သွားတော့မယ်နော်"

လွင်ကိုလတ်လည်း မျက်လုံးအဝိုင်းသားဖြစ်သွားတဲ့ ကောင်လေးနှစ်ယောက်ကို ထားခဲ့ပြီး ဆိုင်ထဲက ထွက်လာခဲ့ပါတယ်။

"ဟိုအစ်ကိုကြီး၊ ရေသန့်ဗူးနဲ့ မာတ်ဆားထုပ်ကျန်ခဲ့ပြီ"

လွင်ကိုလတ်က မကြားတော့ပါဘူး၊ သူ့ခေါင်းထဲက မြူဝေရှင်းရဲ့ ပုံလေးပဲ မြင်နေမိပါတယ်။ သူ့ကိုယ်သူလည်း အံ့ဩမိပါတယ်။

"ငါ ဘာကြောင့်များ ဒီကောင်မလေးကို မှတ်မိနေတာပါလိမ့်"

အင်း ထူးထူးခြားခြားလေးမို့ မှတ်မိနေတာဖြစ်မယ်ထင်ပါရဲ့။ လွင်ကိုလတ်လည်း တွေးရင်းတွေးရင်း ဟိုငေးဒီငေး လျှောက်လာမိပါတယ်။

"ဟို P.C.O ဖုန်းရှေ့က ကောင်မလေး ငါမြင်ဖူးပါတယ်။ ဘယ်သူပါလိမ့်၊ ဟာ တိုက်တိုက်ဆိုင်ဆိုင် မြူဝေရှင်းဆိုတဲ့ စကားမပြောတတ်တဲ့ ကောင်မလေးပဲ"

ကောင်မလေးကတော့ သူ့အာရုံနဲ့သူ တယ်လီဖုန်းခွက်ကို မပြီးခလုတ်တွေ လျှောက်နှိပ်နေပါတယ်။ အဲ စကားမပြောတတ်တဲ့ လူက ဖုန်းတွေ ဘာတွေဆက်လို့။ လွင်ကိုလတ်က စိတ်ဝင်စားသွားပြီး ကောင်မလေးနားရောက်အောင် လျှောက်သွားပြီး နောက်ကနေ မယောင်မလည် နားထောင်နေပါတယ်။ ကောင်မလေးက မျက်မှောင်ကြီး ကြုံ့လို့ နေပဲပူလို့လား၊ စိတ်ညစ်နေလို့လား မပြောတတ်ဘူး။ ဟိုဘက်က ဖုန်းကောက်ကိုင်လိုက်ပုံရပါတယ်။ ကောင်မလေးရဲ့ တွန့်နေတဲ့ မျက်ခုံးတွေက ပြေသွားတယ်။ ပြီးတော့ လက်သီးဆုပ်ပြီး ဖုန်းခွက်ထဲ အားရပါးရ အော်ထည့်လိုက်ပါတယ်။

"ဝူး"

"ဟဲ့ ပလုတ်တုတ်၊ ကုလားကြီး ငုတ်တုတ်လဲ"

သူနဲ့ ယှဉ်ပြီး ဖုန်းပြောနေတဲ့ မိန်းမဝဝကြီးက အတော်လန့်သွားပုံပါပဲ။ အယောင်ယောင်အမှားမှားတွေ ရွတ်လို့။ သူ့လမ်းသူသွားနေတဲ့ သူတွေကလည်း ပြူးတူးပြဲတဲ ဝိုင်းကြည့်ကြပါတယ်။ မြူဝေရှင်းကတော့ ခပ်တည်တည်ပါပဲ။ ဖုန်းကို ပြန်ချ၊ ပိုက်ဆံငါးဆယ်ထားခဲ့ပြီး လွင်ကိုလတ်ကိုတောင် ပခုံးချင်းဝင်တိုက်သွားလိုက်သေးတယ်။ ဒါ



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်မလေးတစ်ယောက်ယောက်ကို ရန်တွေ့တာဖြစ်မှာ။ ကေ... သူနဲ့ chatting လုပ်တဲ့ ကောင်လေးပဲလား မသိဘူး။ P.C.O က ကောင်မလေးက ပြုံးပြုံးကြီးလုပ်နေတဲ့ လွင်ကိုလတ်ကို ကြည့်ပြီး

"ရှင်ဘာလုပ်လိုက်တာလဲ"

"ဟာ၊ ကြုံကြုံဖန်ဖန် သူနဲ့ အဝေးကြီးဟာကို"

"ဒါဆို သူဘာဖြစ်သွားတာလဲ"

"မပြောတတ်ဘူးလေ၊ သိချင်ရင် လိုက်မေးကြည့်ပါလား"

ကောင်မလေးက နှုတ်ခမ်းစူပြီး-

"ရှင် လိုက်မေးပါလား၊ ဟွန်း. . .၊ ကဲပါ၊ ရှင်ဖုန်းဆက်မလို မဟုတ်လား၊ မြို့တွင်းလား၊ နယ်လား"

"မဆက်တော့ပါဘူး၊ သွားတော့မယ်နော်"

လွင်ကိုလတ်က ပြောပြောဆိုဆို ထွက်လာခဲ့ပါတယ်။ P.C.O က ကောင်မလေးက ပွစိပွစိနဲ့ ကျန်ခဲ့တယ်။ ပြီးတော့မှ ဖုန်းခွက်ကြီး ကိုင်ပြီး အူတူတူ ဖြစ်နေတဲ့ မိန်းမကြီးကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"နေက အရမ်းပူတယ် မဟုတ်လား၊ အန်တီရယ်။ လူတွေက လည်း သွပ်ချောင်ချောင်ဖြစ်နေတာပေါ့။ ဒါနဲ့ ခုနကလူက ကျွန်မကို သက်သက် လာကြည့်တာ ထင်တယ်နော်၊ အန်တီ"

"အင်း၊ အဲ"

လွင်ကိုလတ်က ဟိုဒီလျှောက်ရင်း မြူဝေရှင်းကို တွေ့လိုတွေ့ငြား ရှာကြည့်ပါသေးတယ်။ ဒါပေမယ့် မတွေ့တော့ပါဘူး။ မြန်လိုက်တဲ့ ကောင်မလေး။ လွင်ကိုလတ်လည်း မြူဝေရှင်းရဲ့ အမူအယာလေးကို သဘောကျသွားပါတယ်။

"ဒီတစ်ခါ ဇာတ်လမ်းရေးရင် ဒီအကွက်လေး ထည့်ရေးရမယ်"

လျှောက်ရင်း လျှောက်ရင်း တစ်နေရာရောက်တော့ လွင်ကိုလတ်က e-mail ပို့ဖို့ သတိရသွားပါတယ်။ သူ့ရဲ့ တစ်ခါတုံးက ကောင်မလေး ဆီကိုပါ။ ထုံးစံမပျက်အောင်တော့ ပို့ရဦးမှာပဲ။ ဒါနဲ့ လွင်ကိုလတ်လည်း e-mail ပို့သည်ဆိုတဲ့ ဆိုင်တစ်ဆိုင်ထဲ ဝင်လိုက်ပါတယ်။





"ညီမရေ e-mail ပို့ချင်လို့"

"ဟုတ်ကဲ့၊ လိပ်စာလေးတစ်ဆိတ်လောက်"

လွင်ကိုလတ်လည်း note book လေးထုတ်ပြီး မှတ်ထားတဲ့ e-mail လိပ်စာ ရှာလိုက်ပါတယ်။

"ရော့ဒီမှာ"

"ပို့ရမယ့် စာသားရော"

လွင်ကိုလတ်နည်းနည်း စဉ်းစားရပါတယ်။ ခါတိုင်းက A4 တစ်ဝက်စာလောက်ပို့နေတာ။ ဒီတစ်ခါ ဘာတွေ ရေးပို့ရမှာလဲ။ ခုနက မြူဝေရှင်းဆိုတဲ့ ကောင်မလေးရန်တွေ့တာကို ပြန်ကြားမိပါတယ်။ သူက 'ဝူး' ဆိုတော့ ကိုယ်ကလည်း သူ့နဲ့မတူအောင် လုပ်မှ။

"အင်း စာသားက Bull (ဘူးလ်)လို့သာ ပို့လိုက်ပါ"

"ရှင်"

"ဟုတ်တယ်၊ Bull (ဘူးလ်)လို့သာ ပို့လိုက်ပေတော့"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



ရွာမယ့်ရွာတော့လည်း နွေခေါင်ခေါင်ရွာတဲ့မိုးက မိုးတွင်းထက် တောင် သည်းပြနေပါသေးတယ်။ ခဏတစ်ဖြုတ်နဲ့ တိတ်မယ်ထင်တဲ့ မိုးတ ညနေထိအောင် စွေဦးမလား မသိနိုင်ပါဘူး။ လွင်ကိုလတ်က စာမူတွေပို့ပြီး ပြန်လာတာပါ။ ဒီနေ့မှ သူ့အပေါင်းအသင်းတွေနဲ့လည်း မဆုံဖြစ်ကြဘူး၊ ပတ်ဘလစ်ရှာကိုလည်း မတွေ့ပါဘူး။ ဒါနဲ့ပဲ ပေးစရာ ရှိတာတွေပေး၊ ရစရာရှိတာတွေ ယူပြီး၊ မြို့ထဲမှာ လျှောက်ပတ်နေ တုန်း မိုးတ ဖြုန်းစားကြီး ရွာတော့တာပါပဲ။ နီးစပ်ရာ လက်ဖက်ရည် ဆိုင်ဝင်ထိုင်ပြီး မိုးအတိတ် စောင့်ပေမယ့် ကိုရွှေမိုးက လွယ်လွယ် နဲ့ တိတ်မယ့်ပုံမမြင်ပါဘူး။ လက်ဖက်ရည်ဆိုင်ထဲ စကားပြောဖော်မရှိ ရေနွေးချည်း ဖိသောက်နေရတာ၊ ခါးတွေလည်း ညောင်း၊ ဆီးအိမ် တွေလည်း တင်းလှပါပြီ။

"တောက်၊ ဒီနေ့မှ ဟိုလူတွေက ဘယ်သွားနေကြမှန်း မသိဘူး။ ငါလာမှာသိလို့ တမင်ရှောင်နေကြတာလား မပြောတတ်ဘူး"

ဒီလိုမှန်းသိ အပျင်းပြေဖတ်ရအောင် စာအုပ်တစ်အုပ်လောက် ဆွဲခဲ့ပါတယ်၊ အခုတော့ လွင်ကိုလတ်လည်း ပျင်းတိပျင်းခြောက် ဖြစ်မယ့်အတူတူ အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"အင်း အိမ်တို ပြန်ရင်လည်း တစ်ယောက်တည်း အိပ်နေရမှာပဲ"

လွင်ကိုလတ်စိတ်ထဲငြီးလိုက်ပါတယ်။ သူ့ခမျာ တိုက်ခန်းတစ်ခန်း ထဲ တစ်ယောက်တည်း နေရတာပါ။ သူ့အစ်မ မိသားစု နိုင်ငံခြား မသွားခင်တုံးကတော့ အဲဒီတိုက်ခန်းမှာ အတူတူနေခဲ့ကြတာပါ။ သူ့အစ်မ နိုင်ငံခြားသွားပြီး နောက်ပိုင်းမှာလည်း သူငယ်ချင်းတွေ



တစ်ရုံးရုံးနဲ့ သူ့တိုက်ခန်းလေးမှာ ဆုံညဲနေပေမယ့် အခုအချိန်မှာ အသီးသီး အိမ်ထောင်ကျသူကကျ၊ နယ်ရောက်တဲ့ လူရောက်နဲ့ အခုတော့ သူ့တိုက်ခန်းလေးလည်း နွမ်းနွမ်းသွေ့သွေ့ ကျန်ခဲ့ပါတော့ တယ်။

လွင်ကိုလတ်လည်း မတိတ်နိုင်သေးတဲ့ မိုးကို မျက်စောင်းထိုးပြီး တက္ကစီငှားပြီး အိမ်ပြန်လိုက်ရပါတော့တယ်။

"ကုန်ပါပြီ၊ ဂျာနယ်ထဲက ရတဲ့ စာမူခလေးတော့"

သူ့တိုက်ခန်းရှေ့ရောက်တော့ မိုးကသည်းနေတုံးပါ။ လှေကား ပေါက်မှာတော့ ကောင်မလေးတစ်ယောက်၊ လက်ထဲလည်း ဗိုင်တွေ တစ်ပွေ့တစ်ပိုက်နဲ့။ မိုးခိုနေတာ ဖြစ်မယ်ထင်ရဲ့။ လွင်ကိုလတ်လည်း ခေါင်းပေါ် လက်ကလေးအုပ်ပြီး တက္ကစီပေါ်ကနေ လှေကားထဲ ပြေးဝင်လိုက်တယ်။ မိုးခိုနေတဲ့ ကောင်မလေးက တက္ကစီကို လှမ်းတား လိုက်ပါသေးတယ်။ ဒါပေမယ့် တက္ကစီဆရာက မမြင်ဘူးထင်ရဲ့။ မောင်းထွက်သွားပါတယ်။

"ဟတ်ချိုး"

မိုးခိုနေတဲ့ ကောင်မလေးဆီကပါ။ ကောင်မလေးခမျာလည်း တစ်ကိုယ်လုံး မိုးမိပြီး ကြွက်စုတ်မလေးဖြစ်နေပါတယ်။ အော် ဒီကောင်မလေးနှယ်၊ မိန်းကလေးဖြစ်ပြီး ထီးလေးဘာလေးတောင် ဆောင်လာဘူး၊ လွင်ကိုလတ်က မဆီမဆိုင် တွေးရင်း ကောင်မလေး ဘေးကနေ အပေါ်ထပ် သူ့အခန်းကို တက်ဖို့ ပြင်လိုက်ပါတယ်။

"ဟတ်ချိုး၊ ဟတ်ချိုး၊ ဟတ်ချိုး"

ကောင်မလေးဆီက နှာချေသံတွေ ဆက်တိုက်ထွက်လာပါ တယ်။ ဒီလို ရေစိုကြီးနဲ့ဆိုရင် ဒီကောင်မလေးဖျားတော့မှာပဲ။ လွင်ကို လတ်က ကောင်မလေးကို အမှတ်တမဲ့ ကြည့်လိုက်ပါတယ်။

"ဟတ်ချိုး"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးလည်း နှာချေရင်းကပဲ ဝဲကျလာတဲ့ ဆံပင်တွေကို ပင့်တင်ရင်း လွင်ကိုလတ်ကို ကြည့်ပါတယ်။ နှစ်ယောက်သား အကြည့်ချင်းဆုံသွားတယ်။

"ဟာ၊ ဟိုစကားမပြောတတ်တဲ့ ကောင်မလေး မြူဝေရှင်း"

အမယ်စကားသာ မပြောတတ်တာ။ နှာချေတာတော့ လူလိုသူလို 'ဟတ်ချိုး'ဆိုပြီး ပီပီသသ ချေတတ်သားပဲ။ အော် သက်သက်မဲ့ အတွေးခေါင်နေပြန်ပါပြီ။ စကားပြောတတ်တတ်၊ မပြောတတ်တတ် ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် နှာချေမှတော့ ဟတ်ချိုးပဲ ထွက်တော့မှာပေါ့။ အစ်လိပ်လို နှာချေတယ်လို့မှ မရှိတာ။ တကယ်လို့ရှိရင်လည်း စကားပြောသင်တန်းတွေမှာ အင်္ဂလိပ်လို နှာချေနည်းတွေ သင်နေရမှာပေါ့။ လွင်ကိုလတ်လည်း အပေါ်တက် မယ့် ဆဲဆဲကနေ ဘတ်ဂီယာထိုးပြီး ကောင်မလေး ဘေးနား ရောက် သွားပါတယ်။ ကောင်မလေးက မျက်လုံးထောင့်ကပ်ပြီး မော့ကြည့် ပါတယ်။ ရေစိုနေတဲ့ ဆံပင်ဖိုယိုဖားယားနဲ့ နှုတ်ခမ်းလေး တွေက လည်း တဆတ်ဆတ်တုန်လို့။ အင်း ဒီကောင်မလေး ဘယ်အချိန် ကတည်းက မိုးမိထားပါလိမ့်။

"မြူဝေရှင်း"

လွင်ကိုလတ်က နာမည်ခေါ်လိုက်တော့ ကောင်မလေးက အံ့ဩသွားပုံပါပဲ။ လွင်ကိုလတ်ကို မျက်လုံးကြီး ပြူးကြည့်တယ်။

"ဟာ၊ အင်တာဗျူးမှာ အချစ်အကြောင်း မေးတဲ့လူကြီး"

မြူဝေရှင်းက မှတ်မိသွားပါတယ်။ လွင်ကိုလတ်ကို လက်ညိုးထိုးပြီး ပါးစပ်ကလည်း အသံထွက်လာပါတယ်။

"အဲ၊ အဲ့ ဟတ်ချိုး"

"အေး၊ ဟုတ်တယ်၊ တို့ပဲ။ မင်းကြည့်ရတာ အတော်ချမ်းနေပုံပဲ။ ပထမထပ်မှာ တို့အခန်းရှိတယ်။ ဘယ်သူမှတော့ မရှိဘူး။ တို့ကို





ယုံတယ်ဆိုရင် အပေါ်တက်လာခဲ့။ နည်းနည်းနွေးထွေးသွားရင် တို့ဆီက ထီးငှားလိုက်မယ်၊ ဟုတ်ပြီလား"

လွင်ကိုလတ်က ကောင်မလေးဆီက အဖြေစောင့်မနေပါဘူး။ သူ့ဘာသာသူပဲ အပေါ်ထပ်တက်သွားပါတယ်။ လိုက်လာတာ လိုက်မလာတာက သူ့ကိစ္စလေ။ ကိုယ်က ခေါ်သင့်တယ်ထင်လို့ ခေါ်လိုက်တာ။ ကောင်မလေးက တွေတွေကြီး ရပ်ကျန်ခဲ့ပါတယ်။ အင်း ဝေခွဲမရဘူးထင်ပါရဲ့။ လွင်ကိုလတ်က အဝင်တံခါးကို ဟင်းလင်း ဖွင့်ထားလိုက်ပါတယ်။

"မင်း ဝင်ချင်ဝင်လာပေါ့ မိန်းကလေးရယ်"

ပြီးတော့ ရေချိုးခန်းထဲ တန်းဝင်သွားပါတယ်။ မဝင်လို့ မဖြစ်ဘူးလေ။ မိုးအေးအေးနဲ့ လက်ဖက်ရည်ကြမ်းတန်ခိုးတွေက ပြနေတာကိုး။ လွင်ကိုလတ်ပြန်ထွက်လာတော့ အခန်းပေါက်ဝမှာ ကောင်မလေးက လက်ကလေးနှစ်ဖက်နဲ့ သူ့ဖိုင်တွေကို ပိုက်ပြီး တောင့်တောင့်ကြီးရပ်နေပါတယ်။ လွင်ကိုလတ်က တန်းပေါ်ဖြန့်လှမ်း ထားတဲ့ မျက်နှာသုတ်ကို နမ်းကြည့်လိုက်ပြီး ကောင်မလေးဆီ လှမ်းပေးလိုက်ပါတယ်။

"ရော့ သုတ်လိုက်ဦး"

ကောင်မလေး ပိုက်ထားတဲ့ ဖိုင်တွေကို စားပွဲပုပုလေးပေါ် လှမ်း ရင်း မျက်နှာသုတ်ပဝါကို လှမ်းယူပါတယ်။ လွင်ကိုလတ်က အိပ်ခန်းထဲ ဝင်သွားပြီး ဘီရိုထဲက ရှပ်အကျႌတစ်ထည်ရယ်၊ အနွေးထည်ရယ်၊ မွေးပွ ဘောင်းဘီတစ်ထည်ယူပြီး ပြန်ထွက်လာတယ်။

"ရော့ လဲထားလိုက်"

ကောင်မလေးက မျက်လုံးကြီး ပြူးသွားပါတယ်။ ဘယ့်နှယ် သူ့အဝတ်အစားတွေ လဲရမယ်လို့။ မဖြစ်ပါဘူး။ မြူဝေရှင်းက ခေါင်း ခါလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"လဲထားလိုက်ပါ။ ဒီအတိုင်းဆို သေချာပေါက် ဖျားလိမ့်မယ်။ သွား ရေချိုးခန်းထဲ ဝင်ပြီးလဲလိုက်"

ကောင်မလေးက ခေါင်းဆက်ခါပါတယ်။ လွင်ကိုလတ်က မျက်နှာတင်းတင်းနဲ့ ကြည့်လိုက်ပြီး-

"အကောင်းပြောတာ အကောင်းမရဘူး။ အခုသွားလဲစမ်း။ ဘာလဲ ငါကိုယ်တိုင်လဲပေးရမှာလား"

"အစ်"

ကောင်မလေးက အတော့်ကို လန့်သွားပါတယ်။ ဒီလူကြီး ကြည့်ရတာ မလဲရင် ဇွတ်လဲပေးမယ့်ပုံပဲ။ လွင်ကိုလတ်က ရယ်လိုက်ပြီး-

"မကြောက်ပါနဲ့ကွာ၊ တို့က နောက်တာပါ။ တို့က စိုးရိမ်လို့ ပြောတာ"

မြူဝေရှင်းကလည်း တွန့်ဆုတ် တွန့်ဆုတ်နဲ့ လွင်ကိုလတ်နား လာပြီး အဝတ်အစားတွေကို မဝံ့မရဲယူလို့ ဆုတ်ကန်ဆုတ်ကန်နဲ့ ရေချိုးခန်းဆီသွားပါတယ်။ လွင်ကိုလတ်က နောက်က လိုက်လာ တော့ ကောင်မလေးဆီက ကြောက်လန့်တကြားအသံထွက်လာပါ တယ်။

"အား. . . ဝါး. . .၊ အား. . . အား"

"မကြောက်ပါနဲ့ကွ၊ ခါတ်ဗူးယူမလို့ပါ။ ပြီးရင် ဆေးနဲ့ ကော်ဖီပူ လေးသောက်ရအောင်လို့"

ကောင်မလေးက ရေချိုးခန်း ပေါက်ဝမှာရပ်ပြီး လွင်ကိုလတ် လုပ်သမျှ အသေအချာကြည့်နေပါတယ်။ လွင်ကိုလတ်က ခါတ်ဗူးကိုယူ။ ကြောင်အိမ်ထဲကနေ ကော်ဖီမစ်နှစ်ထုပ်နဲ့ ခွက်နှစ်ခွက်ယူပြီး အိမ်ရှေ့ခန်းထွက်လာခဲ့ပါတယ်။ မထွက်ခင် ကောင်မလေးကို ခြောက်ခဲ့လိုက်သေးတယ်။

"မြန်မြန်လုပ်နော်၊ ကြာရင်ဝင်လာမှာ။ ရေချိုးခန်းထဲမှာ





အွတ်ကျွတ်အိတ်ရှိတယ်။ ရေစိုအဝတ်တွေကို အဲဒီအိပ်ထဲ ထည့်ထား လိုက်"

ကောင်မလေးက ဒရောသောပါးနဲ့ ရေချိုးခန်းထဲ ဝင်သွားပါ တယ်။ ချက်ချင်းပြန်ပွင့်လာတယ်။ ပြီးတော့ ခေါင်းပြူပြီး အိမ်ရှေ့ခန်း ကို လှမ်းကြည့်တယ်။ ပြီးမှ တံခါးလေး အသာဆွဲစေ့ပြီး မဝံ့မရဲနဲ့ အဝတ်အစား လဲနေရှာတယ်။ အင်းလေ သူ့ခမျာလည်း ကြောက်လန့် ရှာမှာပေါ့။ သူစိမ်းယောကျ်ားလေး အိမ်ပေါ်တက်ပြီး အဝတ်အစား လဲနေရတာကိုး။ တော်သေးတာပေါ့။ လွင်ကိုလတ်ရုပ်ကလည်း လူယုံကြည်လောက်တဲ့ ဥပမိမျိုးရှိပေလို့။

အိမ်ရှေ့ခန်းပြန်ထွက်လာတဲ့ ကောင်မလေးကိုကြည့်ပြီး လွင်ကိုလတ်က သဘောတကျပြုံးပါတယ်။ ဝတ်ထားတဲ့ ဘောင်းဘီ ရှည်က ခြေကျဉ်းဝတ်မှာပုံလို့။ အကျီကလည်း တကယ့်ဖိုယိုဖားယား။ ကောင်မလေးက ကလေးပေါက်စနလေးကို အနှီးထုပ်ထဲ လုံးထွေး ထည့်ထားသလိုမျိုးလေးပါ။ ကိုယ်ခန္ဓာတစ်ခုလုံးလည်း အဝတ်အစား တွေထဲ ပျောက်လို့။ လက်ချောင်းလေးတွေတောင် ထိပ်ဖျားလေးတွေ ပဲ မြင်ရတယ်"

"လာ ကော်ဖီနဲ့ ဆေးသောက်လိုက်ဦး"

ကောင်မလေးက စားပွဲပုပုလေးရှေ့ ဒူးထောက်ထိုင်လိုက်ပြီး ညာဘက်လက်ညှိုးနဲ့ လက်ခလယ်နှစ်ချောင်းပူးပြီး အလေးပြုသလို ထုပ်ပြပါတယ်။ လွင်ကိုလတ်သဘောပေါက်လိုက်ပါတယ်။ ဒါ စကား မပြောတတ်တဲ့ လူတွေသုံးတဲ့ sign language ဆိုတာကိုပါ။

"အဲဒါ ဘာပြောတာလဲ၊ ကျေးဇူးတင်တယ်လို့ ပြောတာလား"

ကောင်မလေးက ခေါင်းညိတ်ပြပါတယ်။ နောက်ပြီး ကော်ဖီမစ် ထုပ်ကို ဖွင့်၊ ခွက်ထဲ ခေါက်ထည့်ပြီး မွှေလိုက်ပါတယ်။ ပြီးတော့ ဆေးကို သေသေချာချာ ကြည့်နေတယ်။ ဆေးကတော့ တစ်ပွဲတွေမှာ


www.burmeseclassic.com

www.burmeseclassic.com



ကြေငြာနေတဲ့ ဆေးဝါဲ၊ ပြီးတော့မှ ဆေးကို မျိုချလိုက်ပြီး ကော်ဖီနဲ့ မျှောချနေပါတယ်။

"ဒီလမ်းထဲတို့ ဘာလာလုပ်တာလဲ"

လွင်ကိုလတ်က မေးလိုက်တာပါ။ ကောင်မလေးက သူ့ဖိုင်တွေကို လက်ညိုးထိုးပြပြီး လက်ဟန်ခြေဟန်တွေနဲ့ ပြနေပါတယ်။ သူ့ဖိုင်ထဲမှာ certificate တွေရှိနေတယ်ဆိုတော့ အင်း ဒီကောင်မလေး အလုပ်သွားလျှောက်တာလား၊ အင်တာဗျူးတစ်ခုခုသွားဖြေတာလား မသိဘူး။

"အလုပ်သွားလျှောက်တာလား"

ကောင်မလေးက ခေါင်းညိတ်ပြပါတယ်။ ဒီကောင်မလေးကတော့ ခက်နေပါပြီ။ သူ့လို စကားမပြောတတ်တဲ့လူကို ဘယ်လိုလူမျိုးက ခန့်မှာလဲ၊ လွင်ကိုလတ်က ထပ်မေးလိုက်ပါတယ်။

"အဆင်ပြေလား"

ကောင်မလေးက ခေါင်းခါပြတယ်။ ထင်သားပဲ။ ဘယ်လိုလုပ်အဆင်ပြေမှာလဲ။ ကောင်မလေးက လွင်ကိုလတ်ကို ကြည့်ပြီး တစ်ခုခု သတိရသွားသလိုနဲ့ လက်ဟန်သင်္ကေတတွေ လုပ်ပြပါတယ်။ လွင်ကိုလတ်မှာလည်း သူ့လက်တွေ ကြည့်ပြီး ခေါင်းတောင်မူးချင်ချင် ဖြစ်သွားပါတယ်။ လက်တွေကို ကွေးလိုက်ဆန့်လိုက်၊ သူ့ကိုယ်သူ ပုတ်ပြလိုက်၊ လွင်ကိုလတ်ကို ထိုးလိုက်၊ ခေါင်းကိုင်လိုက်၊ နှာခေါင်းကိုင်လိုက်နဲ့ ရှုပ်နေတာပါပဲ။

"နားမလည်ဘူး၊ ရော့ စာရွက်နဲ့ ရေးပြီးပြော"

မြူဝေရှင်းက စာကို ခပ်သော့သော့ ရေးပြီး လွင်ကိုလတ်ကို ထိုးပေးလိုက်ပါတယ်။

"ဟိုနေ့က ကုမ္ပဏီမှာ လုပ်တာလား။ အလုပ်တစ်နေရာလောက် ခန့်ပေးပါလား"





အော် ဝေတိမလေးက လွင်ကိုလတ်ကို စွပ်စက်ပြီး အထင်ကြီးနေတာကိုး။ အင်းလေ၊ သူ့ကို အင်တာဗျူးမေးထားတဲ့ လူကြီးလူကောင်းဆိုတော့လဲ။

"ဟာ ပြောပေးလို့ မရဘူး။ အဲဒါ တို့နဲ့ ~~ဘာမှမဆိုင်ဘူး။ သူငယ်~~ ချင်းကုမ္ပဏီမို့ အကူအညီပေးတာ"

ကောင်မလေးက နှုတ်ခမ်းစူသွားပါတယ်။ ဘာမှ ဆက်မပြောတော့ပဲ ကော်ဖီဆက်သောက်နေပါတယ်။

"ဘာဖြစ်လို့ ဒီလောက်ထိ အလုပ်လိုချင်ရတာလဲ"

ကောင်မလေးက စာရေးပြပြန်တယ်။

"ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်လို့"

အမလေး ကြီးကြီးကျယ်ကျယ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရမှာပါပဲ။ ဘယ်သူကမှလည်း ခင်ဗျားလေးကို ချီမထားနိုင်ပါဘူး။ လွင်ကိုလတ်က မတန်မရာ ရေးပြတဲ့ ကောင်မလေးကို ကြည့်ပြီး အူယားသွားပါတယ်။ ဒါနဲ့ ဆက်မေးရပြန်တယ်။

"အဖေ အမေ ညီအစ်ကို မောင်နှမတွေ မရှိဘူးလား"

ကောင်မလေးကလည်းရေးရပြန်ပါတယ်။ တစ်ယောက်က မေးလိုက် တစ်ယောက်က ရေးလိုက်နဲ့ သူ့နည်းသူ့ဟန်တော့ အဆင်ပြေနေတာပါပဲ။ ဟိုနေ့က အင်တာဗျူးမှာ မဗျူးလိုက်ရသမျှ အခုမှပဲ ဗျူးနေတာ ထင်ရဲ့။ ကောင်မလေးရေးပေးတာက-

"မိဘတွေ ရှိသားပဲ။ တစ်သက်လုံး အားကိုးဖို့မှ မဖြစ်နိုင်တာ"

ဟုတ်တော့လည်း ဟုတ်တာပါပဲ။ သူ့မိဘတွေကရော သူ့သမီးအတွက် တစ်ခုခု လုပ်မပေးကြဘူးလားမသိဘူး။ မြူဝေရှင်းဆိုတဲ့ ကောင်မလေးကြည့်ရတာ ဆင်းစောင့်ဆင်းရဲထဲကတော့ ဟုတ်ပုံမရပါဘူး။ သူတက်ထားတဲ့ သင်တန်းအောင်လက်မှတ်တွေနဲ့ ကြေးစားကြည့်ရင်ကို ငွေကြေးအတော်အတန် သုံးနိုင်မှ ဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com

လွင်ကိုလတ်က နောက်ချင်တဲ့ စိတ်ကလေး ပေါက်လာပါ တယ်။

"ဒါဆိုလည်း တစ်သက်လုံး အားကိုးရမယ့် ယောကျ်ားရှာယူ ပေါ့ကွ"

ကောင်မလေးက ငြိမ်ကျသွားပါတယ်။ မျက်နှာလေးလည်း ညှိုးသွားပါတယ်။ ကိုင်ထားတဲ့ ဘောလ်ပင်လေးကို လက်မလေးနဲ့ တစ်တောက်တောက်လုပ်ရင်း စာတစ်ကြောင်းကို ခပ်လေးလေး ချရေးပါတယ်။

"စကားမပြောတတ်တဲ့လူကို ဘယ်သူက လိုချင်မှာလဲ။ ရှင်ကရော ယူနိုင်လို့လား"

လွင်ကိုလတ်လည်း ပါးစပ်ပိတ်သွားပါတယ်။ ဒီကောင်မလေး တော်တော့်ကို ပေါ်တင်ကျတာပဲ။ ယောကျ်ားတစ်ယောက်ကို ဒီလို မေးရတယ်လို့။ တစ်ကယ်တမ်း မကွယ်မဝှက် ဖြေရမယ်ဆိုရင် လွင်ကိုလတ်လည်း အဲဒီလို စကားမပြောတတ်တာတော့ မလိုချင်ဘူး။ အင်းလေ ဘယ်သူမဆို ပြည့်ပြည့်စုံစုံလေးပဲ လိုချင်မှာပါ။ မနေနိုင် မထိုင်နိုင် တစ်ခွန်းတော့ ဆက်ပေးလိုက်သေးတယ်။

"ဟို chatting လုပ်တဲ့ ကောင်လေးနဲ့ ပြတ်သွားပြီလား"

မြူဝေရှင်း တစ်ယောက် အတော်လေးကို အံ့အားသင့်သွားပါ တယ်။ ဒီလူကြီး ဒါတွေ ဘယ်လိုလုပ် သိတာပါလိမ့်။ အကြားအမြင် အားကောင်းပြီး သိတာတော့ မဖြစ်နိုင်ပါဘူး။ သမာဓိရဖို့ နေနေသာ သာ သူ့အိမ်က ဘုရားစင်တောင် ဖုန်အလိမ်းလိမ်းကပ်လို့။ ဘယ်တုန်း က ကပ်လှူထားမှန်းမသိတဲ့ ဘုရားပန်းတွေလည်း ခြောက်သရောင်း ပြီး အရိုးပဲ ရှိတော့တယ်။

"ဘယ်လိုလုပ်သိလဲဟင်"

လွင်ကိုလတ်က ကောင်မလေးရေးတဲ့စာဖတ်ပြီး ခပ်မိန့်မိန့် ပြုံးပါတယ်။ အဲဒီအချိန်မှာ လမ်းမက အော်သံကြားရပါတယ်။





"ဦးလွင်ကိုလတ်ရေ၊ နိုင်ငံခြားက ဖုန်းလာတယ်"

သူ့အိမ်ရှေ့စတိုးဆိုင်က ကလေးမလေး အော်လိုက်တာပါ။

"ခဏနော်"

လွင်ကိုလတ်လည်း မြူဝေရှင်းကို ထားခဲ့ပြီး ဖုန်းဆက်ဖို့ ပြေးရ ပါတော့တယ်။ အင်း သူ့အစ်မဆီက ဖုန်းနေမှာ။ အခန်းထဲ ကျန်ခဲ့တဲ့ မြူဝေရှင်းက ဧည့်ခန်းထဲ လျှောက်ဖွကြည့်ပါတယ်။ အခန်းတစ်ခုလုံး ကတော့ စာအုပ်တွေ၊ ဗီစီဒီခွေတွေ၊ ကက်ဆက်ခွေတွေနဲ့ ရှုပ်ပွနေ တာပါပဲ။ မြူဝေရှင်းက စာအုပ်တစ်အုပ် ကောက်ကိုင်လိုက်ကြည့်လိုက် ပါတယ်။ ဝတ္ထုစာအုပ်ပါ။ ရေးတဲ့လူက 'လွင်ကိုလတ်' တဲ့။

"အော် လက်စသတ်တော့ သူက စာရေးဆရာကိုး။ ဒါကြောင့် ...င်တာဗျူးမှာ အချစ်အကြောင်းမေးတာ ထင်ပါရဲ့၊ ဟိဟိ"

မြူဝေရှင်းက စာအုပ်ကို တစ်မျက်နှာ၊ နှစ်မျက်နှာလောက် ...တ်ကြည့်လိုက်ပါတယ်။

"ဝါး၊ အိပ်ချင်လိုက်တာ"

အခုလို နွေးနွေးထွေးထွေး နေလိုက်ရတော့ အိပ်ချင်လာပါ ...ယ်။ ပြီးတော့ သောက်ထားတဲ့ ဆေးတန်ခိုးလည်း ပြပြီထင်ရဲ့။ ...ဒီဆေးတွေက နည်းနည်းတော့ အိပ်ငိုက်ပါတယ်။

"ဟို လူကြီးလည်း ပြန်တက်မလာသေးဘူး"

မြူဝေရှင်းက ဆက်တီပေါ် ခေါင်းမှီပြီး မျက်လုံးမှိတ်ထားလိုက် ...တယ်။ လွင်ကိုလတ် ပြန်ရောက်လာတော့ မြူဝေနှင်းက အိပ်တောင် ...ော်နေပါပြီ။ ဟောက်သံလေးတောင်ထွက်လို့။ အောင်မယ်။ ဒင်းက ...ောကျ်ားလေးတစ်ယောက် အိမ်လာပြီး ပိုင်စိုးပိုင်နင်းအိပ်ပျော် ...လိုက်တာ။ ဒါလွင်ကိုလတ်ကို ယောကျ်ားလေးမထင်တဲ့သဘောပါ ...ဝရှိုက်စရာမလိုဘူးပေါ့။ လွင်ကိုလတ်က အိပ်ပျော်နေတဲ့ ကောင် ...လေးကို ကြည့်ပြီး ဒေါသထွက်သွားပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

"တောက်၊ ဟော့ ကောင်မလေးထစမ်း"

မြူဝေရှင်းက တုတ်တုတ်တောင်မလှုပ်ပါဘူး။ လွင်ကိုလတ်က လှုပ်နှိုးမလို့ အနားကပ်လာပါတယ်။ ပြီးတော့ မရည်ရွယ်ပဲ မြူဝေရှင်းရဲ့ မျက်နှာလေးကို အနီးကပ်ကြည့်မိပါတယ်။ အင်း အိပ်နေတာက ပီဘိကလေးလိုပါပဲ၊ ပါးပြင်ပေါ်မှာ သွေးကြောမျှင်မျှင်လေးတွေက ရှပ်ယှက်ခတ်လို့။ အရေပြားကပါးပုံပါပဲ။ နှုတ်ခမ်းလေးတွေက မဟတဟနဲ့၊ မျက်ခုံးကြီးတွေကလည်း ထင်းထင်းကြီး။ မျက်တောင်လေးတွေကလည်း အရှည်ကြီးကော့လို့စင်းလို့။ လည်ပင်းက သွေးကြောလေးကလည်း ဒိတ်ဒိတ် ဒိတ်ဒိတ်နဲ့ ခုန်လို့။ အရမ်းကိုချစ်စရာကောင်းပါတယ်။ လွင်ကိုလတ်လည်း တံတွေးကို မျိုချလိုက်ရတယ်။ ကြာရင်ခက်ရချည်ရဲ့။ လွင်ကိုလတ်ရဲ့ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လာပါတယ်။ အိပ်ပျော်နေတဲ့ မြူဝေရှင်းလေးကို ကြည့်ရတာ အလွန်လက်ရာမြောက်တဲ့ ကမ္ဘာကျော် ရုပ်တုတစ်ခုကို အနီးကပ်ကြည့်နေရသလိုပါပဲ။ နှိုးလိုက်ရင် ဒီဂန္တဝင်မြောက်တဲ့ အနုပညာပစ္စည်းတစ်ခုကို ဖျက်ဆီးလိုက်သလိုမျိုး ဖြစ်သွားမယ်လို့ လွင်ကိုလတ် ခံစားမိပါတယ်၊ ဒါနဲ့ပဲ လွင်ကိုလတ်လည်း မနှိုးဖြစ်တော့ဘဲ ဆော့ပင်နဲ့ စာရွက်ယူပြီး စာရေးလိုက်ရပါတော့တယ်။

"မြူဝေရှင်း"

တို့ အပြင်ထွက်သွားပြီ။ "ပြန်မယ်ဆိုရင် တံခါးကို အသေအချာပိတ်ပြီးလစ်တော့။ တို့ဆီမှာ သော့အပိုပါတယ်။ မိုးရွာနေသေးရင် ထီးယူသွားလိုက်၊ အဝတ်အစား လဲမနေနဲ့တော့။ ဒါပဲ ဝတ်သွားလိုက်။ ဖိုးယို့ဖားယားပေမယ့် ချစ်စရာ ကောင်းပါတယ်။ ကြုံမှ ပြန်ပေးပေါ့"

လွင်ကိုလတ်





မြူဝေရှင်းလေးက အိပ်ပျော်နေတုံးပါ။ ဒီလိုသာ လူများတွေရှေ့ အိပ်ပျော်တတ်ရင် ဒုက္ခရောက်တော့မှာပဲ။ အင်း မှတ်လောက် သားလောက်အောင်တော့ ပညာတစ်ခုခုပေးမှဖြစ်မယ်။ လွင်ကိုလတ်လည်း ကိုင်ထားတဲ့ ဆော့ပင်နဲ့ မြူဝေရှင်းကို နှုတ်ခမ်းမွှေးဆွဲပေးလိုက်ပါတယ်။ မယ်မင်းကြီးမက နှုတ်ခမ်းလေး နည်းနည်းလောက် တွန့်သွားတာကလွဲလို့ လှုပ်တောင် မလှုပ်ပါဘူး။ အမယ် နှုတ်ခမ်းမွှေးနဲ့မှ ပိုချစ်စရာကောင်းသွားတယ်။ ကဲ ဘယ့်နှယ်ရှိစ၊ နှုတ်ခမ်းမွှေးနဲ့ မမ။

လွင်ကိုလတ်လည်း နှုတ်ခမ်းမွှေးနဲ့ အိပ်ပျော်နေတဲ့ ဂန္တဝင်ရုပ်တုလေးကို အခန်းထဲထားပြီး လွတ်ရာကျွတ်ရာ ထွက်သွားရပါတော့တယ်။

"အော်၊ ကြုံမှကြုံရပလေ၊ မိမြူဝေရှင်းလေးရယ်"

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က မြူဝေရှင်းခမျာ အတော့်ကို ဒုက္ခရောက်သွားပါတယ်။ သူ့အိပ်ယာက နိုးလာတော့ မှောင်စပျိုးနေပါပြီ။ လွင်ကိုလတ်ကိုလည်း မတွေ့တော့ပါဘူး။ ပထမတော့ နည်းနည်းလန့်သွားပါတယ်။

"အဲတော်၊ ဒုက္ခပဲ။ ငါ ဘယ်လောက်တောင် အိပ်ပျော်သွားမှန်း မသိဘူး။ ဟိုလူကြီးရော ဘယ်ရောက်သွားပါလိမ့်"

ပြီးတော့မှ ဘေးမှာ ချထားတဲ့ လွင်ကိုလတ်ရဲ့စာကို ဖတ်မိပါတယ်။ အဲဒီတော့မှ လွင်ကိုလတ်က သူ့အိပ်ပျော်နေလို့ တမင်ရှောင်ထွက်သွားတယ်ဆိုတာ သဘောပေါက်သွားပါတယ်။ ဒီလူကြီးက လူကြီး လူကောင်းပီသသားပဲ။ ဘာကြောင့်များ နှိုးမသွားတာလဲ မသိဘူး။

"အမယ်လေး ရှက်လိုက်တာနော်၊ ငါအိပ်ပျော်နေတာကို ဒီလူကြီး သေသေချာချာ မြင်သွားမှာ"

ဒီလို အနေအထားမျိုးမှာ ဘာအခွင့်အရေးမှ မယူတတ်တဲ့ လွင်ကိုလတ်ကို ကျေးဇူးလည်းတင်မိပါတယ်။ ဒါနဲ့ပဲ လွင်ကိုလတ်မှာတဲ့အတိုင်း၊ အဝတ်အစားမလဲတော့ပဲ ရေစိုအဝတ်တွေထည့်ထားတဲ့ ကျွတ်ကျွတ်အိတ်က တစ်ဖက်၊ ဖိုင်တွေကို တစ်ဖက်ဆွဲပြီး အခန်းသော့ခတ်ပြီး အိမ်ပြန်ဖို့လုပ်ရပါတယ်။

"ဒီလူကြီးကလည်း မှန်လေးဘာလေးတောင် ဆောင်မထားဘူး။ အင်း အိပ်ခန်းထဲမှာတော့ ရှိမယ်ထင်တယ်"

မြူဝေနှင်းက တွေးမိတာပါ။ ယောကျ်ားလေးအိပ်ခန်းဆိုတော့လည်း မဝင်တော့ပါဘူး။ သူ့အိတ်ထဲမှ ကရင်ပတ်ဘူးပါပေမယ့် ထုတ်ရမှာ ပျင်းတာနဲ့ မထုတ်ဖြစ်တော့ပဲ ဒီအတိုင်းပဲ ဆင်းလာခဲ့ပါတယ်။ ဒီအထုပ်တွေနဲ့ ဘက်စ်ကားတိုးစီးရမှာ မလွယ်လှဘူး ထင်တယ်။ ကားလေးဘာလေး ငှားပြန်မှပဲ။ ကံကောင်းထောက်မစွာနဲ့ တက္ကစီတစ်စင်းကို တွေ့လို့ လှမ်းထားလိုက်တယ်။ တက္ကစီက အရှိန်လျှော့ပြီး





မြူဝေရှင်းနားရပ်လာပါတယ်။ ကောင်မလေးက အဝတ်အစားတွေ မတန်မရာကြီးဝတ်ပြီး ဖိုယိုဖားရားနဲ့၊ လက်ထဲမှာလည်း ဖြုတ်စဖျင်းတောင်း၊ ဟင်မျက်နှာမှာလည်း နှုတ်ခမ်းမွှေးထင်းထင်းကြီးဆွဲလို့။

"ဟိုက်. . . မဖြစ်ဘူး၊ လစ်မှ"

တက္ကစီဆရာက ရပ်လုဆဲဆဲကားကို ဂီယာပြောင်းပြီး သုတ်ကနဲ ပြန်ထွက်သွားပါတယ်။ မြူဝေရှင်းခမျာ ကြောင်တက်တက်နဲ့။

"တောက်၊ ဘယ်လိုလူမှန်းမသိဘူး၊ စိတ်မမှန်ဘူးနဲ့ တူတယ်"

ဒီလမ်းထဲက ကားငှားလို့တော့ သေချာမှာမဟုတ်ဘူး။ လမ်းမဖက်ထွက်ငှားမှ ဖြစ်မယ်။ မြူဝေရှင်းက တဖြည်းဖြည်းနဲ့ လမ်းမဖက် ထွက်လာပါတယ်။ ကံအားလျော်စွာ သူ့လမ်းမကိုအရောက် ဘက်စ်ကားတစ်စီး ရပ်လာတယ်။

"မြို့ထဲကို၊ မြို့ထဲကို"

မြူဝေရှင်းလည်း ကားပေါ် အပြေးအလွှားတက်လိုက်တယ်။ တော်ပါသေးရဲ့။ ကားက သိပ်မကျပ်လှဘူး။

"ကားခလေးတွေ ထုတ်ထားမယ်"

မြူဝေရှင်းလည်း ကားခထုတ်ပြီး စပယ်ယာအလာကို စောင့်လိုက်ပါတယ်။ စပယ်ယာခမျာ မြူဝေရှင်းမျက်နှာကိုကြည့်ပြီး မျက်လုံးပြူးသွားတယ်။

"ဟိုက် နှုတ်ခမ်းမွှေးနဲ့ မော်ဒယ်လေး"

လူကို ကြည့်လိုက်တော့ သူ့ကိုယ်လုံးနှစ်ဆလောက် ရှိမယ့် အဝတ်အစားတွေနဲ့၊ ရုပ်ကလေးကတော့ သနားကမား။ မိန်းကလေးတွေ ဘယ်လောက်ပဲ ဖက်ရှင်ထွင်ထွင် နှုတ်ခမ်းမွှေးတော့ မဆွဲလောက်ဘူးထင်ရဲ့။ ဧကန္တ စိတ်မနှံ့ဘူးနဲ့တူတယ်။ စပယ်ယာလေးက မြူဝေရှင်းကို ကြည့်ပြီး-

"အဟဲ၊ အလကား စီးသွားနော်"

မြူဝေရှင်းမှာလည်း အူကြောင်ကြောင် ဖြစ်သွားရတယ်။ သူ့အသိထဲမှာလည်း စပယ်ယာမရှိပါဘူး။ ကျန်တဲ့လူတွေကျတော့ ပိုက်ဆံယူ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူကျတော့ အလကားတဲ့။ အို ဘာပဲဖြစ်ဖြစ် စပယ်ယာက အလကားတင်ခေါ်တဲ့ ကုသိုလ်က နည်းတဲ့ကုသိုလ်အောင့်မေ့လို့။ မြူဝေရှင်းက အဲဒီလို လွယ်လွယ်တွေးပြီး သူ့ကို ပြုံးကြောင်ကြောင်နဲ့ ကြည့်နေတဲ့ မိန်းမကြီးကို ပြုံးပြလိုက်ပါတယ်။ မိန်းမကြီးက ကိုယ့်ကို ကြုံပြီး လူလည်းနောက်ဆုတ်ပြီး တစ်ဖက်လှည့်သွားတယ်။ အောင်မာ လူကိုများ မတူမတန်သလိုနဲ့။ ရတယ် သူက ဟိုဘက်လှည့်ရင် ကိုယ်က ဒီဘက်လှည့်တာပေါ့။

"ခွီး"

သူလှည့်လိုက်တဲ့ဖက်က ရယ်သံကြားလို့ ကြည့်လိုက်တော့ သူ့ကို ကြည့်ပြီးရယ်နေတဲ့ ကောင်လေးနှစ်ယောက်။ မြူဝေရှင်းက ဖျတ်ကနဲ ကြည့်လိုက်တော့ မျက်နှာပိုးသတ်ပြီး တစ်ဖက် လှည့်သွားပြန်တယ်။

"အင်း တစ်ခုခုတော့ လွဲနေတာ သေချာပြီ"

တကယ်ဆိုရင် မိန်းကလေးတစ်ယောက်က ပြန်ကြည့်တာပဲ။ ယောကျ်ားလေးပီပီသသ အပျှင်းပြေလမ်းကြုံလေး မျက်လုံးချင်း ဝေါ်လီရိုက်လို့ ရတာပေါ့။ ဒါကို ဒင်းတို့က မတူသလို မတန်သလိုနဲ့။ ခါတိုင်း ကြုံတွေ့နေကျ ကောင်လေးတွေလို မဟုတ်ဘူး။

"ကားခလေးတွေ ပေးစီးကြမယ်နော်။ စိတ်မနှံ့တဲ့ လူတောင် ကားခပေးစီးရမှန်းသိတယ်"

ကားနောက်ပိုင်းက စပယ်ယာရဲ့ အသံထွက်လာပါတယ်။ စိတ်မနှံ့တဲ့လူတဲ့၊ ဘယ်သူ့ကို ပြောတာပါလိမ့်။ မြူဝေရှင်းက ဘတ်စ်ကားတစ်စီးလုံးကို လှည့်ပတ်ကြည့်လိုက်ပါတယ်။ လူတွေကလည်း သူ့ကို ပြန်ပြီး ကွက်ကြည့်ကွက်ကြည့်နဲ့။

"ဟိုက်၊ စိတ်မနှံ့တဲ့လူဆိုတာ ငါ့ကို ပြောတာလား မသိဘူး"

မြူဝေရှင်းလည်း ထူထူပူပူ ဖြစ်သွားပါတယ်။ ဒီလို ဝတ်စုံဖားဖားကြီးဝတ်ထားတာလောက်နဲ့တော့ စိတ်မနှံ့တဲ့လူလို့ မထင်လောက်ပါဘူး။ ဒီခေတ်ကြီးထဲ သူထက်သူ မဆန်းဆန်းအောင် ဝတ်နေကြတာပဲ ဟာ။ မဖြစ်ပါဘူး။ ရှေ့မှတ်တိုင် ဆင်းမှ၊ တွေးရင်းတွေးရင်းနဲ့ ငိုချင်တဲ့





စိတ်လေးတောင်ပေါက်လာတယ်။ ဘတ်စ်ကားအပေါက်ဝနားကို တိုးထွက်လာတဲ့ မြူဝေရှင်းကို စပယ်ယာလေးက ယိုင်မသွားရအောင် ထိန်းပေးပါတယ်။ ပြီးတော့ ပြုံးစိစိနဲ့ မေးလိုက်ပါတယ်။

"ဆင်းတော့မလို့လား"

မြူဝေရှင်းက ပြန်မပြောပဲ မျက်စောင်းထိုးလိုက်ပါတယ်။

စပယ်ယာလေးက စပ်ဖြဲဖြဲနဲ့ လှမ်းအော်လိုက်ပါတယ်။

"ဆရာရေ့ မှတ်တိုင်ပါတယ်။ နှုတ်ခမ်းမွှေးနဲ့ မော်ဒယ်လေး တစ်ယောက် ဆင်းမယ်"

ကားပေါ်က ရယ်သံအုပ်အုပ်ထွက်လာပါတယ်။ နှုတ်ခမ်းမွှေးနဲ့ မော်ဒယ်တဲ့။ မြူဝေရှင်းလည်း ကားရပ်ရပ်ခြင်း ကားပေါ်က ခုန်ဆင်းလိုက်ပါတယ်။ အရှေ့ထဲ စပယ်ယာက တ‌ော့တာ လုပ်ပြနေသေးတယ်။ မြူဝေရှင်းက လက်ဝါးပြန်ထောင်ပြလိုက်ပါတယ်။ ပြီးမှ ကမန်းကတန်း ပိုက်ဆံအိတ်ကိုဖွင့်၊ ကရင်ပတ်ဗူးကို ထုတ်ပြီး မှန်နဲ့ ကြည့်လိုက်တော့-

"လား လား၊ နှုတ်ခမ်းမွှေး မည်းမည်းကြီး"

ဒါ ဟိုလွင်ကိုလတ်ဆိုတဲ့ လူကြီး လက်ချက်နေမှာ။ ဟင်း ဒီက သူ့ကို လူကြီးလူကောင်းလို့ အောင့်မေ့နေတာ။ ဒင်းက ကလေးကလား ကျူးကျူးကျော်ကျော် လူများကို နှုတ်ခမ်းမွှေးဆွဲပစ်ခဲ့တာကိုး။ မြူဝေရှင်းခမျာ ဒေါသထွက်လွန်းလို့ ဆွေ့ဆွေ့ခုန်နေပါတော့တယ်။ မိန်းကလေးဆိုတာ ဒီလိုမျိုးပါပဲ။ မသကာ လွင်ကိုလတ်က နမ်းသွားရင်တောင် ဒီလောက် ဒေါသဖြစ်မှာမဟုတ်ပါဘူး။ အခုလုပ်တာက နမ်းသွားတာထက်ပိုပြီး ခံရခက်တယ်။ မြူဝေရှင်းလည်း ဘတ်စ်ကားဂိတ်မှာပဲ ဆောင့်ကြောင့်ထိုင်ပြီး ငိုနေမိပါတော့တယ်။

"ဟီး ဟီး၊ အလကား လူကြီး၊ ကိုယ်ချင်းစာစိတ်မရှိတဲ့လူကြီး၊ မိန်းကလေးတစ်ယောက်ကို အရှက်ကွဲအောင်လုပ်တဲ့လူကြီး၊ သိမယ် ဟင်း ဟင်း"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ လွင်ကိုလတ်ကံဆိုးတဲ့ နေ့ပါပဲ။ မျက်လုံးနှစ်လုံး ပွင့်ကတည်းက စပြီး အဆင်မပြေတာပါ။ အိပ်ယာက နိုးကတည်းက အောက်မျက်ခမ်းတွေက တဆတ်ဆတ်လှုပ်လို့။ အယူသီးတဲ့သူ မဟုတ်တော့လည်း အမှတ်တမဲ့ပါပဲ။ ဒါနဲ့ ရေချိုးခန်းဝင်ပြီး မျက်နှာသစ်မယ်လုပ်တော့ သွားတိုက်ဆေးက ကုန်နေပြန်တယ်။

"ကျွတ်"

ဒါနဲ့ ပုလင်းလွတ်တစ်လုံးကို ယူ။ သွားတိုက်ဆေးဗူးပေါ်လှိမ့်ပြီး အကပ်အသပ်လေးတွေ ထွက်လာအောင် ဘိုင်ကျင့် ဘိုင်ကြဲ၊ ကြဲရပါတယ်။ ဗူးနှုတ်ခမ်းဝက ထွက်လာတဲ့ သွားတိုက်ဆေးဖြူဖြူကလေးက သူ့ကို ပြောင်ပြနေသလို ပြူတစ်ပြူတစ် ဝင်လိုက်ထွက်လိုက်နဲ့။

"အဲ အဲ ထွက်လာပြီ"

ထွက်လာတဲ့ သွားတိုက်ဆေးကို သွားပွတ်တံပေါ်တင်ပြီးကာမှပဲ သကောင့်သား သွားတိုက်ဆေးက အငြိမ်မနေပဲ ကြမ်းပြင်ပေါ် ခုန်ဆင်းသွားပါတယ်။

"ဟာ သွားပြီ"

လွင်ကိုလတ်က ကြမ်းပြင်ပေါ်က သွားတိုက်ဆေးကို နှမြောတသစွာ ကြည့်ပါတယ်။

"တောက် ဘာလုပ်ရပါ့"

ဒီနေ့တော့ သွားတိုက် ဆေးမပါပဲ ဒီအတိုင်း သွားတိုက်ရတော့မှာပဲ။ လူစိတ်ဝင်စားအောင် 'သက်သက်လွတ်သွားတိုက်နည်း' ဆိုပြီး စာတစ်ပုဒ် လောက်ရေးမှပါပဲ။ စိတ်ကူးရင်း သွားတိုက်ကောင်းမိလို့ သွားပွတ်တံက သွားဖုံးကို ထိုးမိပါတယ်။





"အား"

အရှိန်နဲ့ ထိုးမိတော့ သွေးတွေထွက်လာပါတယ်။

"ဟာ သွားကွာ"

စိတ်ဆိုးမာန်ဆိုးနဲ့ သွားပွတ်တံကို လွှင့်ပစ်လိုက်ပါတယ်။ အင်း မနက်တိုင်းတစ်ခုမဟုတ်၊ တစ်ခုတော့ အဆင်မပြေဖြစ်တာချည်းပဲ။ မိန်းမရှိရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ လွင်ကိုလတ်က စဉ်းစားရင်း သူ့ကို အသားလွတ်အဆက်ဖြတ်သွားတဲ့ ရည်းစားဟောင်းကို ကျိန်ဆဲပါတယ်။ ဒင်းသာ အဆက်မဖြတ်သွားရင် အခုလောက်ဆို ကလေးတစ်ပြုံလောက်ရနေလောက်ပြီ။ ပြီးတော့ မိန်းမကိုယ်စီရသွားတဲ့ သူငယ်ချင်းတွေကို ကျိန်ဆဲပါတယ်။ ဒီကောင်တွေလည်း ဘာကြောင့်များ မိန်းမယူရတာလဲ မသိဘူး။ အခုတော့ သူတစ်ယောက်တည်း သင်းကွဲဖြစ်ကျန်ခဲ့တယ်။ ဆဲစရာ ကုန်သွားတော့ နံရံမှာ ကပ်ထားတဲ့ ဘရစ်တနီစပီးယား ပုံကြည့်ပြီး ကျိန်ဆဲပါတယ်။ ဒီဟာမလေးကလည်း ဘာလို့ ဟိုနိုင်ငံမှာ လူသွားဖြစ်ရတာလဲ မသိဘူး။ မြသကာလွင်ကိုလတ်နဲ့ နီးနီးနားနား လူလာဖြစ်ပါတော့လား။ ပြီးတော့သူ့ခေါင်းထဲ မြူဝေရှင်းရောက်လာပါတယ်။ ဒီကောင်မလေးကလည်း ဘာကြောင့် စကားမပြောတတ်တာလဲ မသိဘူး။ နို့မဟုတ်ရင် ဘာမှ မစဉ်းစားနေပဲ ကြိုက်ပစ်လိုက်မှာ။ နောက်ဆုံး ဆဲစရာ မကျန်တော့မှ။

"အင်း ၊ ငါကိုယ်က ညံ့တာပါကွာ"

လူများတွေက စောစောစီးစီး ဘုရားခန်းရှေ့မှာ မေတ္တာပို့ အမျှဝေနေချိန်မှာ လွင်ကိုလတ်ခမျာတော့ တစ်ယောက်တည်း အဘိဓမ္မာပွားနေရပါတယ်။ ဒီအတိုင်းဆို 'မိန်းမ ယူခြင်းသည် အကုသိုလ်နည်းစေ၏' လို့ တောင် ကောက်ချက်ချရမလိုဖြစ်နေပါပြီ။ သူ့မှာ မိန်းမယူခြင်းရဲ့ ဒုက္ခတွေမှ မခံစားဘူးသေးပဲကိုး။ ဒီလိုနဲ့ မျက်နှာသစ်


www.burmeseclassic.com

www.burmeseclassic.com



ရေချိုးအဝတ်အစားလဲပြီး အခန်းတံခါးသော့ခတ်လို့ မနက်စာ စားဖို့ လက်ဖက်ရည်ဆိုင်ထွက်လာခဲ့ရတယ်။ ဗိုက်ထဲကလည်း တစ်ဂျုတ်ဂျုတ်နဲ့၊ ညကလည်း ဖျင်းနေတာနဲ့ ညစာလွတ်သွားပါတယ်။

"အင်း၊ မိန်းမသာရှိရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

ဒီနေ့တွေးသမျှတော့ ဒီမိန်းမနဲ့ လွတ်မယ် မထင်တော့ဘူး။ သူလည်း ဘာလိုလိုနဲ့ လူပျိုကြီးစာရင်းဝင်တော့မှာ မဟုတ်လား။ လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့-

"မုန့်ဟင်းတစ်၊ ဝမ်းတီးပေါ့ကျ ရှယ်မယ်ဟေ့"

သူဝင်လာတာနဲ့ ကောင်တာထိုင်နေတဲ့ ဆိုင်ပိုင်ရှင်က လှမ်းအော်လိုက်ပါတယ်။ အင်း နေ့တိုင်း ဒါတွေပဲ စားလို့လာဘ်ပိတ်နေတာ ဖြစ်မယ်။ ဒီနေ့တော့ အပြောင်းအလဲလေး လုပ်ဦးမှ။

"ဦးဝကြီး၊ ဘာရိုတ်"

ဆိုင်ပိုင်ရှင် ဦးဝကြီးက ထပ်အော်လိုက်ပြန်တယ်။

"ဟော့ စောစောက ဥစ္စာတွေ ဘာရိုတ်မယ်ဟေ့၊ တို့ဆရာ ဒီနေ့ စိတ်ပြောင်းသွားပြီ"

လွင်ကိုလတ်က ကောင်တာနား ကပ်သွားပြီး

"ဟော့လူ ဦးဝကြီး၊ ခင်ဗျားမှာ ခယ်မရှိသလား"

မဆီမဆိုင်လာမေးတဲ့ လွင်ကိုလတ်ကို ကြည့်ပြီး-

"ခယ်မတော့ မရှိဘူး၊ ရှိလည်း လက်ဖက်ရည်ဆိုင်မှာ တင်မရောင်းဘူး"

"ဒါဆို ညီမရောရှိလား"

"အင်း ရှိတယ်၊ ဒါပေမယ့် လောကီကို စိတ်ကုန်လို့ဆိုပြီး သီလရှင် ဝတ်သွားပြီ"

ကောင်းရော၊ အကုန်လုံးပတ်တော ပိတ်သွားပြီ။

"ခင်ဗျားဟာ တစ်စက်မှ အပေါင်းအသင်းလုပ်ဖို့ မကောင်းတဲ့လူ"

"အဲဗျ"

"တော်ပြီဗျာ၊ ခင်ဗျားမှာ ညီမလည်းမရှိ၊ ခယ်မလည်း မရှိတဲ့





အတွက်၊ ပဲပြုတ်နဲ့ နံပြားပဲ စားတော့မယ် ဒါပဲ"

"ဟိုက်"

လွင်ကိုလတ်က အနိုင်နဲ့ပိုင်းပြီး စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်ပါတယ်။ ဦးဝကြီးက စဉ်းစားရခက်နေပုံပါပဲ။

"ဒီလူ ဒီနေ့မှတော့ ထူးထူးခြားခြား၊ ဇာတ်ကွက်အတိုက်စိမ်းပေးသွားတာထင်တယ်။ ခယ်မက နှစ်ငါး၊ ညီမဆို သုံးငါး၊ ပဲပြုတ်ဆို ငါးငါး၊ နံပြားဆို ခွန်ငါး၊ အင်း ငါးတစ်လုံးတော့ သေချာပြီ"

လူတွေကလည်း ရှုးပဲ့။ လွင်ကိုလတ်က စိတ်အစာမကျေလို့ တွေ့ကရာပြောသွားတာကိုများ အတိုက်ကောက်နေရသေးတယ်။ လွင်ကိုလတ်ကတော့ ပဲပြုတ်နဲ့နံပြားကို ရန်သူလိုသဘောထားပြီး အကြိတ်အနယ် အားပေးနေပါတယ်။ လွင်ကိုလတ်အားပေးနေတုံး အန္တရာယ်လှတပတလေးက သူ့နောက်ကျောဆီရောက်လာပါပြီ။ မြူဝေရှင်းရယ်ပါ။ မြူဝေရှင်းက သူယူဝတ်သွားတဲ့ လွင်ကိုလတ်ရဲ့ အဝတ်အစားထုပ်ကို စားပွဲပေါ် ပစ်တင်လိုက်ပါတယ်။ ဒီကောင်မလေး လျှော်တောင် လျှော်ခဲ့ရဲ့လား မပြောတတ်ဘူး။

"ဝုန်း"

"အံမယ်လေး၊ ကလူ ကလူ"

လွင်ကိုလတ်သူ့ရင်ဘတ်ကို ဖိပြီး နောက်ကို လှည့်ကြည့်ပါတယ်။

"လန့်လိုက်တာဟာ။ လူက မိန်းမမရသေးတော့ လိပ်ပြာသိပ်ငယ်တတ်တာ"

"ဟင်း"

ကောင်မလေးဆီက မျက်စောင်းနဲ့ အံကြိတ်သံ လက်ဆောင်ရလိုက်ပါတယ်။ မချောလေးက ကျောပိုးအိတ်လေးလွယ်ပြီး အနက်ရောင်အကျီီခါးရှည်လေးနဲ့၊ ပြီးတော့ အနက်ပေါ်မှာ အဖြူရောင်လိုင်းတွေ ရှုပ်ယှက်ခတ်နေအောင် ဖောက်ထားတဲ့ စကတ်ရှည်ရှည်လေးကို ဝတ်လို့။ ဝင်းဝါစိုပြေတဲ့ မြူဝေရှင်းရဲ့ အသားအရေနဲ့ အင်မတန်လိုက်ဖက်ပြီး ထင်းကနဲ ပေါ်လွင်လှပနေပါ



www.burmeseclassic.com

www.burmeseclassic.com


တယ်။ ခံတွင်းပျက်နေတဲ့ ကြောင်ဖားကြီးလွင်ကိုလတ်လည်း စကား မပြောတတ်တဲ့ ဆက်ရက်မလေးကို ကြည့်ပြီး တံတွေးမျိုချလိုက်ရပါတယ်။

"ထိုင်လေ၊ ဘာလဲ အိပ်စရာ နေရာရှာနေတာလား"

မြူဝေရှင်းက မျက်စောင်းထိုးပြီး ဝင်ထိုင်ပါတယ်။

ကောင်မလေးက မျက်စောင်းထိုးလိုက်တိုင်း လွင်ကိုလတ် ရင်ထဲ လင်းကွင်းအုပ်တီးလိုက်သလို၊ တချမ်းချမ်း ဖြစ်သွားပါတယ်။

"ပဲပြုတ်နဲ့ နံပြားစားမလား"

လွင်ကိုလတ်က အဖော်ညှိပါတယ်။ ကောင်မလေးက ခေါင်းခါပါတယ်။

"ဒါဆို မုန့်ဟင်းခါးစားပါလား၊ ဒီဆိုင်က မုန့်ဟင်းခါး ကောင်းတယ်"

ကောင်မလေးခဏလောက် စဉ်းစားပြီး ခေါင်းညိတ်ပါတယ်။

"ဘာကြော်ထည့်ဦးမလဲ"

မြူဝေရှင်းက သူ့လက်နှစ်ဖက်နဲ့ ဂစ်တာရှိတ်လုပ်ပြပါတယ်။ ယောက်ျားလေးတွေ ကောင်မလေးဘော်ဒီကို ပြောချင်ရင် လုပ်ပြတဲ့ လက်ဟန်မျိုးပါ။

"ဗူးသီးကြော်၊ ဟုတ်လား"

ကောင်မလေးက ခေါင်းညိတ်တယ်။ အမယ်ဘယ်ဆိုးလို့တုံး။ လွင်ကိုလတ်တောင် ဒီ sign language တွေ ရေးတေးတေး သဘောပေါက်လာပြီ။ ဒါနဲ့ပဲ စားပွဲထိုးလေးကို လှမ်းခေါ်ပြီး မုန့်ဟင်းခါးမှာပေးလိုက်ရတယ်။ မုန့်ဟင်းခါးရောက်လာတော့ ကောင်မလေးက ဘေးဘီကိုကြည့်တယ်။ ပြီးတော့ လွင်ကိုလတ်ကို လက်ညှိုးနဲ့တို့ပြီး ဘယ်ဘက်လက်ဝါးကို ဖြန့်၊ ညာဘက်လက်ကို ဆုပ်လိုက် ဖြန့်လိုက် လုပ်ပြပြန်ပါတယ်။ အင်း ဒါဆိုရင်-

"ရှောက်သီးလား"

မြူဝေရှင်းက ခေါင်းညိတ်ပြတယ်။ လွင်ကိုလတ်လည်း ပဟေဠိ



အဖြေမှန်ရသွားတဲ့ လူလိုပဲ ပျော်သွားပြီး အနားက စားပွဲထိုးလေးကို လှမ်းဆွဲလိုက်ပါတယ်။ ပြီးတော့ မြူဝေရှင်းဖက်လှည့်၊ လျှာကို ချောင်းလိုက်ထုတ်ပြီး ရှူးရှူးရှဲရှဲ လုပ်ပြလိုက်ပါတယ်။ သူလည်း sign language နဲ့ မေးလိုက်တာပါပဲ။ မြူဝေရှင်းက လွင်ကိုလတ်လုပ်ပြပုံကို ကြည့်ပြီး ဟက်ဟက် ပက်ပက်ရယ်ပါတယ်။ တကယ်တော့ ငရုတ်သီးလို့ ပြောချင်ရင် ပါးစပ်ကို စုစုလေးလုပ်ပြီး လက်ညှိုးကို ပါးစပ်နား ရှေ့တိုးနောက်ဆုတ်လုပ်ပြရမှာ။ အဲဒါကို လွင်ကိုလတ်ကို ဆင်ရာမြင်ရာ လုပ်ပြလိုက်တော့ နေပူကြီးထဲ ခွေးအိုကြီး လျှာတန်းလန်းနဲ့ အမောဆို့နေတဲ့ပုံစံဖြစ်သွားပါတယ်။ ဘာပဲဖြစ်ဖြစ် လွင်ကိုလတ်မေးတာကို မြူဝေရှင်းက နားလည်တာပါပဲ။ စားပွဲထိုးလေးကသာ လွင်ကိုလတ်ကိုကြည့်ပြီး ဒီလူကြီး နေရင်းထိုင်ရင်း ခွေးစိတ်ပေါက်သွားသလားလို့ တွေးမိပါတယ်။

"ဟော့ကောင်၊ ရှောက်သီးရယ်၊ ငရုတ်သီးမှုန့်ရယ်၊ ငံပြာရည်ရယ် ယူခဲ့"

လွင်ကိုလတ်က တစ်ခါတည်း အပြတ်မှာလိုက်ပါတယ်။

မြူဝေရှင်းက မုန့်ဟင်းခါးငုံ့စားရင်း ပြုံးစိစိဖြစ်နေတယ်။ ဒီလူကြီးကို လက်စားချေမလို့ ဥစ္စာ၊ စောစောစီးစီး ရယ်စရာလာလုပ်ပြနေတော့ ဒေါသတွေတောင် ဘယ်ရောက်သွားမှန်းမသိတော့ဘူး။ အင်း သူကျွေးတဲ့ မုန့်ဟင်းခါးစားပြီး သူ့ကို ဒုက္ခပေးရမှာတော့ အားနာစရာကြီးပါ။ ဒါပေမယ့် လူကြားထဲ အရှက်ကွဲအောင်နှုတ်ခမ်းမွေးဆွဲလှတ်တာနဲ့တော့ မကျေနိုင်သေးပါဘူး။ လွင်ကိုလတ်ကတော့ ကောင်မလေး ဆင်ကြံကြံနေတာကို မသိပဲ လျှောက်ပြီးမေးနေပါတယ်။

"မြူဝေရှင်း ကျောင်းနေတော့ ဆွံ့အနားမကြားတွေနေတဲ့ ကျောင်းမှာ နေတာလား"

ခေါင်းခါပါတယ်။

"ဟင်၊ ဒါဆို ရိုးရိုးအတန်းကျောင်းမှာနေတာပေါ့။ ဘာလို့ လုပ်သင်တာလဲ"


www.burmeseclassic.com

www.burmeseclassic.com

မြူဝေရှင်းစာအုပ်လေးနဲ့ ဘောလ်ပင်ထုတ်ပြီး စာရေးပြလိုက်ပ တယ်။ သူက သွားလေရာမှာ စာအုပ်နဲ့ ဘောလ်ပင်ဆောင်သွားရပ တယ်။ ဟုတ်တယ်လေ။ ဒါမှ အဆင်ပြေမှာကိုး။

"အဲဒီကျောင်းက နားမကြားတဲ့ ကလေးတွေပဲ သင်တာ။ သူတို က အကြားအာရုံချို့တဲ့တော့ အသံဆိုတာ မကြားဘူးဖူး။ ဒါကြောင့် စကားမပြောတတ်တာ။ မြူလေးက အကြားအာရုံကောင်းတယ်။ စကားသာမပြောတတ်တာ၊ အဲဒါကြောင့် ရိုးရိုးကျောင်းမှာနေလို့ ရတယ်"

"အော် အော်၊ တို့က စကားမပြောတတ်ရင် အားလုံးအတူတူပဲ လို့ ထင်နေတာ။ အခုမှပဲရှင်းတော့တယ်။ ဒါနဲ့ လက်ဟန်နဲ့ စကား ပြောတာ အဲဒါ ဘယ်လိုခေါ်လဲ"

ကောင်မလေးက ထပ်ရေးပြပြန်တယ်။

"''sign language'' လို့ ခေါ်တယ်။ ပြီးတော့ Finger spell-ing ဆိုတာ ရှိသေးတယ်။ အဲဒါက လက်ဟန်နဲ့ စာလုံးပေါင်းတာ။ ဟိုဟာက ရုပ်လုံးဖော်တာ"

"အော် အော်"

လွင်ကိုလတ်လည်း ဗဟုသုတတွေ တသီတတန်းကြီး ရသွား ပါတယ်။ သိချင်တာတွေရှိသေးတော့လည်း ထပ်မေးရဦးမှာပေါ့။

"မြူဝေရှင်းက အတန်းကျောင်းတက်တော့ ဒါတွေကို ဘယ်လို တတ်တာလဲ"

ကောင်မလေးက ရေးရပြန်ပါတယ်။ တစ်နေ့ တစ်နေ့ သူ့ခမျာ အတော်လက်ညောင်းမှာပါ။ စာရေးပြလိုက် လက်ဟန်နဲ့ လုပ်ပြလိုက် နဲ့။ တော်သေးတာပေါ့၊ ခြေထောက်ပါ မသုံးရလို့။

"မြူလေးက သက်သက်သင်ထားတာ။ မိသားစုနဲ့ အရေးပေါ် ပြောလို့ရအောင်"

"ဒါဆိုရင် အိမ်ကလူတွေလည်း သင်ရမှာပေါ့"

မြူဝေရှင်းက ခေါင်းညိတ်ပါတယ်။ ကောင်မလေးက သူကိုယ်သူ





မြူလေးလို့ နာမ်စားသုံးတာ သတိထားမိတယ်။

"ကိုယ်လည်း မြူလေးဆီက အဲဒါတွေ သင်ထားမှနဲ့တူတယ်"

ကောင်မလေးက မျက်မှောင်ကြုံ့ပြီး မေးဆတ်ပြတယ်။ ဘာလုပ် လဲ ဆိုတဲ့သဘောပါ။

"အော် မြူလေးနဲ့ တွေ့တဲ့အခါ ပြောရတာပေါ့။ မြူလေးက လက်ဟန်နဲ့ ပြော၊ ကိုယ်လည်း လက်ဟန်နဲ့ ပြော၊ အင်း တွေးကြည့်ရ တာ၊ တရုတ်သိုင်းကားတွေထဲက သိုင်းကစားသလို နေမှာပဲနော်"

ကောင်မလေးက ပြုံးပါတယ်။ ဒီလူကြီးက ခပ်တည်တည်နဲ့ သူများကို မြူလေးလို့ ခေါ်နေပြန်ပါပြီ။ လူလည်ကြီး။ အခုလည်း လက်ဟန်နဲ့ စကားပြောသင်ဦးမတဲ့။ တော်တော်ကြာနှစ်ယောက်သား လက်ဟန်နဲ့ စကားပြောပြီး သိုင်းဝတ္ထုတွေထဲကလို အကွက်နှစ်ဆယ် ခန့် ယှဉ်ပြိုင်ပြီးသောအခါ သူတို့နှစ်ယောက် ချစ်သွားကြလေသတည်း ဆိုတဲ့ အပေါက်မျိုးလုပ်ဦးမှာ။ မြူဝေရှင်းက မုန့်ဟင်းခါးစားနေရာက လက်စသတ်ပြီး လက်ဟန်နဲ့ အပြင်ကို ထိုးပြလိုက်ပါတယ်။ ပြန်တော့ မယ်ပေါ့။ အင်း လွင်ကိုလတ်လည်း မြို့ထဲသွားမလို့ဟာ။ ဒီကောင် မလေးရော ဘယ်ဘက်ကို သွားမှာပါလိမ့်။

လွင်ကိုလတ်က ထလိုက်ပြီး ကောင်တာသွားငွေရှင်းလိုက်ပါ တယ်။ ပြီးတော့ မြူဝေရှင်းယူလာတဲ့ အဝတ်အစားထုပ်ကို ကောင် တာပေါ် တင်လိုက်ပြီး-

"ဟေ့ လူကြီး၊ ဒီအထုပ်ခဏသိမ်းပေးထားစမ်းပါ။ အပြန်မှ ဝင်ယူမယ်။ ခင်ဗျားလည်း နောက်ဘဝကျရင် ညီမတွေ ခယ်မတွေ ရှိအောင် ဆုတောင်းကြားလား"

အသားလွတ်ကြီး ဟောက်နေတာပါပဲ။ ဦးဝကြီးက နောက်က ကပ်ပါလာတဲ့ မြူဝေရှင်းကို မျက်စပစ်ပြရင်း-

"ခင်ဗျား ညီမလေးလား၊ ကျွန်တော်ကိုပေးပါလား၊ အိမ်ကယ ကြီးနဲ့ လဲမယ်လေ ဘယ်လိုလဲ"

လွင်ကိုလတ်က ရင်ထဲနည်းနည်းလောက် ကျလိကျလိ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဘယ်နှယ် သူ့အိမ်က ဟာကြီးနဲ့လဲရမယ်လို့။ မလဲနိုင်ပါဘူး။

"တော် တော်၊ ခင်ဗျား အဲဒီလို စိတ်ကောင်းမရှိလို့ ဝနေတာ"

ဦးဝကြီးက တဟဲဟဲရယ်ရင်း ကျန်ခဲ့ပါတယ်။ ဆိုင်ပြင်ရောက်တော့-

"တို့ မြို့ထဲကို သွားမလို့၊ မြူလေးရော"

တောင်မလေးကလည်း ခေါင်းညိတ်ပါတယ်။ သူလည်း မြို့ထဲကို သွားရမှာပါပဲ။ မြူဝေရှင်းက လွင်ကိုလတ်နောက်က ကပ်လိုက်ရင်း လွင်ကိုလတ်ကို ဒုက္ခပေးဖို့ စဉ်းစားနေမိပါတယ်။ မိန်းကလေးတွေများ ဒီလောက် ကျွေးမွေးထားတာတောင် အငြိုးကမပြေသေးပါဘူး။ ဒါနဲ့နှစ်ယောက်သား ဘတ်စ်ကားစီးပြီး မြို့ထဲဖက် ထွက်လာခဲ့ပါတယ်။ မြို့ထဲအရောက် ကားပေါ်က အဆင်းမှာ မြူဝေရှင်းက လွင်ကိုလတ် ပခုံးကို ပုတ်လိုက်ပါတယ်။

"ဘာလဲ"

မြူဝေရှင်းက တစ်ဖက် ကားလမ်းကို လက်ညှိုးထိုးပြီး သူ့ရင်ဘတ်ကို သူ့လက်နဲ့ ပုတ်ပြတယ်။ ပြီးတော့ လွင်ကိုလတ်ကို လက်ပြပြန်တယ်။ အော် သွားတော့မယ်။ ဒီနေရာမှာ လမ်းခွဲလိုက်တော့မယ်ပေါ့။ ဒီကောင်မလေးနှယ် ဘယ်လောက်မှတောင် တွဲမလျှောက်လိုက်ရဘူး။

"အော် သွားတော့မှာလား။ အိုကေ ဆီးယူ လိတ်တား"

လွင်ကိုလတ်လည်း ဘိုလို နှုတ်ဆက်ပြီး ထွက်လာခဲ့ပါတယ်။ မြူဝေရှင်းက လွင်ကိုလတ်ရဲ့ ကျောပြင်ကိုကြည့်ပြီး ပြုံးပြုံးကြီး ကျန်ခဲ့ပါတယ်။ စိတ်ထဲကလည်း တိတ်တိတ်လေး ကြိမ်းနေသေးတယ်။

"ဟင်း၊ ဘာရမလဲ မြူဝေရှင်းပဲဟာ"

မီးပွိုင့်နားရောက်တော့ လွင်ကိုလတ်က ခေါင်းကုတ်ပြီး စဉ်းစားတယ်။

"အင်း၊ ပါပလစ်ရှာဆီ မသွားသေးပဲ ဂျာနယ်တိုက် အရင်သွားရင် ကောင်းမယ်ထင်တယ်"





အဲဒီလို စဉ်းစားနေတုန်း ကောင်လေးတစ်ယောက်က သူ့ဘေး လာရပ်ပါတယ်။

"အစ်ကိုကြီး ဘာတွေစဉ်းစားနေတာလဲ"

အဲဗျ၊ သူနဲ့လည်း မသိဘဲနဲ့။ ကောင်လေးက တီရှပ်ပွပွ၊ ဘောင်းဘီပွပွနဲ့ ဆံပင်ကိုလည်း ဂျယ်လ် တွေနဲ့ ထောင်ထားပါသေးတယ်။ နားမှာလည်း နားကွင်း အဲ နားကပ်နဲ့။

"သိပ်စဉ်းစားမနေနဲ့ အစ်ကိုကြီး၊ ဆံပင်တွေ ဖြူသွားဦးမယ်။ သွားတိုက်ဆေးရယ်၊ သကြားရယ်၊ နို့မှုန့်ရယ်သာ ဝယ်သွား"

ကောင်လေးကပြောရင်း ဆိုရင်း လမ်းတစ်ဖက်ကူးသွားပါတယ်။ လွင်ကိုလတ်သာ အူကြောင်ကြောင်နဲ့ ရပ်ကျန်ရစ်ခဲ့တယ်။

"ဘာအဓိပ္ပာယ်ပါလိမ့်၊ ဘာကိစ္စ ဒီပစ္စည်းတွေ ဝယ်သွားခိုင်းတာလဲ၊ ဈေးတက်မှာမို့လား၊ တောက် သက်သက်အကြောင်ရိုက်သွားတာဖြစ်မယ်၊ ဒါမှမဟုတ် ကြော်ငြာနည်း အသစ်လား မသိဘူး" အခုခေတ် ကုမ္ပဏီတွေများ ကြံဖန်ပြီး ကြော်နေကြတယ်။

တွေးရင်းတွေးရင်း အဖြေမထွက်တာနဲ့ ခေါင်းကို ခပ်ကြမ်းကြမ်း ကုတ်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ

"ငါ့တူ အရမ်းမစဉ်းစားနဲ့လေ၊ သွားတိုက်ဆေးရယ်၊ သကြားရယ်၊ နို့မှုန့်ရယ် ဟုတ်ပြီလား"

"ဟင်"

လာပြောတဲ့လူက တိုက်ပုံနဲ့ အတက်ချိတ်ကေ့စ်နဲ့ အရာရှိပဲလား ကုမ္ပဏီဝန်ထမ်းပဲလား မသိဘူး၊ အဆင့်အတန်းရှိရှိ ဝတ်စားထားတဲ့ လူကြီးတစ်ယောက်၊ ဒီလိုလူမျိုးက လာနောက်မယ်တော့ မထင်ဘူး၊ သူကလည်း လွင်ကိုလတ်ကို ပြုံးပြပြီး လမ်းကူးသွားပြန်တယ်။

"တစ်ခုခုတော့ လွဲနေပြီထင်တယ်"

လွင်ကိုလတ်က သူ့အကျင့်အတိုင်း ခေါင်းကို ထပ်ကုတ်ပြန်တယ်။ ဆံပင်အုံက ထူပေလို့၊ နို့မဟုတ်ရင် ငယ်ထိပ်ပြောင်နေလောက်ပြီ။ စဉ်းစားနေတုန်းမှာပဲ. . .

"ဦးလေး၊ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



ဟင် ခေါ်ကြပြန်ပြီ။ ဒီနေ့တော့ လွင်ကိုလတ်ကို ခေါ်ချင်ပြောချင်တဲ့ လူအတော်များတာပဲ။ ကြည့်လိုက်တော့ ကျောင်းစိမ်းဝတ်စုံနဲ့ ဆယ့်လေးငါးနှစ်လောက်ရှိမယ့် ကောင်မလေးနှစ်ယောက်။ အမယ် ရုပ်ကလေးတွေက ချွတ်စွပ်။ အမြွှာညီအစ်မပဲ။ ကောင်မလေးတစ်ယောက်က ပြောတယ်။

"ဦးလေး သွားတိုက်ဆေး၊ သကြားနဲ့နို့မှုန့် ဝယ်ပြီးပြီလား"

"အန်"

နောက်တစ်ယောက်က ဝင်ပြောပြန်တယ်။

"မဝယ်ရသေးရင် ဝယ်သွားဦး၊ တော်ကြာ ဗိုက်ခေါက်ဆွဲလိမ်ခံနေရဦးမယ်၊ ခစ် ခစ် ခစ်"

နှစ်ယောက်သား တစ်ခစ်ခစ်နဲ့ ရယ်ပြီး လက်ချင်းတွဲလို့ ဟိုဘက်တာလမ်းကို ပြေးသွားကြတယ်။

"ဘယ်လိုဖြစ်နေကြပါလိမ့်။ လူတွေကပဲ ရူးသလား၊ လွင်ကိုလတ်တပဲ တစ်ကျပ်နှစ်ကျပ်လောက် လိုနေတာလား၊ မသိဘူး။ April Fool လုပ်တာများလား၊ ဒီလိုမှမဟုတ်ရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကပဲ ဒီပစ္စည်းတွေ မသုံးရဘူးလို့များ ကြေငြာလိုက်သလား မသိတော့ဘူး။ အို ဘာပဲဖြစ်ဖြစ် သွားတိုက်ဆေးတော့ ဝယ်သွားရမယ်။ မနက်က ~တာင် လွင်ကိုလတ်ခမျာ သက်သက်လွတ်သွားတိုက်လာရတာလေ။ ]နဲ့ပဲ လမ်းမကူးတော့ပဲ အနားမှာရှိတဲ့ စတိုးဆိုင်ထဲ ဝင်လိုက်ပါတယ်။

"ညီမရေ၊ ကိုးလ်ဂိတ် တစ်ဗူးလောက်"

"အကြီးလား၊ အသေးလား"

"အင်း၊ အသေးပဲပေး"

အရောင်းစာရေးမလေးက သွားတိုက်ဆေးဗူးထုတ်ပေးရင်း-

"ကောင်တာမှာ ငွေရှင်းလိုက်ပါနော်"

လွင်ကိုလတ်က လှည့်အထွက်-

"ဟိုအစ်ကိုကြီး၊ သကြားနဲ့ နို့မှုန့်ပါ ဝယ်သွားဦးလေ"

"ဟိုက်"





လာပြန်ပြီ၊ ဒီသကြားနဲ့ နို့မှုန့်၊ လွင်ကိုလတ်က အရောင်းစာရေးမလေးကို ဘုကြည့်လှည့်ကြည့်လိုက်ပြီး-

"နေစမ်းပါဦး၊ ဘာဖြစ်လို့ ဒီသကြားနဲ့ နို့မှုန့်ကြီးပဲ ဝယ်ခိုင်းနေရတာတုံး၊ ဘာလဲ မင်းတို့ဆိုင်က ဒီပစ္စည်းသုံးမျိုးတွဲရောင်းတာလား"

"မဟုတ်ဘူးလေ၊ အစ်ကိုကြီးမိန်းမမှာလိုက်တာလေ"

"ဟင်၊ ဘယ်လို၊ ဘယ်ကမိန်းမလဲ"

အရှင်လတ်လတ်ကြီး၊ ဘယ်တုံးက မိန်းမရသွားပါလိမ့်။ ကိုယ့်ကိုယ်ကိုတောင် မသိလိုက်ရပါလား။ ဘယ်သူကများ သတင်းစာထဲ ဦးလွင်ကိုလတ်ရဲ့တရားဝင်မယားကြီးဖြစ်ကြောင်း ကြေငြာလိုက်လဲ မသိဘူး။ လူများက လူပျို့ပဲ ရှိသေးတာကို။ ဖွတ်၊ လွဲပါစေ၊ ဖယ်ပါစေ။

"အမယ်၊ ဒီက အစ်ကိုကြီးက သက်သေအပြည့်အစုံရှိတာတောင် နိုကိုဥလုပ်ချင်သေးတယ်"

"မုန်လာဥ လုပ်စမ်းပါ၊ ဘယ့်နှယ် နိုကိုဥ ရမှာလဲ"

"နှစ်ခုစလုံး မြေကြီးထဲက ရတာပါပဲ၊ မထူးပါဘူး။ ယောကျ်ားတွေများ အားလုံးအတူတူကြီးပဲ၊ လေ့ကားသုံးထစ်ဆင်းရင် လူပျိုလုပ်ချင်တာကိုး၊ ဒီမှာကြည့်သက်သေ"

အရောင်းစာရေးမလေးက ပြောလည်းပြော၊ လွင်ကိုလတ်ရဲ့ နောက်ကျောကနေ တစ်စုံတစ်ခုကို ဆတ်ကနဲ ဆွဲခွာလိုက်ပါတယ်။ လွင်ကိုလတ်က လှမ်းယူကြည့်လိုက်တော့ စာရွက်တစ်ရွက်။ ဆော့ပင်နဲ့ ရေးထားတာတွေ ဖတ်ကြည့်လိုက်တော့-

*"ကျေးဇူး ပြုပြီး ကျွန်မယောကျ်ားကို*
*သတိပေးပေးပါရှင်။*
*မေ့တတ်လွန်းလို့ပါ။*
*သွားတိုက်ဆေး၊ သကြားနဲ့ ကလေးနို့မှုန့်*
*ဝယ်လာပါလို့"*



www.burmeseclassic.com

www.burmeseclassic.com

"ဟိုက်"

ဒါ ဟိုကောင်မလေး မြူဝေရှင်းရဲ့ လက်ရေးပဲ။ ကွဲကုန်ပါပြီ။ အရှက်တွေတော့။ လွင်ကိုလတ်မှာတော့ မျက်နှာတွေ ထူပူပြီး နီရဲလို့။

"တဲ ရှော့ရှော့။ အမယ် လူသိသွားလို့ ရှက်နေတာလား။ ရှက်မနေပါနဲ့။ နို့မှန့်က ဒူးမက်ပဲ ယူမှာမဟုတ်လား။ သကြားကတော့ ငါးဆယ်သား ရတယ်မဟုတ်လား။ ပြီးရင်ကောင်တာမှာ ငွေရှင်းလိုက်ပါနော်"

လွင်ကိုလတ်ခမျာ အူတိအူကြောင်နဲ့ပဲ အရောင်းစာရေးမလေး အတင်းထိုးပေးနေတဲ့ ပစ္စည်းတွေယူပြီး ငွေရှင်းလိုက်ရပါတယ်။

"ဂန်းမလေး၊ ငါမိန်းမဆိုတဲ့ အသံမထွက်တဲ့ ဟာမလေးတော့ တွေ့ပါစေဦး၊ အသံထွက်အောင်ကို လုပ်ပစ်လိုက်ရမယ်၊ ဟင်း"

☺ ☺ ☺





မနေ့က တစ်နေ့လုံး မြူဝေရှင်းလည်း လွင်ကိုလတ်နောက်လိုက်ကြည့်ရတာ ဖတ်ဖတ်ကိုမောရောပဲ။ လွင်ကိုလတ်ကို ဟိုလူတွေ သတိပေးတာရော၊ စတိုးဆိုင်ထဲ ဝင်သွားတာရော။ ရှုတည်တည်ကြီးနဲ့ လွင်ကိုလတ် သကြားထုပ်တွေ၊ သွားတိုက်ဆေးတွေ၊ နို့မှုန့်ဗူးတွေ သယ်လာတာရော အားလုံးသော ဖြစ်စဉ်တွေကို မြူဝေရှင်းက အစအဆုံး တွေ့လိုက်ရပါတယ်။

"အဟိ၊ ဒီလူကြီး အတော့်ကို အီးပိတ်သွားမှာပဲ ဟင်းဟင်း"

ဒါပေမယ့် ကွယ်ရာကနေ ဟားနေရတာ သိပ်တော့ အရသာမရှိလှပါဘူး။ မျက်နှာချင်းဆိုင် ထိုင်ပြီး ပါးဖြဲ နားဖြဲ ရယ်ပစ်လိုက်ရမှာ။ ဒါကြောင့်လည်း ဒီနေ့ပဲ လွင်ကိုလတ်အိမ်ကို သွားတွေ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘာပဲပြောပြော ဒီလူကြီးက ခင်စရာတော့ ကောင်းသား။ ခင်ရုံပဲလားဆိုတော့၊ အင်း ခင်ရုံပါပဲနော်။ မြူဝေရှင်းက လွင်ကိုလတ်ဆီကိုလာရင်း လမ်းမှာ ပန်းသည်ဆီက ဂန္ဓမာပန်းဝါဝါတစ်စည်းလည်း ဝယ်လာပါသေးတယ်။ သူက ဘုရားစင်မှာ ပန်းတွေ ခြောက်နေရင် သိပ်ကြည့်မရပါဘူး။ လွင်ကိုလတ်အိမ်က ဘုရားပန်းအိုးက ညှိုးရော် ခြောက်သွေ့လို့။ ဘာပဲပြောပြော စိတ်ကောင်းစေတနာကောင်းထား ပြီး ဘုရားပန်းလေးတော့ လဲပေးဦးမှပဲ။

မြူဝေရှင်းတစ်ယောက် လွင်ကိုလတ်အခန်းကို ရောက်ဖေ ကိုယ်တော်ချောက အိပ်ယာကတောင် မထသေးပါဘူး။ တံခါးခေါ် သံကြားလို့ ထဖွင့်ပေးလိုက်တော့ တံခါးဝမှာ မြူဝေရှင်း။

ဒီကောင်မလေးဘာလာလုပ်ပြန်တာပါလိမ့်။ ယောကျ်ား တစ်ယောက်အိမ်ကို သူမိုလို့ မကြောက်မရွံ့။ ဒင်းကပဲ လွင်ကို ရဲ့ သိက္ခာသမာဓိတွေကို ယုံကြည်လွန်းတာပဲလား။ ဒါမှမဟုတ် လူမထင်တာပဲလား မပြောတတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလာလုပ်တာလဲ"

လွင်ကိုလတ်က တံခါးဝကနေ ဖယ်မပေးသေးပဲ မေးလိုက်ပါတယ်။ မြူဝေရှင်းက ပန်းစည်းကို ထောင်ပြလိုက်ပြီး ဘုရားစင်ကို လက်ညှိုးထိုးပြလိုက်တယ်။ အော် သူလေးက ဘုရားပန်းလာလဲပေးတာပေါ့၊ ဒီကောင်မလေးအိမ်မှာ ဘုရားစင်မရှိဘူးနဲ့ တူတယ်။ ဒါမှမဟုတ် ယကြာလာချေတာလား မသိဘူး။ လွင်ကိုလတ်လည်း ဘာမှဆတ်မပြောပဲ ဖယ်ပေးလိုက်ပါတယ်။ မြူဝေရှင်းက အခန်းထဲ ဝင်လာတော့ ဧည့်ခန်းထဲမှာ ပုံထားတဲ့ သွားတိုက်ဆေးဗူး၊ သကြားထုပ်နဲ့ နို့မှုန့်ဗူးတွေတွေ့တော့ တခစ်ခစ်နဲ့ ရယ်လိုက်ပါတယ်။ လွတ်လွတ်လပ်လပ် ရယ်လိုက်တဲ့ ပုံစံလေးက အိပ်ချင်မူးတူးဖြစ်နေတဲ့ လွင်ကိုလတ်ရဲ့ မျက်လုံးနှစ်လုံးတင်မကပဲ၊ နှလုံးသားရဲ့ အခန်းလေးခန်းစလုံးတိုပါ ကျယ်သွားပါတယ်။ နားထင်ကြောလည်း သွေးတွေတိုးလို့အင်း မယုံနိုင်စရာပါပဲ။ တဒိတ်ဒိတ်ခုန်နေတဲ့ ရင်ဘတ်ကို လက်နဲ့ဖိကြည့်ပြီး-

"ဒါ ငါ့ရင်ဘတ်ထဲကမှ ဟုတ်ရဲ့လား"

လွင်ကိုလတ်က မရေမရာ ဆင်ခြေကန်ကြည့်တာပါ။ ဟုတ်သမှဒုတ်ဒုတ်နဲ့ တောင် မြည်နေသေးတယ်။ မြူဝေရှင်းခမျာလည်း စားပွဲပေါ် မှာတွေ့ရတဲ့ သူ့စာကို ပြန်ဖတ်မိပြီး ရှက်တက်တက်လေး ဖြစ်သွားပါတယ်။ 'ကျွန်မယောကျ်ား' လို့ ရေးမိတာကိုး။ ရေးတုံးက ဘာရယ်ညာရယ်မဟုတ် ရေးမိလိုက်တာ။ အခုပြန်ဖတ်မိတော့မှပဲ. . .

"အဟိ၊ ရှက်စရာကြီး။ ဒီလွင်ကိုလတ်ဆိုတဲ့ လူကြီးက ဒါဖတ်ပြီး ရသာခံနေ၊ အသားယူနေတော့မှာပဲ"

အခုလည်း ဆတ်ဆတ်ဆော့ဆော့ သူ့အိမ်ကို လာမိပြီ။ ပြီထင်ပါရဲ့။ မြူဝေရှင်းရဲ့ ရင်ထဲမှာလည်း သိမ့်သိမ့်ကလေး လာပါတယ်။ မဝံ့မရဲလေးမော့ကြည့်လိုက်တော့ သူ့ကို ငူငူငိုင်ငိုင်း ကြည့်နေတဲ့ လွင်ကိုလတ်။ သူ့ပုံစံက ဥစ္စာစောင့်မက လိပ်ပြာနှုတ်သွားတဲ့ အတိုင်းပဲ။





"ဟာ ဒီလူကြီး အသက်မှ ရှိရဲ့လားမသိဘူး"

လွင်ကိုလတ်လည်း အခုမှ ညို့ချက်ပြယ်ပြီး အသက်ဝင်လာပါတော့တယ်။ ကောင်မလေးက ဘာမှ မဖြစ်သလို ဖိုးဖိုးဇတ်ဇယ်နဲ့ ဘုရားပန်းအိုးကို စွန့်ပြီး ဘုရားပန်းလဲဖို့ ပြင်နေပါတယ်။ ဒီနေရာမှာတော့ မိန်းကလေးတွေက ယောကျ်ားလေးတွေထက် ဟန်ဆောင်ကောင်းပါတယ်။ သဘာဝကပေးထားတဲ့ လက်ဆောင်ပဲ ဆိုပါတော့။ ကောင်မလေးက ဘုရားပန်းအိုးမပြီး နောက်ဖေးက ဘေစင်ရှိရာကို သယ်သွားပါတယ်။ လွင်ကိုလတ်ဖက်လှည့်ပြီး ကြက်မွေးတံမြက်စည်းနဲ့ ဘုရားစင်ကို သန့်ရှင်းရေးလုပ်ခိုင်းသွားသေးတယ်။ အိမ်ကိုတစ်ခါက်လောက် ရောက်ဖူးရုံနဲ့ ဒင်းက အိမ်ကြီးရှင်ကြီးကျလို့။ လွင်ကိုလတ်က မကျေမနပ်နဲ့ ကြက်မွေးတံမြက်စည်းကိုင်ပြီး ဘုရားစင်ကို ရှင်းလင်းရေးလုပ်ရပါတော့တယ်။ ဘုရားနဲ့လှည့်ပြီး ခိုင်းသွားတော့ မလုပ်ပြန်ရင်လည်း မိစ္ဆာဒိဋ္ဌိစာရင်းသွင်းခံရဦးမယ်။ လွင်ကိုလတ်ရင်ထဲမှာတော့ ဘဝင်မကျတာတွေရော၊ မကျေနပ်တာတွေရော ရင်ခုန်တာတွေရော၊ စပ်ပေါင်းဖာထေးပြီး ဘယ်ဘက်ရင်ညွှန့်နားစူးစူးလေးအောင့်လို့။

ကောင်မလေးကတော့ ဟန်ကြီးပန်ကြီးနဲ့ ဘုရားပန်းအိုးလဲပြီး ဘုရားစင်ရှေ့ ကျုံ့ကျုံ့လေးထိုင်ပြီး ဘုရားဝတ်ပြုနေပါတယ်။ နေနှင့်ဦးပေါ့။ လွင်ကိုလတ်က စိတ်ရှည်စွာ သည်းခံစောင့်ဆိုင်းလိုက်ပါတယ်။ ပြီးမှ မနေ့က ကျောကို စာကပ်သွားတဲ့ကိစ္စရှင်းရဦးမယ်။ သူ့လိုစာရေးဆရာမရင့်တရင့်ကို သိက္ခာကျအောင် လုပ်ထားတာ။ ငါးမိနစ်လောက်ကြာမှပဲ မချောလေးရဲ့ ကုသိုလ်ရေးကိစ္စက ပြီးစီးပါတယ်။ ကောင်မလေးလည်း ထလာရော လွင်ကိုလတ်က နားရွက်ကို ဖမ်းဆွဲလိုက်ပြီး-

"အား လား လား"

ကောင်မလေးဆီက အော်သံထွက်လာပေမယ့် လွင်ကိုလတ်က မလျှော့ပေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

"မနေ့က ငါ့ကျောမှာ စာကပ်သွားတယ်။ လူကိုများ မင်းနောက်စရာအောက်မေ့နေလား"

ကောင်မလေးက လက်ဟန်ခြေဟန်တွေပြပြီး ရှုန်းပါတယ်။ ရှုန်းလေနာလေပဲ။ ဟင်းဟင်း. . . ငယ်ငယ်ကတည်းက လက်သန်အောင် စပရင်တွေ ညှစ်ထားတာ၊ ဒီထက်နာချင်ရင် ရှုန်းပေါ့။

"အင်း နားရွက်ကလေးက နားကပ်မဝတ်ထားတော့ ဆွဲရတာ အိုကေပဲ။ ဒီကောင်မလေးက နားပေါက်လည်းမရှိဘူး"

နားရွက်ဆွဲ ထားရင်းက ကတ်သီးကတ်သတ် တွေးမိလိုက်ပါသေးတယ်။ မြူဝေရှင်းရဲ့ မျက်နှာလေးမှာ သွေးရောင်တွေ ရဲလာတော့မှ လွင်ကိုလတ်က လွှတ်ပေးလိုက်ပါတယ်။ ကောင်မလေးခမျာ မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလို့။ အတော့်ကို နာသွားပုံပါပဲ။ ကောင်မလေးရဲ့ မျက်ရည်မြင်တော့မှ လွင်ကိုလတ်က သနားသွားပါတယ်။ မနက်စောစော မိန်းကလေးလှတပတလေးက မျက်ရည်တွေကျနေတာ ဘယ်လိုမှ စိတ်ချမ်းသာနိုင်စရာ မရှိပါဘူး။ ခုမှပဲ လွင်ကိုလတ်လည်း သနားဂရုဏာစိတ်တွေ အလျှံအပယ် လျှံတက်လာပါတော့တယ်။

"တဲ့ ပြောစမ်းပါဦး၊ မင်းက ဘာစိတ်ကူးပေါက်ပြီး လုပ်ရတာတုံး"

ကောင်မလေးက မျက်ရည်စက်လက်နဲ့ စာရေးပြရှာတယ်။

"သူများကို နှုတ်ခမ်းမွေးဆွဲလွှတ်တာကို"

"အော်"

အခုမှပဲ သဘောပေါက်သွားပါတယ်။ လွင်ကိုလတ်က သူလုပ်ထားတဲ့ ကိစ္စသူတောင် မေ့နေပါပြီ။ ဒင်းကလေးက ဘယ်လောက်တောင် အရှက်တွေ ကွဲသွားလည်းမသိဘူး။ ဒါကို လက်စားချေတာပေါ့။ မိန်းမလှလေးတွေရဲ့ အပြုံးဟာ ကြောက်စရာကောင်းလှပါလား။ အခုတော့ တစ်ယောက်တစ်ခါစီ ခံလိုက်ရပြီမို့ သရေပွဲနဲ့ပဲ ကျေအေးလိုက်ကြစို့ရဲ့။





ကောင်မလေးက အသံမထွက်ပဲ မျက်ရည်တွေ အဆက်မပြတ်ကျလို့။ ချောတဲ့လှတဲ့ ကောင်မလေးများ ငိုနေလည်း ချစ်စရာကောင်းတာပါပဲ။ မျက်ရည်တွေ ပြည့်ဝန်းနေတဲ့ မျက်လုံးရွဲကြီးနဲ့ လွင်ကိုလတ်ကို မော့ကြည့်လိုက်တာများ။ လွင်ကိုလတ်ခမျာ သူ့ကိုယ်သူ ဘာဖြစ်မှန်းမသိလိုက်ရပဲ မိုက်ကနဲ ဖြစ်သွားပါတယ်။ သတိဝင်လာတဲ့အချိန်မှာတော့ ကောင်မလေးက သူ့ရင်ခွင်ထဲမှာ။ ပြီးတော့ မျက်ရည်တွေကို သုတ်ပေးနေရင်းက ပါးစပ်ကလည်း တတွတ်တွတ် နဲ့။

"မငိုနဲ့တော့နော်၊ မငိုပါနဲ့ မြူလေးရယ်။ မြူလေးငိုရင် ကိုယ့်ရင်ထဲ တစ်မျိုးကြီးပဲ။ ကိုယ်ပါငိုချင်စိတ် ပေါက်လာတယ်။ ကိုယ်ငိုရင် မြူလေးလို ကြည့်လို့ကောင်းမှာမဟုတ်ဘူး။ တိတ်တော့နော် တိတ်တိတ်၊ မုန့်စားမလား၊ ဒါမှမဟုတ် အရုပ်ဝယ်ပေးရမှာလား၊ တိတ်ပါမြူလေးရယ်၊ လိမ်မာပါတယ်"

အင်း အပျိုမကို အရုပ်ပေးပြီး ချော့သတဲ့။ ညံ့ပါ့ လွင်ကိုလတ်ရယ်။ ဒါကြောင့် ဒင်းဒီလိုဖြစ်နေတာ။ မြူဝေရှင်းကလည်း သူ့ကို ချော့တော့မှပဲ အားရပါးရ ငိုချလိုက်ပါတယ်။ အင်း မိန်းမများ တော်တော်ခက်။

"ဟီး ဟီး ဟီး"

"အာ တိတ်ပါဆို၊ မတိတ်ရင် နှုတ်ခမ်းမွေးထပ်ဆွဲလိုက်မှာနော်"

မြူဝေရှင်းက ခေါင်းကို ဘယ်ညာရမ်းလိုက်ပါတယ်။ အခုမှပဲ သူ့ကိုယ်သူ သတိထားမိတော့တယ်။

"အဲတော့ သူ့ရင်ခွင်ထဲမှာ"

မြူဝေရှင်းက ရှုန်းဖို့ကြိုးစားလိုက်တယ်။ လွင်ကိုလတ်က တိုးဖက်လိုက်ပြီး-

"မရုန်းပါနဲ့ မြူလေးရယ်၊ ကိုယ်လေ မြူလေးကို ချစ်မိနေပြီ"

ပြောပြီးသွားမှပဲ လွင်ကိုလတ်က သူ့ကိုယ်သူ အံ့သြသွားပါတယ်။ ကောင်မလေးကိုယ်က ဆတ်ခနဲ တုန်သွားတယ်။ အချစ်ဆိုတာ ဒီလို အစီအစဉ်မကျ၊ ဝုန်းဒိုင်းကြီး၊ တောင်ကျမိုးလို ပြိုကျတတ်တာမျိုးပဲ



www.burmeseclassic.com

www.burmeseclassic.com

လား။ လွှင်ကိုလတ်မှာတော့ ဒီစကားပြောချလိုက်ပြီးမှ သူတစ်ကိုယ်လုံး အားကုန်သွားသလို နုံးအိကျသွားပါတယ်။ မြူဝေရှင်းကို ဖက်ထားတဲ့ လက်ကလည်း ပြေလျော့ကျသွားတယ်။ မြူဝေရှင်းခမျာ မှာလည်း ကိုယ့်ကိုယ်ကို ရပ်တည်နိုင်စွမ်းမရှိတော့ပဲ တစ်အိအိနဲ့ ဒူးညွတ်ကျသွားပါတယ်။ အချစ်ဆိုတာ ဒီလောက်တောင် ပြင်းထန် တတ်ပါလား။ မယုံနိုင်စရာပါ။ လွှင်ကိုလတ်ကလည်း မြူဝေရှင်းဘေး ဒူးထောက် ထိုင်ချလိုက်ရင်း-

"တောင်းပန်ပါတယ် မြူလေး၊ ကိုယ်လုံးဝမရည်ရွယ်ပဲ ဖြစ်သွားတာပါ။ စိတ်ဆိုးသွားလားဟင်၊ ကိုယ့်ကို မမုန်းလိုက်ပါနဲ့နော်။ ကိုယ်လည်း ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ ကိုယ်ဒီစကားပြောမိတာကိုက မသိစိတ်ကနေ မြူဝေရှင်းကို ချစ်နေလို့ ဖြစ်မှာပေါ့နော်။ ဟုတ်တယ် မဟုတ်လားဟင်"

ရော် ခက်နေပါပြီ။ သူ့ဘာသာသူ ရည်းစားစကားပြောပြီး လူများကို မေးနေပါပြီ။ ကိုယ့်ကိုယ်ကိုတောင်မှ မသိပဲနဲ့ ရည်းစားစကား ပြောသေးတယ်။ မြူဝေရှင်းက ချစ်စဖွယ်လေး အံကြိတ်ပြီး မျက်စောင်းလွှေးထိုးလိုက်ပါတယ်။ ဒီကောင်မလေးက မီးလောင်ရာ လေပင့် လုပ်နေပြန်ပါပြီ။ လွှင်ကိုလတ်က မြူဝေရှင်းနဲ့ အသားချင်းထိအောင် ကပ်လိုက်ပြီး-

"ကိုယ်မေးတာ ဖြေပါဦး၊ မြူဝေရှင်းရယ်။ ဟုတ်တယ် မဟုတ်ဘူးလား"

ဘာလို့ဖြေရမှာလဲ။ ဒီက မိန်းကလေးပဲ ဥစ္စာ၊ ခုမေး ခုဖြေရမယ်လို့။ မဖြေနိုင်ပါဘူး။ မြူဝေရှင်းက သူနားကပ်လာတဲ့ လွှင်ကိုလတ်ရဲ့ မျက်နှာကြီးကို လက်နဲ့ တွန်းရင်း စာရေးတဲ့ပုံစံလုပ်ပြလိုက်ပါတယ်။ ဟုတ်ပါရဲ့။ လွှင်ကိုလတ်ကသာ ဇွတ်မေးနေတာ။ ကောင်မလေးက စကားမှမပြောတတ်ရှာပဲ။ စာနဲ့ရေးပြမှရမှာပေါ့။ မြူဝေရှင်းက ဘောလ်ပင်နဲ့ စာရွက်ယူပြီး စာတစ်ကြောင်း ရေးလိုက်ပါတယ်။ လွှင်ကိုလတ်က မျှော်လင့်ချက်ကြီးစွာ စာကို ဖတ်လိုက်ပါတယ်။





"ပါးစပ်က အာပုပ်နံ့နံတယ်။ မျက်နှာလည်း မသစ်ရသေးဘူး မဟုတ်လား"

"ဟိုက်"

သေလိုက်ပါတော့။ ကိုယ့်ကို အဖြေပေးမလား အောက်မေ့တယ်။ ဒီကောင်မလေးက အနံ့ခံကောင်းနေတာကိုး။

အင်း ကမ္ဘာပေါ်မှာ သွားမတိုက်ပဲနဲ့ ရည်းစားစကားမပြောရဘူးလို့ တားမြစ်ထားတာမှမရှိပဲဟာ။ ကမ္ဘာဦးလူသား ဘဘကြီးဦးအာဒမ်ကလည်း ကြီးကြီးဒေါ်ဧဝကို ရည်းစားစကားပြောတုံးက သွားတိုက်ပြီးပြောတာမှမဟုတ်ပဲ။ သူတို့ခေတ်တုံးက သွားတိုက်ဆေး မပေါ်လောက်သေးပါဘူး။ တကယ်လို့ ပေါ်ပြီဆိုရင် ကျမ်းစာတွေထဲ 'အာဒမ်က ဧဝကို သွားတိုက်ပြီးနောက် ရည်းစားစကားပြောလေသတည်း' ဆိုပြီး မှတ်သားထားကြမှာပေါ့နော်။ ဖန်ဆင်းရှင်ကြီးကလည်း သွားပွတ်တံနဲ့ သွားတိုက်ဆေး မဖန်ဆင်းခဲ့ဘူးထင်တယ်။ ဘာပဲဖြစ် ဖြစ် မြူဝေရှင်းလေးက နံတယ်ဆိုတော့လည်း အပြေးလေး သွားတိုက် ရတော့မှာပေါ့။

"ခဏနော်၊ မျက်နှာသစ်ပြီး ပြန်ထွက်လာခဲ့မယ်"

"ဝူး ဝူး"

ကောင်မလေးက တစ်ဝူးဝူးနဲ့ လက်ညှိုးတစ်ထိုးထိုး လုပ်နေလို့ ကြည့်လိုက်တော့ သွားတိုက်ဆေးဗူးလေးက နို့မှုန့်ဗူးဘေး ထောင်ရက်သား။ ဟုတ်သားပဲ သွားတိုက်ဆေးကုန်နေတာကိုး။ မိန်းမများ အမြင်အာရုံအတော့်ကို စူးရှတာပဲ။ ဘုရားပန်းအိုးလဲရင်းနဲ့ အမှိုက်ပုံးထဲ သွားတိုက်ဆေး ဗူးအဟောင်းတွေ့ခဲ့ပုံပါပဲ။ လွှင်ကိုလတ်လည်း သွားတိုက်ဆေးဘူး လှမ်းယူရင် ရေချိုးခန်းထဲ အပြေးအလွှားဝင်၊ ကမ္ဘာပေါ်မှာ အမြန်ဆုံးလို့ ပြောလို့ရတဲ့ နှုန်းနဲ့သွားတိုက်ပြီး ဧည့်ခန်းထဲ ပြန်ထွက်ခဲ့တော့။

"ဟင် မြူဝေရှင်းလည်း မရှိတော့ဘူး"

စားပွဲပေါ်မှာက စာတစ်စောင် ဖြန့်လျက်သား။ ဘာတွေများ ခရေးထားပါလိမ့်။


www.burmeseclassic.com

www.burmeseclassic.com



"ချစ်စကားလက်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင် ပါတယ်။ ကိုယ့်ကိုယ်ကို တကယ်သေချာရဲ့လား၊ ပြန်စဉ်းစား ပါဦး။ နောက်မှ နောင်တရနေဦးမယ်။ ပြီးတော့ နှိမ့်ဘူး ယူသွားတယ်။ အိမ်နားက အစ်မကြီးတစ်ယောက်ကို ပေးမလို့။ သူ့ခမျာ ခလေးမွေးပြီး နို့သိပ်မထွက်ရှာဘူး။ နွမ်းလည်း နွမ်း ပါးတယ်။ လွင်ကိုလတ်ဆိုတဲ့ စာရေးဆရာကြီး ကောင်းမှု လုပ်တာလို့ ပြောပြီး ပေးလိုက်ပါ့မယ်"

ကောင်းရော၊ လွင်ကိုလတ်ခမျာ စိတ်ပျက်လက်ပျက်ကြီးထိုင်ချ လိုက်ပါတယ်။ ကိုယ့်ကိုယ်ကို တကယ်သေချာရဲ့လား စဉ်းစားပါဦးတဲ့။ နှလုံးသားက ရုတ်တရက်ထွက်ပေါ်လာတဲ့ အဖြေဆိုတော့ မှားသွားတယ်ဆိုလည်း ရင်ကော့ပြီးရဲရဲသာ ခံလိုက်တော့မယ်။ မြူဝေရှင်းလေးရော သူ့အပေါ် ဘယ်လိုသဘောထားမှာပါလိမ့်။ နောက်မှ နောင်တရနေဦးမယ်ဆိုတော့ကာ. . .။ အင်း သူကလေးလည်း မခါးသီးလောက်ဘူး ထင်တာပါပဲ။ ဒီကောင်မလေးတော့ နှိမ့်ဗူးတင်မကပဲ လွင်ကိုလတ်ရဲ့ နှလုံးသားကြီးကိုပါ ယူသွားတယ်ထင်ရဲ့။ ရင်ဘတ်ကြီးထဲ ဟာလာဟင်းလင်းကြီး ဖြစ်လို့။

"ကိုယ့်နှလုံးသားကိုတော့ လူများကို မပေးပစ်လိုက်ပါနဲ့ မြူဝေရှင်းလေးရယ်"

လွင်ကိုလတ်က ကျန်ခဲ့တဲ့ သကြားထုပ်ကြီးကို ဖက်ထားရင်း တိုးတိုးငြီးလိုက်ပါတယ်။ အင်း သကြားထုပ်ကြီးလည်း နို့မှုန့်ဗူးကြီးကို လွမ်းနေမယ်ထင်ရဲ့။

☺ ☺ ☺





ရည်းစားစကားပြောခံလိုက်ရပြီးကတည်းက မြူဝေရှင်းတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားလိုက်တာ စုန်းစုန်းမြုပ်ပါပဲ။ လွင်ကိုလတ်မှာသာ နေမရထိုင်မရ အိမ်မြှောင်အမြီးပြတ်ဘဝနဲ့ ခုန်ဆွ၊ ခုန်ဆွလေးဖြစ်လို့။

"တောက် ငါကိုက ညံ့တာ၊ အိမ်လိပ်စာလေးတောင် မမေးမိလိုက်ဘူး"

အခုတော့ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ရတော့မှာပဲ။ အိမ်ကိုလာတဲ့ ကောင်မလေးကို ရည်းစားစကားပြောလွှတ်မှတော့ ဘယ်မိန်းကလေးက လာရဲမှာလဲ။ ဒါပေမယ့် လွင်ကိုလတ်ရဲ့ အိပ်မက်ထဲတော့ အလည်လာသင့်တာပေါ့။ လွင်ကိုလတ်က မြူဝေရှင်းကို ဒီလောက်တောင် ချစ်သွားလိမ့်မယ်လို့ ထင်မထားလိုက်တာပါ။ ဦးနှောက်ကို နှလုံးသားက ခြုံခိုတိုက်ခိုက်တာခံလိုက်ရတယ်။ လွင်ကိုလတ်တင်လားဆိုတော့ မဟုတ်သေးပါဘူး။ မြူဝေရှင်းလေး ခမျာမှာလည်း-

"ကျွန်မက မိန်းကလေးလေ၊ ကိုလွင်ကိုလတ်ရဲ့။ ရှင့်ဆီကို ကျွန်မလာလို့ မရတော့ဘူးလေ။ ရှင်က ကျွန်မကို ချစ်စကား ပြောထားပြီးမှကိုး။ ဘာဖြစ်လို့များ ဒီလောက်မြန်မြန်ပြောရတာလဲ ကိုလွင်ကိုလတ်ရယ်။ တကယ်လို့ ရှင်သာမပြောခဲ့ရင် ကျွန်မတို့ အခုလို မတွေ့ရမဆုံရ လွမ်းနေရမှာ မဟုတ်ဘူး"

ဒါ မြူဝေရှင်းရဲ့ ရင်တွင်းထဲက တိတ်တခိုးစကားရယ်ပါ။ ဘာပဲဖြစ်ဖြစ် သူက လွင်ကိုလတ်ကိုစပြီး သံယောဇဉ်တွယ်မိတာ ထင်ရဲ့။ လွင်ကိုလတ်ဆီက သံယောဇဉ်ကြိုးစလေးကို မျှော်လင့်ခဲ့ပေမယ့် ဒီလိုမျိုး ပွင့်ပွင့်လင်းလင်း ချစ်စကား ပြောခံရတဲ့အထိ မျှော်လင့်မထားခဲ့ပါဘူး။ ဖြစ်နိုင်ရင် နှစ်ယောက်သား ဘာစကား၊ ဘာညာတိတွေမှ



www.burmeseclassic.com

www.burmeseclassic.com

မထားဘဲ ရင်ထဲကနေပဲ ချစ်နေချင်တာ။ ဝမ်းနည်းနေချိန်မှာ လက်မောင်းတစ်ဖက် ငှားရုံလေး၊ ဝမ်းသာတဲ့အချိန်မှာ တစ်ယောက်မျက်လုံးထဲ တစ်ယောက်စိုက်ကြည့်ရင်း ကြည်နူးရစ်ရုံလေး နေချင်ခဲ့တာ။ မြူဝေရှင်းမှာက အားနည်းချက်နဲ့လေ။ ဒီစကားမပြောနိုင်ဘူး ဆိုတဲ့ အားနည်းချက်နဲ့လေ။

လွင်ကိုလတ်မှာလည်း သူ့အခန်းသူနေရင်း တစ္ဆေခြောက်ခံရသလို ဖြစ်လို့နေပါတယ်။ ဟိုနားလေးက ဆက်တီမှာမှီပြီး မြူဝေရှင်းလေး အိပ်ပျော်နေခဲ့တာ။ ဟိုဘေစင်မှာ မြူဝေရှင်းလေး ဘုရားပန်းရေဆေးခဲ့တာ။ ဘုရားစင်ပေါ်မှာက မြူဝေရှင်းလေး ကိုယ်တိုင်ကိုယ်ကျ လှူသွားတဲ့ ဂန္ဓမာပန်းတွေ။ ပန်းတွေက ညှိုးခြောက်စတောင်ပြုနေပါပြီ။

"ကောင်မလေးရေ၊ ဘုရားပန်း လာလဲပေးလှည့်ဦးကွယ်"

လွင်ကိုလတ်က ငြီးငြီးငြူငြူ တစ်ကိုယ်တည်းပြောလိုက်ရင်း အိမ်တံခါးသော့ခတ်ပြီး ဈေးဘက်ကိုထွက်လာခဲ့ပါတယ်။

"ဟာ အခုမှ သတိရတယ်"

ကျော်စိုးဝင်းရဲ့ ကုမ္ပဏီမှာ မြူဝေရှင်းအလုပ်လျှောက်တုံးက C.V Form တင်ရတာပဲ။ အဲဒီမှာ လိပ်စာရှိမှာပေါ့။

"တောက်၊ စောစောက ဘာလို့ မစဉ်းစားမိပါလိမ့်"

လွင်ကိုလတ်က လမ်းခပ်သွက်သွက်လျှောက်လိုက်ရင်း တွေ့တဲ့ တက္ကစီထဲ တစ်စင်းကို လှမ်းတားလိုက်ပါတယ်။ ဘတ်စ်ကားနဲ့ သွားရင်ကြာနေဦးမယ်၊ ဒီကိစ္စက တစ်မိနစ်မှ နောက်ကျခံလို့ မဖြစ်ဘူး။ ဟို ကျော်စိုးဝင်းဆိုတဲ့လူက C V တွေ ထုတ်ပြပါ့မလား မသိဘူး။ တစ်ခါ တစ်လေ သူ့တာ တပ်ဖိုးကပ်ဖဲ့ရယ်။ ဒီလိုနဲ့ပဲ လွင်ကိုလတ်တစ်ယောက် ကျော်စိုးဝင်းဆီ ရောက်လာခဲ့ပါတယ်။ ထိုင်ခုံတစ်ခုံဆွဲပြီး ထိုင်လိုက်တဲ့ လွင်ကိုလတ်ကို ကျော်စိုးဝင်းက အကဲခတ်သလိုကြည့်ပါတယ်။

လွင်ကိုလတ်မျက်နှာကြီးကို အစွမ်းကုန်ဖြရင်း-

"သူငယ်ချင်း ကြည့်ရတာ ပိုပြီး ချောလာသလိုပဲ။ နုလည်းနုလာ





တယ်။ မျက်နှာကြီးတွေလည်း ဖြူလို့။ ပေါင်းတင်ထားတာ ထင်တယ်"

"အင်း ဒီကောင့်ကြည့်ရတာ အိန္ဒြေမရဘူး။ လူကို အသလွတ်ကြီး လာမြှောက်နေတယ်၊ ပိုက်ဆံချေးမလို့လား မသိဘူး။ ခပ်တင်းတင်း ဆက်ဆံမှပဲ"

ကျော်စိုးဝင်းက တွေးမိတာပါ။ လွင်ကိုလတ်က ဆက်ပြန်တယ်။

"ဒါနဲ့ မင်းအတွင်းရေးမှူးခန့်ပြီးသွားပြီလား"

"ငါ့ဘာသာငါ ခန့်ချင်မှ ခန့်မှာပေါ့ကွ။ မင်းနဲ့ဘာဆိုင်တုံး"

ကျော်စိုးဝင်းက ဘုတောလိုက်တယ်။

"တံခွန်မရှိတဲ့ ရထား၊ လင်မရှိတဲ့မိန်းမ၊ အတွင်းရေးမှူးမလေး မရှိတဲ့ ကုမ္ပဏီပိုင်ရှင်ဟာ မတင့်တယ်ဘူးတဲ့။ ငါက မင်းအတွက် ပြောတာပါ"

"မင်းဘာသာ မင်းပဲ တင့်တယ်အောင်နေ။ ငါ့အတွက် စိုးရိမ်စရာ မလိုဘူး။ အခုပိုက်ဆံလာချေးတာလား။ ဒါဆိုရင်ပြန်တော့။ မင်းက ချေးပြီး ပြန်ဆပ်တာလည်း မဟုတ်ဘူး"

"ငါက မင်းလုပ်ငန်းကိုင်ငန်း အဆင်ပြေအောင်ဆိုပြီး ပိုက်ဆံချေးနေရတာ။ ချေးချင်လို့ ချေးနေတာမဟုတ်ဘူး။ ညာဘက်က တစ်ဆုပ်ကြရင် ဘယ်ဘက်က ကွန်တိန်နာတစ်လုံးစာ ဝင်တယ်ဆိုတဲ့ စကားကြားဖူးတယ်မဟုတ်လား။ မင်းတစ်ဆုပ်စာလေး မကြံမိမှာစိုးလို့ ငါက ပိုက်ဆံချေးနေရတာ မှတ်ထား"

"ဟင်း မင်းကိုတောင် ကျေးဇူးပြန်တင်ရမလို ဖြစ်နေပြီ။ အခု ဘာကိစ္စလဲ"

"ဟိုတစ်ခါ မင်း စက္ကထရီတွေ ခေါ်တုံးက C.V form တွေရှိတယ် မဟုတ်လား"

ကျော်စိုးဝင်းက နည်းနည်းတော့ တွေသွားပါတယ်။ ဒီကောင် ဘာတွေကြံစည်နေပါလိမ့်။

"မင်းက အဲဒီ form တွေ ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး၊ လိပ်စာလေးတစ်ခုသိချင်လို့"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ရှုပ်ရှုပ်ယှက်ယှက်၊ မပြနိုင်ဘူး"

"သူငယ်ချင်းကလည်းကွာ၊ ကိစ္စလေးရှိလို့ပါ၊ မင်းကလည်း အချင်းချင်းကပ်နေပြန်ပါပြီ"

"ဘာကိစ္စဆိုတာ အရင်ပြော"

လွင်ကိုလတ်က ကျော်စိုးဝင်းကို ပတ်ဖို့ စဉ်းစားလိုက်ပါတယ်။

"ဟိုဒင်းကွာ၊ ငါ့အစ်မနဲ့ ဖုန်းဆက်တော့ မင်းစက္ကထရီခေါ်တဲ့ အကြောင်းပြောဖြစ်လိုက်တယ်။ အဲဒီမှာ မြူဝေရှင်းဆိုတဲ့ ကောင်မလေးအကြောင်းပြောမိရော။ အဲဒါနဲ့ သူတပည့်ဟောင်းလားမသိဘူး လိပ်စာစုံစမ်းပေးပါဆိုလို့"

ကျော်စိုးဝင်းက မျက်မှောင်ကြုတ်လိုက်ရင်း-

"မြူဝေရှင်း ဟုတ်လား၊ ဘယ်ကောင်မလေးလဲကွ။ မင်းက နာမည်တွေတောင် မှတ်မိလို့"

"ဟိုစကားမပြောတတ်တဲ့ ကောင်မလေး"

"အော်၊ အော်"

"အဲဒါလိပ်စာသိချင်လို့၊ ငါ့အစ်မကို ပြန်ပြောရအောင်လို့"

"ဒါဆိုရင် မင်းအစ်မကို ငါ့ဆီဖုန်းဆက်ခိုင်းလိုက်။ ငါမင်းအစ်မကို ပြောလိုက်မယ်"

"အန် ငါ့ကို ပြောတော့ ဘာဖြစ်မှာမို့လဲ"

"မင်းသိချင်တာ မဟုတ်ဘူးမလား၊ အလကားသက်သက်ခေါင်း အရှုပ်ခံလို့ကွာ၊ မင်းအစ်မကို ငါပြောလိုက်ပါ့မယ်။ စိတ်သာချနေ"

လွင်ကိုလတ်စိတ်ညစ်သွားပါတယ်။ ဒါ ဒီကောင် သက်သက်ညစ်တာ။ လွင်ကိုလတ်က မျက်နှာလေးကို ပြင်လိုက်ပြီး-

"တကယ်လို့ ငါက သိချင်တယ်ဆိုရင်ကော"

"ဒါလည်း မင်းအစ်မကို ဖုန်းဆက်ခိုင်းလိုက်ပေါ့ကွာ"

လွင်ကိုလတ်က ဒေါသထွက်သွားပါတယ်။

"ဟ ငါသိချင်တာကွ၊ ငါ့အစ်မနဲ့ မဆိုင်ဘူး"

ကျော်စိုးဝင်းက အေးအေးဆေးဆေးပြန်ပြောလိုက်ပါတယ်။





"မင်းအစ်မ နိုင်ငံခြားမသွားခင်တုံးက မင်းကို ဝိုင်းဝန်းထိန်းသိမ်းပေးဖို့ မှာသွားတယ်။ ဒါကြောင့်ပါကွာ။ စိတ်မရှိပါနဲ့"

ဟင် တတ်လည်း တတ်နိုင်ပါပေ့ ကျော်စိုးဝင်းရယ်။ လွင်ကိုလတ်ခမျာ မျက်နှာကြီး အောက်သိုးသိုးနဲ့။ ကျော်စိုးဝင်းက ပြုံးထေ့ထေ့နဲ့. .

"ကောင်မလေးက ဒုက္ခိတလေးပါကွာ။ မင်းက ဘာဒုက္ခပေးဦးမလို့လဲ"

"နေစမ်းပါဦး၊ ငါက ဘာလုပ်မယ်မှန်းမသိပဲနဲ့ မင်းက လျှောက်ပြောနေရတာလဲ"

"လွင်ကိုလတ်၊ လွင်ကိုလတ်။ ဒီအဆင်နဲ့ဒီအဆင် မင်းဘယ်နှစ်ပွင့်ဆိုတာ ငါသိတာပေါ့ကွာ။ ရမ်းဖျက်ကြီးနဲ့ ငါ့ကို ရှိုးချင်လို့ရမလားကွ"

"အော် မင်းက ဒီလိုလားရတယ်"

လွင်ကိုလတ်မျက်နှာက ဂျစ်တစ်တစ်ဖုံစံ ပြောင်းသွားပါတယ်။ ကျောင်းတုံးကတည်းက လူချင်းမနိုင်ရင် ဖက်ကိုက်လာတဲ့ကောင်။ သိကြသေးတာပေါ့၊ လွင်ကိုလတ်အကြောင်းကို။

"ဒါဆိုရင်လည်း ဟိုတစ်ခါတုံးက ကာရာအိုကေမှာ ဖြစ်ခဲ့တဲ့အကြောင်းတွေကို မင်းမိန်းမကို ပြောပြလိုက်ရုံပါပဲ။ ဟင်း ဟင်း"

ကျော်စိုးဝင်း တွန့်ကနဲဖြစ်သွားပါတယ်။ အင်း ဒီကောင်က တကယ်ပြောမယ့်ကောင်။ ဟုတ်တာရော မဟုတ်တာရော အကုန်လုံး သိမ်းကျုံးပြီး အပိုဆာဒါးခပ်များများနဲ့ လုံကြုတ်လုပ်တော့မှာ။ ရုပ်ကိုက နားရင်းဖြတ်ရိုက်ချင်စရာ။ ကျော်စိုးဝင်းကတော့ သူ့ရှေ့က အံဆွဲကို ဖွင့်ပြီး C.V form တွေ မပေးချင်ပေးချင်နဲ့ ထုတ်ပေးလိုက်ရပါတယ်။ တစ်ကိုးကင်း အဖြစ်ဆိုးခြင်းပါပဲကွယ်။

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com


ဒီနေ့အိပ်မက်ကောင်းတယ်။ သောကြာကြယ်က မြူဝေရှင်းရဲ့ ရင်ခွင်ထဲကြွေကျသတဲ့။ ရင်ခွင်ထဲအရောက် သောကြာကြယ်က ဝေဖာမုန့်လေးလို ကြွပ်ကြွပ်ရွရွလေးဖြစ်လို့။ ဒါနဲ့ အိပ်မက်ထဲမှာ မြူဝေရှင်းက သောကြာကြယ်ကို ဖဲ့စားလိုက်သေးတယ်။ "ဖွယ်တယ် ဖွယ်တယ်" နဲ့ စားလို့တော့ အရသာမရှိလှဘူး။ ဘာပဲပြောပြော သောကြာကြယ်ဆိုတာ အချစ်ရဲ့သင်္ကေတမဟုတ်လား။ သူ့ဘာသာသူ ဝေဖာပဲဖြစ်ဖြစ် မုန့်လေပွေပဲဖြစ်ဖြစ်။ ထူးထူးဆန်းဆန်း အိပ်မက်အဆုံးမှာ မြူဝေရှင်းရဲ့ရင်ထဲ လှိုင်းကြက်ခွပ်လေးဖြစ်ကျန်ခဲ့တယ်။ မဟုတ်မှလွဲရော ဒီနေ့ လွင်ကိုလတ်နဲ့ တွေ့ရမလားမသိဘူး။ ဟင့်အင်း မတွေ့ချင်ပါဘူး။ အင်း တွေ့လိုက်ရင် ကောင်းမယ်ထင်တယ်။

"မမ၊ နင်ဘာဖြစ်နေတာလဲ"

"အူး"

လန့်လိုက်တာ။ တစ်ယောက်တည်း ပြုံးလိုက်၊ မဲ့လိုက်၊ နှုတ်ခမ်းလေးကိုက်လိုက်၊ လက်အချင်းချင်းလိမ်လိုက်နဲ့ စိတ်အစိုးမရဖြစ်နေတဲ့ မြူဝေရှင်းကို ကြည့်ပြီး သူ့ညီမ ကြူဆွေလင်းက မျက်စိနောက်လာပုံပါပဲ။ တစ်ယောက်တည်း ဖြစ်ပျက်နေလိုက်တာ၊ ဘေးဘီတောင် ဂရုမစိုက်မိဘူး။ မြူဝေရှင်းက ရှက်ကိုးရှက်ကန်းနဲ့ သူ့ညီမကို လက်ခါပြလိုက်ပါတယ်။

"မဟုတ်ဘူးသာဆိုတယ်။ နင့်ကြည့်ရတာ တစ်စက်မှ ဂဏာမငြိမ်ဘူး။ ဧကန္တ နင်ရည်းစားရနေပြီနဲ့တူတယ်"

မြူဝေရှင်းက သူ့ညီမကို ခေါင်းခေါက်လိုက်တယ်။ ဒါပြောစရာလား ဟင်း။ သူ့ညီမက ခေါင်းလေးကိုပွတ်ပြီး-

"အား လား လား၊ နာလိုက်တာ မမြူရာ။ ဟုတ်နေပါပြီ၊ နှင်ရည်းစားရှိနေတာတော့"

မြူဝေရှင်းက ထပ်ခေါက်မလို့ လုပ်လိုက်တော့ ကြူဆွေလင်းက


www.burmeseclassic.com

www.burmeseclassic.com

လျှာထုတ်ပြပြီး အခန်းပြင်ပြေးထွက်သွားပါတယ်။ ဒီအပျိုမဒန်းမကြောင့် စောစောက ဖီလင်လေးတောင် ဘယ်ရောက်သွားလဲမသိဘူး။ တော်ပြီ၊ အိမ်ထဲမှာနေရင် ဟိုလူသိ၊ ဒီလူသိနဲ့။ အပြင်ထွက်တာကောင်းမယ်၊ မြူဝေရှင်းက အဝတ်အစားလဲပြီး အပြင်ထွက်မလို့ပြင်ဆင်လိုက်ပါတယ်။ ဧည့်ခန်းထဲကို အဖြတ်. . .

"ဟဲ့ မိမြူ သမီးဘယ်သွားမလို့လဲ၊ မနက်စာ စားသွားဦးလေ"

မြူဝေရှင်းက သူ့အမေကို မစားတော့ဘူးလို့ လက်ဟန်နဲ့ ပြပြီးထွက်ခဲ့တော့တယ်။ သူ့အဖေကြီးက သတင်းစာဖတ်နေရာက လှမ်းပြောလိုက်တယ်။

"သမီး မိမြူ ခဏဆိုရင် ဖေဖေလည်း ရုံးသွားတော့မှာပဲ။ ကားနဲ့တစ်ခါတည်း လိုက်ခဲ့ပါလား"

မြူဝေရှင်းက ခေါင်းခါပြပြီး လက်ကနာရီကို ထိုးပြပြီး အပြင်ကိုလက်ပြလိုက်ပါတယ်။ ချိန်းထားတာ နီးပြီပေါ့။ အပြင်ကို ထွက်သွားတဲ့ မြူဝေရှင်းရဲ့ ကျောပြင်ကို ကြည့်ပြီး မြူဝေရှင်းအဖေက သူ့မိန်းမကို လှမ်းပြောပါတယ်။

"မင်းသမီး ဒီရက်ပိုင်းအတွင်း တစ်မျိုးဖြစ်နေတယ် မထင်ဘူးလား"

"မမြူက ရည်းစားပူမိနေတာ အဖေကြီးရ"

ကြူဆွေလင်းက ဝင်ပြောလိုက်တာပါ။

"ဟင် မိကြူ၊ ညည်းကို ညည်းအစ်မက ပြောသလား"

မြူဝေရှင်းအမေကြီးက စိုးရိမ်တကြီး မေးလိုက်တယ်။

"မပြောပါဘူး၊ မေးကြည့်တော့ ခေါင်းခေါက်သွားတယ်"

မြူဝေရှင်းအဖေက ဖတ်လက်စ သတင်းစာကို ချလိုက်ပြီး-

"အေး၊ ငါအပြင်သွားဦးမယ်။ ရုံးကို တစ်ခါတည်း တန်းသွားမယ်။ ကားမယူသွားတော့ဘူး။ ရုံးရောက်မှ တစ်ယောက်ယောက် ယူခိုင်းလိုက်မယ်"

"ဟင် ဘယ်သွားမလို့လဲ၊ မနက်စာ စားသွားဦးလေ"





"မင်းသမီးကို လိုက်ကြည့်မလို့ကွ"

"ဟင်၊ ရှင့်ဟာက မဟုတ်သေးပါဘူး"

"ဟုတ် ဟုတ်၊ မဟုတ်ဟုတ်ကွာ"

အဲဒီအချိန်မှာတော့ မြူဝေရှင်းတစ်ယောက် သူတို့လမ်းထိပ်ရောက်နေပါပြီ။ ဟိုရှေ့က ဘယ်ကြည့်ညာကြည့်နဲ့ ကျီးကန်းအစာရှာသလိုမျိုး လျှောက်လာတာ လွင်ကိုလတ်ပဲ။ မြူဝေရှင်း ရင်ထဲဒိန်းကနဲဖြစ်သွားပါတယ်။ ကမန်းကတန်း တွေ့တဲ့စတိုးဆိုင်လေးထဲ စွပ်ကနဲဝင်လိုက်တယ်။ သေချာပါတယ်။ လွင်ကိုလတ် သူ့ဆီလာတယ်ဆိုတာ။

"ဟဲ့ မြူဝေရှင်း၊ ဘယ်သူ့ကို ပုန်းနေတာတုံး"

မြူဝေရှင်းက နှုတ်ခမ်းပေါ် လက်ညှိုးလေးထောင်ပြီး ဆိုင်ရှင်မိန်းမကြီးကို ပြုံးပြလိုက်ပါတယ်။ တစ်လမ်းတည်းနေကြတယ်ဆိုတော့ အချင်းချင်းသိပြီးသားတွေပါ။ အဲဒီအချိန်မှာ လွင်ကိုလတ်တစတိုးဆိုင်ရှေ့က ဖြတ်လျှောက်သွားတယ်။ စတိုးဆိုင်ကို စောင်းစောင်းကြီး ကြည့်သွားလို့ မြူဝေရှင်းခမျာ ကမန်းကတန်း ကောင်တာနောက်ဝင်ပုန်းလိုက်ရသေးတယ်။ လွင်ကိုလတ်က ဆက်လျှောက်လာရင်းတစ်ယောက်တည်း ပြုံးလိုက်ပါတယ်။

"ဘယ်ရမလဲ မြူဝေရှင်းရယ်။ မင်းပုန်းနေတာ မသိဘူးအောင့်မေ့လို့"

လွင်ကိုလတ်က မြူဝေရှင်း စတိုးဆိုင်ထဲ ဝင်သွားကတည်းကမြင်လိုက်တယ်။

ဒီကောင်မလေး သူ့ကိုတွေ့မှဝင်ပုန်းလိုက်တာ သိပါတယ်။

ဒါနဲ့ပဲ စတိုးဆိုင်ကို ကျော်လိုက်ပြီး မျက်စောင်းထိုးက ကွမ်းယာဆိုင်လေးဆီ ဝင်သွားပါတယ်။

"ညီလေး၊ ကွမ်းငါးဆယ်ဖိုး ဗမာဆေးနဲ့"

လွင်ကိုလတ်လည်း ကွမ်းစားလေ့တော့ မရှိပါဘူး။ ဒါပေမယ့်ကွမ်းယာဆိုင်ဝင်ရပ်မှတော့ တစ်ခုခု ဝယ်ရတော့မှာပေါ့။

"ညီလေး ပြီးရင် အစ်ကို့ကို တစ်ခုလောက် ကူညီစမ်းပါ"


www.burmeseclassic.com

www.burmeseclassic.com

ကွမ်းယာသည်လေးက ကွမ်းယာရင်းက မော့ကြည့်ပါတယ်။

"ဟိုဆိုင်ထဲမှာ ကောင်မလေးတစ်ယောက် ဝင်ပုန်းနေတယ်။ အစ်ကို့ကောင်မလေးပါ"

လွင်ကိုလတ်က ပိုပိုသာသာလေး ပြောလိုက်မိတယ်။ အမယ် ပြောလို့တော့ အကောင်းသား။ ကိုယ့်ကောင်မလေးတဲ့ ဟင်း ဟင်း။

"အဲဒါ အစ်ကို့ကို တမင်ပုန်းနေတာ။ သူ့ဆီကို စာတစ်စောင်လောက် သွားပေးပေးစမ်းပါ။ မုန့်ဖိုးပေးပါ့မယ်"

ကောင်လေးက လွင်ကိုလတ်ကို ကြည့်ပြီး စဉ်းစားနေပါတယ်။

"ရုပ်ကြည့်ရတာတော့ ကလိန်ကကျစ်ကျမယ့် ရုပ်မျိုး မဟုတ်ပါဘူး၊ ဒါပေမယ့် လူဆိုးဆိုတာ အမြီးပေါက်နေတာမှ မဟုတ်ပဲ"

ကောင်လေးက တွေးရင်းနဲ့ တစ်ဆက်တည်း ပြောလိုက်ပါတယ်။

"အစ်ကိုဘာသာ အစ်ကို သွားပေးပါလား။ တော်ကြာ ပြဿနာတက်ရင် ဗွန်တော်ပါ ဒီလမ်းထဲ ဈေးမရောင်းရပဲ နေဦးမယ်"

"ဘာမှ မဖြစ်စေရပါဘူးကွာ၊ အစ်ကို အာမခံပါတယ်။ လုပ်ပါညီလေးရာ၊ ကျေးဇူးမမေ့ပါဘူး"

"မဖြစ်ပါဘူး၊ အစ်ကိုရာ . . . ။ ဦးလေး ဒီနေ့ ကားမပါဘူးလား"

ကောင်လေးက ပြောင်းရင်း နောက်ကဝင်လာတဲ့ ဈေးဝယ်ကို လှမ်းပြောလိုက်ပါတယ်။

"အေး မပါဘူး၊ မြန်မြန်လုပ်ကွာ"

"ဟုတ်ကဲ့၊ ခဏလေးနော်"

ပြောရင်းဆိုရင်း လွင်ကိုလတ်ကို ကွမ်းယာထုပ်ကမ်းပေးလိုက်တယ်။ လွင်ကိုလတ်က တစ်ထောင်တန် တစ်ရွက်ထုတ်ပေးလိုက်ပြီး-

"ကဲ ညီလေး၊ ပြန်မအမ်းနဲ့တော့။ အစ်ကို့ကိုသာ စာလေးသွားပေးပေးစမ်းပါကွာ"

ကောင်လေးက တစ်ထောင်တန်ကို လိုချင်မျက်လုံးနဲ့ စိုက်ကြည့်နေပါတယ်။ ပြီးမှ-

"ကဲဗျာ ပြော၊ ဘယ်သူ့ကို ပေးပေးရမှာလဲ"





"စတိုးဆိုင်ထဲမှာ အကျႌအပြာနဲ့ ကျောပိုးအိတ်အနီနဲ့ ကောင်မလေး၊ နာမည်က မြူဝေရှင်းလို့ခေါ်တယ်"

"ဗျာ"

ကောင်လေးက ပြူးပြီးကြည့်တယ်။ လွင်ကိုလတ်က ဂရုမစိုက်အားပါဘူး။

"အစ်ကို့ကို စီးကရက်ဗူးခွံ တစ်ခုလောက် စာရေးချင်လို့"

ကောင်လေးက မျက်ခုံးတွန့်ပြတယ်၊ နှုတ်ခမ်းမဲ့ပြတယ်။ ဒီကောင်လေးနှယ် ချက်ချင်း ကြီး ဘယ်လိုဖြစ်သွားတာပါလိမ့်။ မဟုတ်မှလွဲရော၊ ဝက်ရူးပြန်ရောဂါ ရှိတယ်နဲ့တူတယ်။

"ဟေ့ကောင်၊ ပေးလိုက်လေကွာ။ ဒီမှာ တောင်းနေတဲ့ဟာကို"

လွင်ကိုလတ်ဘေးက ဦးလေးကြီးတာ ဝင်ပြောလိုက်တာပါ။

"ခင်ဗျာ၊ ဟုတ်ကဲ့"

ကောင်လေးက တွန့်ဆုတ်တွန့်ဆုတ်နဲ့၊ စီးကရက်ဗူးခွံပေးလိုက်ပါတယ်။ လွင်ကိုလတ်က လှမ်းယူလိုက်ရင်း ဘေးကလူကြီးကို ရယ်ပြလိုက်ပါတယ်။ ဟိုကတော့ ခပ်တည်တည်ရယ်။ လွင်ကိုလတ်က ဘောလ်ပင်ကို ထုတ်၊ စာရေးဖို့လုပ်တော့၊

"အဲဗျ၊ မင်ကုန်နေပြီ၊ ပြဿနာပဲ"

လွင်ကိုလတ်က ဘေးကလူကြီးကိုပဲ အကူအညီ တောင်းလိုက်ရပါတယ်။

"ဦးလေး ဘောလ်ပင်ခဏလောက် ငှားပါလား။ ဒီမှာမင်ကုန်သွားလို့"

လူကြီးက ခပ်တည်တည်နဲ့ ဘောလ်ပင်ထုတ်ပေးပါတယ်။

"ကျေးဇူးပါပဲဗျာ"

လွင်ကိုလတ်က စာချရေးလိုက်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



မြူလေး

အိမ်က ဘုရားစင်မှာ ပန်းလေးတွေညှိုးပြီး ခြောက်နေပြီ။ ဘုရားပန်းအိုးလာလဲပေးပါဦး။ အဲဒီကုသိုလ်ကို ညီမလေး အတွက် သီးသန့်ဖယ်ထားတယ်။ ပုန်းမနေနဲ့တော့ ကွမ်းယာဆိုင်က စောင့်နေတယ်။

လွင်ကိုလတ်

လွင်ကိုလတ်က ဘောလ်ပင်ပြန်ပေးပြီး ကောင်လေးကို စာထိုး ပေးလိုက်တယ်။

"ကဲ ညီလေး၊ သွားပေးပေးပါဦး။ တော်ကြာ ထွက်သွားမှာစိုးလို့ ဦးလေး ခဏနေ်ရတယ် မဟုတ်လား"

"ကျွန်တော် မပေးရဲဘူး"

"ဟာ မင်းကလည်း လုပ်ပါကွ၊ ငါ တာဝန်ယူပါတယ်။ ဘယ်သူမှ ဂရုစိုက်စရာမလိုပါဘူး"

ဘေးကလူကြီးဆီက အသံထွက်လာပါတယ်။

"ပေး၊ အဲဒီစာ ငါပေးလိုက်မယ်"

လွင်ကိုလတ်က သူ့ဘေးက လူကြီးကို အသေအချာ ကြည့်ပါ တယ်။ လူက စတစ်ကော်လံအဖြူနဲ့၊ တိုက်ပုံက ကာကီရောင်၊ ရခိုင်ပုဆိုး အနီရောင်နဲ့။ လူကလည်း ခန့်ခန့်ကြီး၊ အဆင့်အတန်းရှိတဲ့ ပုံပါပဲလေ။

"ဟာ ဦးလေး၊ အားနာစရာကြီး၊ ဟို"

"ရပါတယ်၊ ပေး"

လူကြီးက အသံပြတ်ကြီး။ အင်း ဒီလူကြီးက ဒါမျိုးတွေ ဝါသနာ ပါတယ်ထင်ရဲ့။ ခန့်ခန့်သန့်သန့် တည်တည်ကြီးနဲ့ ထင်တောင် မထင်ရ ဘူး။ လွင်ကိုလတ်လည်း အိပ်ထဲက တစ်ထောင်တန်တစ်ရွက် ထပ်ထုတ်ပြီး စာနဲ့ပိုက်ဆံကို လူကြီးဆီပေးလိုက်ပါတယ်။ အင်း ဒီနေ့ တော့ အကုန်အကျများတော့မှာပဲ။ လွယ်နေတာကို ခက်အောင် သွား လုပ်မိတာကိုး။

"ကျေးဇူးပါပဲ ဦးလေးရယ်၊ ဘယ်လိုမှ မအောင့်မေ့နဲ့နော်





ဦးလေးလက်ဖက်ရည်သောက်ရအောင်လို့၊ ဟဲ ဟဲ"

လူကြီးက ပိုက်ဆံရော၊ စာရွက်ကိုပါ တိုက်ပုံထဲထိုးထည့်ထားပြီး ကွမ်းယာသည်ကောင်လေးကို လှမ်းမေးလိုက်တယ်။

"ဟေ့ ရပြီလား"

"ဟုတ်ကဲ့ ဒီမှာ"

"အေး၊ ငါ့ကွမ်းဖိုးကို ဒီလူပေးထားတဲ့ ပိုက်ဆံနဲ့ ပေါင်းယူလိုက်"

"ဟုတ် ဟုတ်ကဲ့"

အဲဗျာ၊ ပေါ်တင်ကြီးပါလား။ ကွမ်းယာသည်လေးလည်း ဒီလူကြီးကို ကြောက်ရပုံပါပဲ။ မဟုတ်မှလွဲရော။ ဒီလူကြီးက တိုမီများ ကားထဲကလို ရုပ်ကွက်ထဲမှာ လူကြီးလူကောင်း ဂိုဏ်းစတားကြီးလား မသိဘူး။ ဟိုလူကြီးကတော့ ဘယ်သူ့ကိုမှ မကြည့်ဘဲ စတိုးဆိုင်ထဲ ဝင်သွားပါတယ်။ လွင်ကိုလတ်က ကွမ်းယာသည်လေးကို စကားစ လိုက်ပါတယ်။

"ဒီလူကြီးက ဘာလဲကွ၊ ဒီရပ်ကွက်ထဲက လူမိုက်ကြီးလား"

"ဘယ်ကလာ အစ်ကိုကြီးရာ၊ အဲဒါ အစ်ကိုစာပေးခိုင်းတဲ့ မြူဝေရှင်းဆိုတဲ့ ကောင်မလေးရဲ့ အဖေဦးကျော်သန်းမိုး ဆိုတာပေါ့ဗျ။ ကျွန်တော်ဒီလောက် မျက်ရိပ်ပြနေတာကို ခင်ဗျားကလည်း ဝေးပါ"

"ဟိုက်"

လွင်ကိုလတ်က အလန့်တကြားနဲ့ စတိုးဆိုင်ဖက်ကြည့်လိုက် တော့ ဦးကျော်သန်းမိုးက သူ့သမီးကို ပခုံးဖက်ပြီး ဆိုင်ထဲကနေ ထွက်သွားတာ တွေ့လိုက်ရပါတယ်။ မြူဝေရှင်းက ကွမ်းယာဆိုင်ကို မသိမသာခိုးကြည့်လို့။ သူလေးခမျာလည်း မျဉ်းကြားက မကူးမိလို့ ယာဉ်ထိန်းရဲ့ အဖမ်းခံရတဲ့ မျက်နှာမျိုးလေးနဲ့ ပါသွားရှာလေရဲ့။ အင်း ညံ့ချက်က ဟိုဘက်ကမ်းတောင် လွန်ပါလား။ လွန်ကိုလတ်ရယ်၊ အဲ လွင်ကိုလတ်ရယ်။ ယောက္ခမလောင်းကြီးကိုမှ ဂိုဏ်းစတားဆိုင်ရ တယ်လို့။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ အငယ်မ၊ မိကြူ ဝရန်တာကို လာစမ်း"

"ဘာတုံး အမေရ၊ ဒီမှာ အခွေကြည့်နေတာကို"

"အမေက လာဆိုလာပေါ့၊ တကတည်း"

ကြူဆွေလင်းက ဆောင့်ကြီးအောင့်ကြီးနဲ့ ဝရန်တာထွက်လာပါတယ်။

"ဘာတုံး အမေရ"

"ဟိုမှာ ဇာဒ်ပင်အောက်မှာ လူတွေ့လား"

"အင်း တွေ့တယ်၊ ဘာလဲ အဲဒါလွင်ကိုလတ်လား၊ အမယ်ရုပ်က မဆိုးပါဘူး၊ လတ်ပြင်က နည်းနည်းကုန်းတယ်"

"အေး ငါလည်း အဲဒါလွင်ကိုလတ်ထင်လို့"

တုတ်ပါတယ်။ သူတို့တွေးထားတဲ့အတိုင်း အဲဒါလွင်ကိုလတ်ပါပဲ။ 'အချက်မသိတော့ သမက်သူခိုးထင်'ဆိုတဲ့ စကားရှိပါတယ်။ ဒါပေမယ့် မြူဝေရှင်းအမေကတော့ လွင်ကိုလတ်ကို လွင်ကိုလတ်လို့ပဲ တည့်တည့်ထင်တာပါ။ အချက်သိတယ် ဆိုရမှာပေါ့။ သူတို့ သားအမိက ဦးတော့်သန်းမိုးကို ပေးလိုက်တဲ့စာ အကြောင်း သိပြီးသွားပါပြီ။ လွင်ကိုလတ်တစ်ယောက် မြူဝေရှင်းတို့ အိမ်ရှေ့မှာ ယောင်လည်လည် လုပ်နေတာ နှစ်ရက်ရှိပါပြီ။ ဟိုနေ့က သူ့သမီးကို ပေးရမယ့်စာကို သူ့အဖေလက် ထည့်မိပြီးကတည်းက မြူဝေရှင်းလေးကို မတွေ့ရတော့ပါဘူး။ ဘယ်တွေ့ရမှာလဲ၊ သူကလေးက အိမ်ထဲအောင်းနေတာကို။ စိတ်ထဲက လည်း မကျေမနပ်နဲ့။

"ဟင်း ပုန်းနေတာသိရင်လည်း၊ ကိုယ့်ဘာသာ ဝင်ခေါ်တာ မဟုတ်ဘူး၊ သက်သက်မဲ့ လူကြီးတွေလည်းသိ၊ ကွမ်းယာဆိုင်က ကောင်လည်းသိ၊ အိမ်က အရိပ်တကြည့်ကြည့်နဲ့၊ ဟင်း"





မြူဝေရှင်းအိမ်က မြူဝေရှင်းကို ဆူတော့မဆူပါဘူး၊ ပြီးတော့ ဘာမှလည်း မမေးကြဘူး၊ ကြိုးရှည်ရှည်ပဲ လွှန်ထားသလိုလို ဥပေက္ခာပဲ ပြုထားသလိုလိုနဲ့ တစ်မျိုးကြီးပဲ။ ဘယ်လိုအိုင်ဒီယာမှန်းကို မသိရဘူး။ သူ့မှာသာ နေရခက်၊ ထိုင်ရခက်၊ စားရခက်နဲ့ အို အိပ်နေတာပဲ ကောင်းမယ်။

"အင်း ဝရံတာပေါ်ကနေ ချက်ခ်လုပ်နေတာ မြူဝေရှင်းအမေနဲ့ ညီမထင်ရဲ့။ မြူဝေရှင်းကို မတွေ့ရဘူး၊ ရုပ်ရှင်တွေထဲကလို တစ်ခြား များပို့လိုက်ပြီလား မသိဘူး။ ကွမ်းယာဆိုင်က ကောင်ကလည်း အပြင် ထွက်တာ မတွေ့ဘူးလို့ ပြောတယ်"

လွင်ကိုလတ်က တွေးရင်းနဲ့ ဝရံတာဆီမော့ကြည့်ပါတယ်။ ဟို သားအမိနှစ်ယောက်ကလည်း ကြည့်နေတာနဲ့ တိုးနေလို့ သုံးယောက် သားကမန်းကတန်း မျက်လုံးလွှဲလိုက်ရသေးတယ်။ နင့်ကို ငါမသိ၊ ငါ့ကိုနင်မသိပေါ့။

"ဒါနဲ့ နင့်အစ်မ ဘာလုပ်နေတုံး"

မြူဝေရှင်းအမေက သူ့သမီးကို မေးလိုက်တာပါ။

"မနက်စာစားပြီးကတည်းက အိပ်ခန်းထဲဝင်သွားတာပဲ။ ညည်းဆိုလည်း ဟိုလိုမှ်ဒီလိုမှ်နဲ့ တော်တော်နဲ့ မအိပ်ဘူး။ အော် ဒါနဲ့ အမေ. . ."

"ဘာတုံး"

"အချစ်ဆိုတာ အဲဒီလိုမျိုးကြီးလားဟင်"

"တယ် ဒီကောင်မလေး၊ ဒါ အမေကို မေးစရာစကားလား"

အဘွားကြီးက သူ့သမီးကို ခေါင်းခေါက်လိုက်ပါတယ်။ ကောင်မလေးက သူ့ခေါင်းသူပွတ်ရင်း-

"ဒါဆို အဖေ့ကို မေးရမှာလား"

"မိကြူ နင်ပြောသေ ကဲလေပါလား"

"သမီးက သိချင်လို့ ဥစ္စာကို"

"ကဲ ဟယ်"



www.burmeseclassic.com

www.burmeseclassic.com

သူ့အမေက ပေါင်တွင်းကြောလိမ်ဆွဲလိုက်ပါတယ်။ စကော စကောက္ခာတားပန်းပွပွကြီး ဝတ်ထားတော့ အသားကို ဒါရိုက်လိမ်ဆွဲမိပါတယ်။

"နာလိုက်တာ အမေရာ၊ မပြောလည်းနေပေါ့၊ ဟိုလူကြီးပဲ သွားမေးကြည့်တော့မယ်"

တောင်မလေးက ပြောပြောဆိုဆို ပြေးထွက်သွားပါတယ်။

"တဲ့ အော်၊ ဒီမြီးကောင်ပေါက်မက တစ်မျိုး"

မြူဝေရှင်းတို့အမေက သမီးတွေ မွေးထားပေမယ့် ချုပ်ချုပ်ချယ်ချယ်ထဲကတော့ မဟုတ်ပါဘူး။ ဒီနှစ်ဆယ်တစ်ရာစုမှာ ဗိုင်းကောင်းတွေဘာတ်ဖိဖြစ်အောင်လည်း ထားလို့မှ မရတော့တာ။ ဗိုင်းလည်း မငင်ရတော့ တျောက်လည်း မဖိရတော့ဘူးပေါ့။ အဲဒါတွေက ဆယ့်ကိုးရာစုထဲ ကျန်ရစ်ခဲ့ပြီလေ၊ ဒါပေမယ့် မြူဝေရှင်းလေးက အားနည်းချက်လေးနဲ့မတုတ်လား၊ အခွင့်ကောင်းယူမယ့် ယောကျ်ားမျိုးနဲ့ တွေ့မှာ စိုးရိမ်ရတာပေါ့၊ မြူဝေရှင်းအမေလည်း အခုချိန်ထိ အိမ်ရှေ့မှာ ယောင်လည်လည်လုပ်နေတဲ့ လွင်ကိုလတ်ကို တစ်ချက်ကြည့်ပြီး အိမ်ထဲပြန်ဝင်ခဲ့ပါတယ်။

"ဟို့ ဦးလွင်ကိုလတ်၊ ဘာလုပ်နေလဲ"

အဲ ဗျ ခုနက ဝရံတာပေါ်မှာ တွတ်ထိုးနေတဲ့ကောင်မလေး၊ ခယ်မလောင်းလေးပေါ့။ ဒီကောင်မလေးက ဆယ့်ငါးဆယ့်ခြောက်စတောစတ ဇိမ်းဇတ်ဇတ် အရွယ်လေးပါ။ အသွက်ကလေး ထင်ရဲ့။

"အင်း ဘာမှ မလုပ်ပါဘူး။ ဗာဒန်ပင်လာကြည့်တာ၊ အဟင်း"

လွင်ကိုလတ်က သူ့နောက်မှာရှိတဲ့ ဗာဒန်ပင်ကို လက်ညှိုးထိုးပြလိုက်ပါတယ်၊ သူ့ခမျာ ပြောမိပြောရာ ပြောမိတာပါ။ အခုလို ပေါ်တင်ကြီးလာလိမ့်မယ်လို့ မထင်မိဘူးလေ။ အခုတော့ နာမည်ကြီး ပြောင်ခေါ်ပြီး နှုတ်ဆက်လို့။ ဧကန္တ မြူဝေရှင်းက ဘာတွေများ ပြောထားပါလိမ့်။

"လာ လိုက်ခဲ့"





ကောင်မလေးရဲ့ စကားသံအဆုံးမှာ လွင်ကိုလတ်လည်း မြူဝေရှင်းတို့ အိမ်ဖက် ခြေလှမ်းလိုက်ရပါတယ်။ ယောက္ခမကြီးကတီးချင်ခေါက်ချင်လို့ ခေါ်ခိုင်းလိုက်တယ်ထင်ပဲ့။ မေးမြန်းစူးစမ်းပေါ့။

"အဲဒါက ဘယ်ကိုတုံး"

ကောင်မလေးရဲ့ အသံက ခပ်စူးစူး ထွက်လာပါတယ်။

"အိမ်ကိုသွားမလို့လေ၊ အန်တီက ခေါ်ခိုင်းလိုက်တာ မဟုတ်ဘူးလား"

ကောင်မလေးက လွင်ကိုလတ်ကို အတင်းဆွဲလို့ လမ်းထိပ်ဖက် ခေါ်သွားပါတယ်။

"ဘယ်ကလာ၊ မုန့်သွားစားမလို့ ခေါ်တာ၊ အစ်မကို လာရှုတ်နေတဲ့ လူဆိုက ဒီလောက်တော့ ရိတ်ဖို့ အခွင့်အရေးရှိရမှာပေါ့"

သေရော။ ဒီကောင်မလေးက သူ့အဖေဦးတော်သန်းမိုး သွေးတစ်ရာရာခိုင်နှုန်းပါတာ သေချာပြီ၊ သူ့အဖေလည်း ဟိုနေ့တကွမ်းယာဖိုး ဗိုလ်ကျသွားသေးတယ်၊ ဘာပဲပြောပြော ဒီကောင်မလေးကမှ မုန့်ကျွေးပြီး မြူဝေရှင်းအကြောင်း မေးလို့ရဦးမယ်၊ သူ့အဖေကြီး သွားမေးရင် နားရင်းအုပ်ခံရမှာ၊

"မြူဝေရှင်း ဘာလုပ်နေလဲ"

"အိပ်နေတယ်"

မနက် ၁၁နာရီလောက်ကို အိပ်တုံးဆိုတော့၊ အင်း သူနဲ့များညားရင် ထမင်းတောင် နှပ်မှန်အောင် စားရပ့်မလား။ နေများ မကောင်းလို့လား။

"သူနေကောင်းရဲ့လားဟင်"

"အလတ်ကြီးရှိသေးတယ်။ မစိုးရိမ်ပါနဲ့"

ဟင်း ဖြေပုံက။ အစ်မကိုအတော်ကြွင်နာပုံပဲ။

"ဒါနဲ့ ညီမလေးနာမည် ဘယ်လိုခေါ်လဲဟင်"

"အပူတွေကင်းတဲ့ ကြူဆွေလင်းဆိုတာ အီစကိုပဲ ဟင်းဟင်း"

ဖြေပုံက ကာရန်နဘေလေးနဲ့။ အပူတွေကင်း၊ ကြူဆွေလင်း၊



www.burmeseclassic.com

www.burmeseclassic.com

မြူဝေရှင်း၊ ဆက်ရရင် ဘူဘွေဘင်းတွေ လာတော့မှာပဲ။ ဒီလိုနဲ့ သူတို့နှစ်ယောက် တစ်လမ်းကျော်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်ကိုရောက်သွားကြပါတယ်။ အဲဒီဆိုင်က လက်ဖက်ရည်ရော စားစရာရော တွဲရောင်းတဲ့ဆိုင်ပါ။ cafe လို့ ခေါ်ရမှာထင်ရဲ့။ ကြူဆွေလင်းက သူ့ထက်နည်းနည်းလောက် ကြီးမယ့် စားပွဲထိုးလေးကို. . .

"ဟဲ့၊ မုန့်တွေ အကုန်ချ၊ စားချင်တာ စားမယ်၊ ပြီးရင် စတော်ဘယ်ရီမစ်ရှိတ် တစ်ခွက်ပါ အသင့်လုပ်ထား။ ငါလက်ဖျောက်တီးလိုက်တာနဲ့ ရောက်လာပါစေ၊ ကြားတယ်နော်"

အမယ်မင်း ဒီဟာမလေးက ဒီဆိုင်ကို ဘယ်လောက်ထိ ဗိုလ်ကျထားလဲ မသိဘူး။

"အစ်ကိုကြီးရော ဘာသောက်မလဲ"

စားပွဲထိုးလေးက မေးတာပါ။ ကြူဆွေလင်းက သူမှာချင်တာမှာပြီး လှည့်မေးဖော်လေးတောင် မရဘူး။ အဲဒီလောက်ထိ ညှော်ဝတ်တေးတာ၊

"အေး လက်ဖက်ရည်ပေါ့ကွ"

ကြူဆွေလင်းက ပထမဦးဆုံး ရောက်လာတဲ့ ကော်ပြန့်ပန်းကန်ထဲက အကြီးဆုံး ကော်ပြန့်လိပ်ကို ရွေးပြီးစားရင်း-

"မမနဲ့ တွေ့တာကြာပြီလား"

"သိပ်မကြာသေးပါဘူး"

အင်တာဗျူးက စလာပါပြီ။ လွင်ကိုလတ်က သတိထားဖြေပါတယ်၊ ဖြေသာဖြေရတာ အောင့်သီးအောင့်သက်ရယ်။ မေးတဲ့လူက မလောက်လေး မလောက်စားနဲ့။

"ဦးလွင်ကိုလတ်အိမ်ကို မမရောက်ဖူးလား"

လေသံက အပေါ်စီးကပါ။ ဒါပေမယ့် လွင်ကိုလတ်က သူ့စိတ်သူလျှော့ထားပါတယ်။ လျှော့ထားတာမှ မြေကြီးအောက် မိလ္လာတစ်ကျင်းစာလောက်ကို လျှော့ထားတာပါ။ ကြည့်ရတာ ဒီကောင်မလေးလည်း ဦးကျော်သန်းမိုးလက်ထဲ ရောက်သွားတဲ့ စာအကြောင်း သိပြီး





ပြီထင်ရဲ့။ အေးလေ သိပြီးလို့လဲ သူ့နာမည် ဒါရိုက်ကြီး ခေါ်နေတာပေါ့။

"အင်း ရောက်ဖူးတယ် ဆိုပါတော့"

"ဘာလာလုပ်တာလဲ"

ဒီတစ်ခါတော့ လွင်ကိုလတ်က ခပ်တင်းတင်းဖြေလိုက်ပါတယ်။

"တစ်ခေါက်က လာအိပ်တာ၊ တစ်ခေါက်က ဘုရားပန်းလာလဲပေးတာ"

"အို"

ကောင်မလေးက စားလက်စ ကော်ပြန့်နင်သွားပုံပါပဲ။ လွင်ကိုလတ်က နည်းနည်း ခိုးပြုံးလိုက်ပါတယ်။ ဦးကုလားရာဇဝင်ထဲက လေနဲ့ ပြောရရင် ရယ်ခိုးလိုက်လေသည်ပေါ့။ ကောင်မလေးက သူတို့နှစ်ယောက် အခြေအနေကို ပိုတွက်မိပါပြီ။ ဒီလိုဖြစ်အောင်လည်း လွင်ကိုလတ်က တမင်ပြောလိုက်တာပါ။ ညာတာမှမဟုတ်ပဲဟာ။ ကြူဆွေလင်းကတော့ သူ့ရဲ့မဖြစ်ညစ်ကျယ် အသိဉာဏ်လေးနဲ့ တသိတစ်တန်းကြီး လျှောက်စဉ်းစားသွားပါတယ်။ သူ့အစ်မက တမှိုင်မှိုင်တတွေတွေ တခွေခွေနဲ့ဆိုတော့။ ဘုရား ဘုရား၊ ဟုတ်နေပြီ ထင်ပါရဲ့၊

"တောက်"

လူ့အရင် ဒေါသက ထွက်သွားတယ်။

"ရှင် ရှင်၊ လူယုတ်မာ၊ ရှင်အခု ဘယ်လိုတာဝန်ယူမှာလဲပြောရုတ် ရုတ် မလုပ်နဲ့၊ ရှင့်ကိုတိုင်မယ်"

ကောင်မလေးက တစ်သီတစ်တန်းကြီး လျှောက်ပြောနေပါတယ်။ လွင်ကိုလတ်က ပြုံးလိုက်ပြီး-

"ဒေါသလည်း သိပ်ကြီးမနေနဲ့ဦး၊ အခုပြဿနာက မြူဝေရှင်းတရှောင်နေတာ၊ တို့မှာသာ ယောကျ်ားလေးတန်မဲ့ ဒူးနဲ့ မျက်ရည်သုတ်နေရတာ"

ကောင်မလေး တွေကနဲ ဖြစ်သွားပြီးမှ-

"အို၊ ဘယ်သူမှားမှားမှန်မှန် ရှင့်ကို တိုင်ကိုတိုင်ရမယ်"


www.burmeseclassic.com

www.burmeseclassic.com

စွဲချက်က တစ်ခုပြီးတစ်ခု တင်ပြန်ပါပြီ။ ဟိုဘဝက တရားရုံးမှာ ဆွဲချလုပ်ဖူးတယ်ထင်ရဲ့။ တိုင်မယ်ဆိုတာချည်းပဲ။

"တိုင်ချင်လည်း တိုင်ပေါ့။ အခုအရေးကြီးတာက မြူဝေရှင်းနဲ့ တွေ့ရဖို့ ဖြစ်မယ်၊ အဲဒါ ကူညီပေးပါဦး"

တောင်မလေးက နည်းနည်းစဉ်းစားသွားပါတယ်။

"ရှင်၊ ကျွန်မ အစ်မကို အပျော်ကြံတာ မဟုတ်ပါဘူးနော်"

"တို့ကြီးက အတည်ပါ"

"ဒါဆိုရင် မမက တမှိုင်မှိုင် တတွေတွေ ဘာကြောင့်ဖြစ်နေရတာလဲ"

"ဝမ်းချုပ်နေလို့ဖြစ်မှာပေါ့"

"ဒါနောက်တစ်ရာ မဟုတ်ဘူး၊ ရှင့်ဘက်က အခြေအနေကို ဖြတ်ဖြတ်သားသား သိထားမှဖြစ်မယ်"

အမယ်လာပြန်သေး၊ ဒီကလေးမဟုတ် လူကြီးမဟုတ်က။

"ရှင် မမတို့ တကယ်ချစ်တာပါနော်"

"အော် ချစ်တာမှ သိပ်ချစ်၊ အရမ်းချစ်၊ နေလို့ ထိုင်လို့မရအောင်ကို ချစ်"

လွင်ကိုလတ်က နောက်တီးနောက်တောက်လေး ဖြေနေပါတယ်၊

တောင်မလေးက ဒေါသတွေဖြစ်ပြီး တရှူးရှူးနဲ့။

"ရှင် မမကို တကယ်လက်ထပ်မှာပါနော်"

"အဲ"

လွင်ကိုလတ်က နည်းနည်းဆုတ်ဆုတ်ဆိုင်းဆိုင်းဖြစ်သွားတယ်။ ပြောရင်းဆိုရင်းနဲ့ လက်ထပ်မယ့် ကိစ္စရောက်သွားပြီ။ သူ့မှာက အခုထိ အဖြေမရသေးဘူး။

"ဒါက ဒီလိုရှိတယ်။ တို့မြူဝေရှင်းဆီက အဖြေအခုထိ မရသေးဘူး။ လက်ထပ်ဖို့ဆိုတာက. . ."

"ဘာ" "ဒုန်း"





ဘာ"က တောင်မလေးပါးစပ်က ထွက်လာတာ။ ဒုန်းကတော့ စားပွဲကို လက်သီးနဲ့ ထုလိုက်တာပါ။

"ဘုရား၊ ဘုရား၊ သူ့အစ်မကဲ ဘာတွေများ ဘယ်လိုဖြစ်သွားပါလိမ့်။ အဖြေမပေးရသေးပဲ၊ အဆင့်တွေ ကျော်ကုန်ပြီဆိုတော့။ သူကိုယ်သူများ ဟောလီးဝုဒ်က မင်းသမီးများ အောင့်မေ့နေသလားမပြောတတ်ဘူး"

ကြူဆွေလင်းက သူ့ဘာသာသူ တွေးမိတာပါ။ လွင်ကိုလတ်က ကြူဆွေလင်းဖြစ်ပျက်သွားပုံကို ကြည့်ပြီး-

"ဖြည်းဖြည်းလုပ်ပါ၊ လူများတွေ ကြည့်တုန်ပြီ"

အဲဒီအချိန်မှာ စားပွဲထိုးလေးက စတော်ဘယ်ရီ မစ်ရှိတ်ကို လာချပါတယ်။

"နင့်ကို ဘယ်သူက မှာလို့လဲ"

ကောင်မလေးက စားပွဲထိုးလေးဖတ် လှည့်ဟောက်ပါတယ်၊

"အစ်မလေးပဲ ငါအချက်ပေးတာနဲ့ ရောက်လာပါစေဆို"

"တယ်လေ၊ ဒါအချက်ပေးတာ မဟုတ်ဘူးဟဲ့၊ ငါဒေါသထွက်လို့ ခုံထုတာ အခုပြန်ယူသွား"

စားပွဲထိုးလေးက ခေါင်းကုတ်ပြီး စတော်ဘယ်ရီခွက်ကို ပြန်ယူပြီး လှည့်ထွက်သွားပါတယ်။

"ဟဲ့ ပြန်ယူခဲ့"

"ဟာ အမျိုးမျိုးပဲ"

"မရှည်နဲ့၊ ငါ့ရင်တွေပူနေလို့၊ ငါ့ဒေါသတွေ နင့်အပေါ် ကျမလာခင် မြန်မြန်ထွက်သွား"

ကောင်မလေးက စတော်ဘယ်ရီခွက်ကို ခွက်တစ်ဝက်တိုင်အောင် ဒါရိုက်မော့ချလိုက်ပြီး ဆောင့်ချလိုက်ပါတယ်။

"ဒုန်း"

စားပွဲထိုးလေးက ဘာများ အချက်ပေးပြန်ပြီလည်းလို့ လှည့်ကြည့်ပါတယ်။ လွင်ကိုလတ်ကတော့ ဘွဲ့ရှေ့မှာ ဒေါသဖြွလေးရယ်။


www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို ကြည့်ပြီး စဉ်းစားနေမိပါတယ်။

"လွင်ကိုလတ်၊ မင်းမြူဝေရှင်းကို ယူရင်တော့ ဒီလို စွာတာတာ ခံသ်မတော့ အဆစ်ရတော့မှာပဲ၊ စဉ်းစား စဉ်းစား"

ကြူဆွေလင်းက လွင်ကိုလတ်ကို တည့်တည့်ကြည့်ပြီး

"ခုနက ရှင်နဲ့ပြောတာ ဘယ်ရောက်သွားပြီလဲ"

အော် သူဒေါသထွက်တာကိုပဲ အခြားသူက မှတ်တမ်းလိုက်တင်ထားရမလိုဖြစ်နေပြီ။

"တချုပ်နဲ့ ပြောတာ 'ဘာ' အထိ ရောက်သွားပြီ"

"ဘာ"

ကောင်မလေးက ထပ်ပြီး ဘာ ရပြန်ပါတယ်။

"အဲဒီ ဘာ ရဲ့ရှေ့က ဘာတုံး"

ငယ်ငယ်ရွယ်ရွယ်နဲ့ အတော့်ကို မေ့တတ်ပုံပါပဲ။

"အဲ သိပြီ၊ နေစမ်းပါဦး၊ ရှင်နဲ့မမက သမီးရည်းစားမဟုတ်ဘာမဟုတ်ပဲနဲ့ ဘယ်တာဘယ်လို ဘာတွေဖြစ်ပြီး ရှင့်အိမ်ကို လိုက်အိပ်တဲ့ အထိဖြစ်ရတာလဲ"

ကောင်မလေးရဲ့ မေးခွန်းက အတော့်ကို ပေါ်တင်ကျပါတယ်။ သူတော့ မပြောတတ်ဘူး။ လွင်ကိုလတ်တောင် ရှက်ဝဲဝဲလေးဖြစ်သွားတယ်။ ဒီထက်ဆိုးမလာခင် အမြန်ရှင်းမှဖြစ်တော့မယ်။

"ထင်တာတွေ စွတ်စက်ပြောမနေနဲ့ဦး၊ အဖြစ်အပျက်ကို ရေရေလည်လည် နားထောင်ဦးမှပေါ့။ အဖြစ်အပျက်က ဒီလို။ လျှပ်စီးတွေလက်၊ မိုးကြိုးတွေပစ်၊ မိုးတွေ သည်းသည်းမည်းမည်းရွာတဲ့ညတစ်ည၊ အဲ နေ့တစ်နေ့မှာပေါ့"

လွင်ကိုလတ်က ဖြစ်သမျှ အကြောင်းမြေလှန်ရပါတော့တယ်။ မြေလှန်ရင်တော့ ကျွတ်ကျွတ်အိတ်အစုတ်တွေ၊ ဗူးခွံစုတ်တွေ၊ အကျိုးအပဲ့တွေ အစုတ်အပြတ်တွေပေါ်တော့မှာပဲ။ လွင်ကိုလတ်ပြောသမျှကို ကြူဆွေလင်းက လျှို့ဝှက်သည်းဖို့ ဝတ္ထုဖတ်နေရတဲ့ "ဘာ" ရဲ့လုံးအပြူးသား၊ ပါးစပ်အဟောင်းသားနဲ့ပေါ့။





"ဇာတ်လမ်းကတော့ ဒါပဲ ချာတိတ်ရေး အဲဒါတို့ကို ကူညီပါဦး"

ကောင်မလေးက အခုမှ နည်းနည်းရှက်သွားပါတယ်။ သူကလည်း ဘာမသိညာမသိနဲ့ လောကြီးမိတာကိုး။ တော်ပါသေးရဲ့။ သူ့အစ်မက သူထင်သလို မဟုတ်လို့။ ကြူဆွေလင်းက သက်ပြင်းလေးကိုချရင်း-

"ဟုတ်ပါပြီ၊ မြူဝေရှင်းနဲ့ တွေ့ရအောင် လုပ်ပေးစမ်းပါဦး"

ကောင်မလေးရဲ့ မျက်နှာက တစ်ချိန်လုံးသရေကျနေရာက အချိန်ပိုမှာ နှစ်ဂိုးဆက်တိုက် သွင်းပြီး အနိုင်ရသွားတဲ့ ဘောလုံးအသင်းနည်းပြလို အပေါ်စီးက ပြုံးရင်း-

"ဒါက ရှင်တို့အပိုင်းလေ၊ ကျွန်မက လူများကိစ္စဝင်မပါတတ်ဘူး"

တောက် ဒါသက်သက်လူလည်ကျတာပါ။ ဝင်ပါချင်တုံးတလည်းသူ့အပြင်မရှိဘူး။ ဒေါသထွက်ရတာနဲ့၊ ခုံထုရတာနဲ့၊ တောက်ခေါက်ရတာနဲ့။ မိန်းမများ တောင်းကိုမတောင်းဘူး။ သူတို့ အပေါ်စီးတဖြစ်သွားတာနဲ့ လုပ်လာတဲ့အချိုးက။ လွင်ကိုလတ်မှာတော့ အခုမှခုံထုရမယ့် ကိန်းဆိုက်သွားပါဘယ်။ ကောင်မလေးက လက်ကျန်စတော်ဘယ်ရီကို အပြီးအသတ်ရှင်းလိုက်ပြီး-

"ဟုတ်ပြီလေ၊ မနက်ဖြန်ဆယ်နာရီလောက် ရှင်လမ်းထိပ်ကစောင့်၊ မမကို လွှတ်လိုက်မယ်။ ကဲ အခုပြန်တော့မယ်"

ဟူး တော်ပါသေးရဲ့။ စိတ်ကောင်းလေးဝင်သွားလို့။ ဒီကောင်မလေးက အိမ်မှာ ဆရာမကြီးထင်ရဲ့။ ကောင်မလေးက လှည့်အထွက်မှာ တစ်ခွန်းတော့ ကစ်သွားသေးတယ်။

"ဒီလိုလုပ်လို့ အိမ်က သဘောတူတယ် မထင်နဲ့။ ကျွန်မက တစ်ခုခု ပြတ်ပြတ်သားသားဖြစ်အောင်လို့ လုပ်လိုက်တာ။ ကြူဆွေလင်း တစ်ချက်လက်ဖျောက်တီးတာနဲ့ ခုနှစ်ပတ်လောက် ကျွမ်းပစ်သွားမယ်ဆိုတာ သဘောပေါက်"

အော် . . . ကြောက်နေရပါလား ကျေးဇူးရှင်လေးရယ်။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com


"သမီးကြီး မိမြ၊ အမေထမင်းမစားချင်လို့ ကြေးအိုး သွားဝယ်ပေးပါဦး"

မြဝေရှင်းက သူ့ကိုပြောလာတဲ့ သူ့အမေကို လက်ဟန်ခြေဟန်နဲ့ သူ့ညီမကို ဝယ်ခိုင်းလိုက်ပါတယ်။

"ဟာ မမကလဲ၊ ညီမလေး စာလုပ်စရာရှိသေးတယ်၊ မမပဲ - ဝယ်ပေးလိုက်ပါနော်။ မမက လိမ်မာပါတယ်"

ကောက်ကာငင်ကာ လွယ်အိတ်ကောက်ကိုင်လိုက်တဲ့ ကြူဆွေလင်းကို မြဝေရှင်းက မျက်စောင်းထိုးလိုက်ပါတယ်။ ဒီသားအမိနှစ်ယောက်က ဘာတွေဖြစ်နေမှန်းမသိဘူး၊ မနက်ကတည်းက တိုးတိုး တွတ်ထိုးလိုက်၊ မြဝေရှင်းကို မသိမသာကြည့်လိုက်နဲ့ အကဲကို မရဘူး။ မြဝေရှင်းလည်း ကွန်ပျူတာကို ပိတ်ပြီး သူ့အမေခိုင်းတဲ့ဆီ သွားဖို့ ပြင်ရပါတယ်။ ဘယ့်နှယ် ကိုယ့်သမီးလေး အိမ်ထဲအောင်းနေတာကိုများ အပြင်လွှတ်ချင်ရသေးတယ်၊ ဒီမှာ သူ့သမီး အချောအလှလေးက ကြေကွဲနေတာကို။ ဒါနဲ့ပဲ ကြေးအိုးဝယ်ဖို့ ထွက်လာခဲ့ရပါတယ်။ ဟင် လမ်းထိပ်ကွမ်းယာဆိုင်ဘေးမှာ ဆောင့်ကြောင့်ကြီး ထိုင်နေတာ လွင်ကိုလတ်ထင်ရဲ့။

ဟုတ်ပါတယ်။ လွင်ကိုလတ်ခမျာ မနက်ကိုးနာရီကျော်ကျော်လောက်ကတည်းက ကွမ်းယာဆိုင်ဘေးရောက်နေတာပါ၊ ကျန်တဲ့နေရာ ဝီရိယမကောင်းပေမယ့် ဒါမျိုးဆိုရင် ဝီရိယက ပိုတောင်နေပါသေးတယ်။ အဲဒါကြောင့် တရားတော်ထဲ ဆိုထားတာပေါ့၊ 'ဝီရိယလွန် တဏှာကျွန်' ဆိုတာလေ။ သူ့ခမျာ ဦးကျော်သန်းမိန်း ကွမ်းလာဝယ်တာနဲ့ တိုးလို့ ခဏတောင် ပုန်းလိုက်ရပါသေးတယ်၊ အခုတော့ ဆယ်နာရီတောင် ခွဲတော့မယ်။ ကြူဆွေလင်းက သူ့အစ်မကို မပြောဘူးလား မသိဘူး။


www.burmeseclassic.com

www.burmeseclassic.com



"အင်း မလာတော့ဘူး ထင်ပါရဲ့။ အိမ်ဘက်ကို လျှောက်သွားကြည့်မှပဲ"

လွင်ကိုလတ်က စိတ်ပျက်လက်ပျက်နဲ့ ခေါင်းငိုက်စိုက်ကြီး ချလို့။ မြူဝေရှင်းက လွင်ကိုလတ်ရှေ့ကပဲ အသာဖြတ်လျှောက်သွားပါတယ်။ ကိုယ်တော်ချောက မြင်ဟန်မတူပါဘူး။ သူက လူတွေကို မကြည့်ပဲ မြေကြီးကိုပဲ ကြည့်နေတာကိုး။ အဲဒီမြေကြီးက ရေနံထွက်နေလို့လား မပြောတတ်ဘူး။ မြူဝေရှင်းက နောက်ကို မသိမသာ ခိုးကြည့်လိုက်တော့ လွင်ကိုလတ်က မြူဝေရှင်း လာခဲ့တဲ့ ဘက်ကို ကြည့်နေတာ တွေ့ရပါတယ်။

"ဟင်း အတော့်ကို မျက်လုံးသေတဲ့လူ။ ကိုယ့်ရှေ့က ဖြတ်လျှောက်သွားတာတောင် မသိလိုက်ဘူး။ ဒီပုံအတိုင်းဆို ဘယ်နေ့ ကားတိုက်ခံရမလဲမသိဘူး"

မြူဝေရှင်းက စူပွစူပွလေး ဖြစ်သွားပါတယ်။

"ဒီလူမြင်အောင် နောက်ကြောင်းပြန်လျှောက်ရမလား မသိဘူး"

သူတို့နှစ်ယောက် တော့တော့ဆိုင်ဆိုင် မတွေ့တာ အတော်လေးတောင် ကြာသွားပါပြီ။ ဒီတစ်ခါတော့ မြူဝေရှင်းက ရှောင်ဖို့ စိတ်ကူးမရှိပါဘူး။ သူလည်း အရမ်းတွေ့ချင်တဲ့ဟာကို။ ဒါပေမယ့် လွင်ကိုလတ်ရှေ့လည်း သွားရပ်မပြချင်ဘူး။ လွင်ကိုလတ်က သူ့ဘာသာသူ တွေ့ပြီး သူ့နောက်က လိုက်လာစေချင်တာ။ မြူဝေရှင်းက လမ်းမအလယ် ထီးထီးကြီး ရပ်ပြီး လက်နှစ်ဖက်ပူးလို့ ဆုတောင်းလိုက်ပါတယ်။

"မြန်မြန်တွေ့ပါစေ ဘုရား"

ဒါပေမယ့် ကံကြမ္မာကွက်ကြားတော့ ကိုရွှေလွင်ကိုလတ်က မြင်တော်မမူဘူးလေ။ ဧကန္တ မြူဝေရှင်းရဲ့ ဆုတောင်းသံကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ မကြားဘူးလား မသိဘူး။ အင်း သူက အသံမထွက်နိုင်တော့ နတ်မင်းကြီးတွေ မကြားကြတာ နေမှာပေါ့။ အဲဒီနတ်မင်းကြီးတွေကိုတောင် နားမကြားကျောင်းတက်ခိုင်းပြီး သင်္ကေတတွေနဲ့ ဆုတောင်းပြရမယ့် ကိန်းဆိုက်နေပြီ။





"ကျွတ်"

မြူဝေရှင်းက စိတ်မရှည်နိုင်ဖြစ်ရပါတယ်။ ဒေါသလည်း ထွက်လာပြီ၊ ငိုလည်း ငိုချင်လာပြီ။

"တောက် အလကားလူ၊ အသုံးမကျတဲ့လူ၊ သူများကိုကျတော့ မမြင်ပဲ၊ အခြားမိန်းကလေးတွေကို လျှောက်ကြည့်နေတယ်၊ ကဲ ဟာ ကြည့်ဦး"

ဒေါသက ဒီကရီအမြင့်ဆုံးရောက်သွားပါတယ်။ ဟော ဟိုရှေ့မှာ ခဲတစ်လုံး။ ဒေါသနဲ့ လက်ကနှစ်ကိုယ့်တစ်စိတ်ဖြစ်သွားပါတယ်။

"သွားလေရော့ဟယ်"

ခဲလုံးက လွင်ကိုလတ်ဆီမရောက်ပဲ၊ ကွမ်းယာဆိုင်ထဲ ဝင်သွားပါတယ်။

"ဒုန်း ဂလုန်း ဂလွမ်း"

စီထားတဲ့ ကွမ်းစားဆေးဗူးတွေ စီးကရက်သံဗူးတွေ ကစင့်ကလျား ဖြစ်သွားတယ်။

"ဘယ်ကောင်လဲကွ၊ ငါ့ဆိုင်ကို ခဲနဲ့ထုတာ"

ကွမ်းယာသည်လေးက ဆိုင်ရှေ့ထွက်ပြီး လက်သီးလက်မောင်း တန်းပါတယ်။ ဆိုင်ဘေးဆောင့်ကြောင့်ထိုင်နေတဲ့ လွင်ကိုလတ်လည်း ကမန်းကတန်း ထရပ်ပြီးဘေးဘီကို ကြည့်တယ်။ အဲဒီအချိန်မှာ မြူဝေရှင်းက ကျောခိုင်းပြီး ဘောက်ဆတ်ဘောက်ဆတ်နဲ့ ရှေ့ဆက် လျှောက်သွားတယ်။

"ဒါမှ မတွေ့လည်း နေပစေတော့ ဟင်း"

လွင်ကိုလတ်က မြူဝေရှင်းကျောကို လှမ်းတွေ့လိုက်ပေမယ့် မြူဝေရှင်းမှန်း မသိလိုက်ပါဘူး။ ညံ့လိုက်တာ လွင်ကိုလတ်ရယ်၊ အင်းလေ သူ့ခမျာလည်း မမြင်တာကြာလို့ မမှတ်မိတော့ဘူးထင်ရဲ့။

"ဘယ်ခွေးမသား လက်ကမြင်းတာလဲကွ ဟေ။ လူလို နားမလည်ဘူးလား။ ဒီမှာ ရှိုးရှိုးသားသား စီးပွားရှာနေတာကွ။ အား ယား နေတာ မဟုတ်ဘူး။ မိုက်ရင်ထွက်ခဲ့။ ဖိုးတေတဲ့။ တစ်တေတည်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် စွတ်အော်မနေနဲ့။ မင်းကို ခဲနဲ့ထုတဲ့ လူက ထွက်သွားပြီ၊ ဟို စကားမပြောတတ်တဲ့ ကောင်မလေးထုသွားတာ"

လမ်းပေါ်ဖြတ်နင်းလာတဲ့ ဆိုက်ကားဆရာတစ်ယောက်က လှမ်းပြောလိုက်တာပါ၊ စကားမပြောတတ်တဲ့ကောင်မလေးတဲ့၊ ဒီသမီးထဲမှာ စကားမပြောတတ်တဲ့ ကောင်မလေး ဘယ်နှစ်ယောက်တောင် ရှိနိုင်သလဲ။ ဖြစ်နိုင်ခြေအရ တစ်ယောက်ထဲပါပဲ။ သေချာပါပြီ၊ ဒါဆို မြူဝေရှင်းပေါ့။ ကွမ်းယာသည်လေးက လွင်ကိုလတ်ကို ပြုံးကြည့်ပြီး-

"ခင်ဗျားကလည်း ကိုယ့်ဟာကိုယ်မကြည့်ပဲ၊ ဘာတွေကြည့်နေမှန်းမသိဘူး၊ ဟိုက ခင်ဗျားကို သောက်ညင်ကပ်လို့ ထုသွားတာနေမှာ၊ ကံကြီးပေလို့ လူမထိတာ"

လွင်ကိုလတ်လည်း ကွမ်းယာသည်လေးကို တောင်းပန်ရင်း ဆိုက်ကားဆရာကို လှမ်းခေါ်လိုက်ပါတယ်။

"ဗျို့ ဆိုက်ကား"

ဆိုက်ကားဆရာက ဝေယံကွေ့ကွေ့ပြီး လွင်ကိုလတ် ရှေ့လာရပ်တယ်၊ လွင်ကိုလတ် ဘယ်လဲ ဘာလဲပေါ့။

"ခုနက ခဲနဲ့ထုသွားတဲ့ ကောင်မလေးနောက်လိုက်ဗျာ"

ဆိုက်ကားဆရာက လွင်ကိုလတ်ကို ကြည့်ပြီး-

"ဆရာက ခုံလား"

လွဲမယ့်လွဲတော့လည်း ဆိုက်ကားဆရာက လွင်ကိုလတ်ကို ရဲလို့ ထင်နေပါတယ်၊ အင်းပေါ့ ကွမ်းယာဆိုင်နား လာပြီး အချိန်လာဖြုန်းနေတာကိုး၊ ပြီးတော့ ဆံပင်က တိုကပ်ကပ်။ ဘောင်းဘီက ကာကီရောင်နဲ့။ ဒီနေ့တော့ ကြိုးသိုင်းအိတ်အမည်းကြီးလည်း လွယ်ထားလိုက်သေး။ အဲဒီအိတ်ထဲမှာတော့ သေနတ်တွေ လက်ထိပ်တွေတော့ မပါဘူး။ စာအုပ်တွေ စာရွက်တွေ ဘောလ်ပင်တွေ တိုလီမုတ်စတွေပဲ ပါတယ်။ အဲ ရင်ဘတ်ထဲမှာတော့ မြူဝေရှင်းကို ချစ်တဲ့အချစ်တွေရှိပါတယ်။





"လိုက်မယ့်သာ လိုက်စမ်းပါဗျာ၊ အရေးကြီးလို့"

ဆိုက်ကားဆရာလည်း ခပ်လှမ်းလှမ်းမှာ ပြုပြုလေး မြင်နေရသေးတဲ့ မြူဝေရှင်းနောက် လွင်ကိုလတ်ကိုတင်ပြီး နင်းရပါတော့တယ်၊ ဘယ်လောက်မှ မနင်းလိုက်ရပါဘူး၊ မြူဝေရှင်းကို မီသွားပါတယ်။ ကောင်မလေးက စကပ်ထမီကျပ်ကျပ်ကို လက်နဲ့ဆွဲပင့်ပြီး ဘောက်ဆတ်ဆတ်နဲ့။ မျက်နှာလေးကလည်း တင်းပြီး နှာသီးဖျားလေးတွေ နီလို့။ မကြာခင် ပေါက်ကွဲတော့မယ့် ချိန်ကိုက်ဗုံးလိုမျိုး၊ သူ့ဘေးဆိုက်ကားရပ်လာတော့ လွင်ကိုလတ်ကို မျက်စောင်းချောင်းချောင်းထိုးပြီး တောင့်တောင့်ကြီး စုံရပ်နေတယ်။

"မြူလေး"

လွင်ကိုလတ်က ဆိုက်ကားပေါ်က ကမန်းကတန်းဆင်းပြီး မြူဝေရှင်းရှေ့ ပိတ်ရပ်လိုက်ပါတယ်၊

"အုန်း"

"အမယ်လေး၊ နာလိုက်တာ ကျွတ် ကျွတ်"

မြူဝေရှင်းက လွင်ကိုလတ်ရဲ့ ရင်ဘတ်ကို အားရပါးရထုထည့်လိုက်တာပါ။ ပြီးတော့ မျက်ရည်တွေ တောက်လျှောက်စီးလာပါတယ်။

ပြီးတော့ စိမ်းစိမ်းကြီး လွင်ကိုလတ်ကို စိုက်ကြည့်နေတယ်၊

မြူဝေရှင်းရဲ့အကြည့်ကို ဘာသာပြန်ရမယ်ဆိုရင်တော့-

"အလကားလူကြီး၊ အသည်းနှလုံးမရှိတဲ့လူကြီး၊ အလိုက်ကမ်းဆိုးမသိတဲ့လူကြီး၊ လူများကို အကြာကြီးပစ်ထားတယ်၊ အခုမှ မလာနဲ့ သွားမုန်းတယ်"

အဲဒီလို အဓိပ္ပာယ်တွေ တစ်သီတစ်တန်းကြီး ထွက်လာမှာပါ။ သူ့ခမျာ လွင်ကိုလတ် သူ့အိမ်ရှေ့ လာစောင့်တာမှ မသိရှာပဲ။ လွင်ကိုလတ်က မြူဝေရှင်းရဲ့ လက်ကိုကိုင်လိုက်ပါတယ်၊ ကောင်မလေးလည်း မရုန်းပါဘူး။ လမ်းပေါ်က ဖြတ်သွားဖြတ်လာတွေက ငိုနေတဲ့ ကောင်မလေး တစ်ယောက်။ ပြီးတော့ သူ့ရဲ့လက်ကို ကိုင်ထားတဲ့ ကောင်လေးတစ်ယောက်။ အဲ သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာရပ်နေတဲ့ ဆိုက်ကားဆရာနဲ့ ဆိုက်ကားကို ကြည့်ပြီး တအံ့ တဩ ပြုံးစိစိနဲ့ ကြည့်သွားကြပါတယ်။

"အဟမ်း၊ ဆရာ ဆိုက်ကားခလေး"

လွင်ကိုလတ်က အခုမှ သတိဝင်လာပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်မိပါတယ်၊ အမယ်လူတွေ လူတွေ။ ကိုယ့်လမ်းကိုယ်မသွားပဲ ကြည့်နေလိုက်ကြတာများ။

"လာ မြူဝေရှင်း၊ ဆိုက်ကားပေါ်တက်"

နှစ်ယောက်သား ကမန်းကတန်း ဆိုက်ကားပေါ်တက်လိုက်ကြပါတယ်၊ တစ်ယောက်လက်ကိုတစ်ယောက် တင်းတင်းဆုပ်လို့။

"ဘယ်ကို ပို့ပေးရမလဲ ဆရာ"

"နင်းချင်တဲ့နေရာနင်း၊ ဆင်းချင်တဲ့နေရာ ဆင်းမယ်ဗျာ"

"အိုတေ"

မြူဝေရှင်းတ သူ့အမေဝယ်ခိုင်းတဲ့ ကြေးအိုးကိုလည်း သတိမရတော့ပါဘူး၊ ရွှေအိုး၊ ငွေအိုး၊ စိန်အိုးတွေလည်း မသိတော့ပါဘူး။ သူတို့နှစ်ယောက်စလုံး မသိလိုက်တာက သူတို့နောက်ကို လိုက်ပြီး ကြည့်နေတဲ့ လူတစ်ယောက်ရှိတယ်ဆိုတာပါပဲ။ သူကတော့ ကြူဆွေလင်းပါပဲ၊ ဆိုက်ကားပေါ် ပါသွားတဲ့ သူ့အစ်မကို လှမ်းကြည့်ရင်း ကြူဆွေလင်းက အိပ်ဘက်ကို ပြန်လှည့်ခဲ့ပါတယ်။

"အဟိ၊ ရည်းစားထားရတာက ဒီလိုကျတော့ ပျော်စရာပဲ။ ဒါပေမယ့် အင်း၊ အမေက မိကြူ နင်ငယ်သေးတယ်တဲ့၊ ဟင်း"

☺ ☺ ☺





ဒီနေ့ လွင်ကိုလတ်ဆီကို မခေါ်ပဲ ရောက်လာသူကတော့ ဦးကျော်သန်းမိုးပါပဲ။

"ဟိုက် ယောက္ခထီးလောင်းကြီး"

အဲဒါကြောင့် ညက အိပ်မက်မကောင်းတာထင်ရဲ့၊ ဘာကိစ္စများ ပါလိမ့်။ မြူဝေရှင်းလေးများ တစ်ခုခုဖြစ်လို့လား၊ ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ။ ဦးကျော်သန်းမိုးက မထိုင်သေးပဲ၊ အခန်းကို တစ်ပတ်ပတ်ကြည့်နေပါတယ်။ ပြီးမှ ထိုင်ခုံပေါ်မှာ တင်ထားတဲ့ စာရွက်တွေကိုဖယ်ပြီး ဝင်ထိုင်လိုက်ပါတယ်။

"မင်းအခန်းက ရှုပ်ပွနေတာပဲ"

"ခင်ဗျာ၊ ဟုတ်ကဲ့၊ အန်ကယ်လာမယ်မှန်းမသိလို့၊ နို့မဟုတ်ရင် ရှင်းထားပါတယ်"

"တစ်ယောက်ထဲတောင် ဒီလောက်ရှုပ်ပွနေရင် နှစ်ယောက်ဆိုရင် ကြွက်သိုက်ထဲ စာကလေးဝင်ဖွထားသလို နေမှာပဲ"

အင်း သူက ကြွက်သိုက်ထဲ နေဖူးတယ် ထင်ရဲ့၊ စောစောစီးစီး လူများအိမ်လာပြီး အပြစ်လာရှာနေတဲ့ ယောက္ခထီးလောင်းကြီးကို မကြည်ကြည့်လိုက်ပါတယ်။ ဟိုက ဘုကြည့်ပြန်ကြည့်ပြီး-

"ဘာလဲ၊ မင်းက မကျေနပ်ဘူးလား"

"ဟာ ကျေနပ်ပါတယ်၊ ဟဲဟဲ၊ အန်ကယ်၊ ဘာလုပ်လုပ် ကျေနပ်ပြီးသားပဲ ဟဲဟဲ"

ပါးစပ်ကသာ ဒီလိုပြောတာ၊ စိတ်ထဲကတော့-

"အလကားလူကြီး၊ သူ့သမီးနဲ့ တခြားစီပဲ ဟွန်း"

ဦးကျော်သန်းမိုးက လွင်ကိုလတ်ကို နွားပွဲစား၊ နွားကို ကြည့်သလို ခြေဆုံးခေါင်းဆုံးကြည့်ပြီး-

"ငါ့သမီးနဲ့ ကြိုက်နေတာ၊ မင်းမဟုတ်လား"

သိသိကြီးနဲ့ မေးနေပြန်ပါပြီ။ သူ့သမီးကို ပေးတဲ့စာကို သူပဲ



www.burmeseclassic.com

www.burmeseclassic.com

ယူသွားပြီးတော့။

"ဟုတ်ကဲ့ခင်ဗျ"

လွင်ကိုလတ်အသံက တမင့်လုပ်ထားတဲ့ ရိုကျိုးသံလေးနဲ့။

"မင်း ငါ့သမီးကို အပျင်းပြေရည်းစားထားတာတော့ မဟုတ်ပါဘူး နော်"

"ကျွန်တော်က ပျင်းရင် တီဗီဂိမ်းသွားဆော့ပါတယ်"

အဖိုးကြီးက နှုတ်ခမ်းကို စူလိုက်ပြီး ကွမ်းတစ်ယာ ထုတ်စားပါတယ်။ ပြီးမှ-

"အပိုတွေ မပြောစမ်းပါနဲ့ကွာ။ မင်း ငါ့သမီးကို တကယ်ယူမှာ လား"

"ခင်ဗျာ ဟုတ်ကဲ့၊ ယူမှာပါခင်ဗျာ"

ဟုတ်တယ်လေ။ အဖေတစ်ယောက်လုံး မေးမှတော့ မယူဘူး ပြောလို့ဖြစ်မှာလား။

"ငါ့သမီးကို ယူဖို့ မင်းဘာတွေ ပြင်ဆင်ထားပြီးပြီလဲ"

လွင်ကိုလတ် ခေါင်းကုတ်သွားရပါတယ်။ မိန်းမယူဖို့ ဘာတွေ ပြင်ဆင်ရမယ်ဆိုတာ သူမသိရိုးအမှန်ပါ။ မထူးပါဘူး။ ကြားဖူးနားဝ တွေ ဖတ်ဖူးမှတ်ဖူးတာတွေ လျှောက်ရွီးမှပဲ။

"ဒီအတွက်တော့ မပူပါနဲ့ခင်ဗျာ။ ကျွန်တော်က အသည်းရောင် အသားဝါ ကာကွယ်ဆေးထိုးထားပြီးသားပါ။ ပြီးတော့ HIV ရှိမရှိလည်း စစ်ဆေးဖို့ ပြင်ထားပါတယ်။ တကယ်တော့ လိုတော့ မလိုပါဘူး။ အားလုံးစိတ်ချသွားရအောင်လို့ပါ။ ပြီးတော့ မြူဝေရှင်းနဲ့ သွေးအုပ်စုခြင်း တည့်မတည့်၊ လူသွေး မျောက်သွေး Rh , Rh ဒါတွေ ပါစစ်ဖို့ စီစဉ်ထားပါတယ်။ ပြီးတော့ အဆုတ်၊ အနာကြီး ဆင်ခြေထောက်၊ ငှက်ဖျား၊ အို အားလုံး အကုန်လုံး စစ်ဖို့ ပြင်ထားပါတယ်။ ပြီးတော့ နောက် မျိုးဆက်အတွက်ပါ အထောက် အကူဖြစ်အောင် အိုင်အိုဒင်းဆားပဲ စားတော့မယ်လို့လည်း ဆုံးဖြတ်ထားပါတယ်။ ပြီးတော့ ဝမ်းပျက်ဝမ်းလျှောမဖြစ်အောင်





ရေကိုကျိုချက်ပြီး. . ."

"တော်. . ."

ဦးကျော်သန်းမိုးဆီက စိတ်ပျက်လက်ပျက်သံကြီး ထွက်လာပါ တယ်။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ။ ငါဆိုလိုတာက စကား မပြောနိုင်တဲ့ ငါ့သမီးကို ယူရင်တွေ့ရမယ့် အဆင်မပြေမှုတွေအတွက် ဘယ်လိုပြင်ဆင်ထားလဲ၊ ဘယ်လိုရင်ဆိုင်မလဲဆိုတာပြောတာကွ"

စောစောကတည်းက ဒီလိုပြောပါလား။ အခုတော့ ထင်ရာမြင် ရာတွေ လျှောက်ပြောမိတာ နည်းနည်းတောင် ရှက်သွားတယ်။ လွင်ကိုလတ်က ခဏလောက် စဉ်းစားလိုက်ရင်း-

"ဒါကတော့ အန်ကယ်တို့ဆီကပဲ သင်ယူရမှာပေါ့ အန်တယ်ရယ်"

အခုမှပဲ ယောက္ခထီးကို အားကိုးရမှန်း သိနေလိုက်တာ။ ဦးကျော်သန်းမိုးက သက်ပြင်းချလိုက်ပြီး-

"ငါ့သမီးက မင်းကိုယူရင်တော စိတ်ချမ်းသာပျော်ရွှင်ပါ့မယ်လို့ မင်း အာမခံနိုင်လား"

"ဒါကတော့ အန်ကယ်ရယ်။ တစ်နှစ်လောက်တော့ ပျော်ရွှင်မှာ ပေါ့"

"ဘာကွ"

"တရုတ်စကားပုံရှိတယ်လေ အန်ကယ်ရဲ့။ တစ်ရက်ပျော်ချင်ရင် အရက်သောက်၊ တစ်လပျော်ချင်ရင် ခရီးထွက်၊ တစ်နှစ်ပျော်ချင်ရင် အိမ်ထောင်ပြုဆိုတာလေ"

လွင်ကိုလတ်က ချက်ကျလက်ကျ ကျမ်းဂန်အထောက်အထားနဲ့ ပြောလိုက်ပါတယ်။

"အေဘ်၊ မင်းနဲ့ ငါ့သမီးယူပြီးရင် ကျန်တဲ့ နှစ်တွေကျတော့ ဒူးနဲ့ မျက်ရည်သုတ်နေရမှာပေါ့။ ဒီလိုလား"

ဦးကျော်သန်းမိုးက ရှုးရှုးရှဲရှဲ ဖြစ်လို့နေပါတယ်။ လွင်ကိုလတ်က တော့ ခပ်အေးအေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



“ဒီအတွက်လည်း မပူပါနဲ့ အန်ကယ်ရယ်။ ကျွန်တော့်မှာ အကြံအစည် ရှိပြီးသားပါ”

“ပြောကြည့်စမ်းပါဦး”

“အိမ်ထောင်သက် တစ်နှစ်ကျော်သွားရင် ဒီအခန်းကို ရောင်းပစ်ပြီး မြို့ပြင်လောက်မှာ မြေကွက်တစ်ကွက်ဝယ်မယ်။ ပြီးရင် အိမ်ခပ်သေးသေးလေးဆောက်မယ်။ ပိုနေတဲ့ မြေကွက်မှာ အန်ကယ့်သမီးကို သစ်ပင်တွေစိုက်ခိုင်းမယ်။ မကောင်းဘူးလား အန်ကယ်”

“ဘာကိစ္စ ငါ့သမီးက သစ်ပင်စိုက်ရမှာတုံးကွ”

“အော် အန်ကယ်ကလည်း စကားပုံက မဆုံးသေးဘူးလေ။ ‘တစ်သက်လုံး ပျော်ချင်ရင် သစ်ပင်စိုက်’ တဲ့။ ဒီလိုဆိုရင် အန်ကယ့်သမီးလည်း ကျွန်တော့်ကိုယူပြီး တစ်သက်လုံး ပျော်ပြီပေါ့။ မကောင်းဘူးလား”

ကောင်းလိုက်တဲ့ ဦးနှောက်။ ဒီလို ကပ်တီးကပ်ဖဲ့ အကြံဉာဏ်ထွက်တဲ့ ဦးနှောက်ပိုင်ရှင်ကြီးကို ကုလသမဂ္ဂမှာ အတွင်းရေးမှူး ခန့်ဖို့ တောင်းနေပြီ။ ဦးကျော်သန်းမိုးမျက်နှာက မအီမလည်ကြီး၊ လွင်ကိုလတ်မျက်နှာက မချိုမချဉ်။

“ဟင် မှတ်ပလား၊ နေရာတကာ ဝင်ပါချင်တဲ့ ယောက္ခထီးလောင်းကြီး”

ခဏကြာမှ ဦးကျော်သန်းမိုးက သက်ပြင်းရှည်ကြီးချပြီး-

“လာ၊ မင်း ငါနဲ့ လိုက်ခဲ့”

“ဟင်၊ ဘယ်သွားမလို့လဲ”

“လိုက်မယ့်သာ လိုက်ခဲ့စမ်းပါ”

ဒုက္ခပါပဲ။ ဒီက သူ့သမီးနဲ့ ချိန်းထားတာကို။ မြူဝေရှင်းလေးစောင့်နေတော့မှာပဲ။

“ဟာ အန်ကယ်၊ ကျွန်တော် ချိန်းထားတာရှိသေးတယ်”

“မင်း ငါ့သမီးနဲ့ ချိန်းထားတာမဟုတ်လား။ စိတ်မပူပါနဲ့ ငါအိမ်ပြန်ရောက်ရင် ပြောလိုက်မယ်။ ငါခေါ်သွားတယ်လို့”





“ဟိုက်”

အဖိုးကြီးကြည့်ရတာ မပါပါအောင် ခေါ်မယ့်ပုံပဲ။ မတတ်နိုင်ဘူး လိုက်ရတော့မှာပါပဲ။ ပုဏ္ဏကဘီလူးနောက်ပါသွားတဲ့ ဝိဓူရအမတ်ကြီးလောက်တော့ အဖြစ်မဆိုးလောက်ဘူးထင်ရဲ့။ ဒါနဲ့ပဲ လွင်ကိုလတ်တစ်ယောက် ဦးကျော်သန်းမိုးရဲ့ကားနဲ့ပဲ လိုက်သွားဖို့ ဖြစ်ရပါတယ်။ ကားပေါ်မတက်ခင် ပါးစပ်က ပွစိပွစိလုပ်နေတဲ့ လွင်ကိုလတ်ကို ဦးကျော်သန်းမိုးက-

“ဟေ့ကောင်၊ မင်းငါ့ကို ဆဲနေတာလား”

“မဟုတ်ပါဘူး အန်ကယ်ရာ၊ ကိုယ့်ကိုယ်ကို သရဏဂုံတင်နေတာ”

အဖိုးကြီးက မျက်စောင်းထိုးပြီး ကားမောင်းထွက်လာခဲ့တယ်။ ဈေးတစ်ဈေးရှေ့ရောက်တော့-

“ဟေ့ကောင်၊ မင်းဈေးထဲသွားပြီး မြက်ခုတ်ဓားနှစ်ချောင်း ဝယ်လာခဲ့”

“ဟင် ဘာလုပ်ဖို့လဲ”

“စကားမရှည်နဲ့၊ သွားဝယ်ဆို သွားဝယ်”

ဟင်၊ အမိန့်သံကလည်း ပြင်းပါ့။ သမက်လောင်းကိုများ သူ့အောက်က ဝန်ထမ်းအောက်မေ့နေလားမသိဘူး။

“ဒါဆို ပိုက်ဆံပေး . . . .”

“မင်း စိုက်ဝယ်လာခဲ့”

“အဟင့်”

လွင်ကိုလတ်လည်း သူ့သမီးမျက်နှာထောက်ထားပြီး သွားဝယ်ပေးလိုက်ရပါတယ်။ ကားက မြို့ထဲကနေ တဖြည်းဖြည်း ရွှေပြည်သာဘက်ရောက်လာပါပြီ။ ဟိုလမ်းဝင် ဒီလမ်းထွက်နဲ့ အတော်လေး မောင်းမိတော့မှ ခြံတစ်ခြံရှေ့ကားထိုးရပ်လိုက်ပါတယ်။

“ဆင်း”

လွင်ကိုလတ်က ကားပေါ်က ဆင်းပြီး ခြံဝင်းကို အကဲခတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com


လိုက်ပါတယ်၊ ခြံကွက်ကြီးက ပေရှစ်ဆယ်ပတ်လည်လောက်ရှိမှာပါ။ ဟို ဘယ်ဘက်ထောင့်မှာ တစ်ထပ်တိုက်ပြားပြားလေး ဆောက်ထားတယ်၊ လူတော့ နေပုံမရပါဘူး။

"ရော့ ဖွင့်"

ဦးကျော်သန်းမိုးက သော့တွဲကို လှမ်းပေးတယ်။ ဒါ သူတို့ ခြံနဲ့တူတယ်၊ မဟုတ်မှလွဲရော ဒီအဖိုးကြီး စမောလေးနဲ့ နှပ်ဖို့ ဆောက်ထားတာလား မသိဘူး။ ခြံတံခါးသော့ဖွင့်ပြီးရော၊ ဦးကျော်သန်းမိုးက ကားကို တိုက်ပုလေး ရှေ့မောင်းသွားတယ်။ ပြီးတော့ ဆင်းလာပြီး တိုက်ခန်းသော့ကိုဖွင့်ရင်း-

"ဟော့ကောင် ကားပေါ်က ဓားတွေယူလာခဲ့။ ပြီးရင် အပေါ်အင်္ကျီချွတ်၊ မင်းနဲ့ငါမြက်ခုတ်မယ်"

"ဗျာ"

ကျောချမှ ဒမြမှန်းသိတဲ့၊ အခုဟာက ယောက္ခထီးလောင်း အရင်းခေါက်ခေါက်က ချတာဆိုတော့၊ ခံလိုက်ဦးပေါ့ ကိုလွင်ကိုလတ်ရယ်။

"ဟာ အန်ကယ်ကလဲ၊ အလုပ်သမားတွေငှားပြီး ခုတ်ပေါ့၊ ဘာလဲပိုက်ဆံနှမြောလို့လား။ ကျွန်တော်ပေးမယ်ဗျာ။ ကျွန်တော်တော့ မခုတ်နိုင်ဘူး"

ဘယ့်နှယ်နုနုရွရွလေးတွေ ရေးနေတဲ့ လက်ကိုများ မြက်ခုတ်ခိုင်းရလို့၊ အဖိုးကြီးက လွင်ကိုလတ်ကို ခပ်ထေ့ထေ့ကြည့်ပြီး-

"ငါ့သမီးကိုယူပြီး၊ မိန်းမကို သစ်ပင်စိုက်ခိုင်းမယ့် လူက ခြံရှင်းပေါင်းသင်လောက်တော့ ကူလုပ်သင့်တာပေါ့ကွာ"

အင်း ဒီလူကြီးက တကယ့်ကို လက်တွေ့ကျပုံပါပဲ။ စိတ်ညစ်ညစ်နဲ့ခြံကို လှည့်ကြည့်လိုက်တော့ ပေါင်းပင်၊ ကိုင်းပင်တွေတခါးလောက်နီးနီး။

"ဟင့်အင်း၊ မခုတ်ချင်ဘူး"

"အေးအေး၊ စိတ်ဓာတ်လေးတွေသိရတာပေါ့ကွာ၊ မင်းတာ





ငါ့သမီးကို တကယ်မှ မချစ်ပဲ ဟင်းဟင်း"

"အဟင့်ဟင့်"

လွင်ကိုလတ်ခမျာ အမယ်မင်းယောက္ခထီးရဲ့ဆိုပြီး ငိုချင်းသာ ချချင်စိတ်ပေါက်လာပါတယ်။ အတော်ရက်စက်တဲ့ လူကြီး။ သူ့သမီးလိုချင်ရင် မြက်ခုတ်ရမတဲ့။ အဲဒီလောက်ဖြစ်နေမှတော့ စည်ပင်သာယာက မြက်ခုတ်တဲ့လူနဲ့သာ သူ့သမီးကို ပေးစားလိုက်ပါတော့လား။ နောက်ဆုံးမှာတော့ လွင်ကိုလတ်လည်း ဓားတစ်လက်ကိုင်ပြီး မြက်ရှင်းရပါတော့တယ်။ အဖိုးကြီးက သူကိုယ်တိုင်ခုတ်နေတဲ့ဟာကို။ မြက်ပင်အစား၊ ဒင်းကိုယ်လုံး ဝဝဖိုင့်ဖိုင့်ကြီးကိုသာ ခုတ်ပစ်လိုက်ချင်တော့တယ် ဟင်း။ လွင်ကိုလတ်ကတော့ ပါးစပ်ကနေ မကြားတကြားပြောလိုက် မြက်ပင်ကို တစ်ချက်ခုတ်လိုက်ပါ။

"သားသမီးချင်း၊ ကိုယ်ချင်းမစာတဲ့လူကြီး"

"ရွှမ်း"

"သမီး မျက်နှာကို မြက်တောနဲ့ လဲစားတဲ့လူကြီး"

"ရွှမ်း"

"သမက်လောင်းလေးကို ကြင်ကြင်နာနာဆက်ဆံရမယ်မှန်းမသိတဲ့လူကြီး"

"ရွှမ်း"

အဖိုးကြီးက မကြားချင်ယောင်ဆောင်ပြီး ကွမ်းလေးဝါးလိုက်၊ မြက်လေးခုတ်လိုက်နဲ့။

"မြူဝေရှင်းရေ ကိုယ့်အဖြစ်ကို မြင်လှည့်ပါဦး"

တစ်နာရီကျော်ကျော်လောက် ခုတ်ပြီးတဲ့အခါ လွင်ကိုလတ်ခမျာ လက်ပမ်းကျလာပါတယ်။ ပေါင်းပင်ခုတ်တာ တစ်ဝက်တောင် မပြီးချင်ဘူး။ အဖိုးကြီးက မြက်ပင်တွေစုပြီး အပုံလေးတွေ ပုံနေတယ်၊ မတတ်နိုင်တော့ပါဘူး။ လွင်ကိုလတ်က ပေါ်တီကိုအောက်မှာ ခြေဆင်း လက်ပစ်ထိုင်လိုက်ပါတယ်။ လက်တွေလည်း ပေါက်ပြဲကုန်ပြီ။

"တော်ပြီ၊ မခုတ်နိုင်တော့ဘူး၊ သမီးနဲ့ မပေးစားချင်လည်းနေပေါ့'


www.burmeseclassic.com

www.burmeseclassic.com

သူ့ခမျာ ဒီလို အင်တိုက်အားတိုက်မှ မလုပ်ဖူးပဲ။ အင်အားသုံးပြီး လုပ်တာဆိုလို့ ခြင်ရိုက်တာလောက်ပဲရှိတာ။ အခုတော့ မောလိုက်တာ အသက်ထွက်မတတ်ပဲ။

"ဟော့ကောင်၊ နောက်ဖေး ရေချိုးခန်းထဲ ရေသွားဆေးဦးကွ"

ပေပွနေတာကို ရေဆေးလိုက်တော့ ပေါက်ပြဲနေတာတွေက ရေထိပြီး စပ်လိုက်တာများ။

"အား ရှူး စပ်တယ်။ ဒီလူကြီး ငါထိုင်နေတာ မကြည့်ချင်လို့ သက်သက်ချောက်ချပြီး ရေဆေးခိုင်းတာပဲ နေမှာ"

အမြင်မကြည်မှတော့ အကောင်းလုပ်ခိုင်းလဲ အကောင်း မထင်တော့ပါဘူး။ အပြန်လမ်းမှာတော့ လွင်ကိုလတ်က ဟန်တောင် မဆောင်နိုင်ပါဘူး။ ကားထိုင်ခုံကို နောက်လှန်ချပြီး အိပ်လို့သာ လိုက်လာခဲ့တော့တယ်။ ဒီအချိန်မှာတော့ ဘေးမှာ ယောက္ခထီးမက လို့ တာနောယက္ခပဲရှိရှိ အိပ်မှာပါပဲ။ ဦးကျော်သန်းမိုးကတော့ အေးအေးဆေးဆေး ကားမောင်းလို့ပါ။

"ဟော့ကောင်၊ ထ ထ၊ ရောက်ပြီ"

လွင်ကိုလတ်က မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့တိုက်ခန်းရှေ့ ရောက်နေပါပြီ။ အဖိုးကြီး ပိုက်ဆံသုံးထောင်ထုတ်ပေးပြီး-

"ရော့၊ မင်းပိုက်ဆံ၊ မနက်ဖြန် ဆယ်နာရီ ကွမ်းယာဆိုင်က စောင့်ပေါ့ကွာ"

ပြောရင်းဆိုရင်း ကားကို ဝူးကနဲ မောင်းသွားပါတယ်။ မနက်ဖြန် ဆယ်နာရီမှာ. . .၊ ဟာ ဟုတ်ပြီ။ ဒါ သူ့သမီးနဲ့ ဒီနေ့ ချိန်းထားတာ ပျက်သွားလို့ ပြန်ချိန်းပေးတာပေါ့။ ဟေး ဟေး။

"အို ဒီလိုကျတော့ ယောက္ခထီးကြီးက ချစ်ဖို့ ကောင်းသွားပြန်ရော။ လွန်တာရှိ ဝန္ဒာမိပါ ယောက္ခထီးကြီးရယ်"

☺ ☺ ☺





"ဟောဒီမှာကြည့်"

လွင်ကိုလတ်က သူ့ရဲ့လက်ချောင်းလေးတွေ မြူဝေရှင်းရှေ့ဖြန့် ပြလိုက်ပါတယ်။ လက်ချောင်းတွေ၊ လက်ဖဝါးတွေမှာ ပလတ်စတာ ကပ်ထားတာတွေလေ။ ကောင်မလေးက မေးဆတ်ပြပါတယ်။ ဘာတွေလဲပေါ့။

"ဦးကျော်သန်းမိုးကြီး နှိပ်စက်တာလေ။ မနေ့က ကိုယ့်ကိုခေါ်ပြီး မြက်ခုတ်ခိုင်းတာပေါ့"

ကောင်မလေးက ခိုးခိုးခစ်ခစ် ရယ်ပါတယ်။ မြူဝေရှင်းက မနက် ကိုးနာရီလောက် လွင်ကိုလတ်ဆီ ရောက်လာတာပါ၊ သူလာတုံးက လွင်ကိုလတ်ကို ရန်တွေ့မလို့ပါ။ မနေ့က ချိန်းထားတာမလာလို့ လေ။ ဒီရောက်တော့ လွင်ကိုလတ်က အကြောင်းစုံပြောပြတော့ ကောင်မ လေးက သဘောတွေကျလို့၊ အလကား ဦးကျော်သန်းမိုး။ သူ့သမီးကို ပြောလိုက်မယ်ဆိုပြီး ပြောလည်းမပြောပေးဘူး။ တော်သေးတာပေါ့။ သူ့သမီးလေးက အမြော်အမြင်ကြီးစွာနဲ့ စောစောထွက်လာပေလို့၊ မြူဝေရှင်းက လွင်ကိုလတ်ရဲ့ လက်ခုံပေါ်က အမွှေးနုလေးကို လိုက်ပြီး နုတ်နေပါတယ်။

"အ၊ နာတယ်"

"ခစ်၊ ခစ်"

ကောင်မလေးက အူမြူးနေပုံပါပဲ။

"အဲဒါ ယောက္ခထီးလောင်းကြီးက ကိုယ့်ကို တကယ်လက်ထပ် မှာလားလို့ မယုံသင်္ကာနဲ့ မေးသွားသေးတယ်။ အား၊ ကျွတ်၊ ဘာဖြစ်လို့ အမွှေးတွေ လိုက်နုတ်နေရတာတုံး၊ နာတယ်ကွ"

"ခစ်၊ ခစ်၊ ခစ်"

လွင်ကိုလတ်က မြူဝေရှင်းရဲ့ လက်တွေကို လိုက်ဖမ်းပါတယ်။ ကောင်မလေးက လက်တွေကို ဟိုရွှေ့ဒီရွှေ့နဲ့ ဖမ်းမမိအောင် ရှောင်


www.burmeseclassic.com

www.burmeseclassic.com



နေပါတယ်၊ အဲဒီလိုရှောင်နေရင်းနဲ့ လွင်ကိုလတ်ရဲ့ ခြေသလုံးမွှေးပါ ဆွဲနုတ်လိုက်သေးတယ်။

"အား တောက်"

လွင်ကိုလတ်က အားကုန်သုံးပြီး ကောင်မလေးကို ချုပ်ထားလိုက်ရပါတယ်။ မလွယ်ပါဘူး။ နောက် ဒီကောင်မလေးနဲ့ ချိန်းတွေ့ရင် လုံးလုံးပြုတ်လာမှပဲ။ ဘောင်းဘီရှည်၊ ဝေါကင်းရှူး၊ အကျီလက်ရှည်၊ လက်အိတ်ပါမကျန် အကုန်အပြည့်အစုံဝတ်လာမှဖြစ်မယ်။ ဆိုင်းဖက်ပြီး ချုပ်ထားလို့ လွင်ကိုလတ်ရင်ခွင်ထဲ ရောက်နေတဲ့ မြုံဝေရှင်းက လွင်ကိုလတ် မေး စေ့ကို သူ့ခေါင်းနဲ့ ဆဆလေး တိုက်နေပြန်ပါတယ်။

"ဒုက္ခပါပဲ၊ ငါကြိုက်မိတာ လူအောင့်မေ့လို့။ အခုတော့ တတ်ရှိမ်းယားတ တောင်ဆိတ်မလေးဖြစ်နေတာကိုး"

"ခစ် ခစ် ခစ်"

ကောင်မလေးက တခစ်ခစ်ရယ်ရင်း သူ့ခေါင်းကို ဘယ်ညာ ရမ်းနေပြန်ပါတယ်၊

"ဟတ်ချိုး၊ ဟတ်ချိုး၊ ဒေါ်မြုံဝေရှင်းကြီး ငြိမ်ငြိမ်နေစမ်းပါ။ ဆံပင်မွှေးတွေ နှာခေါင်းထဲ ဝင်ကုန်ပြီ၊ ဟတ်ချိုး"

ကောင်မလေးက ဟက်ဟက်ပက်ပက် ရယ်နေပြန်ပါတယ်။ အတော့်ကို ပျော်နေတယ်ပေါ့။ သိမယ်။ ဟင်း ငြိမ်ဆေး ကျွေးပစ်လိုက်ဦးမယ်၊

"အူး"

ကောင်မလေးက နည်းနည်းငြိမ်သွားပါတယ်။ ဒါတောင် ခေါင်းနဲ့ နှစ်ချက်လောက်ရင်ဘတ်ကို ဆောင့်လိုက်သေးတယ်။

"တို့ လက်ထပ်ရအောင် မြုံလေးရာ"

ကောင်မလေးက အခုမှပဲ လုံးဝငြိမ်ကျသွားပါတယ်။ ရယ်နေတဲ့ မျက်နှာလေးလည်း တည်သွားတယ်။ မြုံဝေရှင်းလည်း လွင်ကိုလတ်နဲ့ အတူတူနေချင်တာပေါ့ကွယ်။ ဒါပေမယ့် အားနည်းချက်ရှိတဲ့ သူ့အပေါ် တစ်သက်လုံး မပြောင်းလဲဘဲ ရှိနေမယ်လို့ တစ်ထစ်ချ





ပြောနိုင်မှာလဲ။ လုံးလုံးလျားလျား တစ်သက်စာ မှီခိုလိုက်ပြီးမှ သူစိတ်ပျက်သွားရင် ရင်ကွဲရမှာ။ မြုံဝေရှင်းက လွင်ကိုလတ် ချုပ်ထားတဲ့ လက်ကို လွတ်အောင်ရုန်းလိုက်ပြီး စာအုပ်နဲ့ ဘောလ်ပင် ထုတ်ကာ စာရေးပြ လိုက်ပါတယ်။

"ယောကျ်ား မယူချင်ဘူး၊ အလုပ်ပဲလုပ်ချင်တယ်"

ရော်၊ ယောကျ်ားယူတာလောက် အလုပ်များတာ ဘယ်ရှိတော့မှာလဲ။ နေ့မနား ညမအားနဲ့။ ဒါတောင် ဒီကောင်မလေးက အလုပ်လုပ်ချင်နေသေးတယ်။

"ဒါဆို မင်းက ငါ့ကို အပျော်ရည်းစားထားတာပေါ့"

ကောင်မလေးက စာရေးပြပါတယ်၊

"မယုံလို့"

"ကိုယ့်ကို မယုံလို့ ဟုတ်လား"

ကောင်မလေးက ခေါင်းခါပြပြီး စာထပ်ရေးပြန်တယ်၊

"ကံတရားကို"

ပြီးတော့ မျက်ရည်တွေလည်း ကျလာတယ်၊ ဒီအချစ်ဆိုတာကြီးက လူကို အတော့်ကို မျက်ရည်လွယ်စေပါလား၊ လွင်ကိုလတ်က မြုံဝေရှင်းကို စိတ်ပျက်လက်ပျက်ကြီး ကြည့်နေပါတယ်၊ သူ့ခမျာ မိန်းမတွေနဲ့ ပတ်သက်လာရင် အမြဲတမ်း အောက်ကြေးကပဲ ထင်ပါရဲ့၊ အရင်တစ်ယောက်က တိတ်တိတ်လေး အဝေးထွက်ပြေးလို့၊ ဒီတစ်ယောက်ကလည်း။ ဟင်း. . . ၊

လွင်ကိုလတ်လည်း သက်ပြင်းရှည်ကြီးချပြီး ငိုနေတဲ့ မြုံဝေရှင်းကို ကြည့်နေပါတယ်။ ငိုပါစေ။ ဒီလောက် ငိုချင်တဲ့ဟာလေး။ မြုံဝေရှင်းက ငိုနေရင်း လက်မှာ ပတ်ထားတဲ့ နာရီကို ကြည့်မိပါတယ်၊

"အဲ၊ ဆယ့်နှစ်နာရီထိုးတော့မယ်"

ကမန်းကတန်း မျက်ရည်တွေသုတ်၊ မတ်တပ်ထရပ်ပြီး အဝတ်အစားတွေ ဆွဲဆန့်နေပါတယ်၊ ရုတ်တရက် အမူအယာ ပြောင်းသွားတဲ့ မြုံဝေရှင်းကို လွင်ကိုလတ်က မေးလိုက်ပါတယ်၊

"ဒါက ဘာဖြစ်ရပြန်တာတုံး"



www.burmeseclassic.com

www.burmeseclassic.com



မြူဝေရှင်းက နာရီကိုထိုးပြလိုက်၊ ရင်ဘတ်ပုတ်ပြလိုက်။ လက်ဟန်နဲ့ ပြလိုက်နဲ့။

"ဟာ ဘာတွေ ပြောနေတာလဲ၊ နားမလည်ဘူး"

မြူဝေရှင်းက သူ့စာအုပ်နဲ့ ဘောလ်ပင်ကို ကောက်ကိုင်လိုက်ပြီး စာရေးပြလိုက်ပါတယ်။

"ဒီနေ့ တစ်နာရီမှာ အင်တာဗျူးရှိတယ်"

"ဟာ တောက်၊ လာပြန်ပြီ၊ ဒီသောက်အင်တာဗျူး"

လွင်ကိုလတ်က ပျစ်ပျစ်နှစ်နှစ် ပြောရင်း သူ့ပါး ထရပ်လိုက်တယ်။

"သွား၊ ကိုယ့်ဘာသာကိုယ်၊ လိုက်မပို့ဘူး"

စိတ်ဆိုးတယ်ပေါ့။ ဟုတ်တာပေါ့လေ။ ရည်းစားနဲ့ ချိန်းတွေ့တာ ဒီအင်တာဗျူးက ဝင်နှောင့်ရတယ်လို့။ မြူဝေရှင်းက လွင်ကိုလတ်ကိုပဲ ချော့ရမလား၊ အင်တာဗျူးပဲ သွားဖြေရမလားလို့ ခဏလောက် တွေနေပါသေးတယ်။ နောက်တော့ လွင်ကိုလတ်ကို အသနားခံတဲ့ မျက်လုံးနဲ့ ကြည့်ပြီး ခပ်သွက်သွက် ထွက်သွားပါတယ်။ လွင်ကိုလတ်မှာ စိတ်ပျက်လက်ပျက်ကြီး မိုးတိုးမတ်တပ်ရပ်ကျန်လို့။ ချစ်သူမရှိတော့တဲ့ ဒီပန်းခြံကြီးဟာ ချက်ချင်းဆိုသလို အရုပ်ဆိုး အကျည်းတန်သွားပါတယ်။ ဘယ်လောက်နာမည်ကြီးတဲ့ ဗိသုကာကပဲ လက်စွမ်းပြပြ၊ တန်ခိုးကြီးတဲ့ နတ်ဘုရားတွေကပဲ မွှေ့လျော်အောင် ဖန်ဆင်း ဖန်ဆင်း၊ ချစ်သူမှ မရှိတော့တာ ဘယ်လိုလုပ်ပြီး လှပတော့မှာလဲ။ အခုမှပဲ တမ္ဘာဦးက အာဒမ်ဆိုတဲ့ လူကြီးကို ကိုယ်ချင်းစာမိတယ်၊ ဒီလောက် သာယာလှပတဲ့ ဧဒင်ဥယျာဉ်ကြီးထဲနေရမှတော့ ချစ်သူ တစ်ယောက်လောက်တော့ လိုချင်တော့မှာပေါ့။ စိတ်မပါ လက်မပါ တစ်လှမ်းချင်း လှမ်းပြီး ပန်းခြံဝရောက်လာတဲ့ လွင်ကိုလတ်က ဟိုဘက် ကားလမ်းမှာ တက္ကစီငှားနေတဲ့ မြူဝေရှင်းကို လှမ်းတွေ့လိုက်ပါတယ်။

"ဟေ့ နေဦး"

လှမ်းခေါ်လိုက်ပေမယ့် ဟိုက မကြားတော့ပါဘူး။ တက္ကစီခေါင်းခန်းထဲ စွေ့ကနဲ ဝင်ထိုင်ပြီး၊ ကားကလည်း ထွက်သွားပါတော့တယ်။ တက္ကစီ ဒရိုင်ဘာက ခပ်ငယ်ငယ်ရယ်ပါ။





"တောက် ဒီကောင်မလေး၊ နောက်ကတော့ဖြင့် မထိုင်ဘူး"

အူတိုစရာမရှိ ကြုံဖန်အူတိုလိုက်သေးတယ်။ ပြီးတော့ ကားလမ်းကို ခပ်သွက်သွက် ကူးလိုက်ပါတယ်။ တော်သေးတာပေါ့ လမ်းစည်းကမ်းထိန်းသိမ်းရေးနဲ့ မတွေ့တာ၊ နို့မဟုတ်ရင် အဖမ်းခံရပြီး ဒဏ်ငွေဆောင်နေရဦးမယ်။ လွင်ကိုလတ်လည်း တက္ကစီတစ်စီးကို ကမန်းကတန်းတားလိုက်ပြီး ကားခေါင်းခန်းထဲ ဝင်ထိုင်လိုက်ပါတယ်။ သူ့ကျတော့ ဒရိုင်ဘာ အဖိုးကြီး-

"ဟိုမြင်နေရတဲ့ တက္ကစီနောက်ကို လိုက်ဗျာ"

ဒရိုင်ဘာအဖိုးကြီးလည်း ဘာတွေ သဘောပေါက်သွားသွန်း မသိပါဘူး။ ချက်ချင်း ဂီယာချိန်း လီဗာနင်းပြီး လွင်ကိုလတ် ပြုတဲ့ဆီ တရှိန်ထိုး လိုက်ပါတယ်။ ပြီးတော့ ပြောလိုက်သေး၊

"ဦးကားက ဒီဇယ်။ ဟိုကားက ဓာတ်ဆီကား၊ စိတ်သာချ ဒီကောင်ကို ကျော်တက်ပြမယ်"

"ကျော်တော့ မတက်ပါနဲ့ဗျာ၊ နောက်က မှေးလိုက်ရင်ရပြီ။ တော်ကြာ လိုရာမရောက်ပဲ ရေခဲတိုက်ရောက်သွားဦးမယ်"

ဘယ်လောက်မှတောင် မလိုက်လိုက်ရပါဘူး၊ မြူဝေရှင်းရဲ့ကား လေးက ဘေးချပြီး ရပ်သွားပါတယ်၊ ကားရပ်တာနဲ့ မြူဝေရှင်းက ဒရောသောပါး ဆင်းပြီး ရှေ့တည့်တည့်မှာရှိတဲ့ အဆောက်အဦထဲ လှမ်းဝင်သွားပါတယ်။ လွင်ကိုလတ်လည်း ကားပေါ်က ဆင်းလိုက်ပြီး အဲဒီအဆောက်အဦရှေ့က သစ်ပင်အောက်မှာ ရပ်စောင့်နေလိုက်ပါတယ်။ သူရပ်စောင့်နေတဲ့ သစ်ပင်ကြီးမှာ အဆောင်လေးနဲ့ ရှုမိုးချွန်ဖြူစတွေချည်လို့၊ နတ်ကွန်းထင်ပါရဲ့။ လွင်ကိုလတ်က နတ်ကွန်းကို မော့ကြည့်လိုက်ပြီး တိုးတိုးလေး ပြောလိုက်ပါတယ်၊

"ဒီအပင်က ရုက္ခစိုးကြီးရယ်၊ ကျွန်တော့် တောင်မလေးကို အလုပ်မရအောင်လို့ လုပ်လိုက်စမ်းပါ။ ဒါမှ ဒင်းလေး စိတ်ထူးပြီး အင်ယူချင်စိတ်လေးပေါက်လာမှာ"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား ဟား ဟား"

ခွက်ထိုးခွက်လန် အကျယ်ကြီးရယ်ချလိုက်တဲ့ သူ့ရှေ့က လူကြီးကို ကြည့်ပြီး မြူဝေရှင်းရဲ့ မျက်နှာလေးက ညိုမည်းသွားပါ တယ်။

"ဟား ဟား၊ စကားမပြောတတ်တဲ့လူက အလုပ်လာလျှောက် ရတယ်လို့၊ ဟားဟားဟား၊ ရယ်ရတယ် ဟား ဟား"

လူကြီးက မြူဝေရှင်းကို စေ့စေ့ကြည့်ပြီး လှောင်ရယ်ရယ်နေပါ တယ်။ သူ့ကုမ္ပဏီမှာ အလုပ်လာလျှောက်တာ သူ့ဆီအလှောင်ခံဖို့ လာတာကျနေတာပဲ။ စိတ်ပုတ်စိတ်ယုတ်နဲ့လူကြီး။

"ဒီမှာကလေးမရဲ့။ ငါတို့က အလုပ်ကြီးအကိုင်ကြီး လုပ်နေတာ ကလေးကစားနေတာမဟုတ်ဘူး။ ညည်းဦးနှောက်သေးသေးလေးနဲ့ သေသေချာချာ စဉ်းစားကြည့်ပါဦး။ သွားသွား အချိန်ကုန်တယ်။ ရုပ်ကလေး သနားကမားပြုပြီး အလုပ်ရမယ်လို့ ထင်မနေနဲ့။ ခပ်တုံးတုံး မအူမလည်ကောင်တစ်ကောင်ကိုသာ အဲဒီရုပ်ကလေး ပြုပြီး တစ်သက်လုံးခိုင်းစားဖို့သာ စဉ်းစားပေရော့။ အလုပ်ကတော့ ဒီတစ်သက်မပြောနဲ့။ နောင်ဘဝတောင် ရမှာမဟုတ်ဘူး"

သူများသားသမီးကို အဲဒီလောက်ထိ ပြောစရာမလိုပါဘူး။ မြူဝေရှင်းက သူ့ရှေ့က စားပွဲကို လက်ဝါးနဲ့ ဖြန်းကနဲ ပုတ်ပြီး သူ့ရှေ့က အင်တာဗျူးတဲ့ ပြိတ္တာကြီးကို လက်ညှိုးငေါက်ငေါက်ထိုး လိုက်ပါတယ်။ အသားတွေလည်း တဆတ်ဆတ်တုန်လို့။ အခုနေ ရုတ်တရက် စကားပြောနိုင်လို့ကတော့ အဲဒီငနဲကြီးကို စီဒီတစ်ချပ် စာလောက် ပက်ပက်စက်စက် ပြောပစ်လိုက်ရမှာ။ လူကြီးက လက်ညှိုးထိုးထားတဲ့ မြူဝေရှင်းကို ကြည့်ပြီး-

"ဘာလဲ မှန်တာပြောတော့ မကျေနပ်ဘူးလား၊ မကျေနပ်လည်း





လဲသာသေလိုက်ကွာ"

ယောကျာ်းကြီးတန်မဲ့ နှုတ်သီးကောင်းနေရသေးတယ်။ မြူဝေရှင်း အင်တာဗျူးတွေ ဖြေလာတာ အခုနှစ်ဆယ်လောက်ရှိ တော့မယ်။ တစ်ခါမှ ဒီလိုအပြောမခံရဖူးဘူး။ အားလုံးက လူကြီးလူကောင်းဆန်ဆန် ငြင်းလွှတ်ကြတာချည်းပဲ။ တစ်ချို့ဆို ညာညာတာတာနဲ့၊ အခွင့်အလမ်းပေါ်ရင် စဉ်းစားပေးမယ်ဆိုပြီး၊ လိပ်စာတွေနာမည်တွေတောင် ကျကျနနမှတ်သွားကြသေးတယ်။ ဟုတ်တာမဟုတ်တာ အပထား။ ဘာပဲပြောပြော တစ်ဖက်သားက ကျေနပ်ပြီး၊ သူတို့လည်း လေးစားခံရတာပေါ့။ မြူဝေရှင်းလည်း ကျလု ဆဲဆဲ မျက်ရည်ကို မကျအောင်ထိန်းပြီး ထိုးထားတဲ့လက်ကို ပြန်ရုပ် လို့ အခန်းထဲက ဝုန်းကနဲ ထွက်လာခဲ့တယ်။

"တောက်၊ ဒီလူကြီးကို တစ်ခုခုလုပ်ခဲ့ရမှာ"

စိတ်ထဲမှာလည်း တနုံ့နုံ့နဲ့။ ဟိုအဝိုင်တောင်ကြီးက တမင်လုပ် ထားတဲ့အသံနဲ့ ရယ်ကျန်ခဲ့တယ်။ မြူဝေရှင်းက နောက်ပြန်လှည့်ပြီး ကျိန်စာတိုက်လိုက်ပါသေးတယ်။

"အလကား ကုမ္ပဏီ၊ လူလိမ်ခံထိပါစေ။ ဟိုလူကြီးလည်း ကုန်းကောက်စရာမရှိအောင် မွဲပါစေ"

ဒါပေမယ့် အသံမထွက်တော့ ဘယ်သူမှ မကြားလိုက်ရပါဘူး။ အင်း စကားမပြောနိုင်တာ အတော့်ကို အခွင့်အရေးဆုံးရှုံးတာပဲ။ ကုမ္ပဏီထဲကနေ ဒေါနဲ့မောနဲ့ ထွက်လာတဲ့ မြူဝေရှင်းကို ကြည့်ပြီး လွင်ကိုလတ် မျက်လုံးပြူးသွားတယ်။

"ဟာ အင်တာသွားဗျူးတာလား၊ ရန်သွားဖြစ်တာလား မသိဘူး"

မဟုတ်မှလွဲရော၊ လွင်ကိုလတ် ဆုတောင်းသံကို ဒီအပင်တ ရုက္ခစိုးကြားသွားပြီး ဝင်နှောင့်လိုက်တာထင်ရဲ့။ လွင်ကိုလတ်လည်း ဒေါနဲ့မောနဲ့ထွက်လာတဲ့ သူ့ချစ်သူလေးကို သွားဆွဲလိုက်ပါတယ်။ မြူဝေရှင်းမှာလည်း သူ့ရှေ့အကောင်လိုက်ပေါ်လာတဲ့ လွင်ကိုလတ် ကိုတွေ့ရော ဝမ်းသာအားရဖြစ်သွားပါတယ်။ သူ့စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

လွင်ကိုလတ်ကို ပန်းခြံမှာ ကျန်ခဲ့တယ်လို့ထင်နေတာ။ ဒါနဲ့ပဲ လွင်ကိုလတ်ကို အတင်းဆွဲပြီး စောစောက ထွက်လာတဲ့ ကုမ္ပဏီထဲ ပြန်ဝင်သွားပါတယ်။

"ဟဲ့ ကောင်မလေး၊ ဘာလုပ်မလို့တုံး"

မြူဝေရှင်းက ပြန်မဖြေအားပါဘူး။ လွင်ကိုလတ်ကိုသာ တွင်တွင်ဆွဲရင်း အတွင်းခန်းကိုသာ ချီတက်သွားပါတယ်။ မဟုတ်မှလွဲရော ဒီကုမ္ပဏီက စုံတွဲလိုက် အင်တာဗျူးရမယ်လို့ သတ်မှတ်ထားလား မသိဘူး။ ဒါလည်း မဟုတ်လောက်ဘူးထင်ရဲ့။ အပေါက်မှာစောင့်နေတဲ့စာရေးမလေးရော၊ အင်တာဗျူးဖို့ စောင့်နေကြတဲ့ ကျန်တဲ့လူတွေရော၊ အခြားကုမ္ပဏီဝန်ထမ်းတွေရော ကြက်သေသေပြီး သူတို့နှစ်ယောက်ကို ကြည့်နေကြပါတယ်။ စောစောက ပုဂ္ဂိုလ်ကြီးက နောက်တစ်ယောက်ကို အင်တာဗျူးမလို့ ပြင်နေပါပြီ။ အခန်းထဲကို ဝုန်းဒိုင်းနဲ့ ဝင်လာတဲ့ မြူဝေရှင်းတို့နှစ်ယောက်ကို ကြည့်ရင်း-

"ဟေး မင်းတို့က ဘာတွေလဲ၊ အပြင်က လူတွေ ဘာလုပ်နေကြတာလဲ"

မြူဝေရှင်းက စားပွဲကို လက်သီးနဲ့ ထုလိုက်ပါတယ်။

"ဒုန်း"

အင်တာဗျူးခံဖို့ ထိုင်နေတဲ့ ကောင်မလေးက ကြောက်ကြောက်နဲ့ ထပြီး ထောင့်သွားကပ်နေပါတယ်။ လွင်ကိုလတ်မှာလည်း တန်ရုကောင်းနိုး ဒီတိုင်း ကြည့်ရကောင်းနိုးနဲ့။

"ဟယ် ထူးပါဘူး၊ ကြည့်နေတာပဲ ကောင်းတယ်"

မြူဝေရှင်းက လွတ်နေတဲ့ နေရာမှာ ခပ်တည်တည်ဝင်ထိုင်လိုက်ပြီး စာရွက်တစ်ရွက်ကို ရွှမ်းကနဲ ထုတ်ပြီး စာရေးပြပါတယ်။ ပြီးတော့ လွင်ကိုလတ်ကို လက်ဆွဲပြီး စာရွက်ကိုထိုးပြတယ်။ ကြည့်ဆိုတဲ့ သဘောပါ။ လွင်ကိုလတ်က ရေးထားတာ ဖတ်ကြည့်လိုက် တော့. . .

"ကိုကို့ကို အဲဒီလူကြီးက ငတုံးတဲ့၊ မအူမလည်ကောင်တဲ့"

ဘယ်ကနေ ဘယ်လို ဒီအင်တာဗျူးထဲ သူ့အကြောင်းဝင်ပါ





ရတာပါလိမ့်။ မြူဝေရှင်းလေးက ဒါကြောင့် စိတ်ဆိုးသွားတာပေါ့။ မြူဝေရှင်းက ဆက်ရေးပြန်ပါတယ်။

"ပြီးတော့ မြူလေးကိုလည်း ဦးနှောက်သေးသေးလေးနဲ့ စဉ်းစားဉာဏ်မရှိဘူးတဲ့။ ပြီးတော့ အသံကျယ်ကြီးနဲ့လည်း လှောင်ရယ်သေးတယ်"

လွင်ကိုလတ်သဘောပေါက်လိုက်ပါပြီ။ ဒီလူကြီးက စကားမပြောတတ်ပဲ အင်တာဗျူးလာဖြေတဲ့ မြူဝေရှင်းကို လှောင်လွှတ်လိုက်တဲ့ပုံပဲ။ ဟိုလူကြီးက မြူဝေရှင်း ဘာတွေရေးနေတယ်ဆိုတာကို အသည်းအသန် လိုက်ဖတ်နေပါတယ်။ သူ့ဖက်က ကြည့်ရင် ပြောင်းပြန်ကြီးဖြစ်နေတာကိုး။ မြူဝေရှင်းက ဆက်ပြီး ရေးပြန်ပါတယ်၊ ရေးတာမှ စာလုံးကြီးကြီးနဲ့ပါ။

"အရူးကြီး၊ ပြိတ္တာကြီး။ လူ့ဝသလောတ် အချိန်မစီးတဲ့လူကြီး"

ဟိုလူကြီးက ဖတ်ကြည့်ပြီး ဆွေ့ဆွေ့ခုန်သွားပါတယ်။

"မင်းတို့က စော်စော်ကားကား၊ ဟေ့ ရဲစခန်းကို ဖုန်းဆက်စမ်း"

"ဝုန်း"

မြူဝေရှင်းက ထရပ်လိုက်တော့ ဟိုလူကြီးက နောက်ကို ယို့သွားပါတယ်။ ကောင်မလေးက စာရေးပြီး ရန်တွေ့လို့ အားမရသေးဘူးထင်ပါရဲ့။ လက်ဟန်အမျိုးမျိုးနဲ့ ရန်တွေ့နေပါတယ်။ သူပြောတာကို ဘယ်သူမှ နားလည်မှာလည်း မဟုတ်ဘူး။ လွင်ကိုလတ်ကလည်း နားမလည်ပါဘူး။ ဒါပေမယ့် ဒေါနဲ့မောနဲ့ ဟန်ပါပါ ရန်တွေ့နေတဲ့ပုံကိုကြည့်ပြီး လွင်ကိုလတ်က သဘောအကျကြီးကျသွားပါတယ်။

"လုပ်ထား မြူဝေရှင်းရေ လုပ်ထားဟ"

လွင်ကိုလတ်ကသာ သဘောကျနေတာ။ ဟိုလူကြီးကတော့ မြူဝေရှင်းလက်တွေလိုက်ကြည့်ပြီး မူးတောင်မူးလာပါတယ်။ မြူဝေရှင်းက ပြောလို့အားရသွားတော့မှ လွင်ကိုလတ်ကို ဆွဲပြီး ပြန်ဖို့လုပ်လိုက်ပါတယ်။

"ခဏနေဦး"



www.burmeseclassic.com

www.burmeseclassic.com


လွင်ကိုလတ်ဆီက အသံထွက်လာတာပါ။ သူက စားပွဲနောက်ကို ပတ်လျှောက်ပြီး ဟိုလူကြီးရှေ့ ခါးထောက်ရပ်လိုက်ပါတယ်။

"ခင်ဗျား သူပြောတာ နားလည်လား"

"ဟင့်အင်း"

ဟိုလူကြီးက ပြန်ဖြေပါတယ်။ ဟုတ်တယ်လေ။ သူမှ နားမလည်တာ။

လွင်ကိုလတ်က သူ့ညာလက်သီးကို သူ့ဘယ်လက်ဝါးထဲ အုပ်ထိုးလိုက်ရင်း-

"ကျုပ်လည်း နားမလည်ဘူး၊ ဒါပေမယ့် ကျုပ်ပြောတာ မြဲမြဲမှတ်ထား၊ ကျုပ်လက်ထဲမှာ ပလတ်စတာတွေ ကပ်ထားတာတွေ့တယ် မဟုတ်လား"

"တွေ့ တွေ့တယ်၊ ကြွက်နို့သတ်ထားတာလားဟင်"

ဟိုလူကြီးက ထစ်ငေါ့ ထစ်ငေါ့နဲ့ ပြန်မေးပါတယ်။ သူကြည့်ရတာ လူများကိုသာ မညာမတာ ပြောတတ်တာပါ။ သတ္တိတော့ ရှိပုံမရပါဘူး။

"ဒါကြွက်နို့သတ်ထားတာ မဟုတ်ဘူး။ ကျုပ်ချစ်သူကို ရိုးတီးယားတား လုပ်လို့ ဆွဲထိုးထားတာ။ အဲဒီကောင်က အောက်မေးရိုးကျိုးပြီး သွားလေးချောင်းပါ ထွက်သွားတယ်။ နားလည်လား"

"ခင်ဗျာ၊ ဟုတ်ကဲ့"

လူကြီးကလည်း တွေးပြီး ကြောက်သွားပါတယ်။ ထိုးတဲ့လူတောင် ပလတ်စတာကပ်ထားရတယ်ဆိုတော့။ အထိုးခံရတဲ့လူဆိုရင် အမယ်လေးလေး။ လွင်ကိုလတ်က မနေ့က ဦးကျော်သန်းမိုး နှိပ်စက်ထားလို့ ကပ်ထားရတဲ့ ပလတ်စတာကို ဟန်ပါပါနဲ့ ခုတုံးလုပ်ပြီး ပြောနေပါတယ်။ တကယ်တမ်းဆိုရင် သူ့ခမျာ အောက် မေးရိုးကျိုးအောင် ထိုးဖို့နေနေသာသာ လက်သီးတောင် ဖြောင့်အောင် ထိုးတတ်ရဲ့လား မသိဘူး။ ကြောက်တတ်တဲ့ လူများကို ဖြဲခြောက်ရတာ အရသာတယ်ရှိတာပဲ။ မြူဝေရှင်းကတော့ ဖြန်းစားကြီး





လူမိုက်ရှုပ်ခင်းနေတဲ့ လွင်ကိုလတ်ကို "ဒါမှကျုပ်မောင်ကြီးတော့" ဆိုတဲ့ မျက်နှာမျိုးနဲ့ ပြုံးပြုံးကြီး စိုက်ကြည့်နေပါတယ်။

"ဒါ ပထမဆုံးမို့ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါဆိုရင် မလွယ်ဘူးမှတ်ပါ"

နောက်တစ်ခါလည်း ရှိတော့မှာ မဟုတ်ပါဘူး။ လွင်ကိုလတ်က သူ့ကို ပြုံးပြုံးကြီးကြည့်နေတဲ့ မြူဝေရှင်းနဲ့ လက်ချင်းတွဲလိုက်ပြီး ဝိုင်းကြည့်နေတဲ့ လူတွေကို မိုက်ကြည့်ကြည့်လိုက်မှါတယ်၊ အားလုံးက ခေါင်းလေးတွေငုံ့ပြီး လမ်းရှင်းပေးကြတယ်။ သူတို့နှစ်ယောက်လည်း လက်ချင်းတွဲပြီး လူအုပ်ကြားက မိန့်မိန့်ကြီး ထွက်လာခဲ့ပါတယ်၊

"အင်း လူမျှားပေါ်တင်စီးရတာမျှား တယ်အရသာရှိတာပဲ"

လွင်ကိုလတ်က တွေးမိတာပါ။ သူကိုယ်တိုင်လည်း ဘယ်တုန်းက ဘယ်လိုသတ္တိတွေ၊ ယုံကြည်မှုတွေရပြီး ဒီလိုလုပ်ရဲသွားရတာလဲ မစဉ်းစားတတ်တော့ပါဘူး။ သူ့ပင်ကိုယ်စိတ်နဲ့ဆိုရင် ဒီလိုဘယ်လုပ်ရဲပါ့မလဲ။ အင်းအချစ်ဆိုတဲ့ ဥစ္စာကြီးကလည်း လူကို အခြောက်တိုက်ဘဝင်မြင့်ပြီး စိတ်ကြွစေတာပါလား။ တော်သေးတာပေါ့။ တားမြစ်ထားတဲ့ စိတ်ကြွရူးသွပ်ဆေးထဲ အချစ်မပါသေးလို့၊ မြူဝေရှင်းခမျာလည်း တစ်ကိုယ်လုံးမှာရှိတဲ့ သွေးတွေပူနွေးပြီး လွင်ကိုလတ်ကို မှီတွယ်ထားချင်တဲ့ စိတ်ပဲ ပေါက်နေပါတယ်။ အခုနေ လွင်ကိုလတ် ပါလို့ကတော့ အီရတ်မှာအလုပ်ရမယ်ဆိုရင်တောင် သွားလုပ်ရဲလောက်ပါတယ်။

လူ့စိတ်ဆိုတာ အတော်ဆန်းကြယ်တာပါလား။ ဒီအချိန်မှာတော့ မိန်းမတစ်ယောက်ရဲ့ ယုံကြည်ကိုးစားမှုရဖို့အတွက် စိန်ရွှေငွေရတနာတွေ၊ ဘွဲ့ထူးဂုဏ်ထူးတွေ၊ စည်းစိမ်တွေ၊ တိုက်တာ အဆောက်အဦတွေ မလိုပါဘူး။ လက်သီးတစ်ချက်လောက်ပဲ လိုတာပါ။ ဒါတောင် လွင်ကိုလတ်က တကယ်ထိုးမပြရသေးဘူး။

သူတို့နှစ်ယောက် တစ်လောကလုံးမှာ နှစ်ယောက်တည်းရှိသလို မှီတွဲလမ်းလျှောက်လာရင်း စားသောက်ဆိုင်တစ်ဆိုင်တွေ့တော့


www.burmeseclassic.com

www.burmeseclassic.com



မတိုင်ပင်ပဲ စိတ်တူကိုယ်တူ ဝင်သွားကြပါတယ်။ ဆိုင်ရဲ့နာမည် ခစ်ဆန်းဆန်း 'boudoir' တဲ့။ မိန်းမပျိုရဲ့ အိပ်ခန်းလို့ အဓိပ္ပာယ်ရတယ်။ မိန်းမပျိုရဲ့ အိပ်ခန်းထဲ ရောက်သွားတဲ့ လွင်ကိုလတ်နဲ့ မြူဝေရှင်းတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ရယ်ကြပါတယ်။ ဘာစကားမှလည်း မပြောပဲ ရယ်လို့သာ နေတော့တာပါပဲ။ Menu လာချပေးတဲ့ ဝိတ်တာလေးတောင် သူတို့ကို ကြည့်ပြီး ပြုံးရယ် ပေးချင်စိတ်တောင်ပေါက်လာပါတယ်။ အစားအသောက်တွေ မှာပြီး တဲ့အချိန်မှာတော့ လွင်ကိုလတ်က မြူဝေရှင်းလေးကို တစ်ဝ ငေးပါတယ်။ မြူဝေရှင်းက မသိချင်ယောင်ဆောင်ပြီး စာရွက် တစ်ရွက်ကို ထုတ်ပြီး ပုံတွေ ထိုင်ဆွဲနေပါတယ်။

"ဘာတွေ ဆွဲနေတာလဲ"

မြူဝေရှင်းက စာရွက်လေးထိုးပေးလိုက်တယ်။ လက်ပံ့စံ လေးတွေ အတော်များများ ဆွဲထားတာပါ။ စကားသာ မပြောတတ်တာ၊ ပုံလေးတွေ ဆွဲထားတာက အဖြောင့်ပါ။ အချိုးအစားကျပြီး လက်ရာသေသပ် ပါတယ်။ လွင်ကိုလတ်သဘောပေါက်လိုက်ပါတယ်။ ဒါ နားမကြားတဲ့ လူတွေ သုံးတဲ့ သင်္ကေတနဲ့တစ်ခုခု သရုပ်ဖော်ပြ ထားတာပါ။ ဒါပေမယ့် သူမှ နားမလည်တာ။

"ဟာ နားမလည်ဘူး၊ ဘာတွေ ရေးထားတာလဲ"

မြူဝေရှင်းက စာတစ်ကြောင်း ရေးပြပြန်တယ်။

"ကိုယ့်ဘာသာ သိအောင်ကြိုးစားတဲ့"

ကောင်မလေးက ပဟေဠိဖွက်နေပါပြီ။ သမိုင်းပေးတာဝန်အရ မသိသိအောင် လုပ်ရတော့မှာပဲ. . .





လွင်ကိုလတ်တစ်ယောက် လက်ပံ့လေးတွေ ကြည့်ပြီး ခေါင်းစား နေတာ တစ်ပတ်လောက်တောင်ရှိပါပြီ။ ကောင်မလေးကို မေးကြည့် ပေမယ့် မပြောဘူးတဲ့။ သစ္စာရှိနေလိုက်တာများ။

"အော် မြူဝေရှင်း၊ မင်းအတော်ဒုက္ခပေးပါလား"

ဒီလက်ပံ့လေးတွေဟာ လွင်ကိုလတ်အတွက် အရေးကြီးတဲ့ ကိစ္စတစ်ခုခုကို သရုပ်ဖော်ထားမှန်းတော့ ရိပ်စားမိပါတယ်။ အရင်တုံးက အဲဒီလိုသင်္ကေတွေ အဓိပ္ပာယ်ဖော်တဲ့စာအုပ်တွေ မြင်မိ ပေမယ့် အမှတ်တမဲ့ပါပဲ။ သူနဲ့မှ မဆိုင်သေးပဲကိုး။ အခုလို သက်ဆိုင် လာမယ်မှန်းသိရင် အစကတည်းက ဝယ်ပြီး အလွတ်ကျက်ထားမိ တယ်။ စာအုပ်ဆိုင်တွေမှာလိုက်မေးတော့လည်း ဆိုင်တစ်ဆိုင်က-

"ကြားတောင်မကြားဖူးဘူး"တဲ့။

နောက်တစ်ဆိုင်က-

"လက်ပံ့ပါတာဆိုရင် လက္ခဏာစာအုပ်တွေပဲရှိတယ်။ အဲဒီထဲရှာ ကြည့်ပါလား" တဲ့။

မဆီလေးရယ်မှ အိုမဆိုင်ပဲ။ နောက်ထပ်စာအုပ်ဆိုင် တစ်ဆိုင် ကတော့-

"အဟောင်းတန်းမှာ ရှိနိုင်တယ်တဲ့"

အဟောင်းတန်းမှာ သွားမေးကြည့်တော့

"အရင်တုံးက ပေါ်တယ်။ အခုတော့ ရှားတယ်ဗျ"

"ခင်ဗျား...မှာရှိလား"

"မရှိဘူး"

မရှိဘူး ပြောလိုက်ရင်ပြီးနေတာကို။ အရင်တွေ [illegible] လုပ်နေရသေးတယ်။ အလကား လွင်ကိုလတ်က [illegible]



www.burmeseclassic.com

www.burmeseclassic.com


ရှာနေမှန်းသိလို့ သက်သက်မဲ့လုပ်တာ။ သူတောင် အဲဒီစာအုပ်မျိုးတွေ့ဖူးရဲ့လားမသိဘူး။ ဒါနဲ့ပဲ စာကြည့်တိုက်သွားပြီး စုံစမ်းကြည့်တော့-

"အေးဗျ၊ ကျွန်တော်တို့ လက်လှမ်းမီသလောက် ဒီစာအုပ်မျိုးမရှိဘူးဗျ၊ သက်ဆိုင်တဲ့ လူတွေဆီမှာပဲ ရှိမှာ။ ကျွန်တော်တို့အထက်ကို တင်ပြပြီး ဒီစာအုပ်မျိုးတွေ စာကြည့်တိုက်မှာထားဖို့ ပြောပေးပါမယ်"

"ကျေးဇူးပါပဲဗျာ။ ဒါဆိုရင် ဘယ်တော့လောက် စာအုပ်ရနိုင်လဲဗျာ"

"အဲ တင်ပြရတာနဲ့၊ စုံစမ်းရမှာနဲ့ အတည်ပြုရမှာနဲ့၊ ငွေတောင်းခံရမှာနဲ့ဆိုတော့ အင်း"

"အဲ ရပါပြီ၊ ဒီလောက်ဆို သဘောပေါက်ပါပြီ။ ကျေးဇူးပဲနော်"

"အမြန်လိုချင်ရင်တော့၊ နားမကြားကျောင်းမှာ သွားစုံစမ်းကြည့်ပါလား"

ဟုတ်ပါရဲ့။ ညံ့ချက်ကတော့။ သိသိကြီးနဲ့ မေ့ရတယ်လို့။ အလကားသက်သက်မဲ့ အချိန်တွေကုန်ရော။ ဒါနဲ့ပဲ လွင်ကိုလတ်လည်း နားမကြားကျောင်းကို ရောက်သွားပါတယ်။ ကျောင်းကြီးက တိတ်လို့ဆိတ်လို့၊ သင်တန်းတွေပိတ်ထားတဲ့ အချိန်ထင်ရဲ့။ ကျောင်းညွှန်ခန်းမှာတော့ တိုင်းရင်းသူရုပ်မျိုးနဲ့ လွင်ကိုလတ်တို့ထက် နည်းနည်းကြီးမယ့် အမျိုးသမီးတစ်ယောက်နဲ့ တွေ့ပါတယ်။

"ဘာကိစ္စရှိပါသလဲရှင့်"

အင်း၊ သူကျတော့ စကားပြောတတ်သားပဲ။ နားလည်းကောင်းပါတယ်။ ဒီက ဆရာမပဲထင်တယ်။

"ကျွန်တော်ကိစ္စလေးတစ်ခု စုံစမ်းချင်လို့ပါ"

"ဟုတ်ကဲ့ရှင့်"

လွင်ကိုလတ်က အကျိုးအကြောင်း၊ အကြမ်းဖျင်းပြောပြပြီး စာရွက်စာတမ်းတွေရှိမရှိ မေးကြည့်လိုက်ပါတယ်။ အဲဒီဆရာမလေးက၊

"ဒီစာအုပ်တွေက ကန့်သတ်ပြီးထုတ်တော့ လက်ကျန်





သိပ်မရှိတော့လို့ အပြင်ကို ထုတ်မပေးနိုင်ဘူး"

"ကျွန်တော် ဝယ်ပါ့မယ်ဗျာ၊ လုပ်ပါဗျာ။ အရေးကြီးလို့ပါ"

"ရှင်က အဲဒီစာအဓိပ္ပာယ်သိရရင်ပြီးတာပဲ မဟုတ်လား"

"ခင်ဗျာ၊ ဟုတ်ကဲ့"

"ဒါဖြင့် ကျွန်မကပဲ အဓိပ္ပာယ်ဖော်ပေးလိုက်မယ်လေ။ ဖြစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ဒါဆိုလဲ ကျေးဇူးပြုပြီး. . ."

လွင်ကိုလတ်က သူနဲ့တစ်ပါတည်းပါလာတဲ့ လက်ပုံစံ စာရွက်လေးကို ထုတ်ပေးလိုက်ပါတယ်။ အဲဒီဆရာမလေးက ဖတ်ကြည့်ပြီး ပြုံးလိုက်ပါတယ်။

"ဒါက အင်္ဂလိပ်လို ရေးထားတာရှင့်"

အော် လက်ပုံစံတွေမှာလည်း အင်္ဂလိပ်လို မြန်မာလိုရှိသေးတာကိုး။ လွင်ကိုလတ်က တစ်ကမ္ဘာလုံးတစ်မျိုးတည်း အောင့်မေ့နေတာပါ။ ဆရာမလေးက သဘောကောင်းစွာနဲ့ပဲ အင်္ဂလိပ်လိုရော မြန်မာလိုပါ ဘာသာပြန်ပေးလိုက်ပါတယ်။

"ရေးထားတာက I want to marry to you လို့ ရေးထားတာ၊ ကျွန်မ ရှင့်ကို လက်ထပ်ချင်ပါတယ်ပေါ့"

"ဝမ်းသာလိုက်တာ ဆရာမရယ်"

"ဘာပြောတယ်ရှင့်"

နဂိုကတည်းက အသားရောင်အနီဘက်သန်းတဲ့ ဆရာမလေးရဲ့ မျက်နှာက ပိုပြီးနီရဲသွားပါတယ်။ သူ့စိတ်ထဲမှာ လွင်ကိုလတ်က တမင်သက်သက်လာနောက်နေတယ်လို့ ထင်သွားပုံပါပဲ။

ထင်လည်းထင်ချင်စရာ။ ဆရာမလေးက စေတနာနဲ့ ဘာသာပြန်ပေးတာကို သူက ဝမ်းသာလိုက်တာ ဆရာမရယ်ဆိုတော့ ဆရာမလေးကပဲ သူ့ကို လက်ထပ်ပါမယ် ပြောသလိုလို။

"ဟာ ကျွန်တော် ဝမ်းသာတာ ဆရာမကို မဟုတ်ပါဘူး"

"ဒီနေရာမှာ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းရှိနေတာ၊ ရှင်က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ပြောတာမဟုတ်ရင် ဘယ်က တစ္ဆေကို ပြောတာတုံး”

ဒုက္ခပဲ။ ရှုပ်ကုန်ပါပြီ။ ဘယ်ကဘယ်လို လွဲသွားပါလိမ့်။ လွင်ကိုလတ်လည်း တတ်စွမ်းသမျှ ရှင်းပြရပါတယ်။

“ဆရာမပြောတာက သတ်သတ်၊ ကျွန်တော်ဝမ်းသာတာက သတ်သတ်၊ ဆရာမပြောလိုက်တာကို ဝမ်းသာပေမယ့်၊ ကျွန်တော် ဝမ်းသာတာက ဆရာမကို မဟုတ်ဘူး။ ဒါပေမယ့် ဆရာမပြောလိုက်တဲ့ ကျွန်မရှင့်ကို လက်ထပ်ချင်ပါတယ်ဆိုတဲ့ စကားက. . .”

“ရှင်ပြောလေကဲလေပါလား”

ရှင်းလေရှုပ်လေပါပဲ။ ဘယ်လိုရှင်းရပါ့။ ကိုယ့်ဘာသာကိုယ် ဝမ်းသာတာတောင် အပြစ်ကမလွတ်ပါလား။ တောက် ဒါသပွက်အူ မမြုဝေရှင်းကြောင့်။ သူ့ဟာသူ ရှင်းပြလိုက်ရင် ရရဲ့သားနဲ့၊ သက်သက်မဲ့ လူကို ဒုက္ခရောက်အောင်။

“နေပါဦး ဆရာမရယ်။ ကျွန်တော် ပြေလည်အောင် ရှင်းပြပါရစေဦး”

“အို ဘာမှရှင်းပြမနေနဲ့။ မကြားချင်ဘူး။ ရှင်သွားတော့”

“မဟုတ်သေးပါဘူး ဆရာမရယ်။ ကျွန်တော် တောင်းပန်ပါတယ်။ ဒီစာက ကျွန်တော့် ကောင်မလေးပေးထားတာပါ။ သူက စကား မပြောတတ်ပါဘူး။ ကျွန်တော်က လက်ထပ်ခွင့်တောင်းတော့ သူက ဒီစာလေးကို ပြန်ပေးတယ်။ အဲဒါ ကျွန်တော်က မဖတ်တတ်တော့ ဆရာမကို အကူအညီတောင်းမိတာပါ။ ဆရာမ ရုတ်တရက်ဘာသာ ပြန်ပြလိုက်တော့ ဝမ်းသာလုံးဆို့ပြီး လွတ်ကနဲ ထွက်သွားတာပါ။ ဆရာမကို မလေးမစားလုပ်တာမဟုတ်ပါဘူးဗျာ။ ကျွန်တော် တောင်းပန်ပါတယ်ဗျာ”

ဆရာမလေးလည်း အခုမှ မျက်နှာနည်းနည်းပြေလာပါတယ်။ လောကွတ်ပိုပြီး ဘာသာပြန်မိတဲ့ သူ့လျှာကိုသာ ဖြတ်ပစ်ချင်စိတ် ပေါက်သွားပါတယ်။ ဒါပေမယ့် မဖြတ်ရဲတော့ သူ့ရှေ့မှာရှိတဲ့ လွင်ကိုလတ်ကိုပဲ မျက်စောင်းထိုးလိုက်ရင်း-





“ဝမ်းသာတယ်ဆိုရင်လည်း ကိုယ့်ဘာသာကိုယ် လွတ်လွတ်ကင်းကင်း ဝမ်းသာပါလား။

“ခွင့်လွှတ်ပါဆရာမရယ်။ နောက်ဆိုရင် သတိထားပါ့မယ်။ ဝမ်းသာမယ်ဆိုရင်လည်း ဆရာမ,မရှိတဲ့ နေရာမှာပဲ ဝမ်းသာပါတော့မယ်။ သွားမယ်နော်။ ကျေးဇူးအကြီးကြီး တင်ပါတယ်ဗျာ”

လွင်ကိုလတ်လည်း ပြောရင်းဆိုရင်း နှုတ်ဆက်ရင်းနဲ့ပဲ လာရာလမ်းအတိုင်း ပြန်လှည့်ခဲ့ပါတော့တယ်။ ဟူး တော်ပါသေးရဲ့။ ဒီလောက်နဲ့ပဲ ပြီးသွားလို့။ မြုဝေရှင်း၊ မြုဝေရှင်း၊ တော်တော် ဒုက္ခပေးပါလား မင်း။ ဆရာမလေးကလည်း လွင်ကိုလတ်ရဲ့ကျောကို မျက်စောင်းထပ်ထိုးရင်း ပွစိပွစိနဲ့ ကျန်ခဲ့ပါတယ်။

“ဟင်း လူပုံစံက အူကြောင်ကြောင်နဲ့၊ သူလုပ်တာနဲ့ တိုတိုနဲ့ ချိန်းထားတာလေးတောင် နောက်ကျကုန်ပါပြီ၊ အမြန်သွားဦးမှ”

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်း လက်ထပ်ရမယ်ဆိုတော့ ရတက်မအေးနိုင်သူက မြူဝေရှင်းရယ်ပါ။ လွင်ကိုလတ်သူ့ကို တကယ်လက်ထပ်ချင်ပါ့မလား။ စိတ်ပဲပြောင်းသွားလေမလား။ နောင်တတွေပဲ ရနေမလား။ တွေးရင်း တွေးရင်း စိုးရိမ်စိတ်က ငယ်ထိပ်ရောက်နေပါတယ်။ သူမှားသွားပြီ ထင်ရဲ့။ အချိန်တွေ မလွန်ခင် ပိုနေမြဲ ကျားနေမြဲပဲ ကောင်းမယ်ထင်တယ်။ ယောက်ယက်ခတ်နေတဲ့ သူ့အစ်မကို ကြည့်ရင်း ကြူဆွေလင်းက မျက်စိနောက်လာပါတယ်။

"မမ နင်ဘာဖြစ်နေတာလဲ၊ အိန္ဒြေကို မရဘူး"

မြူဝေရှင်းက သူ့ညီမကို လက်ဟန်နဲ့ ပြန်ပြောပါတယ်။

"ငါကြောက်တယ်"

"နင်က ဘာကို ကြောက်နေတာလဲ။ ဒီနေ့ပဲ ဟိုက ကြောင်းလမ်းဖို့ လာတော့မယ့်ဟာကို"

"ဟင့်အင်း ငါကြောက်တယ်"

"ဟုတ်ပါပြီ၊ ဘာကို ကြောက်တာလဲ ပြောဦးမှပေါ့"

"အို၊ အားလုံး အားလုံးကို ကြောက်တယ်"

"အဓိပ္ပာယ်မရှိလိုက်တာဟာ"

ကြူဆွေလင်းက သူ့အစ်မကို ပြောပြီး တစ်ဖက်လှည့်သွားပါတယ်။ မြူဝေရှင်းက သူ့ညီမကို သူ့ဖက်ဆွဲလှည့်လိုက်ပြီး-

"ညက ငါအိပ်မက်မက်တယ်"

ကြူဆွေလင်းက သူ့အစ်မလက်ကို ဂရုတစိုက်ကြည့်နေပါတယ်။ သူ့အစ်မလက်တွေက တုန်တုန်ရင်ရင်နဲ့။

"အိပ်မက်ထဲမှာ ငါနဲ့လွင်ကိုလတ်နဲ့ နှစ်ယောက်သား လျှောက်သွားနေတုန်း တိမ်တွေထဲမှာ ငါတစ်ယောက်တည်း ပိတ်မိနေတာ"





"တိမ်တွေကြားမှာ"

"ဟုတ်တယ်၊ တိမ်တွေကြားမှာ။ ငါဘယ်လိုပဲ ဖောက်ထွက် ဖောက်ထွက် တိမ်တွေက မဆုံးတော့ဘူး။ အဲဒီ ဖြူဖြူတွေ ကြားထဲမှာ ငါတစ်ယောက်တည်း။ ငါက လွင်ကိုလတ်ကို အော်ခေါ်ပေမယ့် ဘယ်လိုမှ အသံမထွက်ဘူးဟ"

ကြူဆွေလင်းက ပြုံးစိစိဖြစ်သွားပါတယ်။

"နင်က အစကတည်းက စကားမှ မပြောနိုင်တာ"

မြူဝေရှင်းက စိတ်ဆိုးသွားပါတယ်။ ဒေါနဲ့မောနဲ့ သူ့ညီမကို လက်ဟန်နဲ့ ပြန်ပြောပါတယ်။

"အရင်အိပ်မက်တွေတုန်းက ငါက စကားပြောလို့ ရတယ်ဟ"

"အော်"

ကြူဆွေလင်းက သူ့အစ်မကို ငေးငေးလေးကြည့်ပါတယ်။ ညီအစ်မချင်း ဖြစ်ပေမယ့် သူ့အစ်မကို သိပ်ပြီး ချစ်ချစ်ခင်ခင်မရှိလှပါဘူး။ ဒါပေမယ့် ဒီနေ့တော့ တစ်ခါမှ မဖြစ်ဘူးတဲ့ ကြင်နာစိတ်လေး ဝင်လာပါတယ်။ ဟုတ်မှာ သူ့ခမျာ အရမ်းစကားပြောချင်မှာပေါ့။ ကြူဆွေလင်းက မြူဝေရှင်းကို သာသာလေး ထွေးပိုက်လိုက်ရင်း-

"နင်ပြောတဲ့ စကားသံကို ငါအရမ်းနားထောင်ချင်လိုက်တာဟာ"

မြူဝေရှင်းက ဖက်ခံထားရတာကနေ ရုန်းထွက်လိုက်ရင်း-

"ငါ လွင်ကိုလတ်ကို လက်မခံရင် ကောင်းမယ်ထင်တယ်"

"ကျွတ်၊ မမ နင်ဒီလောက်လည်း စိုးရိမ်မနေပါနဲ့။ ဦးလွင်ကိုလတ်က နင့်ကို တကယ်ချစ်တာပါဟာ။ နင့်ကိုလည်း ဝရုစိုက်မှာပေါ့။ ဒီအိပ်မက်ကြီးကို မေ့ပစ်လိုက်စမ်းပါ။ အိပ်မက်ဆိုတာ ပြောင်းပြန်ဟ။ တာဟ။ အိပ်မက်ထဲမှာ နင်ပိတ်မိနေတယ်ဆိုတော့ တကယ့်အပြင်မှာ ထွက်ပေါက်တွေ့မှာပေါ့။ ဟုတ်တယ်၊ နင်ဦးလွင်ကိုလတ်နဲ့ ထက်ကြပ် လိုက်။ ဒါနင့်အတွက် ထွက်ပေါက်ပဲ"

ဒါ ထွက်ပေါက်တဲ့လား။ မြူဝေရှင်းက နံရံပေါ်က နာရီကို လှမ်းကြည့်လိုက်ပါတယ်။ မနက်ကိုးနာရီခွဲ၊ နောက်တစ်နာရီဆိုလာတော့


www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် လွင်ကိုလတ်တို့ ကြော်ငြာမိန်းဖို့ ရောက်လာတော့မှာပေါ့။

"မြူလေးကြောက်တယ် ကိုကိုရယ်၊ မြူလေးကြောက်တယ်"

လွင်ကိုလတ်မှာတော့ အဲဒီအချိန်မှာ သူ့အစ်မနဲ့ အကြိတ်အနယ် ဆွေးနွေးနေရပါတယ်။ လွင်ကိုလတ်က သူ့အစ်မဒေါ်လွင်မေဦးကို မိန်းမလိုက်တောင်းပေးဖို့ နိုင်ငံခြားကနေ လှမ်းခေါ်လိုက်တာပါ။ ဟိုကလည်း သူ့မောင်မိန်းမယူမယ်ဆိုတော့ ကော့ကော့ ကော့ကော့နဲ့ ပြန်လာခဲ့တာပေါ့။ ဒီမောင်နှမနှစ်ယောက်တည်းရှိတော့တာ၊ သူမှ မဦးစီးရင် ဘယ်သူဦးစီးမှာလဲ။ ဒီရောက်တော့ သူ့မောင်ယူမယ့် မိန်းမက စကားမပြောတတ်ဘူးဆိုပဲ။

"ဖြစ်မှဖြစ်ရလေ ငါ့မောင်ရယ်။ မိန်းမ ဒီလောက်တောင် ရှားသလား၊ တော်ပြီ နင့်ဘာသာလုပ်ချင်တာလုပ်၊ ငါတော့ မတောင်းပေးဘူး"

"ဟာ မလုပ်ပါနဲ့ မမရာ၊ ကျွန်တော်အားလုံး ပြောဆိုပြီးနေပြီ"

"မင်းတို့ကရော ဘာလို့ မတားကြတာတုံး။ မင်းတို့ကို လွင်ကိုလတ်ကို ထိန်းပေးဖို့ မှာထားခဲ့သားနဲ့"

ဒေါ်လွင်မေဦးက လွင်ကိုလတ်သူငယ်ချင်းတွေကိုပါ လှည့်ပြီး ဟောက်ပါတယ်။ သူတို့ကလည်း လွင်ကိုလတ်တောင်းပန်ထားလို့ ဇာတ်စပ်ပွဲကို လိုက်ကြရမှာပါ။

"တားတော့တားတာပါပဲ အစ်မရာ။ ဒါပေမယ့် ဒီကောင်က အသံမပါတာလေးပဲ နားအေးပါးအေးရှိတယ်တဲ့။ စာရေးတဲ့အခါလည်း အာရုံမနှောက်ဘူးဆိုပြီး သူ့ဟာသူ သဘောကျနေတာ"

သူရသိန်းက ပြန်ဖြေလိုက်တာပါ။ သူပြောတာက ပြေရာပြေကြောင်းမဟုတ်ဘဲ ချောက်ဝင်တွန်းလိုက်သလိုပဲ။

"ဟုတ်ပါတယ် အစ်မရယ်။ သူက ကမ္ဘာကျော် အဆိုအမိန့်တစ်ခုကို သူ့လက်ထက်မှာ ချိုးဖောက်နိုင်ပြီဆိုပြီး ဂုဏ်ယူနေတာ အစ်မရဲ့"

ဒါက ကျော်စိုးဝင်းက ပြောလိုက်တာပါ။ လွင်ကိုလတ်က ကျော်စိုးဝင်းကို မျက်လုံးကြီးပြူးကြည့်ပါတယ်။





"ဟော့ကောင်၊ ငါဘာပြောလို့လဲ"

"မင်းပဲ ပြောတယ်လေ။ မိန်းမတွေရဲ့လျှာဟာ အိမ်ထောင်သက်နဲ့ တိုက်ရိုက်အချိုးကျတယ်၊ အိမ်ထောင်သက်ရှည်လေ လျှာရှည်လာလေဆို။ အခုမင်းယူမယ့် ကောင်မလေးက စကားမပြောနိုင်တော့ အိမ်ထောင်ဦးမှာလည်း လျှာက ဒီလောက်ပဲ၊ နောက်အိမ်ထောင်သက်ကြာလာရင် ဒီလောက်ပဲ ဖြစ်မှာတဲ့၊ ဒါကြောင့် ဒီအဆိုအမိန့်ဟာ မင်းတို့အတွက် မှားတယ်ဆိုပြီး ပြောတာလေ၊ မမှတ်မိတော့ဘူးလား"

"အွန့်"

လွင်ကိုလတ်ရင်ထဲ ဆို့နင်နင်ကြီးဖြစ်သွားပါတယ်။ ဒီကောင်တွေက အချိန်ကိုက်ပြီးမှ စနက်တံဖြုတ်နေကြတာပဲ။

"ရတယ်၊ ရတယ်။ ဘယ်သူမှ မလိုက်နဲ့။ ငါ့ဘာသာငါပဲသွားတော့မယ်။ မမလည်းပြန်တော့၊ မမနဲ့ ကျွန်တော်နဲ့ ဆွေခန်းမျိုးခန်းပြတ်ပြီး မနက်ဖြန် ရှေ့နေခေါ်ပြီး အမွေခွဲမယ် ဒါပဲ"

"အမယ်လေးလေး"

ဒေါ်လွင်မေဦးက မျက်လုံးပြူးပြီး ရင်ဘတ်ကို လက်နဲ့ဖိပါတယ်။ သူ့မောင်က မဖက်လိုက်ပြီး မိုက်ဖက်ပါနေတာများ၊ ဒင်းက ပြတ်နိုင်ပေမယ့် သူကတော့ မပြတ်နိုင်ပါဘူး။ ဒီတစ်ယောက်က မောင်ဆိုလည်း ဟုတ်၊ သားဆိုလည်း ဟုတ်။ သူပဲ ကျွေးမွေးစောင့်ရှောက်လာရတာ။

"အမယ်လေးလေး ငါ့မောင်ရယ်။ ဒီလိုတော့ မလုပ်ပါနဲ့။ လိုက်တောင်းပေးမယ်၊ ဟဲ့ မင်းတို့လည်း မြင်စရာရှိတာ မြင်တော့။ အစ်မကိုတောင် ပြတ်အောင်လုပ်နိုင်တဲ့ ငါ့ယောင်းမမျက်နှာကို စေ့စေ့ကြီးကြည့်ပြီး တောင်းပေးမယ် ဟုတ်ပြီလား"

မြူဝေရှင်းတို့အိမ်ရောက်တော့ ဦးကျော်သန်းမိုးက ဧည့်ခန်းထဲမှာ ရှုတည်တည်ကြီး ထိုင်နေပါတယ်။ ပျူပျူငှာငှာလေးတောင် ဖိတ်ခေါ်ဖော်မရဘူး။ တကယ်ဆို 'လာပါ'၊ 'ကြွပါ' ဆိုပြီး နည်းနည်းတော့ ပျူငှာသင့်တာပေါ့။ အခုတော့လည်း တစိမ်းတွေပိုပါလား ယောက္ခထီးကြီးရယ်။ အတူတူမြက်ခုတ်ခဲ့တာ မေ့သွားလိုက်ပြီပေါ့။


www.burmeseclassic.com

www.burmeseclassic.com



မြုဝေရှင်းတို့အမေကပဲ 'ကြွပါရှင်၊ ထိုင်ကြပါ' ဆိုပြီး ဖိတ်ခေါ်ရတော့တယ်။ မြုဝေရှင်းကိုလည်း မတွေ့ရပါဘူး။ အခုလောက်ဆို အခန်းထဲကနေ ခြေဖျားလက်ဖျားတွေ အေးနေရောပေါ့။ လွင်ကိုလတ်ကလည်း ရှိသမျှ အဖျားအားလုံးအေးတာပါပဲ။ ကြုဆွေလင်းကတော့ ဧည့်ခန်းဝမှ ပြုံတစ်ပြုံတစ်နဲ့။ ဧကန္တ သူ့အစ်မကို ဧည့်ခန်းထဲက အခြေအနေတွေ တိုက်ရိုက်ထုတ်လွှင့်ပေးနေပုံပဲ။ ပြန်ကြားပေးရန် ကြုဆွေလင်းအသံပေါ့။ အားလုံးနေသားတကျထိုင်မိတော့မှ သူရသိန်းက-

"အဟမ်း အဟမ်း"

မဆိုးချင်ပဲနဲ့ ဆိုးတဲ့ချောင်းက သိသာလွန်းပါတယ်။ ဦးကျော်သန်းမိုးက မျက်ထောင့်နီကြီးနဲ့ကြည့်တယ်။

"အဟင်း၊ အခုကျွန်တော်တို့ ဒီကိုရောက်လာတဲ့ ကိစ္စကတော့ အဟမ်း ဒီကလူကြီးတွေလည်း သိထားပြီး ဖြစ်မှာပါ။ အဟင်း"

"အဲဒီ အဟမ်းတွေ အဟင်းတွေမပါပဲ ပြောလို့မရဘူးလား"

ဦးကျော်သန်းမိုးက ဘုမှုတ်ပါတယ်။ အဖိုးကြီးမျက်နှာကြည့်ရတာ သိပ်အချိုးမပြေလှဘူး။ သူရသိန်းက မျက်နှာချိုလေးသွေးပြီး-

"အဟင်း ရပါတယ်၊ ပြောလို့ရပါတယ်၊ အဟမ်း"

"ခွီး"

ကြုဆွေလင်းရဲ့ ကြိတ်ရယ်သံပါ။ သူရသိန်းက ကြုဆွေလင်းကို မျက်စောင်းတစ်ခု ထောင့်ကန်ကန်လိုက်ပါတယ်။ ဒီမှာ ပြောနေမကျလို့ အဆင်မပြေရတဲ့ကြားထဲ။ အဲဒီမှာ မလွဲမရှောင်သာပဲ လွင်ကိုလတ်ရဲ့ အစ်မက အခြေအနေဝင်ထိန်းရပါတယ်။ သူက ကျောင်းဆရာမ လုပ်ခဲ့တာပဲ။ ဒီပွဲထိန်းရတာလောက်က အပျော့။

"ကျွန်မတို့ ဘာသာပဲ မိတ်ဆက်ပါရစေ။ ကျွန်မက လွင်ကိုလတ်ရဲ့ အစ်မ လွင်မေဦးပါရှင်။ အခု ဦးကျော်သန်းမိုးတို့ဆီကို လာရောက်ရတာကတော့ ဟောဒီက ကျွန်မရဲ့မောင်လေး မောင်လွင်ကိုလတ်က ဦးကျော်သန်းမိုးတို့ရဲ့ သမီး. . . အင်း ဟိုဒင်း၊ ဘယ်သူ"



အရေးထဲ နာမည်မေ့နေပြန်ပါပြီ။ မတတ်နိုင်ပါဘူး၊ လုံးချမှပဲ။

"အဲ သမီးကို နှစ်သက်သဘောကျတဲ့အတွက် လာရောက်တောင်းရမ်းရတာပါ"

"နေစမ်းပါဦး၊ ကျွန်တော့်မှာ သမီးနှစ်ယောက်ရှိတာ၊ ဘယ်သမီးကို ပြောတာတုံး၊ ရှင်းရှင်းလင်းလင်း လုပ်စမ်းပါဦး"

ဦးကျော်သန်းမိုးက ဝင်ဖောက်ပါတယ်။ ဒီလူကြီးက သိသိကြီးနဲ့ တမင်လုပ်တာ။ သူ့မိန်းမက အားနာတဲ့ မျက်နှာထားနဲ့၊

"ရှင်ကလဲ"

"ဟ ကွဲကွဲပြားပြား သိရမှ ဖြစ်မှာပေါ့ကွ"

ဒေါ်လွင်မေဦးက သူ့မောင်ကို မေးဆတ်လိုက်ပြီး-

"ဟဲ့ ပြောလိုက်လေ၊ ကိုယ်လိုချင်တာကို၊ လူကြီးက ကွဲပြားသွားအောင် သိချင်တဲ့ဟာကို"

ဒေါ်လွင်မေဦးရဲ့အသံက ငေါ့တော့တော့၊ ဦးကျော်သန်းမိုးကတော့ ကွဲပြီးပြားတာကြီးကို တွေးမိပြီး ရှုံ့တွသွားပါတယ်။

လွင်ကိုလတ်ရဲ့ အသံက ဆောင့်ဆောင့်အောင့်အောင့်နဲ့ ထွက်လာပါတယ်။

"မြုဝေရှင်း"

ပြီးတော့ မျက်နှာတွေထူပူပြီး ခေါင်းကြီး အောက်စိုက်ချထားပါတယ်။ ကောင်လေးက ရှက်တယ်ပေါ့။ မြုဝေရှင်းရဲ့ အမေက အခြေအနေဝင်ထိန်းပါတယ်။ ဒီပွဲမှာတော့ နှစ်ဖက်သော အသင်းတွေကို ဦးဆောင်သူက အမျိုးသမီးတွေပါပဲ။ ပုခက်လွှဲသောလက်များရဲ့ အားပြိုင်ပွဲပေါ့။

"အော် ဟုတ်ကဲ့ရှင့်၊ ဟိုဒင်းလေ။ အခုလို သိရတာ ဝမ်းသာပါတယ်။ မိသား ဖသားပီပီလာရောက် ကြောင်းလမ်းတယ်ဆိုတော့လည်း ဂုဏ်ယူပါတယ်။ ကလေးတွေ ကိစ္စဆိုတော့လည်း လူငယ်တွေရဲ့ သဘောထားက အဓိကပါပဲ။ ဒီတော့ သမီးရဲ့ဆန္ဒကို အားလုံးရှေ့မှာပဲ မေးကြည့်ကြတာပေါ့။ သမီးရေ မိမြု ခဏလာပါဦးကွယ်"



www.burmeseclassic.com

www.burmeseclassic.com

မြူဝေရှင်းရဲ့အမေက ဟိုအသင်း ဒီအသင်းတွေမှာ ဟိုအကြောင်းတက်ပြော၊ ဒီအကြောင်းတက်ပြောလုပ်လာတဲ့လူထဲ စကားအရာတော့ မညံ့လှပါဘူး။ အမေရဲ့ ခေါ်သံအဆုံးမှာတော့ အခန်းထဲက မင်းသမီးထွက်လာပါပြီ။ သူ့ခမျှာ ခေါင်းလေးငုံ့ပြီး တဲ့ဆိုင် တဲ့ဆိုင်းနဲ့ ခုံဖိနပ်ကို သမံတလင်းပေါ် အသံမမြည်အောင် ထိန်းလျှောက်တဲ့ ပုံစံမျိုးနဲ့ သူ့အမေဘေး ယှိုယှိုလေး သွားထိုင်ပါတယ်။ လွင်ကိုလတ်အစ်မက သူ့ယောင်းမလောင်းကို စိမ်းစိမ်းကြီး ကြည့်ပြီး စိတ်ထဲမှတ်ချက်ချလိုက်ပါတယ်။

"ရုပ်ကလေးက ချစ်စရာလေးပါ၊ စကားမပြောတတ်ရဘူး ရယ်လို့"

လွင်ကိုလတ်က အပိုးကျိုးနေတဲ့ သူ့ချစ်သူလေးကိုကြည့်ပြီး အူယားနေပါတယ်။ ပဲမျှားနေလိုက်တာများ။ ဒီပုံစံအတိုင်း ဘုရင့်နောင် ကုန်စည်ဒိုင်ရှေ့ရောက်သွားလို့ကတော့ ပဲဈေးတောင် ဝုန်းကနဲ ကျသွားနိုင်တယ်။ မြူဝေရှင်းရဲ့အမေက သူ့သမီးရဲ့ လက်ကို ကိုင်လိုက် ပြီး. . .

"ဟောဒီက မောင်လွင်ကိုလတ်က သမီးကို လက်ထပ်ချင်လို့ လာကြောင်းလမ်းနေတယ်။ အဲဒါ သမီးသဘောတူတယ် မဟုတ်လား"

တရားခွင်မှာဆိုရင် ဒါဟာ နိမိတ်ပြ မေးခွန်းပါ။ အားလုံးမျှော်လင့် ထားကြတာလည်း မြူဝေရှင်းလေး ခေါင်းညိတ်ပြမှာကိုပါ။ ဒါပေမယ့် မြူဝေရှင်းက ခေါင်းခါပြလိုက်ပါတယ်။

"ဟင်"

"မြူလေး"

"မမ နင်ဘာဖြစ်နေတာလဲ"

ကြူဆွေလင်းရဲ့ အသံစူးစူးက အားလုံးကို လွှမ်းသွားတယ်။ လွင်ကိုလတ်က မျက်စိမျက်နှာတွေပျက်လို့။ မြူဝေရှင်းက မျက်ရည်တွေဝိုင်းလို့။ ဒေါ်လွင်မေဦးက ဘယ်လိုဖြစ်တာလဲဆိုတဲ့ မျက်နှာနဲ့ ကြည့်နေပါတယ်။





"ဒင်းကများ ငါ့မောင် ကောင်းကောင်းကန်းကန်းကို ငြင်းရတယ် [illegible]သေး"

စိတ်ထဲမှာလည်း မကျေမနပ်ဖြစ်လို့၊ ဦးကျော်သန်းမိုး တစ်ဘော အားလုံးကို ခပ်တည်တည်နဲ့ ကြည့်နေပါတယ်။

"မမ နင်ဘာအရူးထတာလဲ"

ကြူဆွေလင်းက သူ့အစ်မကို လှမ်းပြောပြန်တယ်။ မြူဝေရှင်းက လက်ဟန်နဲ့ သူ့ညီမကို ပြန်ပြောတယ်။ ကျော်စိုးဝင်းက သူ့ရသိန်းဖက် လှည့်ပြီး တိုးတိုးမေးပါတယ်။

"ဟိုက လုပ်ပြတာ မင်းနားလည်လား"

"ဟေအေး၊ ဒါပေမယ့် နားလည်ချင်ယောင်သာဆောင်နေ"

မြူဝေရှင်းရဲ့ လှုပ်ရှားမှုအဆုံးမှာ ကြူဆွေလင်းရဲ့ စွာတာတာ အသံထွက်လာပါတယ်။

"ဟာ အဓိပ္ပာယ်မရှိတာ၊ အိပ်မက်က အိပ်မက်ပဲဟာ၊ နင်မဟုတ် တာမတွေးနဲ့၊ လူကြီးတွေကို အားနာဖို့ ကောင်းတယ်"

မြူဝေရှင်းက လွင်ကိုလတ်ဖက်လှည့်ပြီး လက်ဟန်နဲ့ ပြောနေပြန် တယ်။ သူပြောတာကို လွင်ကိုလတ်က နားမလည်ပါဘူး။

"မြူလေး"

လွင်ကိုလတ်ရဲ့ အဲသံက ဆို့ဆို့နင့်နင့်။

"မြူလေး ဘာပြောနေတယ်ဆိုတာ နားမလည်ပေမယ့်၊ မြူလေး စိုးရိမ်နေတာ ကိုယ်သိပါတယ်။ မြူလေးပြောတဲ့ ဘာသာစကားကို မသိပေမယ့် မြူလေးရင်ထဲဘာဖြစ်နေတယ်ဆိုတာ ကိုယ်သိပါတယ် မြူလေးရယ်။ စိတ်ချပါမြူလေးရယ်။ မြူလေးတစ်သက်လုံး စိတ်မဆင်း ရဲစေရပါတော့ဘူး။ မြူလေးရဲ့ အားနည်းချက်ကို ကိုယ်ဘယ်တော့မှ အနိုင်မယူပါဘူး။ ကိုယ်ကတိပေးပါတယ်။ ကိုယ်တို့အတူ လက်တွဲသွား ရအောင်နော်"

မြူဝေရှင်းက မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ငိုချလိုက်ပါတယ်။ လွင်ကိုလတ်က တကယ်ပဲ သူ့နှလုံးသားကို နားလည်[illegible]သလား။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးရော နားလည်သွားမှာတဲ့လား။ မသေချာရင် အခုထ တည်းက လွဲရတာ ပိုပြီးခံသာမယ် ထင်ရဲ့ကွယ်။ အဲဒီအချိန်မှာ တစ်ချိန်လုံး သူနဲ့ မဆိုင်သလို လုပ်နေတဲ့ ဦးကျော်သန်းမိုးဆီက စကားသံထွက်လာပါတယ်။

"သမီး၊ နင် ဒီကောင့်ကို ယူလိုက်"

အားလုံးရဲ့ခေါင်းတွေက ဦးကျော်သန်းမိုးဆီ လှည့်သွားကြတယ်။

"ဒီကောင်နဲ့ လက်ထပ်ပြီးရင် အနည်းဆုံး တစ်နှစ်လောက်တော့ ငါ့သမီးပျော်ရမှာပါ။ ဘာဖြစ်လဲသမီးရယ်။ ဒီလောကကြီးထဲမှာ တစ်ရက်တောင် ပျော်ခွင့်မရတဲ့ လူတွေ တစ်ပုံကြီးပါ။ သမီး ဒီကောင့်ကို သံယောဇဉ်ရှိတယ်မဟုတ်လား။ လူ့ဘဝထဲ ရောက်လာပြီး ကိုယ်သံယောဇဉ်ရှိတဲ့ လူတစ်ယောက်နဲ့ တစ်ရက်ပဲ ပျော်ရပျော်ရ တန်ပါတယ် သမီးရယ်။ လူပီသအောင် ကျေကျေနပ်နပ်ကြီး ပျော်ပစ် လိုက်စမ်းပါ။ နောင်တစ်ချိန်မှာ ငါ့သမီး စိတ်မချမ်းသာဘူးဆိုလည်း အဖေတို့ဆီ ပြန်လာခဲ့ပါ။ ရွှေပြည်သာခြံမှာ သမီးနဲ့ဖေဖေပန်းပင်လေးတွေ စိုက်မယ်။ အဲဒီပန်းပင်လေးတွေ ပြုစုပျိုးထောင်ပြီး တစ်သက်လုံး ပျော်အောင်သာနေသွားကြတာပေါ့။ သမီးကြားဖူးတယ် မဟုတ်လား။ တစ်သက်လုံး ပျော်ချင်ရင် သစ်ပင်စိုက်ဆိုတာလေ"

စကားအဆုံးမှာ လူတွေအားလုံး ပါးစပ်အဟောင်းသားနဲ့။ သူရသိန်းနဲ့ ကျော်စိုးဝင်းက ခေါင်းခါလည်ခါနဲ့။ ဒေါ်လွင်မေဦးက တအံ့တဩနဲ့ ဦးကျော်သန်းမိုးကို ကြည့်လို့၊ ကြူဆွေလင်းကလည်း မျက်လုံးကြီးပြူးလို့။ မြူဝေရှင်းမှာလည်း မျက်ရည်တွေနဲ့ တွေတွေကြီး။ မြူဝေရှင်းရဲ့ အမေက နားမလည်နိုင်စွာနဲ့ သူ့ယောကျ်ားကို မေးလိုက်ပါတယ်။

"ရှင်ဘာတွေ ပြောနေတာလဲ၊ ကိုကျော်သန်းမိုး"

နားလည်တဲ့လူဆိုလို့ လွင်ကိုလတ်တစ်ယောက်ပဲ ရှိပါတယ်။

သူက ဦးကျော်သန်းမိုးကို ခံစားချက်တွေ ဦးစားမပေးတတ်တဲ့ ... လို့ ထင်ထားခဲ့တာ။ အခုတော့ စာရေးဆရာဖြစ်တဲ့ သူ့ထက်တောင်





ခံစားမှု အားကောင်းနေပါရောလား။

"ကျေးဇူးတင်ပါတယ် အန်ကယ်ရာ။ တကယ့်ကို ကျေးဇူးတင် တာပါ"

လွင်ကိုလတ်က လှိုက်လှိုက်လှဲလှဲကြီး ပြောလိုက်တာပါ။ ဦးကျော်သန်းမိုးက ဒေါ်လွင်မေဦးကို ကြည့်ပြီး-

"ကလေးတွေ ကိစ္စကို ကျွန်တော်တို့ဖက်က လက်ခံလိုက်ပြီလို့ သဘောပေါက်လိုက်ပါ ခင်ဗျာ။ မင်္ဂလာပွဲကို အကျဉ်းရုံးပဲ လုပ်ကြတာ ပေါ့။ ကျွန်တော်တို့ကျေနပ်ပါတယ်။ လွင်ကိုလတ်၊ ပြီးရင် မင်းမပြန်နဲ့ ဦး။ ငါနဲ့ သွားစရာရှိလို့"

ဦးကျော်သန်းမိုးက ပြောပြောဆိုဆို ဝရံတာကို ထွက်ပြီး လမ်းမတို့ ငေးနေပါတယ်။ စေ့စပ်ကြောင်းလမ်းပွဲတတော့ ဝွတီးဝွတျနဲ့ အောင်မြင်သွားတယ်လို့ ဆိုရမှာပဲ။ အငိုအရယ်၊ အကြမ်းအရမ်းတွေ စုံလင်စွာနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ပါပဲ။ ဟိုနှစ်ယောက်တတော့ လွင်ကိုလတ် ကို ကပ်ပြောသွားပါတယ်။

"မင်းကတော့ မကြုံဖူးပေါင်ဂုဏ်ထူးဆောင်ပါပဲ လွင်ကိုလတ်ရယ်"

သူတို့နှစ်ယောက်က လွင်ကိုလတ်အစ်မတို့ ပြန်ပို့ဖို့ ခေါ်သွား ပါတယ်။ လွင်ကိုလတ်ကတော့ ဦးကျော်သန်းမိုးနဲ့ ကျန်ရစ်ခဲ့တယ်။ သွားစရာရှိတယ်တဲ့။ ကျန်တဲ့မြက်တွေ ခုတ်ခိုင်းမလို့တော့ မဟုတ် လောက်ဘူးထင်ပါရဲ့။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



"ငါ အရက်မသောက်တာ နှစ်ပေါင်းနှစ်ဆယ်နီးပါး ရှိပြီကွ"

ဦးကျော်သန်းမိုးက ပြောတာပါ။ နှစ်ပေါင်းများစွာ မသောက်ဘဲ နေတာ ခုမှပြန်သောက်ရတယ်လို့။ ကေန္တကြီးမိုက်ဘွဲ့ခံချင်လို့နဲ့ တူတယ်။

"ဟုတ်ကဲ့"

လွင်ကိုလတ်က နောက်ကနေ ဖော်လိုလိုက်ပေးပါတယ်။ သူတို့ နှစ်ယောက်က စားသောက်ဆိုင်တစ်ခုထဲ ရောက်နေတာပါ။ စေ့စပ်ပွဲ အပြီး'မင်းနဲ့ ငါသွားစရာရှိတယ်' ဆိုလို့ ဘယ်သွားမလဲ အောင့်မေ့ ပါတယ်။ လတ်စသတ်တော့ အရက်လာသောက်တာကို။ အင်းလေ သူ့သမီးလေး အိမ်ထောင်ပြုရတော့မယ်ဆိုတော့ ဝမ်းနည်းရှာလွန်းလို့ ထင်ရဲ့။ အနှစ်နှစ်အလလက မေ့ထားခဲ့တဲ့၊ သုရာနဲ့မေရိယကို ဆော်ဒါ နဲ့နှစ်ပေါက်တစ်ပေါက်ရိုက်ပြီး ခပ်ကြမ်းကြမ်း ချနေပါတယ်။

"မင်းလည်း သောက်လေကွာ။ ငါ့ရှေ့မှာ သူတော်ကောင်းလုပ် မနေနဲ့။ မူးလဲသွားလည်း ဘာဖြစ်လဲ၊ ကားထားခဲ့ပြီး ကားငှားပြန်မယ်"

အဖိုးကြီးကတော့ ရက်ရက်စက်စက် ပြတ်သားပြနေပါတယ်။ လွင်ကိုလတ်လည်း မနေသာတော့ပဲ သူ့ရှေ့က ခွက်ကို တစ်ကျိုက် ကျိုက်လိုက်ရတယ်။ ပြီးတော့ ဒီလူကြီးက အတော့်ကို ခန့်မှန်းရခက် ပါတယ်။ လောကမှာ ခန့်မှန်းရခက်တဲ့ လူနှစ်မျိုးရှိပါတယ်။ တစ်မျိုးက လျှို့ဝှက်လွန်းတဲ့သူ။ နောက်တစ်မျိုးက စိတ်ထင်ရာလျှောက်လုပ်တတ် တဲ့သူပါ။ ဒီ ဦးကျော်သန်းမိုးကတော့ ထင်ရာ လျှောက်လုပ်တတ်တဲ့ အမျိုးအစားထဲ ထည့်ရမယ်ထင်ရဲ့။

"Aphrasia ဆိုတာ သိလား"

ဦးကျော်သန်းမိုးက မေးလိုက်တာပါ။ လွင်ကိုလတ်က-

"အဖရေစီးယားတော့ မသိဘူး။ ဖရေဇာကတော့ အင်္ဂလိပ်ခေတ် တုံးက အနော်ရထာလမ်းကို ခေါ်တာတဲ့"





လွင်ကိုလတ်က သူသိထားတာလေးကိုပါ ထည့်ကြွားလိုက်ပါ တယ်။

"အေး Aphrasia ဆိုတာ အသံမထွက်တာ၊ ဘာသာစကားမဲ့တာ၊ စကားမပြောတတ်တာကို ပြောတာကွ၊ မှတ်ထား"

လတ်စသတ်တော့ သူ့သမီးရောဂါအကြောင်းပြောပြမလို့ကိုး။ မှတ်ထားဆိုတော့လည်း မှတ်ရတော့မှာပေါ့။

"Transcortical sensory aphrasia ဆိုတာရော သိလား"

လာပြန်ပြီ နောက်တစ်မျိုး။ ဒီတစ်ခါတော့ တတ်ယောင်ကား မလုပ်ပဲ ရိုးရိုးသားသား ဖြေလိုက်ပါတယ်။

"မသိပါဘူးခင်ဗျာ"

"ဦးနှောက်ထဲက အာရုံခံအစိတ်အပိုင်းတစ်ခုခု ထိခိုက်မိလို့ စကား မပြောနိုင်တာကွ"

အင်း၊ ဒီလူကြီးက သားမက်လောင်းကို စားသောက်ဆိုင်ခေါ်ပြီး ဆေးပညာပို့ချမလို့ထင်ပါရဲ့။ လွင်ကိုလတ်က ငြိမ်ပြီး နားထောင်နေ ပါတယ်။

"မြုဝေရှင်းက အဲဒါမျိုးဖြစ်တာကွ"

"အဲဒါ ကုလို့မရဘူးလား"

"မရဘူးကွ၊ တစ်ကမ္ဘာလုံးမှာ ဘယ်သူမှ မကုနိုင်သေးဘူး"

"အော်"

ဦးကျော်သန်းမိုးက သူ့ရှေ့က ခွက်ကိုမော့လိုက်ပြီး ဆက်ပြောပါ တယ်။

"မြုဝေရှင်း၊ နှစ်နှစ်သမီးလောက်ကပေါ့ကွာ။ အဲဒီတုံးက ငါက အရက်သိပ်သောက်တာ"

ဦးကျော်သန်းမိုးအသံက ဆွေးဆွေးမြေ့မြေ့ရယ်။

"တစ်ညနေခင်းမှာ ငါမူးမူးနဲ့ ဝရံတာထွက်ပြီး သမီးကိုချီပြီး မြူနေ တာပေါ့ကွာ။ သမီးလေးကလည်း တခစ်ခစ်ရယ်လို့။ ဘယ်လိုနေ ဘယ်လိုဖြစ်ပြီး လက်ထဲကနေ လွတ်ကျသွားလဲ မသိဘူး။ အဲဒီလေး



www.burmeseclassic.com

www.burmeseclassic.com


ထိုင်ခုံတန်းပေါ်ကနေ သမီးလေးက ပြုတ်ကျသွားရောကွ။ အဲဒီတုန်းက အသည်းစိုင်ဝဝေယံရသေးဘူး။ အစိုးရတိုက်ခန်း အပေါ်ဆုံး အင်္ကျီလေးတစ်ထည်မှာနေတာ”

အခယ်လေးများ၊ လေးထပ်တိုက်ပေါ်ကတောင် ပြုတ်ကျရသတဲ့။ ဒီတောင်မလေးတ ငယ်ငယ်လေးကတည်းက ဖရီးဖော(Free fall) လုပ်ဖူးတာပေါ့၊ လွင်ကိုလတ်က မျက်လုံးပြူး၊ မျက်ဆံပြူးနဲ့ မေးလိုက်ပါတယ်။

“ဟာ၊ နောက်ထပ် ဘာဖြစ်သွားသေးလဲ”

“အင်း၊ ကံကောင်းချင်တော့ အောက်ဆုံးထပ်မှာ အသုဘရှိလို့ တနားဖျင်းထိုးထားတဲ့ အပေါ်ကျသွားတာပေါ့ကွာ။ လူက ပွန်းရာပဲ့ရာတောင် မဖြစ်ခဲ့ပေမယ့် တစ်သက်လုံး စကားမပြောနိုင်တော့ဘူး”

အတော်ကို လက်လွှတ်စပယ်နိုင်တဲ့ ဦးကျော်သန်းမိုး။ အဲဒီတုံးက မြူဝေရှင်းလေး တစ်ခုခုဖြစ်သွားရင် လွင်ကိုလတ်နဲ့တောင် ဆုံလိုက်ရမှာ မဟုတ်ဘူး။

“အဲဒီကတည်းက သမီးလေးကစကားမပြောတော့ဘူး။ ဝရုံတာဆို မထွက်တော့ဘူး”။ အဲဒါကြောင့် လွင်တိုလတ်သူ့အိမ်ရှေ့ သွားစောင့်တော့ အရိပ် အယောင်တောင် မမြင်ရတာကိုး။

“နောက်ပြီးတော့ သမီးလေးက ငါ့ရှေ့မှာ ဘယ်တော့မှ မရယ်တော့ဘူး။ ငါက တစ်သက်လုံး သမီးလေးရယ်တာကို ခိုးကြည့်ခဲ့ရတာကွ။ ပြီးတော့ ငါ့ကိုယ်ငါ သမီးလေးရဲ့ ရပိုင်ခွင့်ကို ခိုးထားတဲ့ လူတစ်ယောက်လို ခံစားရတယ်။ သူ့ရဲ့အသံတွေ၊ သူ့ရဲ့ပျော်ရွှင်စရာအနာဂတ်တွေကို ခိုးထားတဲ့ သူခိုးကြီးပေါ့ကွာ၊ ငါ့ကို ခွင့်လွှတ်ပါ လွင်ကိုလတ်ရယ်”

ဦးကျော်သန်းမိုးက ခွက်ထဲက အရက်ကို တစ်ကျိုက်တည်း မော့သောက်လိုက်ပါတယ်။

“မင်းကွမ်းယာဆိုင်မှာ ငါ့ကို စာပေးခိုင်းလိုက်တဲ့နေ့က စတိုးဆိုင်ထဲကနေ သမီးလေးက မင်းကို ခိုးကြည့်နေတာ၊ မျက်နှာလေးက ပြုံးလို့ကြည်လို့။ ငါဝင်လာတာတောင် သူမသိဘူး။ သမီးလေး ပြုံးနေတာကို ကြည့်ပြီး မင်းကို ငါမနာလိုဘူးကွ”

ဒီနေ့တော့ ဦးကျော်သန်းမိုးအပြုတ်ကို ရင်ဖွင့်တော့မယ် ထင်ရဲ့။ လွင်ကိုလတ်မှာတော့ သူ့ရှေ့က ယောက္ခထီးလောင်းကြီးကို ကြည့်ပြီး သနားပဲ သနားရမလို၊ ရယ်ပဲ ရယ်ရမလို ဖြစ်နေပါတယ်။

“တရားနဲ့ဖြေပါ အန်ကယ်ရယ်”

“မဖြေနိုင်ဘူးကွ၊ မဖြေနိုင်ဘူး။ သမီးလေး အဲဒီလိုရယ်နေတာကို ငါအမြဲမြင်ချင်တာ။ အဲဒီလို အမြဲတမ်းရယ်အောင် လုပ်ပေးချင်တာ။ အဲဒါ ငါလုပ်မပေးနိုင်ခဲ့ဘူး။ ဒါပေမယ့် မင်းလုပ်နိုင်ခဲ့တယ် လွင်ကိုလတ်။ ဒါကြောင့် မင်းလက်ထဲကို ငါ့သမီးကို ထည့်ပေးလိုက်တာ။ ငါ့သမီးကို ပျော်အောင် လုပ်ပေးနိုင်ရင် မင်းမှမဟုတ်ဘူး၊ သူတောင်းစားဆိုလည်း ပေးစားမှာပဲကွ”

လုပ်ချလိုက်ပြန်ပြီ။ အလွန်အကျွံတွေ။ တကယ်တမ်း သူ့သမီးကို သူတောင်းစားနဲ့လည်း ပေးစားနိုင်တာလည်း မဟုတ်ပဲနဲ့။ အလကား၊ လွင်ကိုလတ်ရဲ့ လက်ရှိအဆင့်အတန်းထက် နည်းနည်းလောက် နိမ့်ကျရင်တောင် ပေးစားမှာမဟုတ်ပါဘူး။ လွင်ကိုလတ်က မခံချင်စိတ်ကလေးနဲ့ နည်းနည်းတော့ ပြန်ပက်လိုက်ပါတယ်။

“တော်သေးတာပေါ့ အန်ကယ်ရာ၊ ကျွန်တော့်အရင် သူတောင်းစားက ရယ်အောင် မလုပ်နိုင်လို့။ နို့မဟုတ်ရင် မြူဝေရှင်းလည်း ခွက်လေး ကိုင်ပြီး လမ်းပေါက်စေ့ လျှောက်နေရမှာ။ သူက စကားမပြောတတ်တော့။ ‘သနားကြပါရှင်’ ဆိုပြီးလည်း အော်လို့ရမှာ မဟုတ်ဘူး။ အဲဒီလိုဆိုရင်. . . .”

စကားတောင် မဆုံးလိုက်ပါဘူး။ ဦးကျော်သန်းမိုးက ဆောင့်ဆောင့်အောင့်အောင့် ဝင်ပြောလိုက်ပါတယ်။

“ဟေ့ကောင် ငါက စကားအဖြစ်ပြောတာကွ”

“မသိပါဘူး၊ အန်ကယ်ရာ။ ကျွန်တော်က တကယ် အောင့်မေ့လို့”

“ဟင်း”



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်သန်းမိုးက အောင့်သီးအောင့်သက်နဲ့ သူပြောလက်စ စကားတောင် မေ့တွေတွေဖြစ်သွားတယ်။

"အေး၊ ငါပြောချင်တာက၊ ဟိုဒင်း၊ ဘာတုံး၊ အဲ မင်း ငါ့ကို ကတိပေးစမ်းပါ။ သမီးလေးကို ပျော်အောင်ထားမယ်လို့"

လွင်ကိုလတ်ကလည်း အလွယ်တကူပဲ ကတိပေးလိုက်ပါတယ်။ သူ့သမီးရမယ့်အရေး သူ့အဖေကို ကတိပေးရတာ ဘာပင်ပန်းလိုက်တာလိုက်လို့။ သူတို့ဝိုင်းက အတော်ကြာအောင် ငြိမ်သက်သွားပါတယ်။ ခဏကြာတော့မှ-

"ဟေ့ကောင်၊ ငါတို့ သီချင်းသွားဆိုရအောင်"

"ဟာဗျာ၊ အန်ကယ်ကလဲ"

လွင်ကိုလတ်က ဒီလူကြီးနဲ့တော့ ကာရာအိုအေ မသွားချင်ပါဘူး။

ဘယ်နှယ့်ယောက္ခမနဲ့သမက် ကာရာအိုကေ တူတူသွားရမယ်လို့။ တော်မကောင်း ကြားမကောင်း။

"လာပါကွာ၊ မင်းကလည်း ဟိုတုံးကတည်းက ငါကမူးလာရင် တစ်လမ်းလုံး သီချင်းအော်ဆိုလာတာကွ"

"အခုလည်း ကားပေါ်တက် ကက်ဆက်ဖွင့်ပြီး သီချင်းအော်ဆိုပေါ့။ အန်ကယ်က သီချင်းအော်ဆို၊ ကျွန်တော်က မောင်းမယ်။ ဘယ့်နှယ်လဲ"

"အေး ကောင်းတယ်"

တော်ပါသေးရဲ့။ ရှောရှောရှူရှူ လက်ခံသွားလို့။ ဒါနဲ့ပဲ လွင်ကိုလတ်တို့လည်း ဘီယာဆယ်ဗူး ကားပေါ်တင်ပြီး စားသောက်ဆိုင်ကနေ ထွက်လာခဲ့ပါတယ်။ ကားကက်ဆက်ကနေ west life အဖွဲ့ရဲ့ သီချင်းသံလေးလွင်လို့။ အဖိုးကြီးက သီချင်းတွေနဲ့ ပတ်သက်ရင် ခေတ်မီပုံပါပဲ။

"ဟေ့ကောင်၊ ကက်ဆက်ပိတ်လိုက်ကွာ"

လွင်ကိုလတ်က ကက်ဆက်ပိတ်ပေးလိုက်ပါတယ်။ ကက်ဆက်အသံလည်း ပျောက်သွားရော-





"သမီးလေး သမီးလေး၊ စမ်းရေပေါ့၊ ကိုယ်လေကြည့်လို့မဝနိုင် . . . အချစ်များပေး. . . "

အမယ်လေး။ လွင်ကိုလတ်ခမျာ လွတ်ကနဲ ဖြစ်သွားတဲ့ စတီယာရင်ကို ကမန်းကတန်း ပြန်ထိန်းလိုက်ရတယ်။ ဦးကျော်သန်းမိုးက အသံကွဲကြီးနဲ့ အော်လိုက်တဲ့အသံကြောင့် လန့်သွားလို့ပါ။ ကီးလည်းမဝင်၊ အလိုက်လည်း မမှန်၊ ပြီးတော့ အသံကလည်း ဆိုးသေး။ အင်း ဝဋ်ရှိသမျှ ခံရတော့မှာပေါ့။ ဒီအဖိုးကြီးက သမီးပေးရတာနဲ့တန်အောင် နှိပ်စက်နေပြီထင်ရဲ့။ လွင်ကိုလတ်က အာရုံကို အစွမ်းကုန်စုစည်းပြီး ကားကို ဂရုတစိုက် မောင်းနေရပါတယ်။

"သမီးလေး××စမ်းရေပေါ့××အဟွတ်××အဟွတ်××အဟွတ်"

ဦးကျော်သန်းမိုးလည်း အမောဆို့ပြီး ချောင်းတဟွတ်ဟွတ် ဆိုးသွားပါတယ်။ ဟင်း ဖြစ်တာတောင် နည်းသေး။

"အဟွတ်။ ဟေ့ကောင် လွင်ကိုလတ် မင်းဆက်ဆိုစမ်းပါ"

"ဟာ ကျွန်တော်မှ သီချင်းမရတာ"

"ရတဲ့သီချင်းဆိုကွာ"

မတတ်သာတဲ့အဆုံး လွင်ကိုလတ်က ယောက္ခထီးအလိုလိုက်ဖို့ ဆုံးဖြတ်လိုက်ရပါတယ်။

"အန်ကယ့်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဖခင်မေတ္တာအကြောင်း ဖွဲ့ထားတဲ့ သီချင်းဆိုပြမယ်"

"အေး ကောင်းတယ်ဆို"

လွင်ကိုလတ်က သီချင်းကို ရတဲ့နေရာက ဖြတ်ဆိုလိုက်ပါတယ်။ "ဖခင်ဘုရင်ကြီးမှာ မကြားလိုပါ××မကြားလိုပါ၊ သတ်လိုလျှင် သတ်ပါစေတော့××မလျှော့သောမေတ္တာတွေပါ××စည်ဘီယာပမာ××တစိုစိ အမြှုပ်ထလေတာ××.

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com

လွင်ကိုလတ်နဲ့ မြဝေရှင်းတို့ရဲ့ လက်ထပ်ပွဲလေးဟာ ကျဉ်းကျဉ်း ရုံးရုံးလေးနဲ့ ပြီးစီးသွားပါတယ်။ မိသားစုဝင်တွေလောက်နဲ့ ဘုန်းကြီး ငါးပါးကို မင်္ဂလာဆွမ်းကျွေး၊ ညဘက်မှာတော့ မနိုင်ရင်ကာ မိတ်ဆွေ သူငယ်ချင်းတွေလောက်နဲ့ စားသောက်ဆိုင်တစ်ခုမှာ ဧည့်ခံပြီး အကြင်လင်မယားအဖြစ်ကို ရောက်ရှိသွားပါတယ်။ မြဝေရှင်း ကလည်း နောက်ထပ် ဂရိုဂရျောင်မကျတော့ပဲ ရှောရှောရှူရှူနဲ့ လက်ထပ်ခဲ့တာပါ။ ကောင်မလေးက သူ့အဖေရဲ့ ဒဿနကြီးကိုပဲ သဘောကျသွားလို့လား။ လွင်ကိုလတ်ကိုပဲ မခွဲနိုင်လို့လားတော့ မဝေခွဲတတ်တော့ဘူး။

သူတို့နှစ်ယောက် လက်ထပ်ပြီးတော့ မြဝေရှင်းက လွင်ကိုလတ် ရဲ့ အခန်းမှာ လိုက်နေပါတယ်။ သူခမျာ အရင်ဆုံးဦးကျော်သန်းမိုး ပြောခဲ့တဲ့ ကွက်သိုက်ကြီးကို ရှင်းလင်းရပါတယ်။ အခုတော့လည်း လွင်ကိုလတ်အခန်းလေးက သပ်ယပ်ပြီး နေချင့်စဖွယ် လူသိုက်လေး ဖြစ်သွားပါတယ်။ အဲဒီလူသိုက်ထဲမှာတော့ လူလေးနှစ်ယောက်၊ လွင်ကိုလတ်နဲ့ မြဝေရှင်းရယ်ပေါ့။

ထူးထူးခြားခြား မြဝေရှင်းက ကတ်ထူစက္ကူပေါ်မှာ သူတို့နှစ် ယောက်ရဲ့ပုံကို ကာရီကေးချား ဆွဲပြီးတော့၊ ရောင်စုံကတ်ထူ စက္ကူတွေ၊ ပန်းခြောက်လေးတွေ၊ အရုပ်လေးတွေ၊ ကြယ်လေးတွေ ဝန်းရံပြီး မှန်ဘောင်သွင်းထားပါတယ်။ လူများအိမ်တွေမှာလို ဓာတ်ပုံ မချိတ်ပဲ၊ အဲဒီ ကာရီကေးချားပုံလေးကို ဧည့်ခန်းထဲမှာ ချိတ်ထား တယ်။ သူကလေးကိုယ်တိုင်လုပ်ထားတာ။ လွင်ကိုလတ်တောင် သူ့မိန်းမရဲ့ လက်ဖြစ် (Hand made) ကို အတော့်ကို ချီးကျူးသွားရ ပါတယ်။





"ငါ့မိန်းမက တယ်ဟုတ်ပါလားဟ။ ကာရီကေးချားလည်း ဆွဲတတ်တယ်။ ဒီ Fancy လေးတွေလည်း လုပ်တတ်တာပဲ"

ကောင်မလေးက ရင်ကော့ပြီး သူ့ကိုယ်သူ လက်မထောင်ပြပါ တယ်။

"အေး မြူလေး တော်တယ်။ လာ ဝမ်းကစ်စ်ပေးမယ်"

"ဟွန်း"

နောက်တစ်ခုက ညညတစ်ရေးနိုးဆိုရင် မြဝေရှင်းက တော်ရုံနဲ့ ပြန်မအိပ်ပဲ လွင်ကိုလတ်အိပ်နေတာကို ထိုင်ကြည့်နေတတ်တာပဲ။ အစကတော့ လွင်ကိုလတ်လည်း မသိပါဘူး။ တစ်ည အိပ်ယာက အမှတ်တမဲ့အနိုးမှာ သူ့ဘေး ငုတ်တုတ်ကြီး ထိုင်နေတဲ့ မြဝေရှင်းကို မှောင်မှောင်ကြီးထဲ တွေ့လိုက်ရတယ်။

"အမယ်လေး၊ သ. . . ရဲ. . . သရဲ"

လွင်ကိုလတ်တို့ သွေးရှိုပုံများကတော့ ဇာတင်ပေါ်ကနေ ဒိုင်ဗင် ပစ်ချတာ တံခါးပေါက်ဆီ တန်းနေတာပဲ။

"ဝူး အူး"

မြဝေရှင်းရဲ့အသံထွက်လာတော့မှ နည်းနည်း အကြောက်ပြေ သွားတယ်။ မှောင်ထဲမှာ မည်းမည်းကြီး ငုတ်တုတ်ဆိုတော့လည်း လန့်မယ်ဆို လန့်လောက်ပါတယ်။ ပြီးတော့ တရေးနိုးထားတဲ့ မြဝေရှင်းရဲ့ ပုံစံကလည်း ဖိုယိုဖားယား မဟုတ်လား။ လွင်ကိုလတ်က အခန်းမီးဖွင့်လိုက်ပြီး-

"လန့်လိုက်တာ မိန်းမရာ။ ညကြီးမင်းကြီး ဘာထိုင်လုပ်နေ တာလဲ"

ကောင်မလေးက သူ့လင်တော်မောင် သတ္တိခဲကို ချီးကျူးသလို မဲ့ပြပါတယ်။ ပြီးမှ လက်ဟန်နဲ့ ပြန်ပြောပါတယ်။ ခက်တော့တာပါပဲ လွင်ကိုလတ်လည်း အဲဒီလက်ဟန်တွေကို အခုထိ ကျေကျေလည်လည် မသိသေးပါဘူး။ ဒါနဲ့ပဲ ဘေးက စာအုပ်နဲ့ စာရွက်ကိုယူပေး လိုက်ရတယ်။ ရေးပြတာက-



www.burmeseclassic.com

www.burmeseclassic.com



"ပျောက်သွားမှာစိုးလို့တဲ့"

အရေးထဲ သူ့လင်ကို ဥစ္စာခြောက်နေရသေးတယ်။ သူကသာ ကောင်းကောင်းကန်းကန် ထင်နေ။ လမ်းဘေးချထား ကောက်မယ့်သူတောင် ရှိမှာမဟုတ်ဘူး။ ကုန်ဈေးနှုန်းကြီးလို့လေ။ အင်း မြူဝေရှင်ခများလည်း မြေကြီးပျောက်သွားမှာစိုးလို့ တစ်ညသုံးကြိမ် မြေကြီးကို ဆင်းပြီး စမ်းတဲ့ မျှောက်လို ဖြစ်နေပြန်ပါပြီ။ လွင်ကိုလတ်လည်း အစိုးရိမ်ကြီးတဲ့ ကောင်မလေးကို ဆွဲယူပြီး ရင်ခွင်ထဲ ထည့်ထားလိုက်ပါတယ်။ ပြီးတော့ ပြောလိုက်သေးတယ်။

"ကိုယ်အရမ်းလန့်သွားလို့ ဖက်ထားပေးစမ်းပါ မြူလေးရယ်"

ကောင်မလေးက ရင်ခွင်ထဲမှာ မျက်လုံးပုတ်ခတ်ပုတ်ခတ်နဲ့ ဟိုလူး ဒီလွန့်။

"အိပ်လို့မရတော့ဘူးလား၊ ကိုယ်ပုံပြောပြမယ်၊ နားထောင်မလား"

ကောင်မလေးက ခေါင်းညိတ်ပါတယ်။ ဒါနဲ့ပဲ လွင်ကိုလတ်လည်း-

ကောင်မလေးကို ထွေးပွေ့ရင်း နားနားကပ်လို့ ပုံပြင်လေးတစ်ပုဒ်ကို တိုးတိုးညှင်းညှင်းပြောပြရပါတယ်။

"တစ်ခါတုံးက လူတစ်ယောက်ဟာ လမ်းလျှောက်လာရင်း မီးခွက်အဟောင်းတစ်ခုကောက်ရသတဲ့"

"အင်း"

မြူဇေရှင်းလေးက လွင်ကိုလတ်ရဲ့ ရင်ခွင်ထဲ ပိုပြီး တိုးဝင်လာပါတယ်။

"အဲဒီလူက ဝမ်းသာအားရနဲ့ ဒါပုံပြင်တွေထဲက ဘီလူးစောင့်တဲ့ မီးခွက်ဖြစ်မှာပဲ၊ ဟုတ်လို့ကတော့ ဒီဘီလူးကို ခိုင်းစားပြီး ကုမ္ပဏီထောင်မယ်၊ နိုက်ကလပ်ညတိုင်း တက်မယ်၊ ကျွန်စစ်မင်းလို မိန်းမလေးယောက် လောက်ယူမယ်၊ အား၊ ကျွတ် ဘာလို့ ဆိတ်တာတုံး"





ကောင်မလေးက မျက်စောင်းထိုးပါတယ်။

"ကဲ ပုံဆက်ပြောမယ်။ မဆိတ်နဲ့တော့။ ဒါနဲ့ပဲ မီးခွက်ကို ပွတ်လိုက်တော့ ထင်တဲ့အတိုင်းပဲ။ ဝုန်းကနဲဆို မီးခိုးငွေ့တွေ လွှမ်းပြီး အထဲကလူတစ်ယောက် ထွက်လာသတဲ့။ ဒါပေမယ့် အဲဒီလူက အကျီမပါဘူးတဲ့"

"ဟွန့်"

ကောင်မလေးက နှာခေါင်းရှုံ့ပါတယ်။

"ဒီတော့ ကောက်ရတဲ့ လူက၊ မီးခွက်ထဲက ထွက်လာတဲ့လူကို မေးတာပေါ့။ ခင်ဗျားက မီးခွက်စောင့်ဘီလူးလားပေါ့။ အဲဒီလူက ပြန်ဖြေတယ်။ ကျွန်တော် မီးခွက်စောင့်ဘီလူးမဟုတ်ပါဘူးတဲ့။ ဒါဖြင့် ခင်ဗျား ဘာတုံး ဘယ်လိုလုပ်ပြီး မီးခွက်ထဲ ရောက်နေရတုံးလို့ ဆက်မေးတော့ ဟိုလူက ကျွန်တော်လည်း ခင်ဗျားလိုပဲ လမ်းလျှောက်လာရင်း ဒီမီးခွက်ကို ပွတ်ကြည့်လိုက်တာ အထဲက ဘီလူးထွက်လာပြီး ကျွန်တော့်ကို ရိုက်နှက်၊ အကျီချွတ်ယူပြီး မီးခွက်ထဲ ပိတ်ထည့်ထားလိုက်တာပဲလို့ ဖြေသတဲ့။ ဒါနဲ့ ကောက်ရတဲ့လူက "ဟာ စိတ်မကောင်းစရာပဲဗျာ၊ ဒါနဲ့ မီးခွက်ထဲဘာတွေရှိလဲဗျ လို့ စပ်စုလိုက်တယ်။ အဲဒီတော့ မီးခွက်ထဲကလူက အထဲမှာ ဘာမှမရှိပါဘူးဗျာ၊ ဒါပေမယ့် ဟောဒီမှာ သေနတ်တစ်လက်တော့ ရှိတယ်။ ကဲ အသက်မသေချင်ရင် အကျီချွတ်ပြီး မီးခွက်ထဲ ဝင်ပေတော့လို့ ပြောလိုက်တယ်တဲ့။ ပုံပြင်လေးက ဒါပါပဲ မြူဝေရှင်း လေးရယ်။ အိပ်တော့နော်"

ကောင်မလေးက သဘောကျသလို ပြုံးမိပါတယ်။ လူချင်းထိနေတော့ ပြုံးတာကို ခန္ဓာကိုယ်ကနေတဆင့် သိရပါတယ်။ ဒီစာရေးဆရာ လင်တော်ရတာ ဆိုးတော့မဆိုးဘူး။ ညညကျ ပုံပြောဖော်ရသားပဲ။ ကောင်မလေးက လွင်ကိုလတ်ကို ပုတ်ပြီး နောက်တစ်ပုဒ်ထပ်ပြောဖို့ ပူဆာပြန်ပါတယ်။

ဒုက္ခပါပဲ။ သူအိပ်မလားလို့ ပုံပြောမိတာ အခုတော့ ကိုယ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ရောပြီး မျက်လုံးကျယ်လာပါပြီ။ ကောင်မလေးက လွှင်ကိုလတ်ရဲ့ ကိုယ်ကိုလှုပ်ပြီး အတင်းပူဆာနေပါတယ်။ မပြောမချင်း ပြဿနာရှာမယ့်ပုံပဲ။ အင်း မတတ်နိုင်ပါဘူး။ အချစ်အတွက် အသက်ပင်သေသေလို့ တောင် ဆိုထားသေးတာပဲ။ ဒီညကြီးမင်းကြီး ပုံပြောရတာလောက်ကတော့ စာမဖွဲ့လောက်ဘူး ထင်ပါတယ်။ ဒါနဲ့ပဲ နောက်တစ်ပုဒ် ဆက်ရပြန်ပါတယ်။ ထွက်ပါဟ ဉာဏ်နီဉာဏ်နက်တွေ။

"အဲ၊ အခုပုံပြင်က စောစောက ပုံပြင်ရဲ့ အဆက်သိလား။ ဒါပေမယ့် ဒီတစ်ခါ မီးခွက်ကောက်ရတဲ့လူက ယောကျ်ားမဟုတ် ဘူး။ မိန်းမ။ ဟိုရှုရှားလူမျိုး တင်းနစ်မယ် ရှာရာပိုဗာနဲ့ ခပ်ဆင်ဆင်ပဲ"

"အန်း"

မြူဝေရှင်းဆီက အမိပွာယ်ဖွင့်ရခက်တဲ့ အသံထွက်လာပါတယ်။

"အဲဒီမိန်းမက စောစောက မီးခွက်ကို ကောက်ရတော့၊ ဒါမှော်မီးခွက်ဖြစ်မှာပဲဆိုပြီး ဝမ်းသာအားရနဲ့ အထဲက ဘီလူးနဲ့တွေ့ရင် ရွှေပင်းထွက်လို့ရအောင် ပိုက်ဆံတွေ အများကြီး ရှာခိုင်းမယ်ဆိုပြီး လက်နဲ့ပွတ်လိုက်ရော၊ ဂုန်းဆို စောစောက အဝတ်အစားလုခံရတဲ့လူက သေနတ်ကြီးကိုင်လျက်သား ထွက်လာတယ်။ ဟိုမိန်းမကလည်း 'ဟောတော့၊ အမယ်လေး၊ ရှက်စရာကြီး'ပေါ့။ ပြီးတော့ စဉ်းစားလိုက်သေးတယ်။ ဟာ ဒီမီးခွက်က ဘီလူးမစောင့်ပဲ ဂျိန်းဘွန်းစောင့်တာလား မသိဘူးဆိုတော့ ဟိုမီးခွက်ထဲကလူကလည်း အတော့်ကို ဒုက္ခရောက်သွားတယ်။ သူက သေနတ်ပြပြီး သူခံရသလို အဝတ်အစား ပြန်လုမလို့ ဥစ္စာ၊ အခုတော့ မီးခွက်လာပွတ်တာက မိန်းမဆိုတော့ လုလို့လည်း မဖြစ်၊ မီးခွက်ထဲလည်း ပြန်မဝင်ချင်။ အဲဒီမှာ ပုံပြင်လေးက ဆုံးသွားရော။ ပုံပြင်အဆုံးမှာ မေးခွန်းလေး မေးထားတယ်။ သင်သာ အဲဒီလူနေရာမှာ ဆိုရင် ဘယ်လိုလုပ်မလဲတဲ့"

ဒီတစ်ခါတော့ မြူဝေရှင်းဆီက အထွန့်တက်တဲ့အသံတွေ၊ နောက်ထပ်ပုံပြင် ပြောခိုင်းတာတွေ မရှိတော့ပါဘူး။ ကောင်မလေးက စဉ်းပဲ စဉ်းစားနေသလား။ အိပ်ချင်ယောင်ပဲ ဆောင်နေသလား





မပြောတတ် ဘူး။ လွှင်ကိုလတ်က မြူဝေရှင်းရဲ့ နားဝကို တပ်ပြီး ပြောလိုက်ပါတယ်။

"ကိုယ်သာဆိုရင် အဲဒီမိန်းမကိုပါခေါ်ပြီး မီးခွက်ထဲ ပြန်ဝင်သွားမှာ သိလား၊ အား"

ကောင်မလေးက ဆွဲဆိတ်ပါတယ်။ အော် အိပ်ချင်ယောင်ဆောင်နေတာကိုး။ မိန်းမများ သဝန်တိုစရာမရှိ ပုံပြင်ထဲကလူနဲ့တောင် သဝန်တိုတတ်သေးတယ်။ လွှင်ကိုလတ်က မချိုမချဉ်မျက်နှာနဲ့ မီးကို လှမ်းပိတ်လိုက်ပြီး မြူဝေရှင်းရဲ့ ခါးကို လက်ညှိုးနဲ့ ထောက်ပြီး ပြောလိုက်ပါတယ်။

"ဟိတ်ကောင်မလေး၊ မလှုပ်နဲ့။ မီးခွက်ထဲလိုက်ခဲ့စမ်း၊ ဟင်း ဟင်း"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

လူသားအချင်းချင်း ဆက်သွယ်တဲ့နေရာမှာ မူလအကျဆုံးဟာ လက်ဟန်ခြေဟန်နဲ့ ဆက်သွယ်ခြင်းပါ။ အခုထိအောင် ကမ္ဘာပေါ်မှာ သုံးနေကြသေးတယ်လေ။ အင်တာနေ့ရှင်နယ်လန်းဂွေ့ချ် ဆိုတာပေါ့။ အဲဒီနောက် ဘာသာစကားတွေ ပေါ်လာပါတယ်။ တစ်ခါတစ်လေ တစ်ချို့ကိစ္စတွေမှာ စကားနဲ့ရှင်းပြတာထက် ပိုမိုထိရောက်အောင် ရုပ်ပုံတွေ သုံးလာရတယ်။ အဲဒီအရုပ်တွေ သင်္ကေတတွေ မှတ်မှတ်သားသား၊ စုစည်းပြီး စာပေတွေ ပေါ်လာတယ်လို့ သုတေသီတွေက ဆိုကြပါတယ်။ ဒါပေမယ့် မဟာပညာကျော် လွင်ကိုလတ်ကတော့ သူ့မိန်းမကို ကြည့်ပြီး အရုပ်စာတွေက ဘာသာစကားအရင်ပေါ်လာတာလားလို့ တွေးမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မြူဝေရှင်းလေးရဲ့ အမူအကျင့်ကြောင့်ပါ။ သူ့မှာလဲ စကားမပြောတတ်တဲ့ မိန်းမရထားတာ ရှေးဟောင်းသုတေသနလုပ်ရသလိုပါပဲ။ မနုဿဗေဒ ပညာရှင်တွေ လူ့သမိုင်းစဉ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ လေ့လာချင်တယ် ဆိုရင် စကားမပြောတတ်တဲ့ မိန်းမတွေကို လက်ထပ်သင့်ပါတယ်။ အဲဒါမှ လူသားတွေရဲ့ အီဖော်လူးရှင်းတွေရော၊ ရီဗော်လူးရှင်းတွေကိုပါ အိမ်မှာနေရင်း သဘောပေါက်သွားနိုင်ပါတယ်။

မြူဝေရှင်းလေးက စာကို ကောင်းကောင်းရေးတတ်တာပေါ့။ ရေးတတ်တာမှ တက္ကသိုလ်က ဘွဲ့ယူခဲ့တာပဲဟာ။ ဒါပေမယ့် သူ့ရဲ့စိတ်ခံစားမှုလေးတွေကျတော့ ပုံလေးတွေနဲ့ သရုပ်ဖော်တတ်ပါတယ်။ ဆိုပါစို့ လွင်ကိုလတ်ကို လက်ထပ်ချင်ပါတယ်လို့ အဖြေပေးတုံးက လက်ချောင်းပုံလေးတွေ ဆွဲပြီး ပြခဲ့တာမျိုး။ ပြီးတော့ သူတို့နှစ်ယောက် ရဲ့ ပုံကို ကာရီကေးချားဆွဲပြီး မှန်ဘောင်သွင်းတာမျိုး၊ အဲဒီလိုမျိုး သူ့ရဲ့စိတ်အခြေအနေလေးတွေကို ဖော်ပြတတ်ပါတယ်။





လွင်ကိုလတ်အိမ်ပြန်နောက်ကျရင်တော့ အိမ်ပေါက်ဝမှာ A3 size စာရွက်ကြီးနဲ့ သစ်ကုလားအုတ်ပုံလေး ဆွဲပြီး ချိတ်ထားတတ်ပါတယ်။ စောင့်ရတာ လည်ပင်းရှည်နေပြီပေါ့။ သူ့ရဲ့စိတ်ခံစားမှုတွေကို ဖော်ပြထားတာလေ။ လွင်ကိုလတ်က ချော့မလို့ အိမ်ထဲဝင်သွားတော့ တေမကာ ဆက်တီပေါ်မှာ စန့်စန့်ကြီး အိပ်ပျော်လို့။ စောင့်နေတာ၊ စောင့်နေတာ။ လည်ပင်းရှည်ရုံတင် မကဘူး၊ အုံးပါလွဲလောက်တယ်။ လွင်ကိုလတ်က သတိတရနဲ့ နှုတ်ခမ်းမွှေးတောင် ဆွဲပေးလိုက်ပါသေးတယ်။

တစ်ခါတစ်လေတော့လည်း ကြောင်ကလေးမာန်ဖီနေတဲ့ပုံကို ဆွဲပြီး ကပ်ထားသေးတယ်။ ဒါဆိုရင်တော့ မြူဝေရှင်းစိတ်တိုနေပြီ။ ‘ကိုလွင်ကိုလတ်၊ ရှင်သတိနဲ့နေပေတော့’ ဆိုပြီး အဓိပ္ပာယ်ရပါတယ်။ အဲဒီအခါမျိုးကျတော့လည်း လွင်ကိုလတ်က အပိုးကျိုးပြီး ကြောက်ချင်ယောင်ဆောင်ရတယ်။

“ဒင်းလောက်ကို ဒီက ကြောက်ပါ့မလား ဟင်း ဟင်း”

တစ်ခါတုံးကတော့ ပန်းအိုးကလေးမှာ ပန်းတွေကညှိုးလို့၊ ပြီးတော့ ပြဒါးတိုင်ကိုလည်း ပန်းအိုးထဲ စိုက်ထားတဲ့ ပုံဆွဲပါတယ်။ ဟာ ဒါဆိုရင်တော့ မြူဝေရှင်းလေး နေမကောင်းဘူးပေါ့။

“ဟာ လုပ်ကြပါဦး၊ လာကြပါဦး”

အဲဒီလို လွင်ကိုလတ်က ပြာယာလေးခတ်ပြီး၊ အဖေလာပါ၊ အမေလာပါဆိုပြီး ဦးကျော်သန်းမိုးတို့ဆီ ဖုန်းဆက်ရတော့တာပါပဲ။ အမှန်ကတော့ ဂရုစိုက်ချင်ယောင်ဆောင်တာပါ။ မြူဝေရှင်း နေမကောင်းရင် အိမ်အလုပ်တွေ သူလုပ်ရတော့မှာကိုး။ အခုလို စိုးရိမ်ပြပြီး ခြေမကိုင်မိ၊ လက်မကိုင်မိ လုပ်ပြလိုက်တော့ ယောက္ခမတွေကလည်း သူ့သမီးလေးကို ချစ်လှချည်ရဲ့ဆိုပြီး အမှတ်တွေပေး၊ ခယ်မလေးကလည်း အိမ်အလုပ်တွေ ဝိုင်းလုပ်ပေးရ၊ ဘယ်လော... အဆင်ပြေလဲ။ ကြူဆွေလင်းကတော့ အံတကြိတ်ကြိတ်နဲ့၊ ... အမေက ‘ဟဲ့လုပ်လိုက်စမ်း’ ဆိုတော့လည်း လုပ်ရတော့တာ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြီး၊ အချိုးမသိရင်ခက်မယ်"

အဲဒီလို ခယ်မလေးက ကပ်ကြိမ်းတော့လည်း သူကလေး ကျေနပ်အောင် နှုတ်ခမ်းနီတို့၊ လက်သည်းဆိုးဆေးတို့၊ မိတ်ကပ်တို့ ဝယ်ပေးလိုက်ရတာပေါ့။ သိတတ်တာတွေလေ။

တစ်ခါတုံးက အမြီးကောက်ကောက်နဲ့ မျောက်တစ်ကောင် ပုံဆွဲထားတော့ လွင်ကိုလတ်ခမျာ ခေါင်းခြောက်သွားရပါသေးတယ်။ အဲဒီ မျောက်ကဘာကို ပြောချင်တာပါလိမ့်။ သိပ်ကြာကြာမစဉ်းစားလိုက်ရပါဘူး။ အိမ်ထဲရောက်တော့ မချောက စကားမပြောတော့ဘူးလေ။ အဲလေ စကားက အစကတည်းက မပြောတတ်တာ။ အခုဟာက စိတ်ကောက်နေတာပါ။ နောက်မှသိရတယ်။ လွင်ကိုလတ်က သူညီမ ကြူဆွေလင်းကို ပါးလိမ်ဆွဲတာ တွေ့သွားလို့တဲ့။ ကိုယ့်ညီမလို သဘောထားပြီး ပါးဆွဲ လိမ်တာပဲ ဟာကို၊ တောက် ဒီ မိန်းမတော့။

လွင်ကိုလတ်လည်း အိမ်ထောင်ကျပြီးမှပဲစိတ်တိုတာနဲ့ စိတ်ကောက်တာကို ကောင်းကောင်း ခွဲခြားတတ်သွားပါတယ်။ စိတ်တိုတာ၊ စိတ်ဆိုးတာက ပြေရာပြေကြောင်း ရှုံးသလိုပေါ်သလို လုပ်လိုက်ရင် ပြီးသွားပေမယ့် စိတ်ကောက်တာ ဆိုရင်တော့ အချိန် နည်းနည်းပေးရပါတယ်။ ပြီးတော့ အပေးအယူ သဘောတွေ၊ တားမြစ်ချက်တွေ၊ သဘောတူညီမှုတွေ ပါလာတတ်တယ်။ ဒါ လက်ထပ်ခြင်းရဲ့ အနုပညာပဲပေါ့။ ဒါကြောင့် ရှေးက ဖီလော်ဆိုဖာကြီး တွေပြောခဲ့တာ။

'အိမ်ထောင်ပြုခြင်းဟာ လူကို တွေးခေါ်ပညာရှင် ဖြစ်စေတယ်' တဲ့။ မိန်းမရထားတာ လူလောကတစ်ခုလုံးကို အပိုင်ရထားသလိုပါပဲ။

ဒီနေ့လည်း မနက်စောစော လွင်ကိုလတ် စာထိုင်ရေးနေတုံး ဘေးကို စာရွက်တစ်ရွက်ကျလာပါတယ်။ မော့ကြည့်လိုက်တော့ သူ့ဘေးလာရပ်တဲ့ မြူဝေရှင်း။ ဘယ်လို စိတ်ခံစားမှုများ ဖော်ထုတ်မလို့ပါလိမ့်။ လွင်ကိုလတ်က စာရွက်ဖြန့်ကြည့်လိုက်တော့ ဒန်အိုးဖင်ပေါက်ကြီးထဲကနေ ငွေစက္ကူတစ်ရွက် ထွက်ကျသွားတဲ့ပုံဆွဲထားပါတယ်။





"ဟိုက် ဒါဆိုရင်. . ."

လွင်ကိုလတ် ခေါင်းထဲ မီးရှူးမီးပန်းတွေ ပွင့်သွားပါတယ်။

ဒါ စိတ်ခံစားမှု မဟုတ်တော့ဘူး။ ဘဝသရုပ်ဖော်ထားတဲ့ ကိစ္စ ဖြစ်သွားပြီ။

"ပိုက်ဆံ မရှိတော့ဘူးလား"

"အင်း"

ခေါင်းပါညိတ်ပြတယ်။

"ဟ ဘယ်လိုလုပ် သုံးလိုက်တာတုံး"

ကောင်မလေးက စာရွက်ပေါ် ရေးပြပါတယ်။

"ဈေးဖိုးတော့ရှိတယ်။ မြူလေး မုန့်ဖိုးမရှိတော့ဘူး။ ကိုတို့ဆီက မုန့်ဖိုး လက်ဖြန့်မတောင်းချင်ဘူး။ မြူလေး အလုပ်လုပ်ချင်တယ်"

လာပြန်ပြီ၊ ဒီအလုပ်လုပ်ချင်တာက။ ပြောမယ့်သာ ပြောရတာ။ အိမ်ထောင်ကျပြီဆိုတော့ စုထားဆောင်းထားဖို့က လိုလာပြီ။ အရင်တုံးက တစ်ယောက်တည်းဆိုတော့ ဘယ်သူငယ်ချင်းဆီသွား ညှင်းညှင်း အဆင်ပြေတယ်။ ပိုက်ဆံလိုလည်း ပတ်ပလစ်ရှာဆီ ကြိုတင် ငွေထုတ်လိုက်ရုံပဲ။ ပြီးတော့ သူ့အစ်မလွင်မေဦးကလည်း သူ့မောင်အတွက်ဆိုပြီး သူတို့နဲ့ ဆွေမကင်းမျိုးမကင်း လုပ်ငန်းရှင် တစ်ယောက်ဆီ အရင်းအနှီးထည့်ပေးထားခဲ့တယ်။ လက်လီစိတ်ခွဲ ထုတ်လို့ မရပေမယ့် တစ်နှစ်တစ်ခါမျိုး အမြတ်ငွေ လုံးကနဲ ခဲကနဲ ထုတ်လို့ရပါတယ်။ ဒီအတွက် ပူစရာမလိုပေမယ့် အရေးရယ် အကြောင်းရယ်ဆို လက်ထဲမှာ မရှိတာက များနေတယ်။ ကိစ္စမရှိပါဘူးလေ။ ယောက္ခမတွေဆီ လက်ဖြန့်ပြီး 'စရိတ်မျှပေး၊ အိမ်ထောင်ရေး' လုပ်လို့ရတာပဲ။

"အလုပ်တော့ မလုပ်ပါနဲ့ဦးကွာ။ မင်းအလုပ်တွေ လျှောက်နေတာ ဘယ်တစ်ခု အဆင်ပြေလို့လဲ။ ခဏနေပါဦးကွာ။ ပိုက်ဆံနည်းနည်း စုပြီးရင် ဆိုင်လေးဘာလေး တစ်ခုခုဖွင့်ကြည့်ကြတာပေါ့။ စကားသိပ်မပြောရတဲ့ ဆိုင်မျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြူဝေရှင်းက ငြိမ်သွားပါတယ်။ စကားသိပ်မပြောရတဲ့ ဆိုင်ကိုတော့ ဘာတွေ ရောင်းရမှာပါလိမ့်။ ဈေးရောင်းတယ်ဆိုတာ အနည်းနဲ့အများတော့ ပြောရဆိုရတာချည်းပဲ။ စကားမပြောရတဲ့ အလုပ်ဆိုလို့ ဈေးအိမ်သာ ကန်ထရိုက်ဆွဲပြီး ပိုက်ဆံကောက်ခိုင်းတာပဲ တွေးမိတယ်။ ၂၀ကျပ်ဆိုပြီး ခပ်ကြီးကြီး ရေးထားရုံပဲ။ အင်း ဒါလဲ လုပ်ခိုင်းလို့ မဖြစ်သေးပါဘူး။ တော်တော်ကြာ အနံ့တွေစွဲပြီး လွင်ကိုလတ်ပါ အနားမကပ်နိုင်ဘူး ဖြစ်သွားမယ်။ အိမ်ထဲထိုင်နေရင်း လုပ်လို့ရတဲ့ အလုပ်မျိုးရှာကြံကြည့်ဦးမှာပါပဲ။ ဟာ ဟုတ်ပြီ၊ အကြံရပြီ။

"ကဲ မြူလေး၊ အဝတ်အစားသွားလဲ။ ထမင်းလည်း ချက်မနေနဲ့တော့။ အလုပ်တစ်ခုစဉ်းစားမိလို့။ ပြီးရင် မင်းတို့အိမ်တက်ပြီး ခပ်တည်တည်နဲ့ ထမင်းတက်စားကြရအောင်။ မုန့်ဖိုးကတော့ မပူပါနဲ့။ ကိုယ်ပေးမှာပေါ့၊ ကိုယ်ရစရာတွေရှိပါတယ်"

မြူဝေရှင်းလည်း အခုမှပဲ တက်တက်ကြွကြွ ဖြစ်သွားပါတယ်။ လွင်ကိုလတ်က ဘာအလုပ်ရှာပေးမှာပါလိမ့်။ ဘာပဲဖြစ်ဖြစ်၊ သူ့လင်ရှာပေးတဲ့ အလုပ်အကောင်းစားကြီးတော့ လုပ်ဖြစ်အောင် လုပ်ကြည့်လိုက်ဦးမယ်။ လွင်ကိုလတ်က မြူဝေရှင်းကို သူ့အသိတစ်ယောက်ဆီ ခေါ်သွားလိုက်ပါတယ်။

"ဗျို့ ကိုအောင်ကျော်ဦး"

အခန်းထဲမှာ ကွန်ပျူတာတွေ၊ အသံဖမ်းစက်တွေနဲ့ လူတွေ အလုပ်ရှုပ်နေကြပါတယ်။ တစ်ချို့ကလည်း ပုံတွေဆွဲနေကြတယ်။

"ဟာ ကိုလွင်ကိုလတ် လာ၊ အမယ်စုံတွဲ ခုတ်လာတာကိုး။ ကျေးဇူးတင်တယ်ဗျာ။ မင်္ဂလာဆောင်တုံးက မဖိတ်တာ၊ လက်ဖွဲ့ဖိုး သက်သာသွားတာပေါ့"

အင်း၊ ဘယ်လောက်ခင်ဖို့ကောင်းတဲ့ မိတ်ဆွေပါလိမ့်၊ ဒီလိုလူမျိုးဆီက အလုပ်တောင်းဦးမတဲ့။

"အဲဒီတုံးက ဘယ်သူ့ကိုမှ မဖိတ်ပါဘူးဗျာ။ ဒါ ကျွန်တော့်မိန်းမ မြူဝေရှင်းတဲ့။ မြူလေး ဒါ ကိုအောင်ကျော်ဦး၊ သူက ကာတွန်းကား





တွေ ဗီစီဒီနဲ့ ထုတ်နေတာ"

"ဝမ်းသာပါတယ်ဗျာ၊ ဒါနဲ့ ဘာဒုက္ခပေးမလို့လာတာတုံး"

ကြည့်ပြောပုံဆိုပုံက။ အတော့်ကို လှိုက်လှိုက်လှဲလှဲပါပဲ။

"အေးဗျာ၊ ဟိုတစ်ခါ ခင်ဗျားပြောဖူးတယ်လေ၊ ပိုက်ဆံ သိပ်မပေးရပဲ ကာတွန်းရုပ်ပုံလေးတွေ ဆွဲတတ်တဲ့လူ လိုချင်တယ်ဆိုတာလေ။ အဲဒါ ကျွန်တော့် မိန်းမ စိတ်ဝင်စားလို့၊ သူက မုန့်ဖိုးရှာချင်နေတာလေ"

"အော်၊ ခင်ဗျားမိန်းမက ပိုက်ဆံ သိပ်ပေးစရာမလိုဘူးပေါ့"

"ခင်ဗျားကတော့ လုပ်ပြီ၊ နာချင်ပြီထင်တယ်"

"ဟဲ ဟဲ၊ စိတ်မဆိုးနဲ့နော်၊ သူနဲ့ကျွန်တော်က အဲဒီလိုမျိုး မမြူဝေရှင်းရဲ့ ကျွန်တော့်မိန်းမကိုလည်း ဒီလူက ပြောချင်တာတွေ ပြောတာ"

မြူဝေရှင်းက ရယ်လို့သာ နေပါတယ်။ ဒီကိုအောင်ကျော်ဦးဆိုတဲ့ လူက ပျော်ပျော်နေတတ်တဲ့ပုံပါပဲ။ ကိုအောင်ကျော်ဦးက ဆက်ပြီး-

"အေးဗျ၊ ဒီမှာက လူမမြဲဘူး။ အဓိကကတော့ ပိုက်ဆံသိပ်မပေးနိုင်တာပါပဲ။ ဒီဈေးကွက်က မြေစမ်းခရမ်းပျိုး အနေအထားဆိုတော့ ကျွန်တော်က ပေးချင်စိတ်ရှိပေမယ့် တန်အောင် မပေးနိုင်ဘူးလေ။ ပြီးတော့ ဒီအလုပ်က အရမ်းလက်ဝင်ပြီး အချိန်ပေးရတာ။ ကျွန်တော်ကလည်း ကွာလတီကောင်းကောင်း လိုချင်တာကိုး"

မြူဝေရှင်းက ကိုအောင်ကျော်ဦး ပြောသမျှကို စိတ်ဝင်တစားနားထောင်နေပါတယ်။ သူကလည်း စိတ်ဝင်စားပါတယ်။ ကာတွန်းပုံလေးတွေလည်း ဆွဲရမယ်။ ပိုက်ဆံလည်း ရမယ်ဆိုတော့ အိုဘာလိုသေးလဲ ပဲပေါ့။

"ဘယ်နှယ့်လဲ"

လွင်ကိုလတ်က မြူဝေရှင်းကို ပေးလိုက်တာပါ။ မြူဝေရှင်းက သူ့ရဲ့လက်ဟန်တွေနဲ့ ပြန်ပြတယ်။

"ဟာ စကားမပြောတတ်ဘူးလား"

ကိုအောင်ကျော်ဦးဆီက လွှတ်ကနဲ ထွက်သွားတာပါ။ ပြီးတော့မှ



www.burmeseclassic.com

www.burmeseclassic.com

အားတောင့်အားနာနဲ့-

"ဆောရီးဗျာ၊ ကျွန်တော် စိတ်ထဲ နည်းနည်းထူးဆန်းသွားလို့ပါ။ ဘယ်လိုလဲ၊ ကျွန်တော့်အလုပ်ကို စိတ်ဝင်စားရဲ့လား"

လွင်ကိုလတ်က သူ့မိန်းမကိုယ်စား ပြန်ဖြေလိုက်ပါတယ်။

"ရပါတယ်ဗျာ၊ ကျွန်တော့်မိန်းမက လုပ်ကြည့်ချင်တယ်တဲ့။ နည်းနည်းတော့ လေ့လာရမှာပေါ့"

"ဒါဆိုရင် ကျွန်တော့်ကို ကာတွန်းပုံလေးတစ်ပုံလောက် ဆွဲပြနိုင်မလား"

မြူဝေရှင်းက ကိုအောင်ကျော်ဦးထိုးပေးတဲ့ စာရွက်နဲ့ဆော့ပင် ယူပြီး ပုံလေးတစ်ပုံ ဆွဲပြလိုက်ပါတယ်။ ပုံက ယုန်လေးတစ်ကောင် ကလဲ့ရီးယားနတ်မှုတ်နေတဲ့ ပုံလေးပါ။ ကောင်မလေးက ပျော်နေတဲ့ ပုံပါပဲ။ သူ့ယုန်လေးကလည်း ပျော်လို့။ ကိုအောင်ကျော်ဦးက ခေါင်းညိတ်လိုက်ပြီး-

"အင်း၊ ပုံက mood ပါတယ်ဗျ၊ လက်ရာကလည်း မဆိုးဘူး။ ကိုယ်ပိုင် style လည်းရှိတယ်။ တစ်လက်စတည်းဗျာ၊ ဝမ်းနည်းနေတဲ့ ပုံတို့ စိတ်ကောက်နေတဲ့ပုံတို့ ရှက်နေတာတို့ အဲဒီလို mood တွေပါတဲ့ ပုံလေးတွေ ဆွဲပြပါလား"

အို ဒီလောက်တော့ မြူဝေရှင်းက အပျော့ပေါ့။ ကိုယ့်အိမ်ကိုယ် နေရင်းနဲ့တောင် လွင်ကိုလတ်ကို ဒီစိတ်ခံစားမှုတွေ ဆွဲပြနေတဲ့ဟာ။ မြူဝေရှင်းက ခပ်သွက်သွက်နဲ့ ကိုအောင်ကျော်ဦးပြောတဲ့ ပုံစံလေးတွေ ဆွဲပြလိုက်ပါတယ်။ ဒီတစ်ခါဖြေရတဲ့ အင်တာဗျူးက မြူဝေရှင်းနဲ့ အံကိုက်ပါပဲ။ ဟိုက ပါးစပ်နဲ့မေး၊ သူက လက်နဲ့ရေး၊ အိုကေနေတာပဲ။ ကိုအောင်ကျော်ဦးက မြူဝေရှင်း ဆွဲတဲ့ပုံကို ကြည့်ပြီး-

"sample မရှိပဲ ဒီလောက်ဆွဲနိုင်ရင် မဆိုးဘူးဗျ၊ ကျွန်တော်တို့မှာ တကယ့် professional သမားတွေမပြောနဲ့၊ မြူဝေရှင်းလောက် အဆင့်ရှိတဲ့လူတွေကိုတောင်ရဖို့ အတော်ခက်တာ။ ကိုမျိုးရေ ခဏလောက်ဗျာ"





ကိုအောင်ကျော်ဦးက အတွင်းခန်းမှာ ပုံဆွဲနေတဲ့ လူတစ်ယောက်ကို လှမ်းခေါ်ပြီး မြူဝေရှင်းဆွဲတဲ့ပုံတွေ ပြလိုက်ပါတယ်။

"ဘယ့်နှယ့်လဲ"

"ဟာ၊ ဒီလောက်ဆို ဖြစ်တာပေါ့။ စိတ်ရှည်ဖို့နဲ့ စွဲစွဲမြဲမြဲရှိဖို့ပဲ လိုတယ်"

ကိုမျိုးဆိုတဲ့ လူကြီးကပါ ထောက်ခံချက် ဝင်ပေးလိုက်ပါတယ်။

"ဒါနဲ့ တစ်ခုတော့ မေးရဦးမယ်။ မမြူဝေရှင်းက ဟိုနားမကြားတဲ့ လူတွေ သင်ရတဲ့ ပါးစပ်ကိုကြည့်ပြီး စကားပြောတာကို နားလည်တာလေ၊ အဲဒါဘာခေါ်လဲ"

မြူဝေရှင်းက စာနဲ့ရေးပြလိုက်ပါတယ်။

"speech reading"

"အဲဒီ speech reading ကို နားလည်လား"

မြူဝေရှင်းက ခေါင်းညိတ်ပြလိုက်ပါတယ်။

"ဒါဆိုရင် ကျွန်တော်ပါးစပ်လှုပ်ပြတာကို ကြည့်ပြီး အဓိပ္ပာယ်ဖော်ပြပါဦး"

ကိုအောင်ကျော်ဦးက အသံမထွက်ပဲ ပါးစပ်လှုပ်ပြလိုက်တယ်။ မြူဝေရှင်းက စာနဲ့ရေးချပြလိုက်ပါတယ်။

"မင်္ဂလာပါ မမြူဝေရှင်း"

ကိုအောင်ကျော်ဦးဆီက လက်ခုပ်တီးသံ ထွက်လာပါတယ်။

"ဟုတ်ပါပြီဗျာ၊ အဲဒီ ပါးစပ်လှုပ်တာကို ကာတွန်းပုံလေး ပြန်ဆွဲပြပါလား မမြူဝေရှင်း"

မြူဝေရှင်းက အသံထွက်အတိုင်း ရုပ်ပုံခုနစ်ပုံ ဆွဲပြလိုက်တယ်၊ ကိုအောင်ကျော်ဦးက အဲဒီစာရွက်ကို ယူပြီး မှန်ရှေ့သွားရပ်ပြီး တစ်လုံးချင်းဆိုလိုက်။ မြူဝေရှင်း ဆွဲထားတာကို ကြည့်လိုက်လုပ်နေပါတယ်။ ပြီးတော့ လွင်ကိုလတ်တို့ဖက်လှည့်ပြီး-

"ဟား ဟား ဟား၊ ဟုတ်ပြီဗျ။ ကျုပ်တို့လိုချင်နေတာ ဒါပဲ။ ကိုမျိုး ကျေးဇူးပဲ ကိုလွင်ကိုလတ်ရေ အစောကြီးကတည်းက ခင်ဗျားမိန်းမကို


www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ဆီလာပို့ရမှာဗျ ဟား ဟား"

လွင်ကိုလတ်က နည်းနည်းတော့ အီးပိတ်သွားပါတယ်။ ဘယ့်နှယ် သူ့မိန်းမကို လူများဆီပို့ရမယ်လို့။

"ဟေ့လူ၊ စကားကြည့်ပြောစမ်းပါ၊ ဘယ့်နှယ် ကျုပ်မိန်းမကို ခင်ဗျားဆီ ပို့ခိုင်းနေတာတုံး"

"ဝမ်းသာလို့ပါဗျာ။ ကျုပ်ပြောတာက မမြူဝေရှင်းနဲ့ ဒီအလုပ်ကို အစောကြီးကတည်းက လုပ်သင့်တာကို ပြောတာဗျ"

မြူဝေရှင်းကလည်း သူ့ကို ဒီလောက်တောင် လှိုက်လှိုက်လှဲလှဲကြီး ကြိုဆိုနေတာကိုတွေ့တော့ အပျော်ကြီးပျော်သွားပါတယ်။ သူ့အလုပ်လျှောက်သမျှ အငြင်းခံရတာချည်းပဲ မဟုတ်လား။ ဟိုပြိတ္တာကြီးနဲ့ဆို ရန်တောင်ဖြစ်လိုက်ရသေး။

"ဒီလို ကိုလွင်ကိုလတ်ရ၊ ကျွန်တော်တို့က ဒီ speech reading ကို မသိတော့ စကားသံတစ်သံရဖို့အရေး မှန်ရှေ့မှာ အသံထွက်လိုက် ပုံဆွဲလိုက် လုပ်ရတာ။ အခု မမြူဝေရှင်းက လုပ်သွားတော့ ခဏလေးပဲ။ ဒါနဲ့ မမြူဝေရှင်း Illustrator တို့၊ photoshop တို့၊ Coreldraw တို့ လုပ်ဖူးလား၊ movie နဲ့ပတ်သက်တဲ့ software တွေရော လုပ်ဖူးလား၊ Animation လိုဟာမျိုးလေ"

မြူဝေရှင်းက စာရေးပြရပြန်ပါတယ်။

"movie software တွေတော့ မသုံးဖူးဘူး။ ကျန်တာတွေတော့ သင်တန်းတက်ဖူးတယ်။ အိမ်မှာလည်း computer နဲ့ အပျော်လုပ်ဖူးပါတယ်"

ကိုအောင်ကျော်ဦးက လွင်ကိုလတ်ကို မနာအောင် ဆွဲထိုးလိုက်ပြီး-

"ဟေ့လူ၊ ခင်ဗျားကို ကျုပ်ဆွဲထိုးချင်စိတ်ပေါက်လာပြီ။ ဘာကြောင့်များ အခုမှပေါ်လာရတာလဲဗျာ။ ခင်ဗျား တော်တော်ဆိုး။ ကိုယ့်မိန်းမဒီလောက်တော်မှန်းသိရဲ့နဲ့ ဖွက်ထားရသေးတယ်"

"အင်း၊ ကျုပ်လည်း အခုမှ ကျုပ်မိန်းမ ဒါတွေ တတ်မှန်းသိတာဗျ။





စောစောကသိရင် အစကတည်းက ခိုင်းစားပါတယ်ဗျာ"

မြူဝေရှင်းလေးကလည်း အရမ်းကို ပျော်နေပါတယ်။ သူ့ခမျာ အလုပ်တန်းလျှောက်၊ တန်းခန့်ခံရတာကိုး။ ပြီးတော့ ဒါ လွင်ကိုလတ်ရဲ့ မျက်နှာကြောင့်ရတာ မဟုတ်ဘူးလေ။ သူ့အစွမ်းအစနဲ့ သူရတယ်လို့ ပြောလို့ရတာပေါ့။

"ကဲ ကိုလွင်ကိုလတ်၊ ခင်ဗျားတို့ ထမင်းစားပြီးသွားပြီလား"

"မစားရသေးဘူးဗျ၊ ခင်ဗျားကျွေးမလို့လား"

"ဟာ ကျွေးတာပေါ့ဗျာ၊ လာသွားစားရအောင်။ ကျွန်တော်က မနက်စာ အပြင်မှာချည်းပဲ"

အို အဆင်သင့်လိုက်လေ။ အလုပ်လည်းပေး၊ ထမင်းလည်း ကျွေး။ အင်း နင်းတော့ မပေးလောက်ဘူးထင်ရဲ့။ မြူဝေရှင်းတတော့ သူ့ယောက်ျားရဲ့လက်ကို တင်းတင်းကြီး ကိုင်ပြီး မြှောက်ကြွ မြှောက်ကြွနဲ့၊ မြေကြီးနဲ့တောင် မထိဘူးထင်ပါရဲ့။ ပြီးတော့ လွင်ကိုလတ်ကို လက်ဟန်နဲ့ ပြောပြလိုက်သေးတယ်။

"ညနေစာ သူကျွေးမယ်တဲ့"

လွင်ကိုလတ်ကလည်း မြူဝေရှင်းလုပ်သလို လက်ဟန်လေးနဲ့ ပြန်မေးပါတယ်။ သူတောင် နည်းနည်းပါးပါး လုပ်တတ်နေပါပြီ။

"ပိုက်ဆံမရှိဘူးဆို ဘယ်မှာကျွေးမှာလဲ"

"မေမေတို့အိမ်မှာ"

အင်း ကောင်းရော၊ ယောက္ခမတွေတော့ ခေါင်းဆင်နင်းတော့မှာပဲ။ လွင်ကိုလတ်က ပြန်ပြောလိုက်ပါတယ်။

"အကုန်အကျ အရမ်းများနေဦးမယ်၊ ပိုက်ဆံတွေ နှမြောစရာကွာ၊ လုပ်သာလုပ်" တဲ့။

☺ ☺ ☺

www.burmeseclassic.com

လွင်ကိုလတ်က ဆေးထားတဲ့ ဆန်ကို rice cooker ထဲ ထည့်ပြီး၊ ရေထည့်၊ ခလုတ်ဖွင့်ပြီး ထမင်းတစ်အိုးတည်လိုက်ပါတယ်။ ပြီးတော့ မီးဖို နံရံပေါ်မှာ ချိတ်ထားတဲ့ White Board ကို မျက်စောင်းထိုးလိုက်ပါတယ်။

"ကိုကိုရေ"

ထမင်းအိုး တည်ပြီးရင်၊ ဝက်အူချောင်းနဲ့ ဘဲဥကို ခေါက်ပြီး ကြော်ထားလိုက်ပါနော်။ ဝက်အူချောင်းကို အရင်ပြုတ်လိုက်ဦး၊ ပြီးမှ သေးသေးဖြစ်အောင်လှီး၊ အရင်တစ်ခါတုံးကလို အချောင်းလိုက်ကြီး မကြော်နဲ့ဦး။ မြူလေးပြန်လာမှ ကြာဆံထုပ်ဖောက်ပြီး ဟင်းချိုချက်မယ်။ ဒီနေ့စောစော လာကြိုနော်။ အပြန်ဈေးဝင်ရအောင်လို့။

မြူလေး'

မြူဝေရှင်းတင် အလုပ်ရသွားတာမဟုတ်ပါဘူး။ လွင်ကိုလတ်လည်း အလုပ်ရနေပါတယ်။ အိမ်အလုပ်တွေလေ။ မိန်းမကို အလုပ်လုပ်ခိုင်းမိတာမှားပြီ ထင်ရဲ့။ အခုတော့ မီးဖိုချောင်တာဝန်ပါ ဝင်ထမ်းနေရတယ်။ တော်သေးတာပေါ့။ အဝတ်ပါလျှော်မပေးရတာ။ ပြောမယ့်သာပြောရတာ မြူဝေရှင်းလေးလည်း အတော့်ကို ပင်ပန်းရှာတယ်။ သူ့ခမျာ မနက်အစောကြီးထ၊ ထမင်းအိုးတည်၊ ညကတည်းက အသင့်စီမံထားတဲ့ ဟင်းတွေကို ချက်တန်တာချက်၊ နွေးတန်တာနွေး၊ ပြီးရင် ထမင်းဘူးထည့်။ လွင်ကိုလတ်ကို နှိုး၊ ရေမိုးချိုးပြီး အလုပ်ကို သွားဖို့ပြင်ရပါတယ်။ အဲဒီတော့မှ လွင်ကိုလတ်က အိပ်ယာကထ၊ မြူဝေရှင်းကို ကားဂိတ်လိုက်ပို့ပြီး၊ သူက လက်ဖက်ရည်

www.burmeseclassic.com


ဆိုင်ထိုင်လိုက်ပါသေးတယ်။ ပြီးရင် အခန်းပြန်ပြီး စာရေးချင်ရင်ရေး ဒါမှ မဟုတ်လည်း သွားစရာရှိတာတွေကို သွားပေါ့။ ညနေ သုံးနာရီလောက်ဆိုရင်တော့ ညနေစာအတွက် ထမင်းအိုးလေးတည်ပြီး၊ white board ပေါ်မှာ မြူဝေရှင်းရေးထားခဲ့တာတွေကို ဆောင်ရွက်ရပါတယ်။ ပြီးတော့မှ မြူဝေရှင်းလေးကို အလုပ်ကနေ သွားကြို၊ အပြန်ကျရင် ဈေးလေးဘာလေးဝင်ပြီး ဝယ်ခြမ်းရပါတယ်။ အိမ်ပြန်ရောက်တော့ မြူဝေရှင်းက ခဏတစ်ဖြုတ်နားပြီး နောက်တစ်နေ့စာအတွက် စီမံရပါတယ်။ လွင်ကိုလတ်ကတော့ မြူဝေရှင်းဘေးနားသွားပြီး ကူလုပ်တန် တာလုပ်၊ ရှုပ်တန်တာရှုပ်ပေါ့။ တစ်ခါတစ်လေ အပေါင်းအသင်းတွေနဲ့ ချိန်းထားရင်တော့ မြူဝေရှင်းလေး တစ်ယောက်တည်း တစ်ကုပ်ကုပ်ပေါ့။

"မိန်းမရာ မင်းကြည့်ရတာ ငါမောလိုက်တာ"

ဒါပေမယ့် မြူဝေရှင်းလေးကြည့်ရတာ တက်တက်ကြွကြွပါပဲ။ သူ့ခမျာ အခုမှ သူ့ဘဝကို သူကျေနပ်နေသလိုပါပဲ။ လင်နဲ့ အလုပ်နဲ့။ ကိုအောင်ကျော်ဦးကလည်း မြူဝေရှင်းလေးကို အရေးပေးရှာပါတယ်။ ဟိုက အရေးပေးလေ၊ မြူဝေရှင်းမှာ အလုပ်များလေပါပဲ။ အဲဒီလို အလုပ်များတော့ သူတို့ခမျာ တစ်နေ့တစ်နေ့ fast food လို့ခေါ်တဲ့ အလွယ်စာတွေနဲ့ အာဟာရဆက်နေရပါတယ်။ တစ်ခါတစ်လေ မြိုးမြိုးမြက်မြက်လေး စားချင်ရင် မြူဝေရှင်းရဲ့ အဖေနဲ့အမေ အိမ်သွားစားရတယ်။ အဲဒီအခါကျရင် ကြူဆွေလင်းက အသံပြုကြီးနဲ့-

"ကိုယ့်အိမ်ကိုယ် ထမင်းချက်မစားတဲ့လူတွေ လာပြီအမေရေ၊ ဟင်းကောင်းလေးတွေ ဖွက်ထားဦး"

အဲဒီလို မလိုတမာလေးနဲ့ အော်တတ်ပါသေးတယ်။ မြူဝေရှင်းတို့ အမေကလည်း-

"မင်းတို့လာတာနဲ့ အတော်ပဲ၊ နို့မဟုတ်ရင် ခွေးကျွေးရတော့မှာ"





အဲဒီလို ဖိတ်မန္တက ပြုတတ်ပါသေးတယ်။ ဒီလိုပြောရုံနဲ့ကတော့ သူတို့လင်မယားက မမှုရေးချမမှုပါပဲ။ ဘာပဲဖြစ်ဖြစ် ကိုယ်စားရဖို့ အရေးကြီးတာပဲ။ လွင်ကိုလတ်ကလည်း အလိုက်သိပါတယ်။

"ပန်းသီးတွေက အကြီးကြီးပဲ အန်ကယ်ရာ၊ ဝယ်လာဦးမလို့ ဒီလောက်ကြီးတာ၊ ဓာတ်မြေသြဇာတွေ၊ ဓာတုဆေးတွေပါမှာပဲ၊ ကျန်းမာရေးနဲ့ ညီညွတ်မှာမဟုတ်ဘူးဆိုပြီး ဝယ်မလာတာ"

ဆိုပြီး လောကဝတ်လုပ်တတ်ပါတယ်။ အဲဒီအခါကျရင် ကြူဆွေလင်းက နှာခေါင်းရှုံ့ပါတယ်။ သူတို့အမေကြီးက မျက်စောင်းထိုးပါတယ်။ ဦးကျော်သန်းမိုးကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ ကွမ်းလေးဝါးလို့ ပြီးတော့ တက်ကြွရွှင်လန်းနေတဲ့ သူ့သမီးကြီးကို ကြည့်ပြီး သဘောကျနေပါတယ်။ အရင်တုံးက သူ့သမီးက သွက်ပေမယ့် မရွှင်လှဘူးလေ။ တော်ပေမယ့် ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိဘူးလေ။ အခုတော့ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့ မျက်နှာထားတဲ့ သွက်လို့ရွှင်လို့။ ဒါတောင် ဦးကျော်သန်းမိုးက မပြောသာ ပြောသာ စကားတစ်ခွန်းနဲ့တော့ လွင်ကိုလတ်ကို ရိလိုက်ပါသေးတယ်။

"မင်း ငါ့သမီးကို ခိုင်းစားနေတာတော့ မဟုတ်ပါဘူးနော်"

လွင်ကိုလတ်ကလည်း ဒါမျိုးတော့ သည်းမခံတတ်ပါဘူး။ ယောက္ခမမဟုတ်လား၊ ဘယ်အကျောခံလို့ ဖြစ်ပါ့မလဲ။

"အန်ကယ့်သမီးကသာ ကျွန်တော့်ကို ခိုင်းစားနေတာ။ လူပျိုဘဝတုံးက ကျွန်တော်ထမင်းအိုးလည်း မတည်ရဘူး။ အိုးခွက်ပန်းကန်တွေလည်း မဆေးရဘူး။ အခုမှ လုပ်ရတာ။ ပြီးတော့ ညဆိုလည်း အေးအေးဆေးဆေးမအိပ်ရဘူး။ တရေးနိုးလာရင် ပူဆာတော့တာပဲ"

"ဟော"

သူ့သမီးက ညကြီးမင်းကြီး ဘာသွားပူဆာတာပါလိမ့်။ အင်းလေ သူ့ဘာသာသူ ဘာပဲပူဆာပူဆာ၊ ဒါယောက္ခထီးကို လာပြောရလား။


www.burmeseclassic.com

www.burmeseclassic.com

"အင်း အခုတော့ ကျွန်တော့်မှာ တစ်ရေးနိုးတိုင်းထပြီး . . . ဟင်း မပြောချင်တော့ဘူး"

"အေး . . . မပြောနဲ့တော့ . . . "

ဦးကျော်သန်းမိုးက မျက်နှာနီကြီးနဲ့ ကြိုးပိတ်လိုက်ပါတယ်။ ဒါပေမယ့် ကိုရွှေလွင်ကိုလတ်က-

"မပြောချင်ပေမယ့် ပြောရတော့မှာပဲ အန်ကယ်ရဲ့ ည ညဆိုရင် အန်ကယ့်သမီးက . . . ကျွန်တော်ကို နှိုးပြီးပုံပြောခိုင်းတယ်၊ အန်ကယ်ပဲ စဉ်းစားကြည့်တော့။ ကျွန်တော်က ဒီမကြီးမငယ်ကြီးကို ညတိုင်း ပုံပြင်ပြောပြီး ပြန်သိပ်နေရတယ်။ အခုကျွန်တော်သိသမျှ ပုံပြင်တွေလည်း ကုန်ပြီ။ အဲဒါ အန်ကယ့် ကြောင့်"

"အဲဗျ၊ ငါ့ကြောင့်"

"ဟုတ်တယ်လေ၊ အန်ကယ်ငယ်ငယ်တုံးက ကိုယ့်သမီးကို ပုံမပြောခဲ့လို့ အခုကျွန်တော် ပြောနေရတာပေါ့"

တော်ပါသေးရဲ့။ ပုံပြင်ကယ်ပေလို့။ ဒီကောင်မလေးက မကြီးမငယ်နဲ့ ဘာစိတ်ကူးပေါက်ပြီး အခုမှ ပုံပြောခိုင်းနေပါလိမ့်။

"ဒါနဲ့ မပြီးသေးဘူး၊ အန်ကယ်ရ၊ သူက ဖြတ်ဖြတ်ပြီး မေးခွန်း ထုတ်သေးတာ။ ကျွန်တော့်မှာ မျက်လုံးကန်းမှာကြောက်နေရတယ်"

"ဘာဆိုင်လို့လဲကွ"

"အော် အန်ကယ်ရယ်၊ အိပ်ယာထဲမှာ sign language နဲ့ ပြောတော့ လက်တွေက ဟိုထိုးဒီထိုးနဲ့ ကျွန်တော့်မျက်လုံးလာထိုးမှာ စိုးရတယ်လေ"

လွင်ကိုလတ်ပြောတာလည်း ဟုတ်တုတ်တုတ်ပဲ။

"ကျွန်တော်ကသာ သူ့အလိုကို လိုက်ရတာပါ အန်ကယ်ရာ၊ ကျွန်တော့်အလိုကျတော့ သူက မလိုက်ဘူးလေ"

"မင်းက ဘာသွားပူဆာလို့လဲ"





ဦးကျော်သန်းမိုးက မေးပြီးမှ နောင်တရသွားပါတယ်၊ အော် ဒီပါးစပ်နှယ် အငြိမ်မနေနိုင်ရန်ကော။ သူများ လင်မယား ကြားသွားပြီ တော့။

"သီချင်းလေးတစ်ပုဒ်လောက် ဆိုပြခိုင်းတာပါ အန်ကယ်ရာ"

"ဟာ ဒီကောင်"

ဦးကျော်သန်းမိုးခမျာ ငိုရခက် ရီရခက်။ ဘယ့်နှယ့် စကားမပြော နိုင်ပါဘူး ဆိုမှ။ သီချင်းဆိုပြခိုင်းနေသေးတယ်။

"ဒါပေမယ့် အန်ကယ့်သမီးက တစ်ခုတော့ ချစ်စရာကောင်း တယ်။ ကျွန်တော်ဖြစ်ချင်တာကို ကတ်သီးကတ်သတ် ရအောင် လုပ် ပေးတယ်"

ဘာကွ ၊ "ဟင်း"

ဦးကျော်သန်းမိုးက ပါးစပ်ကို ဘရိတ်မနည်းအုပ်ထားလိုက်ရ တယ်။ တောက်၊ ဒီကောင် သက်သက်မဲ့ လူကြီးကို လာကလိနေတာ။

"ဟိုတလောတုံးက ကျွန်တော်နားယားတော့ နားဖာကလော် အလွယ်တကူမတွေ့ဘူးလေ၊ အဲဒါနဲ့ မြူဝေရှင်းက ဝါယာကြိုးလေးကို ပလာယာနဲ့ ကျစ်နေအောင် လိမ်၊ ထိပ်မှာ ဂွမ်းလေးကို လိပ်၊ အုန်းဆီ လေးစိမ်ပြီး နားကျပ်ပေးရှာတယ်၊ လောကမှာ မိန်းမကို နားဖာ ကလော်ခိုင်းရတာ အတော့်ကို ဇိမ်ရှိတာပဲ။ အန်ကယ်ရော အန်ကယ့်မိန်းမကို နားကျပ်ခိုင်းဖူးလား၊ နားဖာကလော်လိုရင် ပြော ကျွန်တော်မြူဝေရှင်းကို ထပ်လုပ်ခိုင်းလိုက်မယ်။"

"တော်ကွာတော်၊ မင်းစကားကောင်းကောင်း မပြောတတ်ဘူး လား၊ အားလုံးအရေမရ အဖတ်မရတွေ . . . "

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လွင်ကိုလတ် အိမ်ပြန်နောက်ကျပါတယ်။ သူ့သူငယ်ချင်းတွေနဲ့ ဆုံနေလို့ပါ။ သူငယ်ချင်းတွေ ဆုံကြတယ်ဆိုတော့လည်း ထုံးစံအတိုင်း အသောက်ဖက်ကို ရောက်သွားတာပါပဲ။ မြူဝေရှင်းလေးက သူသောက်တာကို သဘောမကျပေမယ့် ဘာမှတော့ မပြောပါဘူး။ လွင်ကိုလတ်ကလည်း တစ်လမှ တစ်ခါနှစ်ခါလောက်ပဲ သောက်ဖြစ်တာပါ။ သောက်ပြီး ပြန်လာလည်း ပုံမှန်နဲ့ မကွာလှတော့ မြူဝေရှင်းလည်း မပြောသာဘူးပေါ့။ ဝိုင်းထဲမှာတော့ လွင်ကိုလတ်ကို အင်တာဗျူးတာခံလိုက်ရပါသေးတယ်။

"ဟေ့ကောင် လွင်ကိုလတ်၊ မင်းမိန်းမက အသံတစ်ခုပဲ ပါမလာတာလား၊ ကျန်တဲ့ အင်္ဂါအစိတ်အပိုင်းတွေရော ပါလာရဲ့လား"

"ဟွန်းမပါတဲ့ မော်တော်ကားလည်း မောင်းလို့ရပါတယ်ကွ။ အခုမင်းတို့ မြို့ထဲ ကားမောင်းတာ ဟွန်းတီးရလို့လား"

လွင်ကိုလတ်က ခပ်ကြွားကြွားလေး ပြန်ဖြေလိုက်ပါတယ်။

"တော်သေးတာပေါ့ကွာ၊ တော်တော်ကြာ ငါ့ဘကြီး တီဗီဝယ်မိသလို ဖြစ်နေမှာ စိုးလို့ကွ"

"မင်းဘကြီး တီဗီက ဘာဖြစ်လို့တုန်း"

"သူက တီဗီအဟောင်းကြီးကို ဈေးချိုချိုနဲ့ ဝယ်လာပြီး အိမ်ရောက်လို့ ကြည့်တော့ အသံမထွက်တော့ဘူးလေ။ အခုတော့ ဒီအတိုင်းပုံတွေပဲ ထိုင်ကြည့်နေရတယ်။ မင်းသမီးလေး ပါးစပ်လှုပ်တာကြည့်လိုက်၊ မင်းသားပါးစပ်လှုပ်တာကို ကြည့်လိုက်နဲ့ အခုတော့ သူ့အတင်းတော်ရုံတန်ရုံလူ ပြောမရတော့ဘူး"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ၊ သူက ပါးစပ်လှုပ်တာနဲ့ ဘာပြောလိုက်တယ်ဆိုတာတန်းသိတာကိုးကွ"

"အမယ်၊ ဘယ်ဆိုးလို့တုံး၊ ကိုအောင်ကျော်ဦးဆီသွားပြီး အလုပ်လုပ်လို့ရပြီ"

"ဒါပေမယ့် ကြော်ငြာ မင်းသမီးတစ်ယောက်နဲ့တွေ့မှ ငါ့ဘကြီး ဒုက္ခ ရောက်တော့တာပဲ"

"ဘာဖြစ်လို့"

"ဟို မင်းသမီးက စကားပြောရင် အထာလေး ထည့်ထည့်ပြီး နှုတ်ခမ်းလေးစူစူပြီး ပြောတာကိုးကွ။ သူ နှုတ်ခမ်းလှုပ်တဲ့အတိုင်း ငါ့ဘကြီးက ဘာသာပြန်လိုက်တော့ ခွေးပေါက်စလေး နို့ဆာလို့ ညည်းတဲ့အသံမျိုး ထွက်လာသတဲ့"

"ဟား ဟား ဟား"

"အဲဒါနဲ့ ဘဝင်မကျလို့ ဘေးအိမ်က တီဗီကို သွားပြီး ကြည့်တော့မှ အဖြေမှန်သိတော့တယ်။ အခုတော့ ငါ့ဘကြီးလည်း အဲဒီမင်းသမီးစ စကားပြောသလိုမျိုး နှုတ်ခမ်းလေးစူစူပြီး ပြောတတ်အောင် မှန်တစ်ချပ်နဲ့ ကျင့်နေလေရဲ့"

"ဟေး ဟေး"

"ပြီးတော့ ငါ့ဘကြီးက ပြောသေးတယ်။ သူ့တီဗီက အသံသာ မထွက်တာ၊ ပုံထွက်ကတော့ အရမ်းပြတ်သားတာတဲ့။ မြန်မာ့အသံရော၊ မြဝတီရော ပြောစရာကို မရှိဘူးတဲ့။ အော် ဒါနဲ့ စကားမစပ် လွင်ကိုလတ် မင်းကို မေးရဦးမယ်"

"ဘာတုံး"

"မင်းမိန်းမရော ပုံထွက်ပြတ်သားရဲ့လား"

"ဟာ သေချင်းဆိုး"

"ဟား ဟား ဟား"

ပြောမနာ ဆိုမနာတွေဆိုတော့လည်း ဒီလိုပါပဲ။ ရောက်တတ်ရာရာ ပြောကြဆိုကြ၊ နောက်ကြပြောင်ကြနဲ့ အတော်လေး ညဉ့်နက်မှ





လမ်းခွဲဖြစ်ကြပါတယ်။ လွင်ကိုလတ်ကို သူ့သူငယ်ချင်းတွေက တာနဲ့ လမ်းထိပ်အထိ လိုက်ပို့ပေးပြီး ပြန်သွားကြပါတယ်။ သူ့အခန်းရှေ့ ပြန်ရောက်တော့ လှေကားမီးကလွဲလို့ တစ်တိုက်လုံး မှောင်မည်းနေပါပြီ။ လွင်ကိုလတ်က သူ့မှာပါလာတဲ့ အခန်းသော့နဲ့ တံခါးကို ဖွင့်ဝင်လိုက်ပါတယ်။

"အင်း၊ ဒီအချိန်ဆို မြူဝေရှင်းလေး အိပ်နေရောပေါ့"

အခန်းထဲ ရောက်တော့ ဧည့်ခန်းထောင့်က စာကြည့်စားပွဲလေးမှာ မီးလုံးက လင်းပြီး မြူဝေရှင်းတလည်း စာကြည့်စားပွဲပေါ် မှောက်လျက်သားလေး အိပ်ပျော်နေပါတယ်။ ဒါ ဒီကောင်မလေး သူ့ကို စောင့်ရင်းနဲ့ အိပ်ပျော်သွားတာပေါ့။ အိမ်ပြန်နောက်ကျမယ်လို့ ပြောထားရဲ့သားနဲ့။ လွင်ကိုလတ်စားပွဲနား ကပ်သွားတော့ စာကြည့်စားပွဲလေးရှေ့က နံရံမှာ ပုံတစ်ပုံကပ်ထားတာတွေ့ရပါတယ်။ မြူဝေရှင်းက လွင်ကိုလတ်ကို ပုံလေးတွေ ဆွဲမပြတာ အတော်တောင် ကြာသွားပြီ။ ဒီညတော့ ထူးထူးခြားခြား ပုံတွေ ဘာတွေ ဆွဲလို့၊ လွင်ကိုလတ်က နံရံက ပုံကိုကြည့်လိုက်တော့-

"ဟင် ဘဲဥကြီး"

ဟုတ်ပါတယ်။ နံရံပေါ်က စာရွက်မှာ ဘဲဥပုံ ခပ်ကြီးကြီး ဆွဲထားပါတယ်။ ဘာအဓိပ္ပာယ်များပါလိမ့်။ လွင်ကိုလတ် နောက်ကျလို့ ဒေါသတွေ အလုံးပိတ်ထားရတယ်လို့ ပြောချင်တာလား၊ ဒါမှမဟုတ် ဖီလင်တွေ ဥထားတယ်လို့ ဆိုချင်တာလား။ ရှုပ်ပါတယ်။ သူ့ဘာသာသူ ဘာကြောင့်ပဲ ဥဥ။

"မြူလေး၊ မြူလေးထ၊ အိပ်ယာပေါ် သွားအိပ်ထထ"

မြူဝေရှင်းက ဆတ်ခနဲ နိုးလာတယ်။ အင်း အဲ လုပ်နေပြီးမှ လွင်ကိုလတ်ကို နံရံက ဘဲဥကို လက်ညှိုးထိုးပြတယ်။

"နားမလည်ဘူး၊ ဆရာမကိုယ်တိုင် ရှင်းပြမှဖြစ်မှာ"

မြူဝေရှင်းက လွင်ကိုလတ်ရဲ့ ခေါင်းကို သူ့ဖက်ကို ဆွဲယူလိုက်ပြတယ်။ လွင်ကိုလတ်ဆီက ရတဲ့ အရက်နံ့ကြောင့် နှာခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့သွားပြီး ခေါင်းကို ပြန်တွန်းလှတ်ပါတယ်။

"ဟွန်း"

ပြီးတော့ မျက်စောင်းတစ်ခု ဘောနပ်ပေးလိုက်တယ်။ ပြီးတော့ ဗိုက်ခေါက်ဆွဲလိမ်ပြီး ကံစမ်းမဲပါ ထပ်ပေးလိုက်ပါတယ်။

"အား၊ နာတယ်၊ မြူလေးရယ်၊ ကိုယ်မမူးပါဘူး၊ နာမည်ပျက်ရုံ လေးလုပ်လာတာ"

ကောင်မလေးက ကျေနပ်အားရတော့မှ နံရံပေါ်က ဘဲဥပုံကို လက်ညှိုးထိုးပြပြန်ပါတယ်။ လာပြန်ပြီ ဒီဘဲဥ။ ဘဲဥအစ ရှာမရဆိုတာ အခုမှ လက်တွေ့ကြုံဖူးတော့တယ်။ လွင်ကိုလတ်ကို စိတ်တိုသံနဲ့-

"အဲဒီဘဲဥ၊ ဘာလုပ်ရမှာလဲ၊ ပြုတ်စားရမှာလား၊ ဒါမှမဟုတ် ကြော်စားရမှာလား"

ကောင်မလေးက လွင်ကိုလတ်ရဲ့ နားထင်ကို လက်ညှိုးထိုးပြပြီး နှာခေါင်းရှုံ့ပြပါတယ်။ 'ငတုံး'ဆိုတဲ့ သဘောပါ။ ပြီးတော့မှ လွင်ကိုလတ်ရဲ့ နားဝကိုသူ လက်ဝါးလေးနဲ့ ကာလိုက်သေးတယ်။ တိုးတိုး ပြောမယ်ပေါ့။ မြူဝေရှင်းက တိုးတိုးပဲ ပြောပြော။ ကျယ်ကျယ်ပဲ ပြောပြော ထူးမှမထူးပဲဟာ။ မြူဝေရှင်းက ရုပ်ရှင်ထဲက မင်းသမီး အိုက်တင်မျိုးလေးနဲ့။ ရုပ်ရှင်တွေထဲမှ မင်းသမီးလေးက မင်းသားကို အဲဒီလို လုပ်ပြရင်တော့။ လွင်ကိုလတ်က ရီဝေဝေ ဖြစ်နေရာက အခုမှပဲ ကြယ်ကလေးတွေ ကြွေသွားတာကို မြင်လိုက်ရသလို ဖြတ်ကနဲ လက်သွားပါတယ်။

"ဟင် ဒါဆိုရင်. . ."

လွင်ကိုလတ်က နံရံပေါ်က ဘဲဥပုံကို ကြည့်တယ်။ ပြီးတော့ မြူဝေရှင်းရဲ့ ဗိုက်ကိုကြည့်တယ်။

"တို့နှစ်ယောက်ဘဲဥရတော့မှာပေါ့။ အဲလေ တို့နှစ်ယောက် ကလေးရတော့မှာပေါ့"

☺ ☺ ☺





"ဒုန်း ဒုန်း ဒုန်း"

"ဦးလွင်ကိုလတ်၊ ထပါဦး၊ ဦးလွင်ကိုလတ်"

စောစောစီးစီး၊ ပူညံပူညံနဲ့ တံခါးကို တဒုန်းဒုန်းထုတဲ့ အသံတွေကြောင့် လွင်ကိုလတ် လန့်နိုးသွားပါတယ်။

"ဟာ၊ ဘာဖြစ်တာပါလိမ့်"

တွေးရင်းနဲ့ ဘေးဘီကို ကြည့်တယ်။ မြူဝေရှင်းကို မတွေ့ရပါဘူး။

"မြူလေး၊ မြူလေးရေ"

လွင်ကိုလတ်က အော်ခေါ်ပေမယ့် ပြန်ထူးသံမကြားရပါဘူး၊ ဒီမိန်းမ ဘယ်ပျောက်နေပါလိမ့်။ နာရီကို လှမ်းကြည့်တာတော့ မနက် ခြောက်နာရီတောင် အပြေးလေးထိုးရုံပဲ ရှိသေး။

"ဒုန်း ဒုန်း"

"ဦးလွင်ကိုလတ်ရေ"

အိမ်ရှေ့က တံခါးထုတဲ့ အသံ၊ ခေါ်သံတွေကြောင့် လွင်ကိုလတ်လဲ ကမန်းကတန်းအိမ်ရှေ့က ထွက်လာခဲ့ပါတယ်။ အိမ်ရှေ့တံခါးဖွင့်လိုက်တော့-

"အမယ်လေး၊ ဦးလွင်ကိုလတ်ရဲ့၊ လုပ်ပါဦး၊ ဟိုမှာ ဦးလွင်ကိုလတ်မိန်းမ"

"ငါ့ မိန်းမ၊ ငါ့မိန်းမ ဘာဖြစ်လို့လဲ"

တံခါးဝမှာ ပြာပြာ ပြာပြာနဲ့ မနယ်သည် ငှက်ပျောခွံနင်းမိသလို လာပြောတာက အိမ်ရှေ့ ဖုန်းအိမ်က ကောင်မလေး။ လွင်ကိုလတ်လည်း သူ့ခတ်ကူးပြီး ပြာပြာ ပြာပြာ ဖြစ်သွားပါတယ်။ ဒီမိန်းမ ဒီအချိန် အိမ်အပြင်ထွက်ပြီး ဘာထွက်လုပ်ပါလိမ့်။

"ငါ့မိန်းမ ဘာဖြစ်လို့လဲ၊ ကားတိုက်လို့လား၊ ချော်လဲလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ တစ်ခုမှ မဟုတ်ဘူး၊ စုန်းပူးတာလား၊ နတ်ပူးတာလား မသိဘူး"

ဟိုက်၊ ဘယ်က စုန်းတွေ နတ်တွေ ပါလာရတာပါလိမ့်။ အဲဒါတွေနဲ့ လည်း တစ်ခါမှ မပတ်သက်ဖူးပါဘူး။

"အခု ဘယ်မှာတုံး"

"ကျွန်မတို့အိမ်မှာ"

လွင်ကိုလတ်လည်း ကမန်းကတန်း ဆင်းပြီး ပြေးသွားလိုက်ရတယ်။ အိမ်တံခါးတောင် မပိတ်ခဲ့မိဘူး။ အိမ်ရှေ့က ဖုန်းအိမ်ရောက်တော့-

"အမယ်လေး၊ မောင်လတ်ရဲ့ လာပါဦး၊ မြန်မြန်လာပါဦး"

ဟာ အထဲမှာ ပွဲကြမ်းနေပြီလား မသိဘူး။ စုန်းပူး နတ်ပူးနေတဲ့ သူ့မိန်းမက လွင်ကိုလတ်ကို မှတ်မိပါ့မလား မသိ။ မတတ်နိုင်ဘူး မီးစငကြည့်ကရမှာပဲ။

"အဒေါ်ဘာဖြစ်လို့တုံး"

"မင်းမိန်းမရယ်ပေါ့၊ အဒေါ် မနက်စောစော ဘုရားရှစ်ခိုး၊ အမျှဝေလုပ်နေတုန်း အဒေါ့်ဘေးဝင်ထိုင်တော့တာပဲ။ ပထမတော့ အဒေါ်လည်း လန့်သွားတာပေါ့။ နောက်မှ မြူဝေရှင်းပဲ ဆိုပြီး ဆက်ပြီးရှိခိုးနေလိုက်တယ်။ အဲဒီတုံးက ဘာမှမဖြစ်သေးဘူး။ အမျှဝေပြီးမှ အဒေါ့်လက်ကို အတင်းဆွဲ၊ သူ့ဗိုက်ကို လက်ညှိုးထိုးပြီး ဝူးဝူးဝါးဝါး လုပ်တော့တာပဲ။ အဒေါ်လည်း ကြောက်တာနဲ့ ဘုရားခန်းကနေ ထပြေးလာတာ။ မင်းမိန်းမက လှမ်းဆွဲသေးတယ်။ အဒေါ်လည်း ကိုယ်လွတ်ရုန်းပြီး ဘုရားခန်းကို အပြင်ကနေ တံခါးချက်ထိုးပြီး မင်းကို လှမ်းခေါ်ခိုင်းလိုက်တာ။ အပမှီတာလား၊ စုန်းပူးတာလား၊ နတ်ပူးတာလား မသိဘူး"

လွင်ကိုလတ်လည်း ခေါင်းကိုက်သွားပါတယ်။ အင်း တစ်ခုခုတော့ ထူးခြားတာအမှန်ပါပဲ။ မြူဝေရှင်းနဲ့ အဲဒီအိမ်နဲ့က အဆက်အစပ် မရှိလှပါဘူး။ လမ်းတွေပြုံးပြရုံလောက်ပဲဟာ။ အခုဟာက အိမ်ထဲ စွတ်ဝင်သွားတယ်ဆိုတော့။ လွင်ကိုလတ်လည်း ဘုရားခန်း





တံခါးဆီသွားပြီး အပြင်က လှမ်းခေါ်လိုက်ပါတယ်။ တံခါးကို ဖွင့်ရဲသေးဘူးလေ။ မတော်လို့ အထဲက တစ်ခုခု လုပ်လိုက်ရင် မခတ်ဘူးလား။

"မြူဝေရှင်း၊ မြူလေး"

"ဒေါက် ဒေါက်"

အထဲက တံခါးခေါက်သံ ပြန်ပေးပါတယ်။

"မြူလေး နေကောင်းလား၊ ဘာဖြစ်တာလဲ"

"ဒေါက် ဒေါက် ဒေါက်"

မြူဝေရှင်းက စကားမပြောတတ်တာ အတော့်ကို ခက်တာပါပဲ။ အကျိုးအကြောင်းမေးလို့လည်း မရ၊ မတတ်နိုင်ပါဘူး၊ ဖြစ်ချင်တာဖြစ် တံခါး ဖွင့်ရတော့မှာပဲ၊

"မောင်လွင်ကိုလတ် သတိထားနော်"

အဒေါ်ကြီးက သတိလှမ်းပေးပါတယ်၊ သူ့ကို လာခေါ်တဲ့ ကောင်မလေးက တံမြက်စည်းကြီးကိုင်လို့။ လွင်ကိုလတ်က တံခါးကို ဖွင့်လိုက်တော့ တံခါးဝမှာ ပြုံးစိပြုံးစိနဲ့ ရပ်နေတဲ့ မြူဝေရှင်း၊ လွင်ကိုလတ်က သူ့မိန်းမကို အသေအချာကြည့်ပါတယ်။ မျက်လုံးတွေကလည်း ပုံမှန်ပါပဲ။ လူက ပြုံးစိပြုံးစိဖြစ်နေတာပဲရှိတယ်၊ သူ့ကို အသေအချာ ကြည့်နေတဲ့ လွင်ကိုလတ်ကို မျက်စောင်းထိုးလိုက်ပါသေးတယ်။ အင်း အခုတော့လည်း ဘာမှ ပူးနေကပ်နေတာ မတွေ့ရပါဘူး။ လွင်ကိုလတ်က မြူဝေရှင်းကို ကြည့်ပြီး-

"မြူလေး၊ ကိုယ့်ကို မှတ်မိတယ်နော်၊ လွင်ကိုလတ်လေ၊ ဘာဖြစ်တာလဲဟင်"

ကောင်မလေးက လွင်ကိုလတ်ကို ဗိုက်ခေါက်ဆွဲလိမ်ပြီးမှ လက်ဟန်ခြေဟန်နဲ့ စကားပြောပါတယ်။ မြူဝေရှင်း ပြနေတာကို ကြည့်ပြီး အဒေါ်ကြီးနဲ့ သူ့အိမ်က ကောင်မလေးက မျက်လုံးပြူးပြူးနေအောင်ကို ကြည့်နေကြပါတယ်။ မြူဝေရှင်းပြောနေတာ အဆုံးမှာတော့ လွင်ကိုလတ်လည်း ရယ်ချလိုက်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား ဟား ဘား"

လွင်ကိုလတ် ရယ်ချလိုက်တာကြည့်ပြီး၊ ဟိုနှစ်ယောက်က တိုးပြီး ကြောက်သွားတယ်။ လွင်ကိုလတ်လည်း ရယ်ရင်းတန်းလန်းနဲ့ အဒေါ်ကြီးတို့ နှစ်ယောက်ကို ရှင်းပြရပါတယ်။

"ဒီလို၊ ဒေါ်ဒေါ်ရေ၊ ကျွန်တော့်မိန်းမက အဒေါ်မနက်စောစော ဘုရားရှိခိုး အမျှဝေတဲ့ အသံကြားရတော့ စိတ်ထဲ အရမ်းကို ကြည်နူးမိတာပဲတဲ့။ အဒေါ်ရွတ်တာကလည်း ဌာန်ကရိုဏ်းကကျ၊ အသံကလည်း ကြည်လင်ပြတ်သားပြီး ဩဇာအပြည့်နဲ့ မဟုတ်လား"

လွင်ကိုလတ်က မြှောက်လုံးပင့်လုံးလေးတွေ ပါထည့်ပြီး ပြောလိုက်ပါတယ်။

"အဲဒီလို ရှိခိုးအမျှဝေချင်ပေမယ့်၊ ကျွန်တော့်မိန်းမက စကားမပြောနိုင်တော့ မဖြစ်ဘူးလေ။ သူ့ဗိုက်ထဲက ကလေးကို စိတ်နဲ့ မေတ္တာပို့ပေမယ့် အားမရဘူး။ တော်ကြာ သူ့ဗိုက်ထဲက ကလေးလေး မကြားရမှာ စိုးတယ်တဲ့။ အဲဒါကြောင့် အဒေါ့်ကို အကူအညီတောင်းပြီး ကလေးလေးကြားအောင် မေတ္တာပို့ပေးဖို့ တောင်းပန်တာ။ သူက စိတ်လောပြီး အဒေါ်တို့ အိမ်ကို မပြောမဆိုနဲ့ ဝင်မိတာ တောင်းပန်ပါတယ်တဲ့။ အဲဒါ စုန်းပူးတာလည်း မဟုတ်ဘူး။ နတ်ဝင်တာလည်း မဟုတ်ဘူး"

မြူဝေရှင်းကလည်း လက်အုပ်လေး ချီပြီး တောင်းပန်လိုက်ရပါတယ်။အင်း အတော့်ကို စိတ်မြန်ကိုယ်မြန် ရှိတဲ့ မိန်းမ။ တကယ်ဆို လွင်ကိုလတ်ကို နှိုးပြီး အကျိုးအကြောင်းလေး ပြောပါဦးတော့လား။ အခုတော့ ကံကောင်းပေလို့။ အသံမထွက်ပဲ မေတ္တာပို့ရင် ဗိုက်ထဲက သန္ဓေသား မကြားရဘူးလို့ ဘယ်ပညာရှင်ကမှာကြားလိုက်လည်း မသိဘူး။ ကြားကြားဖူးပေါင်။

"အမယ်လေး၊ မသိပါဘူး၊ မောင်လွင်ကိုလတ်ရယ်။ အဒေါ့်မှာ ဖြင့် လန့်သွားတာပဲ။ ဒါဖြင့် မင်းတို့ ကလေးရတော့မှာပေါ့"





"ခင်ဗျာ ဟုတ်ကဲ့ အဟီး"

လွင်ကိုလတ်လည်း ရှက်ရှက်နဲ့ ဝန်ခံလိုက်ရပါတယ်။ အင်း ခိုးလုပ်ထားတာတွေတော့ ပေါ်ကုန်ပါပြီ။

"အော် အေး၊ ဘာ မြူဝေရှင်း ဟုတ်လား၊ အကူအညီလိုရင် အချိန်မရွေးလာပါကွယ်၊ ရုပ်ဆွေရုပ်မျိုး တွေပဲ မဟုတ်လား၊ အရေး အကြောင်းရှိရင် လာသာလာခဲ့။ အားမနာနဲ့ ဟုတ်လား၊ တဲတဲ သွားလိုက်ဦး၊ မောင်လွင်ကိုလတ်ခမျာ မျက်နှာတောင် သစ်လာရဲ့လား မသိဘူး"

လွင်ကိုလတ်က ကျေးဇူးတင်စကားထပ်ပြောပြီး မြူဝေ ခေါင်းလေးခေါင်း လက်ဆွဲလိုက်ပါတယ်။

"တဲ လာပြန်မယ်"

မြူဝေရှင်းက ခေါင်းခါတယ်။ ပြီးတော့ လ တယ်၊ 'ဘာသိလို့လဲ' ပြန်တယ်။ ကလေးကို မေတ္တာမပို့ရသေးဘူး ဟန်နဲ့ ပြန်ရှင်းပါတယ်၊ ဇွတ်ကျနေပြန်ပါပြီ။ လွင်ကိုလတ်က မြူဝေ ာပေါ့" လိုက်ပြီး-

"လာပါကွာ၊ လူများတွေ အားနာစရာ၊ နောက်မှ ၀င့်မှ မဟုတ်တာ၊ ကိုပါတယ်၊ အခုအိမ်ရောက်ရင် ကိုယ် ရှယ် မေတ္တာပို့ပေးမယ်။ အလွတ်မ စာအုပ်ကြည့်ရွတ်ရင် ဖြစ်ပါတယ်၊ ကဲလာ"

ဒါတောင် ကောင်မလေးက ဆုတ်ကန် ဆုတ်ကန်နဲ့။ အိမ်ရောက် တော့ လွင်ကိုလတ်လည်း စာအုပ်ပုံကြီးကိုမွှေနှောက်ပြီး သီရိမင်္ဂလာ ဝတ်ရွတ်စဉ်စာအုပ်ကို ရှာရပါတယ်။ ပြီးတော့ ဘုရားစင်ရှေ့ လင်မယားနှစ်ယောက် ကျကျနနထိုင်ပြီး လွင်ကိုလတ်က ဝတ်ရွတ်ဖို့ ပြင်ရပါတော့တယ်။

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ကောင်မလေးက လက်တို့တယ်။ လွင်ကိုလတ်က မေးဆတ် လိုက်တော့ ပါးစပ်နား လက်နှစ်ဖက်ကို အော်လံလို လုပ်ပြပါတယ်။ အသံတိုးတယ်ပေါ့။ ရတယ် တိုးရင်၊ ဇော်လျှမ်းတင်ရုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း၊ အဟမ်း၊ အဟမ်း"

ချောင်းသုံးချက်ဟန့်ပြီးတာနဲ့ နတ်ပင့်ကို အသံကျယ်ကျယ် ရွတ်ပါတော့တယ်။

"သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ် . . . ဂစ် . . . ဂစ် . . . ဂစ္ဆန္တု ဒေဝတာ"

"ရပြီလား"

မြူဝေရှင်းက ပြုံးပြုံးကြီး ခေါင်းညိတ်ပါတယ်။ ပြီးတော့ လွင်ကိုလတ်ရဲ့ လက်ကို ဆွဲယူပြီး သူ့ဗိုက်ထဲကို ကပ်ထားပါတယ်။ ေ◌ဗီးထိရောက်အောင် ထင်ပါရဲ့။ လွင်ကိုလတ်မှာတော့ ရွတ်နေမကျ ပြောလိုက်ပ◌ ◌ါထစ်ငေါ့နဲ့။ ပြီးတော့ ပါဠိပတ်ဆင့်တွေနဲ့ ဆိုတော့

"အဲဒီလို ရှိခဲ့ခက်သေး။ အင်း ဗိုက်ထဲက ဟာလေးကတော့ မပြောနိုင်တော့ မဖြ◌ာပြနေပြန်ပါပြီ။

မေတ္တာပို့ပေမယ့် အားမ◌င်ကိုလတ်မှာ တာဝန်နှစ်ရပ်ပိုလာပါတယ်။ မကြားရမှာ စိုးတယ်တဲ့။ ◌ါစောစော မြူဝေရှင်းနဲ့အတူထပြီး အိမ်ရှေ့ပြီး ကလေးလေးကြားအောင် လွှမ်းအောင် ဝတ်ရွတ်ရတော့တာပါပဲ။ စိတ်လောပြီး အ◌ည◌ြိဖက်အိပ်ယာဝင်ရင် မြူဝေရှင်းရဲ့ ဗိုက်ကလေးကို ပါတယ်တဲ့ ◌ဂုလိမာလသုတ်ရွတ်ပေးရတာပါပဲ။ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ မဟုတ္တလတို့ကို တော်လေးဝပေးသလို ယောကျ်ားတွေကို တော်ဝင် ◌ယာကျ်ားဘွဲ့တွေပေးရင် လွင်ကိုလတ်လည်း ဝင်ပြိုင်လိုက်ချင်ပါတယ်။ ဘယ်ယောကျ်ားမှ ဒီလိုလုပ်ပေးရမယ် မထင်ပါဘူး။ အခုတော့ လွင်ကိုလတ်မှာလည်း လည်ချောင်းတွေလည်းနာ၊ လက်တွေလည်း ညောင်းလှပါပြီ။ စကားမပြောတတ်တဲ့ မိန်းမများ အတော့်ကို လက်ပေါက်ကတ်တာပါပဲ။ ဘာပဲပြောပြော နောင်နှစ်ကျရင်တော့ လွင်ကိုလတ်က ရပ်ကွက်က ဝတ်အသင်းထဲ လူကြီးလုပ်လို့ရပြီ ထင်ပါရဲ့။





မြူဝေရှင်းက စိတ်ကူးနဲ့ ပုံဖော်ထားတဲ့ မျက်နှာဟာ လေးထောင့်ကြီးဖြစ်လို့နေပါတယ်။ လွင်ကိုလတ်က မြူဝေရှင်းဆွဲထားတဲ့ ပုံတို ကြည့်ပြီး စိတ်မသက်မသာ ဖြစ်သွားပါတယ်။

"မိန်းမရာ၊ မင်းဆွဲထားတဲ့ ပုံကလည်း မျက်နှာလေးထောင့်ကြီး၊ ကလေးတွေရဲ့ မျက်နှာက ဝိုင်းတယ်မဟုတ်လား။ ကလေးမျက်နှာက ဝိုင်းမှ ချစ်စရာကောင်းမှာပေါ့။ အခုတော့ သမိန်ပေါသွပ် ပေါက်စလေး ပုံဖြစ်နေတယ်။ အဲဒီလို မျက်နှာကြီးနဲ့ မွေးလာရင်တော့ လူတွေ ဝိုင်းပြောကြတော့မှာပေါ့။ လွင်ကိုလတ်တစ်ယောက် ကလေးခေါင်း တက်နင်းမိတယ်လို့"

မြူဝေရှင်းက မျက်လုံးထောင့်ကပ်ကြည့်ပါတယ်။ 'ဘာသိလို့လဲ' ဆိုတဲ့ သဘောပါ။ ပြီးမှ လွင်ကိုလတ်ကို လက်ဟန်နဲ့ ပြန်ရှင်းပါတယ်။

"မျက်နှာလေးထောင့်နဲ့မှ ခန့်တာ"

"ဒါဆို မင်းက ငါ့ကို မခန့်ဘူး ပြောချင်တာပေါ့"

လွင်ကိုလတ်မျက်နှာကလည်း လေးထောင့်မှ မဟုတ်တာ။ မြူဝေရှင်းက သူ့ယောကျ်ားကို ပါးလိမ်ဆွဲလိုက်ပြီး ချော့လိုက်ပါတယ်။ ပြီးတော့ လက်ဟန်နဲ့ ပြောပြန်တယ်။

"မခန့်ပေမယ့် ချောပါတယ်"

ဘာပဲပြောပြော ကလေးမျက်နှာက ဝိုင်းဝိုင်းလေးမှ ချစ်ချင်စရာကောင်းမှာပါ။ လွင်ကိုလတ်က သူ့မိန်းမကို ဆက်ပြီး မေးပါတယ်။

"အခုဆွဲထားတဲ့ ကလေးက ယောကျ်ားလေးလား၊ မိန်းကလေးလား"

လွင်ကိုလတ်က အမေးကို မြူဝေရှင်းက ဇဝေဇဝါလေး ဖြစ်ပြီးသွားတယ်။ ခဏလောက် စဉ်းစားပြီးမှ လွင်ကိုလတ်ကို ပြန်မေးပါတယ်။

"ယောကျ်ားလေး လိုချင်လား၊ မိန်းကလေး လိုချင်လားတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ စဉ်းစားရတာကတော့ လွင်ကိုလတ်ပါ။ သူကိုယ်သူ ဘာလိုချင်မှန်း စဉ်းစားလို့ မရပါဘူး။ အရှေ့တိုင်းကတော့ ယောကျ်ားလေး လိုချင်တာများပါတယ်။ ဒါပေမယ့် စိတ်ပညာသဘောအရ အဖေတော်တော်များများက သမီးဦးလေးလိုချင်တတ်ကြတာတဲ့။ လွင်ကိုလတ်မှာတော့ သားပဲကောင်းနိုးနိုး၊ သမီးပဲကောင်းနိုးနိုး။

"ကိုယ်လည်း သေသေချာချာမပြောတတ်ဘူး။ ဒါပေမယ့် သမီးတော့မမွေးရင်ကောင်းမယ်ထင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်သူငယ်ချင်းတွေ မွေးတာက ယောကျ်ားလေးတွေချည်းပဲ။ တကယ်လို့ တို့သာ မိန်းကလေး မွေးမယ်ဆိုရင် ဒီကောင်တွေ ပါးစပ်နဲ့ကတော့ မလွယ်ကျော့ပဲ"

မြူဝေရှင်းက သူကိုယ်လေးကို တွန့်ပြလိုက်ပါတယ်။ ပြီးတော့ လွင်ကိုလတ်ကို ပြန်ပြောလိုက်ပါတယ်။

"မျက်နှာပွင့်တာပေါ့"

"မျက်နှာပွင့်တာက နောက်မှ အမိရေ၊ အခုလောလောဆယ် မြိန်ရေယှက်ရေ ပြောကြမယ့် ဒီကောင်တွေ မျက်နှာကို တွေးကြည့်ရင် ခုတောင် ဖျားချင်သလိုလို ဖြစ်လာတယ်"

မြူဝေရှင်းက ရယ်လို့သာ နေပါတယ်။ ဒီလို စိတ်ကူးယဉ်ရတာလဲ စိတ်ပျော်ရွှင်စရာ ကောင်းသား။ မြူဝေရှင်းက သူယောကျ်ားကို ကပ်ပြီး ပြောလိုက်ပါတယ်။

"ကလေးက ကိုကိုနဲ့တူရင် ချောမှာသိလား"

လွင်ကိုလတ်က ပြန်ပြောပါတယ်။

"မြူလေးနဲ့တူရင်လည်း ချစ်စရာကောင်းမှာပါပဲ။ ဘယ်သူနဲ့တူတူ ကိစ္စမရှိပါဘူးကွာ။ ဒါပေမယ့် သူ့အဖိုး ဦးကျော်သန်းမိုးနဲ့ မတူရင်ပြီးတာပဲ"

မြူဝေရှင်းက မခံချင်ဖြစ်သွားပါတယ်။ သူ့အဖေနဲ့ မတူချင်ဘူး ဆိုတော့လည်း မကျေနပ်ဘူးပေါ့။





"တူတော့ ဘာဖြစ်လဲ"

မြူဝေရှင်းက ဒေါနဲ့မောနဲ့ လက်မှာန်နဲ့ ပြန်ပြောပါတယ်။ လွင်ကိုလတ်က -

"ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမယ့် ယောက္ခမတော်တယ်ဆိုတာတစ်ခုနဲ့တင် မတူစေချင်တာ"

ကောင်မလေးက ဒေါခိုးသွားပါတယ်။ ဇိုးဇိုးဇက်ဇက်နဲ့ white Board marker ကို ယူပြီး white board ပေါ် စာရေးလိုက်ပါတယ်။

"ကျုပ်အဖေက တော့်ကို ဘာလုပ်နေလို့တုံး"

အင်း အခုမှ မိုးချစ်စိတ်တွေ၊ ဇာတိမာန်ခတွေ တတ်ကြွလာပုံပါပဲ။ သူ့အဖေကိုမကောင်းပြောတဲ့ သူလင်ကို ရန်တွေ့နေပါတယ်။ လက်ဟန်နဲ့ ရန်တွေ့ရင် စကားလုံးတွေ မထိမိမှာစိုးလို့ ထင်ရဲ့။ white board ပေါ် စာရေးပြီး ရန်ဖြစ်ပါတယ်။ လွင်ကိုလတ်က ပြုံးစိစိနဲ့-

"ဘာမှတော့ မလုပ်ပါဘူး။ ဒါပေမယ့် သမက်တို့ရဲ့ သမိုင်းဝေး တာဝန်အတိုင်း ယောက္ခထီးတော့ ကြည့်လို့ကို မရတာ။ သူလည်း ဒီအတိုင်းပဲ ကိုယ့်ကိုကြည့်လို့ရမှာ မဟုတ်ဘူး"

ကောင်မလေးက စာတစ်ကြောင်းထပ်ရေးပါတယ်။

"ဒါနဲ့များ အတူတူ ဘီယာသွားသောက်သေးတယ်"

"ဒါကတော့ ကိုယ်တို့နှစ်ယောက်စလုံးက မြူဝေရှင်းလေးတို့ ချွဲတာကိုးကွ"

"ဟွန်း"

ကောင်မလေးရဲ့ ပါးစပ်က ထွက်လာတာပါ။ ဒါကျတော့ white board ပေါ် ရေးမပြဘူး။ ရှိစုမယ့်စု ထွက်လို့ရတဲ့ အသံနဲ့ ကိုယ်တိုင် ကိုယ်ကျ ထွက်ပြလိုက်ပါတယ်။

"ဒါတွေ ထားလိုက်ပါတော့။ ဒီနေ့ အိုဂိုဆီ ကိုယ်ဝန်ပြဖို့ ဘယ်အချိန်သွားရမှာလဲ"

မြူဝေရှင်းက လက်သုံးချောင်း ထောင်ပြလိုက်ပါတယ်။ ဒီနေ့ မြူဝေရှင်းကို ultra sound ရိုက်ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင်လည်း ကိုအောင်ကျော်ဦးကို ကြိုပြောထားလိုက်၊ ကိုယ် လာခေါ်မယ်။ အလုပ်တွေရော အတော်လေး လတ်စသတ်ပြီလား"

"အင်း"

ကောင်မလေးက သွက်သွက်လက်လက်နဲ့ ထမင်းချိုင့်ယူပြီး အလုပ်ကို ထွက်သွားပါတယ်။ ကိုယ်ဝန်ကြီးနဲ့ပေမယ့် လှုပ်တာရှားတာ သွက်သွက် လက်လက်ပါပဲ။ လူပျင်းကြီး လွင်ကိုလတ်ထက်တောင် မြန်ပါသေးတယ်။ လွင်ကိုလတ်က သူ့မိန်းမလေး အန္တရာယ်ကင်းဘေး ရှင်းစွာနဲ့ မီးဖွားနိုင်ဖို့အတွက် အစီအစဉ်တွေ ဆွဲထားရပါတယ်။

ပထမဆုံး Hand phone နှစ်လုံး ငှားရပါတယ်။ မဝယ်နိုင်သေး တော့လည်း ငှားထားရတာပေါ့။ မြူ့ဝေရှင်းတစ်လုံး၊ သူတစ်လုံး ကိုင် ထားပါတယ်။ အရေးပေါ် ကိစ္စဖြစ်ရင် ဆက်သွယ်လို့ရအောင် လို့ပါ။ ဖုန်းတွေက message ပို့လို့ရတော့ စကားမပြောတတ်တဲ့ မြူ့ဝေရှင်း နဲ့ အံကိုက်ပါပဲ။ တော်သေးတာပေါ့။ မြူ့ဝေရှင်းလေး မီးမဖွားခင် ဒီစနစ် မြန်မာပြည်ရောက်လာတာ။ အိမ်ရှေ့ဖုန်းအိမ်က အဒေါ်ကြီး ကိုလည်း အကူအညီတောင်းထားရတယ်။ အိမ်မှာ တစ်ယောက် တည်းဖြစ်နေရင် သူတို့ပဲ ကူညီနိုင်မှာ။ ပြီးတော့ မြူ့ဝေရှင်းရဲ့ အလုပ်ရှင် ကိုအောင်ကျော်ဦးကိုလည်း request လုပ်ရပါတယ်။

"ဟေ့လူ ကိုအောင်ကျော်ဦး၊ ကျွန်တော့်မိန်းမက အလုပ်တွေ စွတ်မခိုင်းပါနဲ့ဗျ"

ရင်းနှီးနေတော့လည်း လေသံမာမာပါပဲ။ ကိုအောင်ကျော်ဦး ကလည်း မလျော့ပါဘူး။

"နေစမ်းပါဦးဗျ၊ ခင်ဗျားမိန်းမအတွက် အလုပ်လာတောင်းတုန်း က ဒီလေသံမျိုးမဟုတ်ပါဘူး"

"ခင်ဗျားကလည်း ကျွန်တော့်မိန်းမက မပေါ့မပါးနဲ့မို့ သိပ်ပြီး အလုပ်မခိုင်းဖို့ ပြောတာပါဗျ၊ အချင်းချင်းတွေပဲဟာ၊ ဘာအလုပ်မှ မလုပ်ဘဲ လစာပေးထားလည်း ဖြစ်တာပဲ မဟုတ်လား"

"အောင်မလေးဗျာ၊ ပြောပုံကြီးက အခုမှ ခင်ဗျားမိန်းမလေးတာ





တွေ ပေါ့တာတွေ လာပြောမနေနဲ့။ အဲဒါ ခင်ဗျားပယောဂကြောင့်ပဲ။ ကျုပ်က အနေသာကြီး"

အော် ဒီလူကတော့ မှန်တာတွေ ပြောနေပြန်ပါပြီ။ ကိုအောင် ကျော်ဦးက မပြီးသေးပါဘူး။

"အခုမှ ကျုပ်တို့ကို ဟိုလိုလုပ်ပေးပါ ဒီလိုလုပ်ပေးပါ လာပြော မနေနဲ့။ ခိုင်းစရာရှိတာ ခိုင်းရမှာပဲ။ ဝမ်းနည်းပါတယ် ကိုလွင်ကိုလတ် duty is duty ပါပဲ။ ဟင်း ဟင်း၊ တဲ မြူ့ဝေရှင်းရေ ကိုနေတ figure လိုက်ရမယ့် ပုံတွေ ပြီးပြီလား မြန်မြန်လေး"

ကိုအောင်ကျော်ဦးက တွန်းဖုတာရှေ့ မတ်တတ်ရပ်ပြီး ကိုင်းကိုင်း ကြီး အလုပ်လုပ်နေတဲ့ မြူ့ဝေရှင်းကို လှမ်းပြောလိုက်ပါတယ်။ အင်း သူ့ခမျာ ထိုင်ခုံမှာ ထိုင်ပြီးလုပ်ရတာ အဆင်မပြေဘူးနဲ့ တူရဲ့။

အခုမှပဲ သူ့ခမျာ ဟိုကြော်ငြာထဲကလို ဖြစ်နေပြီ၊ ဘာတဲ့ 'ထိုင်မရ ထမရ ပူတယ် ပူတယ် ဒုက္ခ' ဆိုတာလေ။ ဟိုကတော့ ရာသီဥတု ပူတာ။ မြူ့ဝေရှင်းကတော့ လူဗိုက်ပူတာ။ လွင်ကိုလတ်ဇာ ခါးထောက်ပြီး-

"အော် ခင်ဗျားက ဒီလိုကြေးလား ကိုအောင်ကျော်ဦး၊ ရတယ်၊ ကဲ မိမြူ အဲဒီအလုပ်တွေ ထားခဲ့ပြီး အလုပ်သာထွက်ခဲ့"

"အိုးဟိုး၊ ထွက်ချင်လည်း ထွက်လေ၊ ဒီလောက်နဲ့ကတော့ အောင်ကျော်ဦးတို့က ဘာမှမဖြစ်သေး။ . . . ဟင်း ဟင်း၊ အင်း စိတ်မကောင်းစရာပဲ။ ဘောနပ်က မကြာခင် ပေးတော့မှာ။ အောင်ကျော်ဦးတို့ကတော့ ပေးရမယ့် ဘောနပ်ကို ကိုယ့်အိတ်ထဲ ထည့်ပြီး ဘီယာကောင်းကောင်း သောက်ပစ်လိုက်ဦးမယ်၊ ဟေး ဟေး"

"ဘောနပ်က ဘယ်တော့ရမှာတုံး"

"ခင်ဗျားက ဘာလုပ်မလို့လဲ"

"ခင်ဗျားနဲ့ ဘီယာလိုက်သောက်မလို့ပေါ့ဗျ"

မြူ့ဝေရှင်းက မျက်စောင်းထိုးပါတယ်။ ဒီလိုပါပဲ လွင်ကိုလတ်


www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုအောင်ကျော်ဦးက တစ်ယောက်နဲ့တစ်ယောက် အတည်နဲ့ ဟောက်နေကျပါ။ တစ်ခါတစ်လေတောင် သူတို့ဟောက်တဲ့အထဲ မိန်းမတွေပါ အဆစ်ပါလိုက်သေးတယ်။ မသိရင် တကယ့်ကို အခြေအတင်ဖြစ်နေသလားပဲ။ နှစ်ယောက်စလုံး ရုပ်တည်ကြီးတွေနဲ့။ ကိုအောင်ကျော်ဦးက-

"ဒါဆိုရင် အခုပဲ ဘောနပ်ပေးလိုက်တော့မယ်"

"ကောင်းသားပဲ"

နှစ်ယောက်သား အတိုင်အဖောက်ညီသွားကြပါတယ်။ မြူဝေရှင်းက ထအော်ပါတယ်။

"အူး"

ပြီးတော့ လက်ဟန်နဲ့သူ့ယောကျ်ားကို လှမ်းပြောပါတယ်။ ဟုတ်သားပဲ၊ ဒီနေ့မြူဝေရှင်းက ultrasound သွားရိုက်ရမှာကိုး။ ယောကျ်ားတွေများ ပြောမပြောချင်ဘူး။ ဘီယာလည်းဆိုရော ကိုယ့်မိန်းမကိစ္စတောင် မေ့သွားရတယ်၊ ဟင်း။

"ဟာ ဒီနေ့တော့ မရတော့ဘူးဗျ၊ မိမြူကို ဆေးခန်းပို့ရဦးမယ်"

"အော် ဒီလိုလား၊ ဒါဆိုလည်း မနက်ဖြန်ပေါ့"

"အိုကေ"

ဒါနဲ့ပဲ လွင်ကိုလတ်က မြူဝေရှင်းကို ultrasound ရိုက်ဖို့ ဆေးခန်းကို ခေါ်သွားလိုက်ရပါတယ်။ မော်နီတာပေါ်မှာ မြင်ရတဲ့ ရုပ်ပုံလေးက မည်းမည်းပေါ်မှာ အဖြူရောင် အရိပ်အရိပ်တွေနဲ့။ မိုးလေဝသ ဂြိုလ်တုကနေ ကမ္ဘာကို အဖြူအမည်းနဲ့ ဓာတ်ပုံရိုက်ထားတာကျနေတာပဲ။ လွင်ကိုလတ်လည်း နားမလည်ပါးမလည်နဲ့ screen ပေါ် မြင်ရတဲ့ လူရိပ်ကလေးကို ကြည့်ပြီး ရင်ခုန်နေပါတယ်။ ဒါ မြူဝေရှင်း ဗိုက်ထဲက သန္ဓေသားလေးပေါ့။ ပြီးတော့ အားမလို အားမရဖြစ်ပြီး ultrasound ရိုက်ပေးနေတဲ့ ဒေါက်တာမမကို မေးကြည့်လိုက်ပါတယ်။

"ဒီထက်ပြတ်သားအောင် လုပ်လို့မရဘူးလား၊ ကြည့်ရတာ ရိုးတိုးရိပ်တိတ်နဲ့၊ မျက်နှာကိုလည်း ကောင်းကောင်းမမြင်ရဘူး"



အဖြစ်သည်းနေတဲ့ လွင်ကိုလတ်ကို ဒေါက်တာမမက ခပ်ငေါ့ငေါ့ ပြန်ဖြေပါတယ်။

"ဒီထက်ပြတ်သားအောင်တော့ ရှင့်ဘာသာရှင်ပဲ ထွင်တော်မူ၊ လက်ရှိနည်းပညာက ဒီလောက်ပဲ ပြတ်သားသေးတယ်၊ မကျေနပ်လို့ နိုင်ငံခြားသွားရိုက်လည်း ဒီထက်တော့ ပိုပြီး မပြတ်သားဘူး"

လွင်ကိုလတ်က သူ့တံတွေးသူ ပြန်မျိုချလိုက်ရပါတယ်။ ဆရာဝန်မမကလည်း ဒေါသချည်းပဲ။ ဒီကမသိလို့ ပြောမိတာကို။ ဒါနဲ့ မနေနိုင်မထိုင်နိုင် တစ်ခွန်းတော့ ထပ်မေးလိုက်ရပါသေးတယ်။

"ဟိုယောကျ်ားလေးလား မိန်းကလေးလား ဒေါက်တာ"

ဒေါက်တာမမက မော်နီတာကို သေချာစိုက်ကြည့်ပြီး ဖြေလိုက်ပါတယ်။

"မိန်းကလေးဖြစ်ဖို့ ရာခိုင်နှုန်းရှစ်ဆယ်ရှိတယ်။ နောက်တစ်ခါ ထပ်ရိုက်တဲ့ အခါမှ အတည်ပြုပေးမယ်"

အင်း၊ မိန်းကလေးတဲ့၊ လွင်ကိုလတ် မျက်နှာကြီး ရှုံ့မဲ့သွားပါတယ်။ ဟယ် မတတ်နိုင်ပါဘူး။ ကိုယ့်ရဲ့နည်းပညာနဲ့ ဒါပဲ ထုတ်နိုင်သေးတာကိုး။ အဲလေ ကိုယ့်ရဲ့ကုသိုလ်ကံက ဒီလိုပဲ ဖြစ်လာတာကိုး။ လွင်ကိုလတ်လည်း ကုတင်ပေါ် ပက်လက်ကလေး လှဲနေတဲ့ မြူဝေရှင်းဖက်လှည့်ပြီး ပြောလိုက်ပါတယ်။

"မိန်းမရေ၊ ဒီသတင်းတော့ လျှို့ဝှက်ထားမှဖြစ်မယ်၊ ကိုအောင်ကျော်ဦးမေးရင် ဘာမှမပြောနဲ့သိလား ဟူး"

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း အရေးရယ် အကြောင်းရယ်ကျတော့ လွင်ကို လတ် ငှားထားတဲ့ ဖုန်းက အသုံးမဝင်လိုက်ပါဘူး။ အဲဒီနေ့က မြူဝေရှင်းက အလုပ်ကနေ စောစောပဲ အိမ်ပြန်ရောက်နေတယ်။ သူ ဆွဲနေတဲ့ ဇာတ်ကားက အပြီးသတ်သွားတော့၊ ကိုအောင်ကျော်ဦးက 'အိမ်ပြန်နားချင်ရင် နားပါလား'ဆိုလို့ အိမ်ပြန်လာတာ။ တိုက်ဆိုင် ဆိုင် အိမ်ရောက်တော့ ဗိုက်နာပါလေရောလား။

ဒီယောကျ်ား အားကိုးပြီး ကိုယ့်မိဘအိမ်တောင်မပြန်ဘဲ ခေါင်းမာ နေတာ။ အခုတော့ ဒုက္ခပါပဲ။ မတတ်နိုင်ပါဘူး။ အိမ်ရှေ့က ဖုန်းအိမ်ကို ပဲ အကူအညီတောင်းရတော့မှာပဲ။ မတော်လို့ လွင်ကိုလတ် အိမ်ပြန်ရောက်လာရင် သိရအောင် ပုံတစ်ပုံလောက် ဆွဲခဲ့ရဦးမယ်။ ဒါဆိုရင်တော့ လွင်ကိုလတ် သဘောပေါက်မယ် ထင်ပါရဲ့။

မြူဝေရှင်းလည်း အိမ်ရှေ့အိမ်က ကောင်မလေးကို အဖော် လုပ်ပြီး ဆေးရုံကို ရောက်သွားပါတယ်။ အဲဒီကောင်မလေးကို Hand phone ပေးပြီး လွင်ကိုလတ်ကို ဆက်သွယ်ခိုင်းပေမယ့် ကိုယ်တော် ချောက မကိုင်ပါဘူး။ "လူကြီးမင်း ခေါ်ဆိုသော G.S.M ဖုန်းမှာ ဆက်သွယ်မှု ဧရိယာ ပြင်ပသို့ ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင်" တဲ့။

ဒီလူကြီးမင်းက ဘယ်ချောင်ထဲ သွားနေလို့ ဧရိယာပြင်ပ ရောက်နေရမှန်း မသိဘူး။ ကျန်တဲ့လူတွေကသာ ဆေးရုံကို ရောက်လာကြတယ်။ လွင်ကိုလတ် က ပေါ်မလာပါဘူး။ နေပစေ။ ဒီယောကျ်ား မလာလည်း အကြောင်း မဟုတ်ဘူး။ မွေးစရာရှိ ကိုယ့်ဘာသာ ကိုယ်မွေးမယ်။

လွင်ကိုလတ် အိမ်ပြန်ရောက်တော့ အတော်တောင်မှောင်နေပါ ပြီ။ သူက မိတ်ဆွေတစ်ယောက်နဲ့ တိုက်ကြီးကို ပါသွားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



due date က လိုသေးတယ်ဆိုတော့ စိတ်အေးလက်အေးနဲ့ သွားလိုက်တယ်။ အိမ်ပြန်ရောက်လို့ အခန်းတံခါးဖွင့်လိုက်တော့ မျက်နှာချင်းဆိုင်က white board ပေါ်မှာ ကပ်ထားတဲ့ ပုံတစ်ပုံ။ အဲဒီပုံကတော့ ဘဲဥအကွဲထဲကနေ ဘဲပေါက်စလေးထိုးထွက်နေတဲ့ပုံပါ။ ထိုက် ဒါဆိုရင် ဘဲဥကွဲပြီပေါ့။ အဲလေ မြူဝေရှင်းလေး မွေးပြီပေါ့။ အော်ဒီမိန်းမနှယ် Phone မဆက်၊ message မပို့နဲ့။ အင်းလေ သူက တိုက်ကြီးရောက်နေတော့ ဖုန်းဆက် လို့ မရဘူးနဲ့တူတယ်။ ဒီလောက် ဗိုက်နာနေတဲ့ ကြားကတောင် ပုံတစ်ပုံ ဆွဲသွားသေးတယ်။ ဘယ်လိုသတ္တိမျိုးနဲ့များ ဆွဲသွားတာပါ လိမ့်။ လွင်ကိုလတ်က ကမန်းကတန်း အောက်ပြန်ဆင်းပြီး အိမ်ရှေ့ အိမ်သွားလိုက်ပါတယ်။

"အမယ်လေး မောင်လွင်ကိုလတ်ရယ်၊ မင်းက ဘယ်ရောက်နေတာတုံး။ မင်းမိန်းမ Hand phone နဲ့ခေါ်တာလည်း မရ။ ဒီက ဖုန်းနဲ့ခေါ်တာလည်း မရ။ ညနေ သုံးနာရီလောက်ကတည်းက ဆက်နေတာ ရေိယာပြင်ဝကြီးပဲ ပြောနေတော့တာပဲ။ ငါတောင် စိတ်တိုလို့ အဲဒီပြန်ပြောတဲ့ မိန်းမကို ကလော်တုတ်လိုက်သေးတယ်"

အင်း အခေါ်ကြီးကတော့ လုပ်ပြီ။ ဟိုက အသံသွင်းပြီး ကွန်ပျူတာနဲ့ ဖွင့်ထားတာနဲ့များ သွားပြီး ရန်ဖြစ်နေရသေးတယ်။

"နေစမ်းပါဦး၊ မင်းက ဖုန်းဆက်လို့ မရအောင် အင်္ဂါဂြိုလ်များ ရောက်နေသလား"

"ပြောလည်း ခံရတော့မှာပဲ ဒေါ်ဒေါ်ရေ။ ကျွန်တော်တိုက်ကြီးကို သွားနေလို့။ အခု မြူဝေရှင်း ဘယ်လိုနေသလဲ မသိဘူး"

"အိမ်ကကောင်မလေးနဲ့ ဆေးရုံသွားတယ်လေ။ မင်း ယောက္ခမတွေလည်း ဆေးရုံမှာ။ ကောင်မလေးကတော့ ပြန်လာနေပြီလို့ ဖုန်းဆက်တယ်။ သူလည်း မင်းပေးထားတဲ့ ဖုန်းနံပါတ်တွေ အကုန်ဆက်ပြီး ရှာတာပဲ။ မင်းမိန်းမတော့ မွေးသွားပြီတဲ့။ မိန်းကလေးဆိုပဲ။ ကဲကဲ သွားလိုက်ဦး"

"ဟုတ်ကဲ့၊ ဒါဆိုရင် ကျွန်တော် လိုက်သွားဦးမယ်"





လွင်ကိုလတ်လည်း ကားငှားပြီး ဆေးရုံကို လိုက်သွားရပါတယ်။ ဆေးရုံပေါက်ဝမှာတော့ ကြူးဆွေလင်း။ ကားပေါ်က ဆင်းလာတဲ့ လွင်ကိုလတ်ကို တွေ့တော့ အသံကျယ်ကျယ်နဲ့-

"အမယ်လေး လာပါပြီရှင်။ ရေိယာပြင်ပရောက်နေတဲ့ လူကြီး ရေိယာထဲ ပြန်ဝင်လာပါပြီ"

လုပ်ချလိုက်ပြန်ပြီ။ ဒီကောင်မလေးတော့။ အဲဒီအချိန်မှာ လွင်ကိုလတ်ရဲ့ ဟမ်းဖုန်းက တီးလုံးသံလေး မြည်လာပါတယ်။

နံပါတ်ကြည့်လိုက်တော့ မြူဝေရှင်းကိုင်ထားတဲ့ ဖုန်း။ ဖုန်းထဲက အသံက ဦးကျော်သန်းမိုး။

"ဟေ့ကောင်၊ မင်းက ဘယ်သဝေထိုးနေတာတုံး၊ အခုမှပဲ ဖုန်းခေါ်ရတော့တယ်၊ ဟေ့ကောင် မင်းမိန်းမမွေးပြီးသွားပြီ။ အခု ဆေးရုံလိုက်ခဲ့"

"ခင်ဗျာ ဟုတ်ကဲ့။ ကျွန်တော် ဆေးရုံရောက်နေပြီ၊ အန်ကယ် ရော အခု ဘယ်က ဆက်တာတုံး"

"ငါ ဆေးရုံအပေါ်ထပ်က ဆက်တာ၊ ဘယ်လိုကောင်မှန်း မသိဘူး၊ ပြောတော့ မိုးပြော ဂျိုးပြော၊ လုပ်တော့ တစ်လွဲ၊ ဟေ့ကောင် အပေါ်တက်ခဲ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ပြောလည်း ပြောချင်စရာ၊ ဒီဖုန်းကလည်း ဆေးရုံရောက်မှပဲ အဆက်အသွယ်ရတော့တယ်။ အပေါ်ထပ်ရောက်တော့ ခါးကြီး ထောက်ပြီးရပ်နေတဲ့ ဦးကျော်သန်းမိုး။ သူ့ဘေးမှာတော့ သူ့မိန်းမ လေးဒီကျော်သန်းမိုး။ လွင်ကိုလတ်လည်း ယောက္ခမစုံတွဲကို သွားပြုံးပြလိုက်ပြီး-

"အဟဲ၊ မြူဝေရှင်းလေး စားရအောင်လို့ တိုက်ကြီးသွားပြီး ဖရဲသီး သွားဝယ်တာ အန်ကယ်ရာ။ ဖရဲသီးတွေက အခုမှ အစေ့ချတုံးပဲ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"တော်စမ်းကွာ၊ ဟုတ်တာလည်း မဟုတ်ဘူး။ ငါတို့မှာ သက်သက်မဲ့ စိတ်ပူနေရတယ်။ မင်းများ တစ်ခုခု ဖြစ်လာသလို့။ သွားဟိုအခန်းထဲမှာ မင်းမိန်းမရှိတယ်"

အခန်းထဲမှာတော့ မြုဝေရှင်းက ပက်လက်ကလေး။ အတော့်ကို အားလျော့ပြီး မှေးတော့နေပါတယ်။ ဘေးက ပုခက်လေး ထဲမှာတော့ သမီးလေး၊ လွင်ကိုလတ်က သူကလေးလေး အိပ်နေတာကို အားရပါးရ ကြည့်လိုက်ပါတယ်။ အခုမှပဲ ပြတ်ပြတ်သားသား မြင်ရတော့တယ်။ သမီးလေးက ကြည့်ရတာ တစ်လုံးတစ်ခဲကြီးပါ။ လွင်ကိုလတ်နဲ့ တူသလို မတူသလိုနဲ့။ ခေါင်းကတော့ လုံးလုံးဝိုင်းဝိုင်းလေး။ တော်ပါသေးရဲ့ လေးထောင့်ကြီးမဟုတ်လို့။ လွင်ကိုလတ် မြုဝေရှင်းလက်ကို ကိုင်လိုက်ပါတယ်။

"မြုလေး နေကောင်းရဲ့လား"

မြုဝေရှင်းက မျက်စောင်းထိုးပြီး တစ်ဖက်လှည့်သွားပါတယ်။ ဒါဆိုရင် ကျန်းမာရေး ဒေါင်ဒေါင်မြည်ပဲ။ မျက်စောင်းတောင် ခပ်တင်းတင်းထိုးနိုင်သေးတဲ့ဟာ။ အဲဒီအချိန်မှာ

"ဟေး၊ ကိုလွင်ကိုလတ်"

လှည့်ကြည့်လိုက်တော့ ကိုအောင်ကျော်ဦး။

"ဖုန်းရလို့ဗျ၊ ခင်ဗျားက ဘယ်ပျောက်နေတာတုံး။ ကျွန်တော်လည်း ဒီနေ့မှ စောပြီး အိမ်ပြန်ခိုင်းမိတယ်။ တော်သေးတာပေါ့၊ ကျုပ်ပါ ရောပြီး တရားခံဖြစ်တော့မလို့။ မမြုဝေရှင်း နေကောင်းတယ်နော်"

မြုဝေရှင်းလေးက အသာပဲ ခေါင်းညိတ်ပြပါတယ်။

"ခင်ဗျားသမီးလေးက အချောလေးပဲဗျ၊ အငိုစုံရဲ့လား၊ အသံထွက်ရဲ့လား"

လွင်ကိုလတ်လည်း ကိုအောင်ကျော်ဦး ပြောမှပဲ အဲဒါတွေ မေးဖို့ သတိရသွားပါတယ်။ ဘေးနားရပ်နေတဲ့ ဆရာမလေးက အလိုက်သင့် ဝင်ဖြေပါတယ်။





"အားလုံး အိုကေပါတယ်။ အငိုလည်း စုံပါတယ်။ မွေးတုံးတငိုလိုက်တာလည်း အသံပြကြီးနဲ့ပါပဲ"

ကိုအောင်ကျော်ဦးက အပေါက်ဝကို လှမ်းပြီး အော်လိုက်ပါတယ်။

"သားရေ သား ညီမလေးကိုလာကြည့်ပါဦး၊ ညီမ ချောချောလေး"

အပေါက်ဝက သုံးနှစ်ကျော်လောက် ချာတိတ်လေးတ ခပ်တည်တည်နဲ့ ဝင်လာပြီး လွင်ကိုလတ်ကို နှုတ်ဆက်ပါတယ်။

"ယောက်ခမကြီး"

လွင်ကိုလတ်ခမျာ ဖင်ကြောရှုံ့သွားပါတယ်။ တောက် ဒါ ကိုအောင်ကျော်ဦး သူ့သားကို သင်ထားတာ ဖြစ်ရမယ်။ ခံလိုက်ပေါ့ လွင်ကိုလတ်ရာ။

"ဟော့ကောင် လွင်ကိုလတ်"

ဟာ လာပြန်ပြီ၊ နောက်တစ်ယောက်။ ဒီတစ်ခေါက် ဝင်လာတဲ့လူက သူရသိန်းပါ။ သူကလည်း သူ့သားကို ချီလို့။ တစ်ခါတည်း ကလေးနားကို တန်းသွားပြီး-

"သားရေ၊ ညီမလေးကို နှုတ်ဆက်လိုက်ပါဦး"

"ချစ် ချစ်"

ဟိုက်၊ သူ့သားက အခုမှ စကားသင်စပါ။ လုပ်ထားဦးပေါ့ ကွာ။ ဒင်းတို့မိုးကောင်းတုံး။

"သားရေ၊ ဖလိုင်းကစ်"

သူရသိန်းက သူ့သားကို အပီအပြင် command တွေ ပေးနေပါတယ်။ ဟိုချာတိတ်လေးကလည်း သူ့အဖေပြောတဲ့အတိုင်း တစ်သွေမတိမ်း လိုက်လုပ်နေပါတယ်။ သူက လုပ်တော့ ကိုအောင်ကျော်ဦးသားလေးကလည်း အားကျမခံ လိုက်လုပ်ပြန်တယ်။

"ဖုန်းရလို့ကွ၊ သမီးလေးမွေးတယ် ဆိုတော့ ငါ့သားလေးလည်း မြင်ဖူးရအောင် ခေါ်လာခဲ့တာ ဟဲ ဟဲ"

www.burmeseclassic.com

"အလကား ဒုက္ခရှာလို့ကွာ၊ မလာလည်း ရပါတယ်ကွာ၊ ငါဘယ်လိုမှ မအောင့်မေ့ပါဘူး၊ မင်းမိန်းမမပါဘူး မဟုတ်လား၊ မျှော်နေဦးမယ် ပြန်ပြန်"

"မင်းကိစ္စကိုမှ ငါလာမတွေ့ရင် ငါ လူမှုရေး မသိတတ်ရာ၊ ရှိုင်းရာကျတော့မှာပေ့ါ သူငယ်ချင်းရာ၊ သားရေ၊ ဖလိုင်းကစ်၊ ဝမ်းကစ် တူးကစ်"

"ဟင်း"

ဘယ်လိုပြောပြော မရပါလားနော်၊ သေသာသေချင်တော့တာပဲ၊ ရှုတည်တည်ကြီးဖြစ်နေတဲ့ လွင်ကိုလတ်ကို ကိုအောင်ကျော်ဦးက-

"ခင်ဗျားကြည့်ရတာ သိပ်မပျော်သလိုပဲ၊ ဘယ်လိုဖြစ်တာလဲ၊ သတင်းလာမေးတဲ့လူတွေကို ကျေးဇူးတင်စကားလေးတောင် ပြောဖော် မရဘူး၊ ခင်ဗျားသမီးလေးကို ခေါ်သွားမှာစိုးလို့လား၊ မပူပါနဲ့ဗျာ၊ အခုမခေါ်သေးပါဘူး၊ ခင်ဗျား အားရအောင် ကျွေးမွေးစောင့်ရှောက်ပြီးတော့မှ ခေါ်မှာ ဟဲ ဟဲ"

တောက် သက်သက်မဲ့၊ ခေါ်သွားစရာလား၊ သူ့သားကလည်း လွင်ကိုလတ်သမီးနားက မခွာတော့ပါဘူး၊ ပုခက်တန်းကိုခွပြီး ကလေးကို ကိုင်မယ်လုပ်နေလို့ ဆရာမကတောင် လှမ်းဆွဲထားလိုက်ရသေးတယ်၊ အခုမှ လူက လက်တောက်လောက် ရှိသေး၊ လက်က သရမ်းချင်ပြီ ဟင်း၊

"ဟော့၊ လွင်ကိုလတ်။ ခမည်းခမက်ကြီး၊ ဘယ်နား ပုန်းနေလဲကွ"

ဟိုက်၊ မလွယ်ကြောပါလား၊ ဘယ်သူတွေ ထပ်လာကြပါလိမ့်၊ လွင်ကိုလတ်က မြူဝေရှင်းဖက်လှည့်ပြီး ပြောလိုက်ပါတယ်၊

"မိန်းမရေ၊ ဆေးရုံက မြန်မြန်ဆင်းရအောင် လုပ်ပါဦးဟ၊ ပြီးရင် ကိုယ်တို့ တစ်နေရာ သွားပုန်းနေမှ ဖြစ်တော့မယ်။ နို့မဟုတ်ရင် ဖင်ကြောရှုံ့ရလွန်းလို့၊ ဆီးရောဝမ်းပါ မသွားနိုင်ပဲ နေတော့မယ်"

☺ ☺ ☺

မျက်ပွင့်စာပေ

နောက်ဆက်တွဲ (၁)

www.burmeseclassic.com

www.burmeseclassic.com


၈

အခုဆိုရင် သမီးလေးက စကားစမ်းပြောစပြုနေပါပြီ။

'ပေ့ပေ့'၊ 'ပေးပေး' 'ယူယူ' 'ဘဲ'

အဲဒီလိုစကားတွေပါပဲ။ သူပြောတာကို လူကြီးတွေက နားလည်တဲ့ဟာလည်း နားလည်၊ နားမလည်တဲ့ဟာလည်း နားလည်ပေါ့။ သူပြောတာ နားမလည်ရင်တော့ အသံပြကြီးနဲ့ အော်တော့တာပါပဲ။ ပြီးတော့ လက်ညှိုးတစ်ထိုးထိုးနဲ့ လက်လှမ်းမှီရာကို ဆွဲချတတ်သေးပါတယ်။ ဝရုတာဖက်ကိုလည်း ခဏခဏထွက်တတ်လို့ ဝရုတာ ထွက်ရမှာကို သေမတတ်ကြောက်တဲ့ မြူဝေရှင်းလေးလည်း သူ့သမီးကို လိုက်ဆွဲရင်း သူပါ ဝရုတာ ထွက်နေရပါတယ်။

သမီးလေးက အရမ်းကိုချစ်စရာကောင်းပါတယ်။ လွှင်ကိုလတ်ကို ပေ့ပေ့ဆိုပြီး မပီကလာလေး ခေါ်တတ်တယ်။ သူ့အဖိုးအဖွားတွေ အိမ်လာရင်လည်း 'ပိုးပိုး' 'ဘားဘား'နဲ့ ကပ်ပြီး ချွဲတတ်ပါတယ်။ ဦးကျော်သန်းမိုးတို့ လင်မယား ဆိုရင် သဘောတွေ တဟားဟား ကျလို့။ သူ့အန်တီလေး ကြူဆွေလင်းနဲ့ ဆိုရင်လည်း ပလူးပလဲနဲ့။ 'ဒီဒီး'ရေ 'မီးမီး' ရေနဲ့ အိမ်မှာ ပွက်လောကို ရိုက်လို့။ တစ်ခါတစ်လေ အိမ်ရှေ့က ဖုန်းအိမ်ကို သွားပြီး မုန့်တွေ ညာစားတတ်ပါသေးတယ်။

ဒါပေမယ့် သူ့အမေ မြူဝေရှင်းနဲ့ကျမှ ပြဿနာတက်ပါတော့တယ်။ သမီးလေးက သူ့အမေကို မေမေလို့ မခေါ်တတ်တာပါပဲ။ သမီးလေးက သူ့အမေကို ခေါ်ရင်၊ သူ့ညာလက်မလေးကို မေးစေ့ကိုထိုး၊ ကျန် လက်လေးချောင်းကို ထောင်ပြပြီး၊ 'ဟား' တဲ့ အော်ခေါ်တော့တာပါ ပဲ။ အဲဒီသင်္ကေတက နားမကြားတဲ့လူတွေ သုံးတဲ့ သင်္ကေတပါ။ 'အမေ' လို့ အဓိပ္ပာယ်ရပါတယ်။ ဒါင်းလေ မြူဝေရှင်းလေးက သူ့သမီး ရှေ့မှာ သင်္ကေတတွေ လုပ်လုပ်ပြနေတော့


www.burmeseclassic.com

www.burmeseclassic.com



သမီးလေးက သူ့အမေကို ခေါ်ချင်ရင် ဒီလိုလုပ်ရမယ်လို့ သဘောပေါက်သွားပုံပါပဲ။ ပြီးတော့ သမီးလေးအတွက် သူ့အမေဟာ အသံတိတ်ဖြစ်လို့နေပါတယ်။ အခုတော့ သူ့အမေဆီက တစ်ခုခု လိုချင်ရင်တောင် ဒရွတ်တိုက်လေး သူ့အမေဆီ ရောက်အောင် သွားပြီး၊ မီ့ရာကို ဆွဲ၊ မေးစေ့နားလက်မလေးထောက် လက်လေး ချောင်းထောင်ပြီး ခေါ်တော့တာပါပဲ။

သမီးလေးကညဏ်ကောင်းပါတယ်။ သူ့အမေလုပ်ပြသမျှ သင်္ကေတတွေကိုလည်း အကုန်မှတ်မိပါတယ်။ သူ့အမေနဲ့ဆို အသံမထွက်ပဲ သင်္ကေတနဲ့ပဲပြောတယ်။ ကျန်တဲ့ လူတွေကိုတော့ အသံထွက်တတ်သမျှ ထွက်ပြီး တောင်းတာပါပဲ။ မြူဝေရှင်းခမျာ၊ သူ့သမီးက လက်ဟန်နဲ့ ပြန်ပြောတိုင်း သူ့ခမျာ မျက်ရည်ဝိုင်း ရပါတယ်။ သူက သမီးလေးက သူ့ကို မေမေလို့ခေါ်လိုက်တဲ့ အသံကိုပဲ ကြားချင်တာကိုး။ သမီးလေးငယ်သေးလို့ဆိုတာ သိပေမယ့် ဝမ်းနည်းတာက ဝမ်းနည်းတာပါပဲ။

'လူ့အလို နတ်မလိုက်နိုင်ဘူး'ဆိုတဲ့ စကားရှိပေမယ့် ဒီအိမ်ရဲ့ အိမ်ဦးနတ်ကြီး လွှင်ကိုလတ်က သူ့မိန်းမ စိတ်ချမ်းသာအောင် ကြိုးပမ်းရပါတော့တယ်။

"သမီးလေး"

"ဘဲ"

ဒါ သမီးလေးက ထူးတာပါ။ 'ဘာလဲ' လို့ အဓိပ္ပာယ်ရပါတယ်။

"သမီးလေး၊ ဖေဖေဆီလာပါဦး"

သမီးလေးက ဒရိုးဒယိုင်နဲ့ လွှင်ကိုလတ်ဆီရောက်လာပါတယ်။

"ဖေဖေဆိုတာ လိုက်ဆိုနော် မေ . . မေ့"

သမီးလေးက လွှင်ကိုလတ်ပါးစပ်ကို သေသေချာချာ ကြည့်နေပါတယ်။

"မေမေ့ ဆိုကြည့်ပါဦး"

"မေမေ့"





သမီးလေးက လိုက်ဆိုတာ ပီပီသသပါပဲ။ [illegible] အလုပ်လုပ်နေတဲ့ မြူဝေရှင်းက ခေါင်းညိတ်လာပါတယ်။ [illegible] က သမီးလေးကို မြူဝေရှင်း နားချီသွားပြီး မြူဝေရှင်းကို [illegible] ပြီး ထပ်ဆိုပြလိုက်ပါတယ်။

"မေမေ့"

"မေမေ့"

သမီးလေးက သူ့အမေကို မကြည့်ပါဘူး၊ လွှင်ကိုလတ်ကို လက်ညှိုးထိုးပြီး အော်နေပါတယ်။ အော် သူလုပ်မှ လွှင်ကိုလတ်လည်း အဖေကနေ အမေဖြစ်ရတော့မယ်။ လွှင်ကိုလတ်က သမီးလေးကို သူ့အမေဖက်ခေါင်းရော လက်ပါလှည့်ပေးလိုက်ရတယ်။ ဝါးစဝ် ကလည်း-

"မေမေ့"

သမီးလေးက လိုက်ဆိုပါတယ်။

"မေမေ့"

အိုကေလောက်ပြီ ထင်ပါရဲ့။ လွှင်ကိုလတ်က သူ့ကိုယ်သူ လက်ညှိုးထိုးပြီး မေးလိုက်ပါတယ်။

"ဒါ ဘယ်သူလဲ"

"မေမေ့"

ဟာ ရှုပ်ကုန်ပြီ။ သမီးလေးခမျာ ရောထွေးကုန်ပြီ ထင်ပါရဲ့။

"မဟုတ်ဘူးလေ၊ သမီးရာ။ ဒါဘယ်သူလဲ"

"ပေ ပေ့"

"ဟုတ်ပြီ၊ ဒါကရော"

မြူဝေရှင်းကို လက်ညှိုးထိုးပြလိုက်ပါတယ်။ သူ့ကို ပြုံးနေအောင် ကြည့်နေတဲ့ သူ့အမေကို ကြည့်ပြီး တစ်ခစ်ခစ် ရယ်နေပါတယ်။

"ပြောလေ သမီးလေး ဒါဘယ်သူလဲ"

သမီးလေးရဲ့ ညာလက်ကလေးက မြှောက်လာပြီး မေးစေ့ကို လက်နဲ့ထောက်ပြီး လက်လေးချောင်းကို ထောင်ပြတယ်။ ဟာ သွား[illegible]



www.burmeseclassic.com

www.burmeseclassic.com

"ဟာ မဟုတ်ဘူးလေ၊ မေမေ့။ သမီးလေးက အဲဒီလိုခေါ်ရမှာ"

သမီးလေးက စိတ်ရှုပ်သွားပုံပါပဲ။ သူ့အမေကို သေသေချာချာ ကြည့်ပါတယ်။ သူ့အမေကလည်း သမီးကို မျက်တောင်မခတ်တမ်း ကြည့်နေပါတယ်။ ဘယ်အချိန်မှာ သူ့ကို မေမေခေါ်လိုက်လေမလဲ။ မြန်မြန်ခေါ်ပါတော့ သမီးရယ်။ သမီးလေးက ရှုံ့မဲ့ရှုံ့မဲ့နဲ့။ စောစောကလို အမူအယာပြန်လုပ်ပြတယ်။ မြူဝေရှင်းခမျာ မျက်ရည်တွေ ပိုးကနဲ ပေါက်ကနဲ ကျလာပါတယ်။ သမီးလေးက အမေလို့ ခေါ်ဖို့ ဒီလောက်တောင် ခက်ခဲရလားမသိဘူး။ လွင်ကိုလတ်မှာ စိတ်ဓာတ် ကျသွားပါတယ်။ ထပ်ကြိုးစားကြည့်ရဦးမှာပဲ။

"သမီး ဒါဘယ်သူလဲ"

လွင်ကိုလတ်က သမီးလေးကို လက်ညှိုးထိုးပြီး မေးလိုက်ပါတယ်။ သမီးလေးက သူ့ရင်ဘတ် သူပုတ်ပြီး-

"မီးမီး"

"ဒါကရော"

"ပေ ပေ့"

"ဒါကရော"

သမီးလေး အသံတိတ်သွားတယ်။ စောစောကအတိုင်း ညာလက်ပြန်မြှောက်လာပါတယ်။ လွင်ကိုလတ်က သူ့သမီးလေးလက် ကို ဖမ်းဆွဲထားလိုက်ပြီး-

"မေမေ့၊ ပြောလိုက်လေ မေမေ့လို့"

သမီးလေးရဲ့ မျက်နှာကို ပိုပြီး ရှုံ့မဲ့လာပါတယ်။ မြူဝေရှင်းမှာ လည်း မျက်ရည်လည်ရွဲနဲ့ သူ့ကိုယ်သူ ပုတ်ပြနေတယ်။ သူ့အမေ ငိုနေတာတွေ့တော့ သမီးလေးလည်း ငိုချင်လာတယ်ထင်ရဲ့။ အသံပြု ကြီးနဲ့ အော်ငိုပါတော့တယ်။

"အီး ဟီး ဟီး ဟီး"

လွင်ကိုလတ်က လက်လျှော့လိုက်ရပါတော့တယ်။ သမီးလေးကို





ချီပြီး ဝရံတာဖက် ထွက်လာခဲ့တယ်။

"ဝူး အူး"

နောက်ကနေ မြူဝေရှင်းက လှမ်းအော်လိုက်ပါတယ်။ ဝရံတာကို မထွက်နဲ့ပေါ့။ ဒီကောင်မလေးလည်း တစ္ဆေခြောက်ခံနေရ တာမို့နေမဲ့ ထင်ပါရဲ့။ ဝရံတာက ပြုတ်ကျခဲ့ဖူးတာ မြင်မြင်တွေ့ပြီး ကြောက်နေပုံပါပဲ။ လွင်ကိုလတ်က သမီးလေးကို ထိပ်ရှေ့ ခေါ်သွား ပြီး ဗီစီဒီတစ်ခွေထိုးပြီး ငြိမ်ဆေးကျွေးလိုက်ရပါတယ်။ ထိပ် ဖွင့်ပေးလိုက်မှပဲ အငိုတိတ်သွားပါတယ်။ သမီးက အငိုတိတ် သွားပေမယ့် အမေကတော့ ရှိုက်ကောင်းတုံးပါပဲ။ အင်း ဒီနေ့လွင်ကို လတ် အတွက်ဆန်းမိတာ သားအမိနှစ်ယောက်စလုံး ငုလဲနှစ်ပြည် လောက် ခသွားရတယ်။ သမီးကိုချော့ပြီး အမေကို ချော့ရဦးမှာပဲ။ လွင်ကိုလတ်က မြူဝေရှင်းကို ရင်ခွင်ထဲ ဆွဲသွင်းပြီး မျက်ရည်တွေ သုတ်ပေးလိုက်ပါတယ်။

"တိတ်ပါ မြူလေးရယ်၊ သမီးလေးက အရမ်းငယ်သေးတော့ မခွဲခြားတတ်သေးလို့ပါ။ မယုံရင်စောင့်ကြည့်၊ ကိုယ်တို့သမီးလေးက အရမ်းတတ်မှာ။ ကမ္ဘာပေါ်မှာရှိသမျှ ဘာသာစကားတွေ အကုန်လုံး ကို တတ်မှာ။ အဲဒီကျမှ ဒီမေမေဆိုတာကြီးကို ဘာသာစကားမျိုးစုံနဲ့ ခေါ်ခိုင်းရမယ် သိလား။ တိတ်ပါကွာနော်"

"အဟင့်ဟင့်"

မြူဝေရှင်းလေးက တသိမ့်သိမ့် ရှိုက်နေပါတယ်။ သမီးလေးက သူ့အဖေရင်ခွင်ထဲ ဝင်ငိုနေတဲ့ သူ့အမေကို ကြည့်ပါတယ်။ သူ့ကို ကျတော့ တီဗီရှေ့ ပစ်ထားပြီး နှစ်ယောက်သားထွေးနေတဲ့ သူ့အဖေ နဲ့ အမေကို သိပ်ကြည့်လို့ရပုံမပေါ်ပါဘူး။ လက်ထဲမှာ ကိုင်ထားတဲ့ ဝက်ဝံရုပ်နဲ့ လှမ်းပေါက်လိုက်ပါတယ်။ ပြီးတော့ လေးဘက်ကြီးကုန်းထ လာပြီး ပါးစပ်ကလည်း အော်လိုက်ပါတယ်။

"မေမေ့"

မြူဝေရှင်းရဲ့ တစ်ကိုယ်လုံး ဖျဉ်းကနဲဖြစ်သွားပါတယ်။ ဒါ



www.burmeseclassic.com

www.burmeseclassic.com

သူ့သမီးက သူ့ကို ကြည့်လိုက်ပြီး ခေါ်လိုက်တာပဲ၊ မေမေလို့ ခေါ်လိုက်တာပဲ။ မြူဝေရှင်းက လွင်ကိုလတ်ရင်ခွင်ထဲကနေ ဝုန်းကနဲ ထလိုက်ပြီး သူ့သမီးရှေ့ကို ဇွေ့ကနဲ ရောက်သွားပါတယ်။

"အောင်မယ်လေးဗျာ၊ ကျွတ်ကျွတ်"

ထအသွားမှာ လွင်ကိုလတ် မေးစေ့ကို ခေါင်းနဲ့တိုက်ပြီး ခြေထောက်ကိုလည်း တက်နင်းသွားသေးတယ်။ တော်သေးတာပေါ့။ ခြေဖျားပဲ နင်းမိလို့၊ ခြေသလုံးနင်းမိရင် အကျိုးပဲ။ ဒီမိန်းမကတော့ အနီကတ်ပြခံချင်ပြီထင်တယ်။ မြူဝေရှင်းကတော့ ဒါတွေ သတိထားမိဟန် မတူပါဘူး။ သမီးလေးကိုသာ သူ့ပေါင်ပေါ် မျက်နှာချင်းဆိုင်တင်ပြီး သူ့ကိုသူ လက်ညှိုးထိုးပြလိုက်။ လက်ဟန်နဲ့ လုပ်ပြလိုက်နဲ့၊ သမီးလေးကို မေမေလို့ ထပ်ပြီးတော့ ခေါ်ခိုင်းနေတာပါ။ သမီးလေးက သူ့အမေကို ခပ်တည်တည်ကြည့်ပြီး ညာဘက်လက်လေးမြှောက်လာပါတယ်၊ ပြီးတော့ လက်မလေးကို မေးစေ့မှာ ထောက်ပြီး ကျန်လက်လေးချောင်း ထောင်ပြပါတယ်၊ မြူဝေရှင်းရဲ့ မျက်နှာလေးက ချက်ချင်းပဲ ညှိုးကျသွားပါတယ်။ သမီးလေးက သူ့အမေမျက်နှာကို ကြည့်ပြီး တခစ်ခစ်နဲ့ ရယ်နေပါတယ်။ အမေ့မျက်နှာညှိုးသွားတာ ရယ်စရာများကောင်းနေလို့လား သမီးလေးရယ်၊ သမီးလေးဟာ သူ့အမေ ရင်ဘတ်ကို ပြေးကပ်လိုက်ပြီး အားရပါးရ အော်လိုက်ပါတယ်။

"မေမေ့"

သွား လူလည်မလေး။ မသိတာလည်း မဟုတ်ပဲနဲ့၊ သိသိကြီးနဲ့ အမေကို တမင်လုပ်နေတာ။ ဟင်း ဒင်းကိုတော့လား။ မြူဝေရှင်းက သမီးလေးကို ချီလိုက်ပြီး ဘယ်ပြန်ညာပြန် နမ်းပါတယ်။ ဟင်း အခုကတည်းက နောက်တီးနောက်တောက်နဲ့။ တော်တော် တတ်နေပါလား၊ မိတတ်ပလေး။

☺ ☺ ☺

မျက်ပွင့်စာပေ

နောက်ဆက်တွဲ (၂)

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် သမီးငွေလေးဟာ စကားတွေလည်း မှတ်နေအောင် ပြောတတ်နေပါပြီ။ အစားတွေလည်း စုံအောင် စားတတ်နေပါပြီ။ ဆော့လိုက်တာလည်း လွန်ရော၊ လည်ချက်ထလည်း တင်းတုန်ပါပဲ။ အခုလည်း ဘယ်လက်မှာ သူ့အဖေစားရေးတဲ့ ဘောလ်ပင်တို့ တိုင်၊ စာရွက်ကို ရှေ့ချပြီး စတ္တူပေါ် လျှောက်ခြစ်နေပါတယ်။ [illegible] ကတော့ သူ့အမေပုံဆွဲတဲ့ Pastel တောင့်ကြီး ကိုင်ပြီး ဆေးခြယ်နေပါ တယ်။ ပါးစပ်ကလည်း ဖွင့်ထားတဲ့ တီဗွီထဲက သီချင်းတို့ လိုက်ဆို နေပါတယ်။ လွင်ကိုလတ်ကတော့ ဂျာနယ်တစ်စောင်ကိုင်ပြီး သူ့သမီး ကို တစေ့တစောင်းကြည့်နေပါတယ်။ မြူဝေရှင်းကတော့ ညတုံးက သမီးလေး ရှူးပေါက်ထားတဲ့ အိပ်ယာခင်းတွေကို အဝတ်လျှော်စက် ထဲ ထည့်နေပါတယ်။ လွင်ကိုလတ်က သူ့သမီးကို လှမ်းခေါ်လိုက် ပါတယ်။

"သမီးရေ၊ အီးတုံးကိုးလုံလေးရေ"

"ချင့်"

လွင်ကိုလတ်ခေါ်တာကို လှည့်မကြည့်ပဲ ထူးလိုက်တာပါ။ သမီးလေးရဲ့ အိမ်နာမည်က အီးတုံးကိုးလုံလေးပါ။ သူတို့နှစ်ယောက် ရဲ့ ဘဝထဲကို သမီးလေးဝင်လာပြီလို့ စပြီး အသိပေးတဲ့နေ့က လွင်ကိုလတ်က မြူဝေရှင်းကို ပြောခဲ့တဲ့ ပုံပြင်လေးပါ။ ဒီနာမည်ကို သူတို့လင်မယားနှစ်ယောက်စလုံး စိတ်တူကိုယ်တူပေးထားတာပါ။ သမီးလေးကလည်း သဘောကျတဲ့ပုံပါပဲ။ ဒီထက်နည်းနည်းလောက် ကြီးလာရင်တော့ သဘောကျတော့မယ် မထင်ပါဘူး။ သူသဘော မကျတဲ့ အချိန်ကျတော့လည်း သူကိုယ်သူ အိန္ဒြာကျော်ဇင်တို့ ဝိုင်းစု ခိုင်သိန်းတို့၊ ပုလဲဝင်းတို့ ပေးချင်လည်း ပေးပေါ့။ အခုလာလော ဆယ် သမီးလေးရဲ့ နာမည်ကတော့-



www.burmeseclassic.com

www.burmeseclassic.com


"မီးမီးရေ၊ အီးတုံးကိုးလံလေးရေ"

"ချင် ချင့်"

သမီးရဲ့အသံက စိတ်မရှည်သလို ထွက်လာပါတယ်။ ဟုတ်တာပေါ့။ သူ့မှာက အလုပ်များတာကိုး။ စာလည်းရေးရ၊ ပုံလည်းဆွဲရ၊ သီချင်းလည်း ဆိုရ၊ ခန္ဓာကိုယ်ကိုလည်း လှုပ်ပြီး စည်းချက်လိုက်ရနဲ့။

"သမီးလေးကြီးရင် ဘာလုပ်မလဲ"

"မော်ဒယ်"

ဘယ်အချိန်မေးမေး၊ မော်ဒယ်လုပ်မယ်လို့ ဖြေတတ်ပါတယ်။ သမီးလေးက ကြော်ငြာထဲမှာ နန်းဆုရတီစိုးလေးက 'ဒီမှာ'ဆိုပြီး ခုန်ခုန်ပြတာ အရမ်းသဘောကျပါတယ်။ သူကိုယ်တိုင်လည်း အဲဒီလိုမျိုး ဆက်ရက်ခုန်ခုန်ပြတတ်ပါသေးတယ်။ ဒီလို မော်ဒယ်လုပ်မယ်ဆိုပြီး ဘယ်သူတ သင်ထားမှန်းမသိဘူး။ အိမ်ရှေ့အိမ်က ကလေးမလေးပဲလား၊ သူ့အန်တီလေးမဆတ်စလူး ကြူဆွေလင်းပဲလား မပြောတတ်ဘူး။ လွင်ကိုလတ်တ သေးဝတ်တွေ စတ်ထဲ ထည့်နေတဲ့ သူ့မိန်းမကို မျက်စေ့မှိတ်ပြပြီး သမီးလေးကို ပြောလိုက်ပါတယ်။

"မော်ဒယ်လုပ်မယ်ဆိုရင် အိပ်ယာထဲ ရှူးရှူးပေါက်လို့ မရဘူး သမီးရဲ့"

သမီးလေးက သူ့ကို မော့ကြည့်ပါတယ်။

"ဖေကြီးလို စာရေးဆရာ မလုပ်ချင်ဘူးလား၊ ဒါမှမဟုတ် မေကြီးလို ကွန်ပျူတာနဲ့ ကာတွန်းပုံလေးတွေ ဆွဲပါလား"

သမီးလေးက ဘောလ်ပင်နဲ့ pastel ကိုချပြီး ပြောပါတယ်။

"ချာရေးချရာရဲ ရေးမယ်၊ ကာတွန်းရဲ ချွဲမယ်၊ မော်ဒယ်ရဲ ရုပ်မယ်"

အော် သမီးလေးက လုပ်ချင်တာတွေ များလိုက်တာ။ သမီးလေးက တစ်ခုခုကို စဉ်းစားသလို လုပ်နေပြီး သူ့အဖေကို လှမ်းမေးလိုက်ပါတယ်။

"ချာရေးချရာ ရေးပြီး၊ ကာတွန်းချွဲရင် အိပ်ယာထဲ ရှူးရှူးပေါက်ရိုရရား"





ဟိုက်သွားရော။ သမီးလေးပြန်မေးတဲ့ မေးခွန်းက လွင်ကိုလတ်ကို ပက်လက်လန်သွားပါတယ်။ သူ့အမေ မြူဝေရှင်းကလည်း သဘောအကျကြီးကျလို့။ ဒီလို counter မေးခွန်းတွေ မေးတတ်ရင်တော့ သူတို့သမီးလေးဟာ ရှေ့နေမလေးလည်း ဖြစ်နိုင်သေးတာပဲ။ လွင်ကိုလတ်တ အစတော ဖြစ်[illegible]

"သမီးလေး"

"ချင် ချင့်"

"သမီးလေး ကြီးလာရင် ဘာလုပ်မလဲ"

"မော်ဒယ်"

အင်းလုံးချာလည်တော့ လိုက်နေပြီ။

☺ ☺ ☺


www.burmeseclassic.com

www.burmeseclassic.com

နှောင်နှစ်ပေါင်း နှစ်ဆယ်ကျော် ကြာမြင့်တဲ့ကာလဆီမှာတော့ ဦးလွင်ကိုလတ်နဲ့ ဒေါ်မြူဝေရှင်းတို့ရဲ့ တစ်ဦးတည်းသော သမီးလေး မလွင်မေသင်းလေးဟာ တိရစ္ဆာန်ဆေးကုဆရာဝန် ဖြစ်နေပါတယ်။ သူကိုယ်တိုင်ခြံတစ်ခြံဝယ်ပြီးတော့ နွားနွားတွေ အကြီးအကျယ်မွေးပါတယ်။ မော်ဒယ်လေးလို ရှည်ရှည်သွယ်သွယ် ချောမောလှပတဲ့ တိရစ္ဆာန်ဆရာဝန်မလေးဟာ သူကိုယ်တိုင် နွားနို့တွေညှစ်ပြီး လက်လီလက်ကားရောင်းပါတယ်။ ပြီးတော့ ဘယ်ကနေ ကြားခဲ့မှန်း မသိတဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးဆယ်လောက်က အဆိုတော် ဥသြဘသောင်ရဲ့ သီချင်းတစ်ပုဒ်ကိုလည်း **တစ်ပိုင်းတစ်စ** ဆိုတတ်ပါသေးတယ်။

××ခွေးကလေးပါပီ ဝုတ်ဝုတ်၊ ကြောင်ကလေးပူစီ ညောင်ညောင်××ဆိတ်ကလေးနာနီ ပဲအဲ့အဲ့၊ ဧည့်သည်လာရင် မဆော့နဲ့ကွယ်××ငြိမ်ငြိမ်ကလေးနေပါ××

လွှင်မင်းအို

☺ ☺ ☺





၁။ Guide Book for Using Internet
အင်တာနက်အသုံးပြုနည်းလမ်းညွှန် — မိုးသူရ
၂။ Internet Security and Surfing — မိုးသူရ
၃။ Guide to Using E-mail
အီးမေးလ်အသုံးပြုနည်းလမ်းညွှန် — မိုးသူရ
၄။ Hacking Google
အင်တာနက်မှ ရှာဖွေနည်း — မိုးသူရ
၅။ Understanding PC Hardware
ကွန်ပျူတာဟာ့ဒ်ဝဲ ပြုပြင်ထိန်းသိမ်းနည်း — မိုးသူရ
၆။ Beginner's Guide To Networking
ကွန်ပျူတာမှ ကွန်ယက်ဆီသို့ — မိုးသူရ
၇။ အမိုက်ပြန်သော်ပညာကြောင့်အင်္ဂလိပ်စကားပြောအသုံးအနှုန်းများ — ဦးခင်မောင်သန်း(ရွှေဘောင်)
၈။ The Best Spoken English
အကောင်းဆုံးအင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဘောင်)
၉။ English Speaking for Hotel
ဟိုတယ်သုံးအင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဘောင်)
၁၀။ Modern American English Conversation
ခေတ်ပေါ်အမေရိကန်အင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဘောင်)
၁၁။ A Practical English Conversation
လက်တွေ့အင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဘောင်)
၁၂။ The Best Letter Writing
အကောင်းဆုံးအင်္ဂလိပ်စာရေးနည်း — ဦးခင်မောင်သန်း(ရွှေဘောင်)
၁၃။ Simplest Spoken English
အလွယ်ဆုံးအင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဘောင်)
၁၄။ Student's Essay နိုင်ကျော်သောစာစီစာကုံးများ — ဦးခင်မောင်သန်း(ရွှေဘောင်)
၁၅။ Everyday English Conversation
နေ့စဉ်သုံးအင်္ဂလိပ်စကားပြော — ဦးခင်မောင်သန်း(ရွှေဘောင်)
၁၆။ Let's Speak General English
အထွေထွေအင်္ဂလိပ်စကားပြောကြစို့ — ဦးခင်မောင်သန်း(ရွှေဘောင်)
၁၇။ Modern 900 English Conversation-audio CD
ခေတ်ပေါ် ၉၀၀ ခေတ်ပေါ်အင်္ဂလိပ်စကားပြော+CD — ဦးခင်မောင်သန်း(ရွှေဘောင်)
၁၈။ သင်ဖန်တီးနိုင်သော ဒစ်ဂျစ်တယ်ပစ္စည်း
(Digital Equipment That You can Create) — တင်ကိုဦး
၁၉။ Product and Marketing Menagement
ကုန်ထုတ်လုပ်ငန်းနှင့်ဈေးကွက်စီမံခန့်ခွဲမှု — ဒေါက်တာစံထွန်းအောင်
၂၀။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းနည်းပညာ — မြထွန်းအောင်
၂၁။ ကွမ်းစကား — သုမောင်
၂၂။ ပန်းကျောင်း — မင်းလူ
၂၃။ သစ္စာရှင်ပြီသို — မြတ်ဆွေ
၂၄။ စကားလုံးများနှင့်သစ်ပင် — ငြိမ်းဝေ
၂၅။ အဖြစ်များသော ရောဂါများနှင့်တိုင်းရင်းဆေး — စိုးအောင်([illegible])
၂၆။ ဆေးဆက်ဝင်သောအိမ်နောက်ဖေးဈေးခြင်း — စိုးအောင်([illegible])
၂၇။ အိမ်သုံးရာသီကာကွယ်ပြုနည်း — ဦးလှထွန်း
၂၈။ အစွမ်းထက်သည့်မြန်မာ့ဆေးနည်းအကျော်အမော်များ — ဦးလှထွန်း
၂၉။ လ လွန်းကလေး - - - ရှယ်လိုင်းပြေး — လွှင်မင်းအို
၃၀။ ဝပ်ကျင်းထဲက လမင်း — လွှင်မင်းအို
၃၁။ ရာဟုလွတ်တဲ့ ရင်ခွင် — လွှင်မင်းအို
၃၂။ ရင်ခွင်နဲ့သွန်းတဲ့သီချင်း — လွှင်မင်းအို
၃၃။ အခြေခံကာယလေ့ကျင့်ရေးလမ်းညွှန် — [illegible]

BURMESE CLASSIC .com

www.burmeseclassic.com